The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 15, NO . 18 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 18 , 2015



# ပို့ကုန်ဦးဆောင်မှုပုံစံဖြင့် မြန်မာ့စီးပွားရေးမြှင့်တင်ကြစို့

| ဒေါက်တာမောင်အောင် | ၂၀

စင်ကာပူအခြေစိုက် mDR Limited မှ မြန်မာနိုင်ငံတွင် ပုံနှိပ်လုပ်ငန်း တိုးချဲ့လုပ်ကိုင်မည် ၁၂

ရောဝတီဆန်စပါးဈေးကွက် ဧပြီလထက်ဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်သွက် ၄

ပို့ကုန်သွင်းကုန်လိုင်စင်များကို အွန်လိုင်းစနစ်ဖြင့် မိမိကုမ္ပဏီရုံးခန်းမှ လျှောက်ထားထုတ်ယူနိုင်တော့မည် ၂၄



အောင်မြင်ကျော်ကြားလာမည့် စစ်ကိုင်းဂစ်တာလုပ်ငန်း ၁၄

# FARMER AUTO Showroom

www.farmerautos.com E-mail : farmercarshowroom@gmail.com

ရုံးချုပ် ➢ အမှတ် (၆၄)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၄၂၅၄၄၊ ၅၄၆၃၅၅၊ ဖက်စ် - ၅၄၆၆၆၅။
အရောင်းပြခန်း (၁) ➢ အမှတ် (၁၉)၊ ပြည်လမ်း ( အိုရှင်းစင်တာရှေ့ )၊ ( ၉ ) မိုင် ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၆၆၁၅၈၈၊ ၀၉ ၇၃၂၅၂၄၃၈။
အရောင်းပြခန်း (၂) ➢ အမှတ် (၅)၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၃၄၉၁၀၁၇
အရောင်းပြခန်း (၃) ➢ အမှတ်(၁၃၄/က)၊ အောင်ဇေယျလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၁၅၈၉၆၄၃
မန္တလေး အရောင်းပြခန်း ➢ အမှတ်(၅၁၆) (က/၁)၊ ရန်ကုန်-မန္တလေးလမ်းမကြီး (ကျွဲဆည်ကန်မီးပွိုင့်အနီး)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၂- ၅၉၅၉၂၊ ၀၉-၇၃၂၅၂၄၃၇။
နေပြည်တော် အရောင်းပြခန်း ➢ အမှတ်(၅၈၇)၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ ဇာဗ္ဗူသီရိလမ်း၊ ပျဉ်းမနားမြို့ နေပြည်တော်။ ၀၉-၇၃၄၉၁၀၂၃
မကွေး အရောင်းပြခန်း ➢ နတ်မောက်လမ်းနှင့် မိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ၀၉- ၃၁၈၂၄၀၄၇
ပုသိမ် အရောင်းပြခန်း ➢ ဦးပိုင်အမှတ် ( ၂၇ )၊ အကွက်အမှတ် ( ၁၆၃-င )၊ စီးပွားရေးဇုန် (လွန်ကန်)၊ ရန်ကုန်-ပုသိမ် ကားလမ်းမကြီး၊ ပုသိမ်မြို့။ ၀၉ ၈၅၃၇၆၆၇
Service Centre ➢ အမှတ်(၁၂၂)၊ ခိုင်ရွှေဝါလမ်းမကြီး၊ (၃)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၈၅၆၀၀၉၀၊ ၀၉ ၈၅၁၆၀၇၈



- Prado
- 2000 Model
- KZJ95-0160625 (Chassis)
- 3000 CC
- 345 Lakhs



- Toyota Rav-4
- 2002 lake Model
- ZCA26-0037337 (Chassis)
- 1800 CC
- 124 Lakhs+Slip+ ကညန (အမည်ပေါက်)



- Toyota Alphard
- 2003 Model
- ANH-15-0113909 (Chassis)
- 2400 CC (4WD)
- 130 Lakhs+Slip+ ကညန

- Showroom တွင် Van, Wagon, Mini Truck, Saloon, Hatch Back စသော ကားအမျိုးအစားပေါင်း ၃၀၀ ကျော်မှ မိမိနှစ်သက်ရာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူခွင့်။
- ၃၀% နှုန်းပေးသွင်းပြီး ကျန်ငွေကို (၁နှစ်) (၁၂လ) အရစ်ကျပေးသွင်းနိုင်သည့်အခွင့်အရေး။
- လူကြီးမင်းတို့ဝယ်ယူထားသောကားများကို After Sale Service အနေဖြင့် (၆)လအတွင်း အခမဲ့ စစ်ဆေးခွင့် ပြုပေးခြင်း။
- ယာဉ်အို/ယာဉ်ဟောင်း အပ်နှံ၍ မော်တော်ယာဉ်တင်သွင်းပေးခြင်း စသည့် အလုပ်ကိစ္စအဝဝတို့ကို Customer စိတ်တိုင်းကျ နံနက် (၉း၃၀)နာရီ မှ ညနေ (၅း၃၀)နာရီအထိဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

# ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် မြန်မာ့စီးပွားရေးဖိုရမ်လုပ်ငန်းအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကျင်းပ



ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့အနေဖြင့် Private Public Dialogue လုပ်ငန်းစဉ်နှင့်မြန်မာ့စီးပွားရေး ဖိုရမ်လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ပုဂ္ဂလိကကဏ္ဍ လယ်ယာသားငါးနှင့် သစ်တော Working Group အဖွဲ့၏ အကြံပြုတင်ပြချက်စာတမ်းနှင့် အစားအသောက်နှင့် ဆေးဝါးထောက်ခံချက် (FDA)၊ FDA နှင့်ပတ်သက်သည့် ကိစ္စရပ်များအပေါ် ညှိနှိုင်းအစည်းအဝေးအား ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI အစည်းအဝေးခန်းမ၌ မေလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး (၅) ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်စန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ FDA ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ လက်လီတင်သွင်း ရောင်းချသူများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံသို့ ပြည်ပမှတင်သွင်းနေသော အစားအသောက်၊ ဆေးဝါးများနှင့်ပတ်သက်၍ FDA ထောက်ခံချက်ရရှိရန် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့် အဆင်ပြေချောမွေ့စေရေးနှင့်ဆန်စပါးကဏ္ဍ၊ ပဲမျိုးစုံကဏ္ဍ၊ သား/ငါးကဏ္ဍ၊ ရော်ဘာကဏ္ဍ၊ သစ်အခြေခံစက်မှုလုပ်ငန်းကဏ္ဍတို့မှ ကဏ္ဍအလိုက်အခက်အခဲ တင်ပြချက်များအား သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများမှ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**မြင့်ချို**

# Trade Policy and Analysis ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




အိန္ဒိယနိုင်ငံအစိုးရ၊ ပြည်ပရေးရာဝန်ကြီးဌာန လက်အောက်ရှိ Research and Information System for Developing Countries (RIS), Center for Economy, Environment and Society (CEES Myanmar) နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ "Trade Policy and Analysis" ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေလ ၁၁ ရက်က စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းမှာ ကမ္ဘာ့ကုန်သွယ်မှုနှင့် ဒေသတွင်းကုန်သွယ်မှုတွင် မြန်မာနိုင်ငံက ပါဝင်၍ ကုန်သွယ်မှုနှင့်ပတ်သက်သော ကုန်သွယ်မှု မူဝါဒများအား လေ့လာစိစစ်ဆွေးနွေးနိုင်ရန်၊ မျက်မှောက်ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်း စီးပွားရေးကိစ္စရပ်အပေါ် ဆန်းစစ်လေ့လာနိုင်သည့် စွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုဆိုင်ရာ သဘောတရားများနှင့် ကိန်းဂဏန်း အချက်အလက်များအား လေ့လာဆန်းစစ်နိုင်ရန် ရည်ရွယ်ကြောင်း သိရှိရပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းအောင်တို့က အမှာစကား အသီးသီး ပြောကြားခဲ့ပါသည်။

ထို့နောက် အိန္ဒိယနိုင်ငံ RIS မှ ပါမောက္ခ Dr. Prabir De က အလုပ်ရုံဆွေးနွေးပွဲအကြောင်း မိတ်ဆက်ပြောကြားခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးရှိ ဌာနများမှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကာလမှာ မေ ၁၁ ရက် မှ ၁၅ ရက်ထိ ၅ ရက်ကြာမြင့်ခဲ့ကြောင်း သိရပါသည်။

**MIRT - DTP**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၇၁၉)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်ခန့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၈၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.18 Monday May 18 2015

# ဧရာဝတီဆန်စပါးဈေးကွက် ဧပြီလထက် ဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်သွက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဆန်စပါးဈေးကွက်တွင် ယခုနှစ် နွေသီးထပ်ရင်စပါးများ ထွက်ရှိချိန် စပါးဈေးနှုန်းမှာ တင်း ၁၀၀ ကို လေးသိန်းဝန်းကျင်ဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိရာ နွေစပါး လှိုင်လှိုင်ပေါ်ချိန် ဧပြီလ နွေစပါးဈေးမှာ တင်း ၁၀၀ ကို ၄၀၀၀၀၀ ကျပ်မှ ၄၁၀၀၀၀ ကျပ်ဈေးတွင် ဆန်တစ်အိတ်ဈေးနှုန်းမှာ ၁၆၅၀၀ ကျပ်မှ ၁၇၀၀၀ ကျပ်ဈေးရှိသော်လည်း ယခုလက်ရှိအချိန် နွေ စပါးဈေးနှုန်းမှာ တင်း ၁၀၀ ကို ၄၂၀၀၀၀ ကျပ်မှ ၄၃၀၀၀၀ ကျပ်ဈေးနှုန်းမြင့်တက်သွားပြီး ဆန်တစ်အိတ် ဈေးနှုန်းမှာလည်း ၁၇၅၀၀ ကျပ်မှ ၁၈၀၀၀ ကျပ်ဈေးနှုန်းဖြစ်သွားကြောင်း ဆန်စပါးဈေးကွက်မှ သိရပါတယ်။

နွေသီးထပ်ရင် စပါးဈေး၊ ဆန်ဈေးများ မြင့်တက်လာမှုနှင့်အတူ မိုးစပါး၊ မိုးဆန်ဈေးနှုန်းမှာလည်း ဧပြီလထက် မေလမှာ မြင့်တက်လျက်ရှိကြောင်း ဈေးကွက်တွင် ပုံမှန်စားသုံးလျက်ရှိသော ဧရာဝတီပေါ်ဆန်းစပါး တင်း ၁၀၀ ကို ယခင် ၉၅၀၀၀၀ ကျပ်ဈေးတွင် ဆန်တစ်အိတ် ၃၇၀၀၀ ကျပ်မှ ၃၈၀၀၀ ကျပ် ဈေးသာရှိသော်လည်း ယခုစပါးဈေးမှာ ဆယ်သိန်းခွဲဝန်းကျင် ပေါက်ဈေးရှိနေပြီး ဆန်တစ်အိတ်ကို ၃၉၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်ဖြစ်သွားကြောင်း၊ ထိုနည်းတူ ပေါ်ဆန်းရင်စပါး တင်း ၁၀၀ ကို ၈၅၀၀၀၀ ကျပ် ဈေးတွင် ဆန်တစ်အိတ် ၃၅၀၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်ဈေးရှိသော်လည်း ယခုစပါးဈေး ၉ သိန်းခွဲ၊ ၁၀ သိန်းဈေးတွင် ပေါ်ဆန်းရင် တစ်အိတ် ၃၇၀၀၀ ကျပ်မှ ၃၈၀၀၀ ကျပ်ဈေးမြင့်တက်သွားကြောင်း သိရပါတယ်။ ဈေးကွက်တွင် ပုံမှန်ဝယ်လိုအားရှိသော ရွှေသွယ်စပါး တင်း ၁၀၀ ကို ၅၅၀၀၀၀ ကျပ်မှ ၅၆၀၀၀၀ ကျပ်ဈေးတွင် ဆန်တစ်အိတ် နှစ်သောင်းကျပ်သာရှိသော်လည်း ယခုစပါးဈေးမှာ ၆၀၀၀၀၀ ကျပ်မြင့်တက်သွားသဖြင့် ဆန်ဈေးနှုန်းမှာလည်း ၂၂၀၀၀ ကျပ်ဖြစ်သွားကြောင်း၊ ဈေးကွက်တွင် အများစားသုံးလျက်ရှိသော မနောသုခစပါး တင်း ၁၀၀ ကို ၄၅၀၀၀၀ ကျပ်မှ ၄၆၀၀၀၀ ကျပ်ဈေးတွင် ဆန်တစ်အိတ် ၁၇၀၀၀ ကျပ်မှ ၁၇၅၀၀ ကျပ်ဈေးသာရှိသော်လည်း ယခုစပါးဈေးနှုန်းမှာ ၅၀၀၀၀၀ ကျပ်ဝန်းကျင်သို့ မြင့်တက်သွားပြီး မနောသုခ ဆန်တစ်အိတ် ၁၈၅၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရှိရပါတယ်။

ရန်ကုန်မြို့သို့ ဧည့်မထအုပ်စု မနောသုခ၊ ရွှေသွယ်၊ သီးထပ်ရင်၊ ပေါ်ဆန်းနဲ့ ဆန်ကွဲများ ပုံမှန်တင်ပို့ ရောင်းချလျက်ရှိပြီး နွေစပါးဈေးကွက် အဓိကရောင်းဝယ်လျက်ရှိသော သီးထပ်ရင် ဆန်များကို ပြည်နဲ့ အထက်အညာဒေသ၊ မန္တလေးမြို့သို့ သင်္ဘောများနဲ့ တင်ပို့လျက်ရှိပြီး ၎င်းမှတစ်ဆင့် မူဆယ်မြို့သို့ ရောင်းချလျက်ရှိကြောင်း၊ ဆန်စပါးဈေးကွက်မှာ ခန့်မှန်းရခက်ခဲ၍ စပါးပေါ်ချိန် အရောင်းအဝယ်သွက်ခြင်း၊ အေးခြင်းများရှိသလို မိုးတွင်းပိုင်းစပါးများလှောင်ထားချိန် အရောင်းအဝယ်အေးခြင်း၊ သွက်ခြင်းများရှိပြီး ပွင့်လင်းရာသီမှာ အရောင်းအဝယ်ပို၍ အဖြစ်များကြောင်း၊ ယခုနှစ် စပါးဈေးနှုန်းမှာ ယခင်နှစ် စပါးဆန်အမြင့်ဈေးနှုန်းကို မီရုံသာမက အရောင်းအဝယ်သွက်သည့်အပေါ် မူတည်၍ ဆန်စပါးဈေးနှုန်း ထပ်မံမြင့်တက်လာနိုင်ကြောင်း စက်ပိုင်၊ ကုန်သည်၊ ပွဲစားများထံမှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# ပြည်ဆန်ဈေး၊ စပါးဈေး ဆက်လက်ဈေးမာခဲ့

ပြည်ဆန်ပွဲရုံများမှာ မေလ ဒုတိယပတ်ရဲ့ ဆန်ဈေးနှုန်းတွေဟာ ဆက်လက်ပြီး တက်နေတာ တွေ့ရပါတယ်။ ဆန်စက်များတွင်ပင် မြို့ပေါ် အရောက်စပါးပေါက်ဈေးတွေကို ဈေးတက်ပေးဝယ်နေတာကို တွေ့ရပါတယ်။ ယခင်အပတ်တောင်ပျံ့မွှေးစပါးတင်း (၁၀၀) ၄၆ ပေါင်ကိုက်နဲ့ ၆၈၀၀၀၀ ကျပ်ပေါက်ခဲ့ရာမှ ယခုတစ်ပတ်တွင်တော့ မြို့ပေါ် အရောက် ပေါက်ဈေး ၆၉၉၂၀၀ ကျပ်ဖြင့် ဈေးဖွင့်ကာ ဝယ်နေကြောင်း စပါးကုန်သည်တစ်ဦးက ဆိုပါတယ်။ တောင်ပျံ့မွှေးနယ်ပို့(ထိပ်စ) တစ်အိတ်ဈေး ၃၅၀၀၀ ကျပ်ဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်ပြီး ရန်ကုန်သို့ တစ်ပတ်ကို နှစ်ကြိမ် တစ်ရက် အိတ် ၅၀၀ ကျော်ထိ တင်ပို့ရကြောင်း သိရပါတယ်။

ဧည့်မထစပါးဈေးလည်း အနည်းငယ်မြင့်တက်လာပါတယ်။ တင်း (၁၀၀) ၄၆ ပေါင်ကိုက်ဈေး ၄၇၈၄၀၀ ကျပ်ပေါက်ပြီး၊ ဆန်တစ်အိတ်ဈေးကတော့ ၁၉၀၀၀ ကျပ်နဲ့ ရန်ကုန်တင် (ထိပ်စ) ဈေးကတော့ ၂၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ရန်ကုန်၊ မန္တလေးသို့ အတင်ရှိပြီး မူဆယ်ဈေးဘက်မှလည်း အရောင်းအဝယ်ဖွင့်ကာ ဝယ်ယူမှုရှိတာကြောင့် အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။

စပါးဈေးတွေ မြင့်တက်ပြီး ဆန်ဈေးတွေ ပုံမှန်ဈေးဖြစ်နေပေမယ့် နယ်တင်ပို့မှုရှိတာကြောင့် ဆန်ကုန်သည်တွေအနေနဲ့ တွက်ခြေကိုက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပြည်နွေစပါးများ လှိုင်လှိုင်မပေါ်သေးပေမယ့် နွေစပါး ကောင်း၊ စပါးသန့်များကိုတော့ တင်း (၁၀၀) ၄၆ ပေါင်ကိုက်ဈေး ၄၁၄၀၀၀ ကျပ်ဈေးဖွင့်ဝယ်ယူနေကြောင်း သိရပါတယ်။ **နီနီဝင်း-ပြည်**

# ဖျာပုံခရိုင် ဆန်စပါးဈေးကွက် ဦးမော့လာမှုကြောင့် ဆန်တင်ပို့မှုလျော့ကျ

ဖျာပုံခရိုင်အတွင်းရှိ ဆန်စပါးလက်ကားဈေးကွက်မှာ မေလ ဒုတိယအပတ်ဈေးများအရ ထိပ်စဆန် အမျိုးအစားအုပ်စုတွင် ပေါ်ဆန်းဆန်တစ်အိတ်ကို ၃၆၀၀၀ ကျပ်၊ မီးဒုံး ၂၆၀၀၀ ကျပ်၊ နံ့ကား ၁၉၅၀၀ ကျပ်၊ သီးထပ်ရင် (နွေ) ၁၈၅၀၀ ကျပ် အသီးသီးရှိခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်အတွင်း ဈေးတက်လာကြောင်း သိရပါတယ်။ ယခုလို ဆန်ဈေးနှုန်းတက်လာရခြင်းဟာ သင်္ကြန်ပိတ်ရက်နောက်ပိုင်းမှစပြီး ရန်ကုန်သို့ ဆန်အဝင် နည်းလာတာကြောင့် ဆန်ဝယ်လက်များက ဆန်ရရှိအောင် ဈေးပေးဝယ်ယူမှုများရှိလာခဲ့သဖြင့် ဆန်ဈေးမြင့်တက်လာရတယ်လို့ ဆန်ဈေးကွက်က ဆိုပါတယ်။ ဆန်ချောကတော့ ဒေသတွင်းစားသုံးသူ ဦးစားပေးဝယ်ယူမှုရှိနေလို့ စပါးဆန်ဈေးမှာ အနည်းငယ်ဈေးမြင့်နိုင်ပြီး ဆန်ကြမ်းဈေးကတော့ ယခုလက်ရှိဈေးအတိုင်းသာ ဈေးငြိမ်မှုများရှိနိုင်ကြောင်း သိရပါတယ်။

စပါးဈေးအနေနဲ့ ပေါ်ဆန်းစပါးတစ်တင်းကို ၇၆၉၆ ကျပ်၊ မီးဒုံး ၆၇၆၄ ကျပ်၊ နံ့ကား ၃၉၅၆ ကျပ်၊ သီးထပ်ရင် (နွေ) ၃၆၈၀ ကျပ် ဈေးအသီးသီးပေါက်ပြီး မေလ ပထမတစ်ပတ်ထက် စပါးတစ်တင်းကို ၄၀ ကျပ်မှ ၁၈၀ ကျပ်နီးပါးအထိ ဈေးတက်လာပါတယ်။

ဖျာပုံခရိုင် ဆန်တင်ပို့မှုအနေနဲ့ ဧပြီလအတွင်း သင်္ကြန်ပိတ်ရက်များမှာ ဆန်တင်ပို့မှုမရှိသော်လည်း မေလ ပထမပတ်ကစလို့ ရန်ကုန်၊ ပခုက္ကူ၊ မြိတ်မြို့များသို့ ဆန်တင်ပို့ခဲ့ရာ ၉၉၃၇၀ အိတ်၊ တင်ပို့နိုင်ခဲ့ပြီး ဒုတိယအပတ်ထဲမှာတော့ ၇၆၄၄၅ အိတ်သာ တင်ပို့နိုင်ခဲ့လို့ ဆန်တင်ပို့မှု လျော့ကျခဲ့ကြောင်း သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၄-၅-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၀၃ | ၃၉၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၃ | ၃၈၁ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၇၀ | ၃၇၀ | □ | ၃၇၅ | ၃၉၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၉ | ၃၆၈ | ▽ | ၃၃၀ | ၃၃၀ | □ | ၃၄၅ | ၃၄၅ | □ | ၃၃၀ | ၃၄၅ | □ |
| ပေါင်းဆန် | ၃၇၅ | ၃၇၀ | ▽ | - | - | - | ၃၆၀ | ၃၆၀ | □ | ၃၉၀ | ၃၉၀ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၄-၅-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၀ | ၄၇၀ | ▽ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၆၀ | ▽ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၅-၅-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၃၇၀ | □ | ၁၈၃၀၀ | □ | ၆၉၂၀ | △ | ၃၅၀၀၀ | △ |
| ပုသိမ် | ၄၀၄၈ | □ | ၁၈၅၀၀ | □ | ၇၈၈၅ | △ | ၃၅၀၀၀ | □ |
| ပဲခူး | ၄၀၀၀ | △ | ၁၇၂၀၀ | △ | ၆၀၀၀ | □ | ၂၇၀၀၀ | □ |
| ရွှေဘို | ၄၈၅၀ | □ | ၂၂၀၀၀ | △ | ၁၁၀၀၀ | △ | ၃၅၀၀၀ | △ |
| စစ်တွေ | ၄၁၀၀ | △ | ၁၇၀၀၀ | □ | ၇၅၀၀ | △ | ၂၈၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | △ | ၂၂၀၀၀ | △ | - | - | ၄၀၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၁၀၀ | △ | ၁၈၅၀၀ | △ | - | - | ၃၅၅၀၀ | △ |
| မန္တလေး | ၅၁၀၀ | △ | ၂၀၀၀၀ | △ | - | - | ၃၃၀၀၀ | □ |
| မကွေး | ၆၅၀၀ | △ | ၂၁၅၀၀ | △ | - | - | ၃၉၀၀၀ | □ |
| မော်လမြိုင် | ၄၂၀၀ | □ | ၁၈၀၀၀ | △ | ၇၀၀၀ | □ | ၂၉၅၀၀ | △ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၀၅၀၀ | △ | - | - | ၃၇၀၀၀ | □ |
| ဘားအံ | ၃၈၀၀ | □ | ၁၉၅၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၁၀၀၀ | △ | - | - | ၄၁၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# မေလပထမပတ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်စခန်းမှ ကန်ဒေါ်လာ ၈ ဒသမ ၅၄၂ သန်းဖိုးရှိတဲ့ ဆန် ၂၅၉၉၃ တန်ကျော်ကို မေလ ပထမပတ် အတွင်းမှာ တရုတ်နိုင်ငံကို တင်ပို့နိုင်ခဲ့ပါတယ်။ယခင်တစ်ပတ်ကထက် ၃၂၈၁ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်မှ ငစိန်ဆန် ၁၅၄၇၉ တန်ကျော်နဲ့ ဧည့်မထ ၇၅၁၆ တန်ကျော်တင်ပို့ပြီး လွယ်ဂျယ်မှ ၂၉၉၇ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုသီတင်းပတ်မှာ ဆန်ပိုမိုတင်ပို့နိုင်သလို ဆန်ကွဲတင်ပို့မှုလည်း ပိုမိုလာပါတယ်။ မူဆယ်(၁၀၅)မိုင်မှ ကန်ဒေါ်လာ ၄ ဒသမ ၀၇၄ သန်းဖိုးရှိ ဆန်ကွဲ ၁၂၅၃၆ တန်နဲ့ လွယ်ဂျယ်မှ ကန်ဒေါ်လာ သုည ဒသမ ၁၆၀ သန်းဖိုးရှိ ဆန်ကွဲ တန် ၁၀၀ ကို တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ၂၀၀၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါ ဖြစ်ပါတယ်။

သင်္ကြန်အပြီးမှာ (ဆန်ကြမ်း၊ဆန်ချော) နှစ်မျိုးစလုံး ဈေးမြင့်တက်လာပါတယ်။ တရုတ်နိုင်ငံရဲ့ ဝယ်လိုအားကလည်း ကောင်းလာပြီး ဒေါ်လာဈေးကလည်းမြင့်တက်လာတဲ့အတွက် ဆန်ဈေးကလည်း ကောင်းလာပါတယ်။မူဆယ်ကုန်စည်ဒိုင်ကို တစ်ရက်မှာ ဆန်ကား အစီးရေ ၇၀ အထက်မှာ အဝင်ရှိနေပြီး ဆန်နဲ့ဆန်ကွဲ ဝယ်လိုအားကောင်းနေတယ်လို့ ဆန်ကုန်သည်တစ်ဦးထံမှ သိရှိရပါတယ်။

**ယဉ်ယဉ်အေး MIRT**

# မေလလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲဈေးဆက်မြင့်နေပြီး ပဲစင်းငုံဈေးလျော့ကာ အခြားပဲများဈေးငြိမ်နေခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက် မေလလယ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများ၏ ဈေးနှုန်းများကို လေ့လာရာမှာ မတ်ပဲသီးနှံတစ်မျိုးသာ ယခင်တစ်ပတ်ထက် ဈေးပိုရလာခဲ့ပြီး ပဲစင်းငုံဈေး အနည်းငယ်လျော့သွားကာ အခြားပဲများဖြစ်သော ကုလားပဲ၊ ပဲကြီး၊ ထောပတ်ပဲ၊ ပဲပုပ်၊ ပဲနီပြားသီးနှံများမှာ ဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်ဘက်မှ အဝင်ရှိပေမယ့် တစ်ရက်အိတ် ၃၀၀ လောက်သာ ဝင်ရောက်ခဲ့လို့ ပဲအဝင်ပါးသွားခဲ့ပါတယ်။ ဝယ်လက်ကတော့ နေ့စဉ် အဝယ်လိုက်နေသလို လှောင်လက်သမားအချို့လည်း အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် တစ်ရက်ကို အိတ် ၃၀၀ ကျော် ၄၀၀ အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာ တစ်တင်း ၃၈၈၀၀ ကျပ်ဖြင့် ဈေးမြင့်ရလျက်ရှိခဲ့တာကြောင့် ယခုတစ်ပတ်အတွင်း ပဲဈေးကွက်မှာ မတ်ပဲဈေး အမြင့်ဆုံးရလျက်ရှိကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံကတော့ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများသာ ရန်ကုန်ဝယ်လက်အဝယ်ရှိတဲ့ရက်တွင် အိတ် ၃၀၀ ကျော် ၄၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာ တစ်တင်း ၃၆၅၀၀ ကျပ်သာရရှိလို့ ယခင်တစ်ပတ်ဈေးထက် ယခုလလယ်မှာ ဈေးလျော့သွားခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က တစ်တင်း ၃၇၃၀၀ ကျပ်ခန့်ရရှိပြီး ဝယ်လိုအားလည်း ကောင်းခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာတော့ ယခုအချိန်ထိ ပဲအဝင်ဆက်ရှိနေပြီး ပန်းတောင်း၊ ကံမမြို့နယ်များမှ ပုံမှန်ဝင်ရောက်နေသလို သာယာဝတီခရိုင်ဘက် မြို့နယ်များဖြစ်သော လက်ပံတန်း၊ အုတ်ဖို၊ မင်းလှဘက်မှလည်း နေ့စဉ်ဝင်ရောက်နေခဲ့တာကြောင့် တစ်ရက်ကို အိတ် ၄၀၀ ကျော် အဝင်ရှိခဲ့ပါတယ်။ ပဲဈေးမှာ သင်္ကြန်ပြီးချိန် ဧပြီလ ကုန်ပတ်တွင်သာ တစ်တင်း ၂၂၅၀၀ ကျပ်သို့ မြင့်တက်ပြီး ယခုမေလဆန်းမှစ၍ တစ်တင်း ၂၁၅၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်လျက်ရှိရာ ယခုမေလလယ်အထိ ၎င်းဈေးအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒေသတွင်း ဝယ်လက်ဖြစ်သော ပဲခွဲစက်သမားများနှင့် လက်လီသမားများ ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံများကတော့ ယခုတစ်ပတ်အတွင်း အရောင်းအဝယ် သိပ်မဖြစ်တော့ဘဲ၊ ပဲအဝင်မှာလည်း ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ မင်းတုန်း၊ ကံမဘက်မှ နေ့စဉ်ဝင်ရောက်လို့ တစ်ရက်အိတ် ၃၀၀ ခန့်သာ အဝင်ရှိပြီး ဝယ်ယူမှုအနေဖြင့် ပဲကြော်ဖိုလုပ်ငန်းသမားများ အဓိကထားဝယ်ယူလျက်ရှိတာကြောင့် ဝင်ရောက်လာသမျှ ပဲအားလုံးကတော့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲဈေးကတော့ ယခင်တစ်ပတ်အတိုင်းသာ (ရွှေကျွန်း) တစ်တင်း ၂၄၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၁၅၀၀ ကျပ်ဖြင့် ဈေးအတက်အကျမရှိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ထောပတ်ပဲနှင့် ပဲနီပြားဈေးမှာလည်း လက်လီသမားသာ အဝယ်ရှိလို့ ယခင်တစ်ပတ်ကဈေးအတိုင်း ထောပတ်ပဲ တစ်တင်း ၁၃၅၀၀ ကျပ်နှင့် ပဲနီပြား တစ်တင်း ၁၈၅၀၀ ကျပ်တို့ဖြင့်သာ ဈေးငြိမ်ပြီးအရောင်းအဝယ်လည်း အေးနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၅-၅-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၈/၅ | ၁၅/၅ | ပြောင်းလဲမှု | ၈/၅ | ၁၅/၅ | ပြောင်းလဲမှု | ၈/၅ | ၁၅/၅ | ပြောင်းလဲမှု | ၈/၅ | ၁၅/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၀၃၀ | ၂၀၄၀ | ▲ | ၁၉၀၀ | ၁၈၆၇ | ▼ | ၁၈၅၀ | ၁၉၀၀ | ▲ | ၁၈၂၅ | ၁၈၅၀ | ▲ |
| ၂ | ပဲစင်းငုံ | - | ၁၉၆၀ | - | ၁၈၆၇ | ၁၈၃၃ | ▼ | ၁၈၅၀ | ၁၈၇၅ | ▲ | ၁၈၂၅ | ၁၈၁၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၇၆၅ | ၁၈၃၀ | ▲ | ၂၀၉၀ | ၂၀၂၇ | ▼ | ၂၁၁၆ | ၂၀၂၆ | ▼ | ၁၉၂၀ | ၁၈၆၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၄၃၀ | ၁၅၀၀ | ▲ | - | - | - | - | - | - | ၁၁၀၅ | ၁၁၀၅ | ■ |
| ၅ | ပဲလွန်းဖြူ | ၁၁၆၅ | ၁၁၆၅ | ■ | - | ၉၆၇ | - | - | - | - | ၇၉၀ | ၈၄၂ | ▲ |
| ၆ | ထောပတ်ပဲ | ၇၃၀ | ၇၈၀ | ▲ | ၈၇၁ | ၈၅၃ | ▼ | - | - | - | ၆၃၂ | ၆၃၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၅-၅-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၇/၅ | ၁၄/၅ | ပြောင်းလဲမှု | ၇/၅ | ၁၄/၅ | ပြောင်းလဲမှု | ၇/၅ | ၁၄/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၇၀ | ၁၁၃၅ | ▼ | ၁၂၆၈ | ၁၂၂၂ | ▼ | ၁၂၅၂ | ၁၂၂၂ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၁၀ | ၁၀၅၀ | ▼ | ၁၁၂၃ | ၁၀၉၃ | ▼ | ၁၁၁၉ | ၁၀၇၃ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၁၅၁ | ၁၁၁၂ | ▼ | ၁၂၅၂ | ၁၂၂၂ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၆၂၀ | ▲ | ၇၄၄ | ၇၂၈ | ▼ | ၇၁၂ | ၇၁၃ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၅) မှ |
| | (၂ ၅၄.၁၅)ထိ | (၉.၅.၁၅)ထိ | (၉.၅.၁၅) ထိ |
| မတ်ပဲ | ၂၈၂၆၅ | ၃၅၂၄၈ | ၁၀၅၀၇၆ |
| ပဲတီစိမ်း | ၇၂၀၇ | ၈၄၇၇ | ၃၆၅၅၆ |
| ပဲစင်းငုံ | ၈၉၆၈ | ၇၀၈၄ | ၃၅၃၉၁ |
| ကုလားပဲ | ၇၄၉ | ၁၀၁ | ၂၄၀၅ |
| ပဲလွန်းဖြူ | ၅၄၀ | ၃၅၄ | ၄၁၁၆ |
| မြေထောက်ပဲ | ၁၅၈၅ | ၉၆၅ | ၃၉၈၃ |

## ပြည်ပဲလွန်းဖြူ ဈေးလှုပ်လာပေမယ့် လက်လီသာအဝယ်ရှိ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ ပဲလွန်းဖြူသီးနှံအနေဖြင့် ဈေးအနည်းငယ်မြင့်လာတာ တွေ့ရပါတယ်။ တစ်တင်းကို ၂၂၀၀၀ ကျပ်ဖြင့် ယခင်ပတ်ထက် ဈေးပိုရပေမယ့် လက်လီသမားလောက်သာ အဝယ်ရှိလို့ အရောင်းအဝယ်အေးနေခဲ့ပါတယ်။ ယခုနှစ်အတွင်း ပဲလွန်းဖြူသီးနှံမှာ နှစ်စတွင်တစ်တင်း ၁၈၀၀၀ ကျပ်ဖြင့် ဈေးဖွင့်ပြီး တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ မတ်လကုန်ပတ်တွင် တစ်တင်း နှစ်သောင်းကျပ်အထိ ရရှိခဲ့ပါတယ်။ ဧပြီလကုန်မှစ၍ တစ်တင်း နှစ်သောင်းကျပ်အထက်ရရှိရာ ယခု မေလအတွင်းမှာတော့ တစ်တင်း ၂၁၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ထိ ဈေးပိုရခဲ့ကာ ဝယ်လိုအားကတော့ လက်လီသာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ဒေသတွင်း လက်လီသမားများဖြင့် အရောင်းအဝယ်ဖြစ်ပေမယ့် ပြည်စားတော်ပဲ ဈေးပိုရ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ စားတော်ပဲသီးနှံဝင်ရောက်မှုအနေဖြင့် အိတ် ၄၀၊ ၅၀ ခန့် ဝင်ရောက်ခဲ့ကာ အခြားတိုင်း၊ မြို့နယ်များသို့ တင်ပို့ခြင်းမရှိဘဲ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်း ၂၅၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသော်လည်း ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ကြသော အခြားပဲများနဲ့ ယှဉ်ရင်တော့ ဈေးကောင်းရနေခဲ့တာကို တွေ့ရပါတယ်။ လက်လီသမားများ ဝယ်ယူလျက်ရှိလို့ တစ်ရက်အိတ် ၅၀ ခန့်ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ကျောက်ဆည် ဆောင်းပဲတီစိမ်း အထွက်ကောင်း

ကျောက်ဆည်မြို့နယ်တွင် ဆောင်းပဲတီစိမ်းကို ဧက ၇၈၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပြီး အားလုံး ရိတ်သိမ်းပြီး ဖြစ်ရာ အထွက်နှုန်းအနေဖြင့် ပျမ်းမျှအထွက်တင်း ၁၆ ဒသမ ၅၈ တင်းနဲ့ အထွက်စုစုပေါင်း တင်း ၁ ဒသမ ၃ သိန်းထွက်ရှိကြောင်း သိရပါတယ်။ ပဲတီစိမ်း (မိုးကြို)များလည်း စိုက်ပျိုးပြီးဖြစ်ရာ ကျောက်ဆည်မြို့နယ်တွင် ဧက ၂၀၀၀ ကျော်စိုက်ပျိုးထားကြောင်း သိရပါတယ်။ ပဲတီစိမ်းမျိုးအနေဖြင့် ကျောက်စိမ်းမျိုးများကိုသာ စိုက်ပျိုးကြကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် ၁၀၀၀၀၀ ကျပ်ဝန်းကျင် ကုန်ကျကြောင်း၊ ဧပြီလအတွင်း ရွာသွန်းခဲ့သောမိုးကြောင့် ပဲတီစိမ်းအပင်များ ကောင်းမွန်စွာအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ယခုနှစ်တွင် အထွက်နှုန်းအနေဖြင့် တစ်ဧကကို ၈၊ ၁၀ တင်းထိ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း ရဲဘော်ကြီးကျေးရွာမှ တောင်သူ ဦးဆန်းဦးက ဆိုပါတယ်။

ပဲတီစိမ်းဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်တွင် ပဲတီစိမ်းတစ်တင်းကို ၃၉၀၀၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၄၀၀၀၀ ကျပ်ဈေးနှုန်းအမြင့်ဈေးဖြင့် ရောင်းဝယ်လျက်ရှိရာ ယခုနှစ်ပဲတီစိမ်း (မိုးကြို)များ ထွက်ပေါ်ချိန်တွင် ယခင်နှစ်ဈေးနှုန်းများအတိုင်း ဈေးကောင်းရရှိပါက တောင်သူများအနေဖြင့် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရပါတယ်။

**နှင်းလဲ့လဲ့-ကျောက်ဆည်**



## ကသာပဲဇုန်၏ ဒုတိယခြေလှမ်း

ပဲ၊ ပြောင်း၊ နှမ်းသီးနှံစုံ စိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်) ဟာ ဇေယျာပဒေသာဖောင်ဒေးရှင်းက ကျပ် ၄၅၆ သိန်းချေးယူပြီး စိုက်ပျိုးစရိတ်နဲ့ ဆင်းပဒေသာ (၁၁) အထွက်တိုးမြေပဲမျိုးတွေ ဝယ်ယူစိုက်ပျိုးခဲ့ပါတယ်။ အခုချိန်မြေပဲတွေ ရိတ်သိမ်းပြီးတာကြောင့် အသင်းဥက္ကဋ္ဌ ဦးဆန်းဝင်းက အထွက်တိုးမြေပဲက တစ်ဧကကို ပျမ်းမျှအတောင့်တင်း ၈၀ ထွက်ရှိပြီး စိုက်ပြီးမှ ရိတ်သိမ်းချိန်ထိ ၁၁၅ ရက်ကြာကြောင်း၊ အသင်းက ဦးဆောင်ပြီး ၃၆ ဧက စိုက်ပျိုးလို့ တင်းပေါင်း ၂၈၀၀ ကျော်ရရှိရာ၊ ရရှိတဲ့မြေပဲမျိုးတွေကို အသင်းသားတွေကို ပြန်လည်ဖြန့်ဝေရောင်းချပြီး နောက်နှစ်မှာဧက ၅၀၀ ကျော် စိုက်ပျိုးမှာဖြစ်ကြောင်းနဲ့ အခုချိန်ကသာမှာ မြေပဲဆန် ၁၀၀ ပိဿာကို ၂၂၅၀၀၀ ကျပ်ပေါက်ဈေးနဲ့ ဒေသမြေပဲများ ရောင်းချရကြောင်းနဲ့ အသင်းက ဦးဆောင်ပြီး ထွန်စက်များ အရစ်ကျဝယ်ယူရရှိရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရပါတယ်။

**ကျော်အုန်း-ကသာ**

## ပြည် ဘိုကိတ် ဈေးငြိမ်ပြီး လက်လီသမားသာ အဝယ်ရှိခဲ့

ပြည်ပဲဈေးကွက်ရဲ့ ဈေးငြိမ်နေတဲ့ ပဲများထဲမှာ ဘိုကိတ်ပဲသီးနှံလည်း ပါဝင်နေခဲ့ပါတယ်။ ဘိုကိတ်ပဲသီးနှံမှာ သင်္ကြန်ပြီးချိန်မှစ၍ ဈေးမြင့်တက်လာခြင်းမရှိသလို ဈေးလည်း ကျဆင်းသွားခြင်းမျိုးမရှိခဲ့ဘဲ ဈေးငြိမ်ငြိမ်နဲ့သာ နေ့စဉ် အိတ် ၄၀ ကျော်၊ ၅၀ ကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ ပဲဝင်ရောက်မှုနည်းသွားပေမယ့် လက်ကျန်ပဲများလည်းရှိလို့ ဒေသတွင်း ဝယ်လက်များဖြစ်တဲ့ လက်လီသမားများနဲ့ နေ့စဉ်အရောင်းအဝယ်ဖြစ်ကာ ပဲဈေးမှာ တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ယခင်ရက်များကအတိုင်း ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မန္တလေးကုန်စည်ဒိုင်ရဲ့ ပဲ၊ ပြောင်း၊ နှမ်းများ မေလဒုတိယပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းနဲ့ ပမာဏ



မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ အနယ်နယ်အရပ်ရပ်မှ ဒေသထွက်သီးနှံများကို ကုန်သည်၊ ပွဲစား၊ စက်ပိုင်များ လာရောက်အရောင်းအဝယ်ပြုကြပါတယ်။ ဒေသတွင်း ပွဲစား၊ ကုန်သည်များသာမက ပြည်ပမှဝယ်လက်များလည်း လာရောက်ဝယ်ယူမှုရှိကြောင်းသိရပါတယ်။

မေလဒုတိယပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့သီးနှံများရဲ့ ဈေးနှုန်းများကို ယခင်လရဲ့ ဈေးနှုန်းနဲ့ နှိုင်းယှဉ်ကြည့်ပါက-

| သီးနှံအမည် | ၂၀၁၅ ခုနှစ် ဧပြီလဒုတိယပတ် | | ၂၀၁၅ ခုနှစ် မေလဒုတိယပတ် | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်းကြီး | - | ၂၁၅၁ | ၂၁၁၆ | ၂၁၇၈ |
| ပဲလွန်းဖြူ | ၁၀၀၀ | ၁၁၃၃ | ၉၆၇ | ၁၀၀၀ |
| ပဲကြီး | ၁၁၇၆ | ၁၂၈၅ | ၁၀၅၀ | ၁၂၆၇ |
| ပဲယင်း | ၈၀၀ | ၈၆၇ | ၈၀၀ | ၈၁၇ |
| ပဲနီပြား | ၈၆၉ | ၁၀၈၆ | ၈၁၄ | ၈၆၉ |
| ထောပတ်ပဲ | ၉၇၈ | ၁၀၃၁ | ၉၂၄ | ၉၄၂ |
| မတ်ပဲ | - | ၁၅၅၀ | ၁၈၆၇ | ၁၈၈၃ |
| ကုလားလုံးဖြူကြီး | - | ၉၆၂ | - | ၁၁၃၅ |
| ကုလားပဲထိုင်ဝမ် | - | ၉၀၇ | - | ၁၁၃၈ |
| ပဲစင်းငုံနီ | ၁၅၇၅ | ၁၅၇၈ | - | ၁၈၃၃ |
| ပဲစင်းငုံရွှေ (အဖြူ) | - | ၁၅၉၂ | - | ၁၈၅၀ |
| ပြောင်းဖူးစေ့ (ဗမာ) | ၃၅၂ | ၃၆၁ | - | ၄၁၇ |
| ပြောင်းဖူးစေ့ (CP) | - | ၃၉၄ | ၄၅၄ | ၄၆၃ |
| နှမ်းဖြူ | ၂၁၁၁ | ၂၂၈၉ | ၂၂၀၀ | ၂၄၄၄ |
| နှမ်းညို | ၁၈၈၉ | ၁၉၇၈ | ၂၀၀၀ | ၂၀၆၇ |
| နှမ်းနက် | ၂၀၀၀ | ၂၃၇၈ | ၁၉၇၈ | ၂၆၂၂ |
| နှမ်းနက်စမုံ | ၄၀၀၀ | ၄၆၆၇ | ၄၄၄၄ | ၄၆၆၇ |
| ပန်းနှမ်း | ၁၄၄၄ | ၁၄၈၉ | ၁၈၂၂ | ၁၈၄၄ |
| မြေပဲဆန် (S1) | ၂၅၀၀ | ၂၅၅၀ | ၂၅၀၀ | ၂၆၅၀ |

မေလ ဒုတိယပတ်မှာ ပဲတီစိမ်းကြီးတစ်ပိဿာ ၂၁၇၈ ကျပ် (တစ်တန် ၁၃၃၃၇၈၅ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ပြည်ပ (တရုတ်) ဝယ်လက်ဆွဲအားကောင်းပြီး ဈေးကောင်းတာကြောင့် အရောင်းအဝယ်သွက်လက်မြန်ဆန်ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ ပဲလွန်းဖြူတစ်ပိဿာ ၁၀၀၀ ကျပ် (တစ်တန် ၆၁၂၃၉၀ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ ပဲကြီးတစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၁၅၀ ခန့်၊ ပဲယင်းတစ်ပိဿာ ၈၁၇ ကျပ် (တစ်တန် ၅၀၀၃၂၃ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၃၀၀ ခန့်၊ ပဲနီပြားတစ်ပိဿာ ၈၆၉ ကျပ် (တစ်တန် ၅၃၁၂၆၇ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၁၀၀ ခန့်၊ ထောပတ်ပဲတစ်ပိဿာ ၉၄၂ ကျပ် (တစ်တန် ၅၇၆၈၇၁ ကျပ်) နဲ့ နေ့စဉ် ၃ တင်း အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ပြည်ပ (တရုတ်) ကို ပို့တဲ့ပဲများအနက် ပဲတီစိမ်းကြီး တစ်မျိုးတည်းသာ ယခင်အပတ်နဲ့ယခင်လကာလတူဈေးအထက်မှာ အရောင်းအဝယ်ဖြစ်ပြီး ကျန်ပဲများမှာ ယခင်လ ကာလတူဈေးအောက်ကိုရောက်ရှိ အရောင်းအဝယ်ပြုလုပ်ပေမယ့် တစ်ရက်ပျမ်းမျှ အရောင်းအဝယ်ပြုလုပ်နိုင်တဲ့ ပမာဏတိုးလာကြောင်းသိရပါတယ်။

ရန်ကုန်ဝယ်လက်နဲ့ အိန္ဒိယဝယ်လက် အဆွဲများတဲ့ မတ်ပဲ၊ ပဲစင်းငုံနဲ့ကုလားပဲများ ယခင်လကာလတူဈေးနှုန်းအထက်မှာ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ယခု ၂၀၁၅ ခုနှစ်၊ မေလ ဒုတိယပတ်မှာ မတ်ပဲတစ်ပိဿာ ၁၈၈၃ ကျပ် (တစ်တန် ၁၁၅၃၁၃၀ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၁၀၀၀ ကျော်၊ ပဲစင်းငုံနီတစ်ပိဿာ ၁၈၃၃ ကျပ် (တစ်တန် ၁၁၂၂၅၁၁ ကျပ်)၊ ပဲစင်းငုံရွှေ (အဖြူ) တစ်ပိဿာ ၁၈၅၀ ကျပ် (တစ်တန် ၁၁၃၂၉၂၂ ကျပ်) နဲ့ ပဲစင်းငုံနှစ်မျိုးပေါင်း နေ့စဉ် ၃ တင်းအိတ် ၂၀၀၀ နီးပါး အရောင်းအဝယ်ဖြစ်ပြီး၊ ကုလားပဲဖြူကြီးတစ်ပိဿာ ၁၁၃၅ ကျပ် (တစ်တန် ၆၉၅၀၆၃ ကျပ်)၊ ကုလားပဲထိုင်ဝမ်တစ်ပိဿာ ၁၁၃၈ ကျပ် (တစ်တန် ၆၉၆၉၀၀ ကျပ်) နဲ့ ကုလားပဲနှစ်မျိုးပေါင်း အိတ် ၂၀၀၀ ကျော် အရောင်းအဝယ် ဖြစ်ကြောင်းသိရပါတယ်။

တရုတ်ဝယ်လက်မှ ပုံမှန်ဝယ်ယူမှုရှိနေတဲ့ ပြောင်းဖူးစေ့များ ယခုအပတ်မှာ ဈေးအနည်းငယ်ပြန်ပြီးမာလာပါတယ်။ ယခင်လကာလတူနဲ့ နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်လာပါတယ်။ ယခုအပတ်မှာ ပြောင်းဖူးစေ့ (ဗမာ) နဲ့ ပြောင်းဖူးစေ့ (CP) သာအရောင်းအဝယ်ရှိပြီး၊ ပြောင်းဖူးစေ့ (ရှမ်း) မှာ အရောင်းအဝယ်ဖြစ်မှု အလွန်နည်းပါးပါတယ်။ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၁၇ ကျပ် (တစ်တန် ၂၅၅၃၆၇ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၄၆၃ ကျပ် (တစ်တန် ၂၈၃၅၃၇ ကျပ်) နဲ့ ပြောင်းဖူးစေ့နှစ်မျိုးပေါင်း နေ့စဉ် ၃ တင်းအိတ် ၂၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ နှမ်းများ ယခင်လကာလတူ ဈေးနှုန်းနဲ့နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်လာသလို တစ်ရက်အရောင်းအဝယ်ဖြစ်မှုပမာဏလည်း များလာကြောင်းသိရပါတယ်။ ယခုအပတ်မှာ နှမ်းဖြူတစ်ပိဿာ ၂၄၄၄ ကျပ် (တစ်တန် ၁၄၉၆၆၈၁ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၂၀၆၇ ကျပ် (တစ်တန် ၁၂၆၅၈၁၀ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၂၆၂၂ ကျပ် (တစ်တန် ၁၆၀၅၆၈၇ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၆၆၇ ကျပ် (တစ်တန် ၂၈၅၈၀၂၄ ကျပ်)နဲ့ နေ့စဉ် နှမ်းရောင်စုစုပေါင်း ၃ တင်းအိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ပါတယ်။

ပန်းနှမ်းတစ်ပိဿာ ၁၈၄၄ ကျပ် (တစ်တန် ၁၁၂၉၂၄၇ ကျပ်) နဲ့ နေ့စဉ် အိတ် ၇၀၀ ကျော် အရောင်းအဝယ် ဖြစ်ပါတယ်။ ပန်းနှမ်းကို ရန်ကုန်ဝယ်လက်နဲ့ ဒေသတွင်းဆီစက်များမှ ဝယ်ယူမှုအားကောင်းတာကြောင့် ဈေးမြင့်သော်လည်း အရောင်းအဝယ်သွက်လာလျက် ရှိပါတယ်။ မြေပဲဆန် (S1) တစ်ပိဿာ ၂၆၅၀ ကျပ် (တစ်တန် ၁၆၂၂၈၃၄ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

မန္တလေးမြို့အထွက် ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ရဲ့ မန္တလေးမှ စီးထွက်သွားတဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ဂိတ်ဖြတ်စာရင်းအရ -

ရေတွက်ပုံ-တန်

| သီးနှံအမည် | ၂၀၁၅ ခုနှစ် ဧပြီလ | | ၁-၅-၂၀၁၅ မှ ၁၀-၅-၂၀၁၅ | |
|---|---|---|---|---|
| | စုစုပေါင်း | တစ်ရက်ပျမ်းမျှ | စုစုပေါင်း | တစ်ရက်ပျမ်းမျှ |
| ပဲတီစိမ်း | ၁၃၅၁၂. ၀၉ | ၄၅၀. ၄၀ | ၇၈၄၆. ၇၀ | ၇၈၄. ၆၇ |
| ပြောင်းဖူးစေ့ | ၉၁၃၃. ၁၆ | ၃၀၄. ၄၄ | ၆၀၃၈. ၈၈ | ၆၀၃. ၈၉ |
| နှံစားပြောင်း | ၆၇၃. ၆၀ | ၂၂. ၄၅ | ၃၂၂. ၅၀ | ၃၂. ၂၅ |
| နှမ်းဖြူ | ၈၇၈. ၄၅ | ၂၉. ၂၈ | ၅၉၀. ၁၃ | ၅၉. ၀၁ |
| နှမ်းနက် | ၁၉၁၆. ၇၄ | ၆၃. ၈၉ | ၇၈၀. ၁၀ | ၇၈. ၀၁ |
| ပဲယင်း* | ၁၉၆၃. ၅၆ | ၆၅. ၄၅ | ၄၀၀. ၇၀ | ၄၀. ၀၇ |
| ပဲလွန်းဖြူ | ၃၄၁. ၆၈ | ၁၁. ၃၉ | ၁၈၅. ၄၅ | ၁၈. ၅၄ |
| မြေထောက်ပဲ | ၂၈၀. ၃၀ | ၉. ၃၄ | ၉၁. ၈၀ | ၉. ၁၈ |
| ပဲကြီး * | ၄၈၉. ၂၅ | ၁၆. ၃၁ | ၁၃၅. ၉၀ | ၁၃. ၅၉ |
| ထောပတ်ပဲ * | ၂၇၈. ၅၀ | ၉. ၂၈ | ၆၈. ၈၅ | ၆. ၈၉ |
| ပဲနီပြား* | ၄၆၇. ၅၁ | ၁၅. ၅၈ | ၉၄. ၅၅ | ၉. ၄၆ |

(* တစ်ရက်ပျမ်းမျှတင်ပို့မှုလျော့နည်းသည့်သီးနှံ)

တရုတ်ပြည်သို့တင်ပို့သည့် သီးနှံအများစု ဈေးအေးပေမယ့် ပဲတီစိမ်း၊ ပြောင်းဖူးစေ့၊ နှမ်းများနဲ့ မြေပဲဆန်များမှာ ဈေးမာလျက်ရှိသလို အရောင်းအဝယ်သွက်လက်လာပါတယ်။ မြေပဲဆန်များ ဒိုင်ကို အဝင်ရှိသလောက် အရောင်းအဝယ်ရှိလာပါတယ်။ ထို့အတူ ပဲတီစိမ်း၊ နှမ်းများနဲ့ပြောင်းဖူးစေ့များ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ကြောင်း၊ ၎င်းသီးနှံရဲ့ဈေးနှုန်းများ ကျဆင်းဖွယ်မရှိကြောင်း၊ မတ်ပဲ၊ ကုလားပဲနဲ့ ပဲစင်းငုံများမှာလည်း ပြည်ပ ဝယ်လက်ရှိတဲ့အတွက် ၎င်းပဲများ ဈေးနှုန်းကျဆင်းဖွယ်မရှိကြောင်း ကုန်သည်ပွဲစားတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## ဧပြီလအတွင်း ဆန်တန်ချိန် ခြောက်သောင်းကျော်တင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလအတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၃၉ ဒသမ ၃၅၄ သန်းဖိုးရှိမြန်မာ့ဆန်ဖြူနဲ့ ပေါင်းဆန် ၆၀၃၂၅ တန် တင်ပို့ခဲ့ပါတယ်။ မတ်လအတွင်းကလည်း တန်ချိန် ၆၁၅၁၇ တန် တင်ပို့ခဲ့တာမို့ အနည်းငယ်သာ အလျော့ရှိပေမယ့် ပုံမှန်တင်ပို့နိုင်ခဲ့တယ်လို့ဆိုရပါမယ်။

တင်ပို့တဲ့ ဆန်အမျိုးအစားတွေကတော့ ငစိန်၊ ဧည့်မထ၊ ပေါ်ဆန်း၊ ရတနာတိုးနဲ့ ဇီယာဆန်များ ဖြစ်ပါတယ်။ ငစိန် အမျိုးအစားများမှာ ၅ မှတ်၊ ၁၀ မှတ်နဲ့ ၂၅ မှတ်တို့ဖြစ်ပြီး၊ တန်ချိန် ၂၇၆၂ တန်နဲ့ ကန်ဒေါ်လာ ၁ ဒသမ ၁၀၉ သန်းဖိုး တင်ပို့ခဲ့ပါတယ်။ ဧည့်မထဆန် ၅ မှတ်၊ ၁၀ မှတ်၊ ၁၅ မှတ်၊ ၂၀ မှတ်၊ ၂၅ မှတ်၊ ၃၅ မှတ်များကို ၅၃၈၂၀ တန်နဲ့ ကန်ဒေါ်လာ ၃၆ ဒသမ ၆၃၇ သန်းဖိုး တင်ပို့ ခဲ့ပြီး၊ ဧပြီလအတွင်း ဆန်တင်ပို့မှုများတွင် ဧည့်မထ ဆန်ကို အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံတွေကတော့ စင်ကာပူ၊ ရုရှား၊ အင်ဒိုနီးရှား၊ တရုတ်နိုင်ငံ၊ အီးယူနိုင်ငံများဖြစ်ပါတယ်။ တရုတ်နိုင်ငံကို ဧပြီလမှစ၍ ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့နေပြီ ဖြစ်ပါတယ်။

ငစိန်၊ ဧည့်မထအပြင် ပေါ်ဆန်း ၁၅ မှတ်၊ ၂၄ တန်၊ ရတနာတိုး ၅ မှတ်၊ ၂၄ တန်နဲ့ ဇီယာ ၂၅ မှတ် တန်၁၂၀ ကိုလည်း စင်ကာပူနဲ့ နယ်သာလန်နိုင်ငံများကို တင်ပို့ခဲ့ပါတယ်။ ဒါ့အပြင် ကန်ဒေါ်လာ ၁ ဒသမ ၅၄၃ သန်းဖိုးရှိ ပေါင်းဆန် ၃၅၇၅ တန်ကို အီးယူနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး MIRT**

## နနွင်း

### စင်ကာပူနဲ့ မလေးရှားကိုနနွင်းတင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ မေ ၃ ရက်မှ ၉ ရက်သီတင်းပတ်အတွင်း နနွင်း ၃၃၁ ဒသမ ၉၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၁၀၉၂၀၀ တန်ဖိုးရှိ နနွင်း ၁၉၅ တန်ကို စင်ကာပူနိုင်ငံကိုလည်းကောင်း၊ ကန်ဒေါ်လာ ၈၂၅၁၅ တန်ဖိုးရှိ နနွင်း ၁၃၆ ဒသမ ၉၈ တန်ကို မလေးရှားကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်ပို့မှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၃ ဒသမ ၁၇ တန်တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ စုစုပေါင်းကန်ဒေါ်လာ ၁၉၁၇၁၂ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အဝင်နည်း၊ အရောင်းနည်းလို့ ဈေးအေးတဲ့ ရှမ်းနနွင်းဈေးကွက်

ရှမ်းနနွင်းက ဒီတစ်ပတ်မှာ အဝင်ကလည်း နည်းသလို၊ ရောင်းအားကလည်း နည်းသွားတာကြောင့် ဈေးကလည်း ကျလာပါတယ်။ ပြည်ပဝယ်လိုအားမရှိတာကြောင့် ဖြုန်းအားကလည်း သိပ်မရှိတော့ပါဘူး။ ပြည် တွင်းသုံးအနေနဲ့ အမှုန့်ကြိတ်ဖို့အတွက်သာ ဝယ်ယူမှုရှိနေလို့ အရောင်းအဝယ်ကလည်း ဖြစ်တယ်ဆိုရုံလေးပါပဲ၊ ရန်ကုန်၊ မုံရွာ၊ စစ်တွေ စတဲ့မြို့တွေက ဝယ်လက်တွေ ကတော့ ပုံမှန်နှစ်ပတ်တစ်ခါ အမှာရှိနေပါတယ်။ အချို့တောင်သူတွေကလည်း ချင်းသမားတွေလိုပဲ၊ ဝယ်လိုအားနည်းနေချိန်မှာ ပြန်ပြီးပြုတ်ခြောက်ပြုလုပ်ကြတယ်လို့ သိရပါတယ်။ နနွင်းကတာရှည်အထားခံတဲ့ သီးနှံဖြစ်တာကြောင့် ဈေးမကြိုက်ရင် တောင်သူတွေ၊ လှောင်လက်တွေက ထုတ်မရောင်းကြပါဘူး။ ပြီးခဲ့တဲ့ အပတ်က ၂၂၅၀ ကျပ် ဈေးရှိတဲ့ ဆင်တောင်နနွင်းက ဒီတစ်ပတ်မှာ ၂၀၀၀ ကျပ်ဈေးသာရှိပါတယ်။ တောင်သူတွေက ကျပ်နှစ်ထောင်ကျော်မှန်းတာကြောင့် အခုဈေးနဲ့ မရောင်းကြဘူးလို့ သိရပါတယ်။ ပြည်တွင်းသုံး အမှုန့်ကြိတ်သမားတွေကလည်း ဝယ်ပြီး ပုံထား၊ ကားတစ်စီးစာရှိမှ တင်သွားလေ့ရှိတာကြောင့် တစ်ပတ်အတွင်း နနွင်းပိဿာ ချိန် ခုနစ်သောင်းခန့်တော့ စီးဆင်းသွားပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ တောင်ပို့လနနွင်းက ၁၄၀၀ ကျပ်၊ ဆင်တောင်နနွင်းက တစ်ပိဿာ ၂၀၀၀ ကျပ်ဈေး ပေါက်နေပါတယ်။

ဟိုပုံးနနွင်းကိုတော့ ပြီးခဲ့တဲ့ တစ်ပတ်က တမူးဝယ်လက်တွေက တစ်ပိဿာကို ၁၈၀၀ ကျပ်ဈေးနဲ့ ဝယ်ယူသွားတယ်လို့လည်း သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ကြက်သွန်နီ

### မူဆယ်နဲ့ မြဝတီမှ ကြက်သွန်နီ ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၄၁၇၁၂၁ တန်ဖိုးရှိ ကြက်သွန်နီ တန် ၇၂၀ နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉၀၀၅၃ တန်ဖိုးရှိကြက်သွန်နီ ၃၄၆ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၆၇၀ တန်ခွဲနဲ့ မြဝတီမှ ၇၈၇ တန်ကျော် တင်ပို့ခဲ့လို့ မူဆယ်နဲ့ မြဝတီနယ်စပ်စခန်းတွေက ကြက်သွန်နီပုံမှန်တင်ပို့နေတယ်လို့ဆိုရပါမယ်။ မြန်မာနိုင်ငံက ထွက်ရှိတဲ့ ကြက်သွန်နီဟာ အခြားနိုင်ငံတွေက ထွက်တဲ့ ကြက်သွန်နီတွေထက် အရည်အသွေးပိုကောင်းတာကြောင့် ယခုလို နယ်စပ်စခန်းတွေကတစ်ဆင့် တင်ပို့နိုင်တာဖြစ်ပါတယ်။

**မော်မော်အောင်**

### ကြက်သွန်နီများ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

ပြည်ဈေးကွက်သို့ အောင်လံ၊ တောင်တွင်းမှ ကြက်သွန်နီများ ပွဲရုံများသို့ အဓိကဝင်ရောက်နေပြီး အရောင်းအဝယ်ပြန်လည်အေးလာတယ်လို့ သိရပါတယ်။ ကြက်သွန်နီအကြီး ဝင်ရောက်မှုများတာကြောင့် အရောင်းအဝယ်တွင်လည်း (အလတ်) များကိုသာ အိတ်ဆွဲတာတွေ့ရပါတယ်။ ပုံမှန်အရောင်းအဝယ် ဖြစ်နေတာကြောင့် ကြက်သွန်နီ (အကြီး) ဒီတစ်ပတ်ဈေးကျလာတာ တွေ့ရပါတယ်။

ကြက်သွန်နီ (ကြီး) တစ်ပိဿာ ဈေးနှုန်း ၃၅၀ ကျပ် (အလတ်စ) ၃၈၀ ကျပ်နဲ့ (သေး) ၃၂၀ ကျပ်တို့ဖြင့် ဈေးကျကာ အရောင်းအေးနေပါတယ်။ ဒေသတွင်း လက်လီဈေးကတော့ (ကြီး) ၅၀၀ ကျပ်၊ (လတ်) ၅၀၀ ကျပ်နဲ့ (သေး) ၄၀၀ ကျပ်တို့ဖြစ်ပါတယ်။ ကြက်သွန်နီပွဲရုံများမှာတော့ တစ်ရက်ကို အိတ် ၅၀၀ အတွင်းသာ အရောင်းအဝယ်ဖြစ်ပြီး အရောင်းအဝယ် ထိုးကျလာတာလည်း တွေ့ရပါတယ်။

**နီနီဝင်း-ပြည်**



## ချင်း

### ချင်း ၂၄ တန်တင်ပို့

မေ ၃ ရက်မှ ၉ ရက်သီတင်းပတ်အတွင်း ချင်း ၂၄ ဒသမ ၉၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ယီမင်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် နှစ်ဆယ်ကျော် တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၅၄၈၂ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ရာသီဥတုပူပြင်းလို့ ဈေးကွက်သို့ ချင်းအဝင်နည်း

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ သီးနှံတွေ အဝင်နည်းလာပါတယ်။ ရာသီဥတုကလည်း ပူပြင်းတာကြောင့် သီးနှံဖော်ယူမှုတွေ နည်းပါးသွားပြီး ချင်းစိုဆိုရင် အဝင်တောင်အတော်နည်းသွားတယ်လို့ သိရပါတယ်။ အချို့ရက်တွေမှာ အဝင်လုံးဝမရှိတော့ဘဲ၊ ဈေးဖိတ်နေ့မှသာ တစ်ရက်ကို ပိဿာချိန် သုံးထောင်၊ လေးထောင်ခန့်သာအဝင်ရှိပါတော့တယ်။ ပြည်ပဝယ်လက်လည်းမရှိတော့ အရောင်းကလည်း အေးနေတယ်လို့ သိရပါတယ်။ ချင်းစိုက်တောင်သူတွေ အတော်များများလည်း ပြန်ပြီးစိုက်ပျိုးပြီးသွားပါပြီ၊ စိုက်ပျိုးချိန်ပြီးသွားတော့ တောင်သူတွေလက်ထဲမှာ မျိုးပိုတဲ့ချင်းတွေသာရှိပြီး၊ လှောင်လက်တွေဆီမှာသာ လက်ကျန်တွေ အတော်များများရှိနေပါတယ်။ ပုံမှန်အတိုင်းဆိုရင် မေလကုန်၊ ဇွန်လခန့်မှာ ချင်း (ဥမ) တွေဖော်ရပေမယ့် ဒီနှစ်တော့ ရာသီဥတုက အတော့်ကို ပူပြင်းပြီး မိုးကလည်း မရွာသေးလို့ ဥမလည်း အထွက်နောက်ကျနိုင်တယ်လို့ သိရပါတယ်။ မေလ တတိယပတ်မှာ မိုးရွာခဲ့ရင်တော့ ဇွန်လလယ်လောက်မှာ ဖော်နိုင်မယ်လို့ ခန့်မှန်းကြပါတယ်။ အခု လောလောဆယ်တော့ ပြည်တွင်းသုံး ချင်းထိုးသမားတွေသာ အဝယ်ရှိနေပြီး ရန်ကုန်၊ မန်း၊ မုံရွာ၊ ပြည်၊ နေပြည်တော် စတဲ့ မြို့တွေကသာ ပုံမှန်ဝယ်ယူနေတာကြောင့် တစ်ပတ်ကို ပိဿာချိန် တစ်သိန်းကျော် ခန့်တော့ အရောင်းအဝယ်ဖြစ်နေတယ်လို့ အောင်ပန်းပွဲရုံတွေက သိရပါတယ်။ ချင်းစိုက တစ်ပိဿာ အနိမ့်ဆုံး ၃၅၀ ကျပ်မှ အမြင့်ဆုံး ၁၁၀၀ ကျပ်ဈေးရှိနေပါတယ်။ ချင်းခြောက်ကတော့ အဟောင်းလက်ကျန်တွေမရှိသလောက်ဖြစ်သွားပါပြီ၊ အခုလို အရောင်းအဝယ်ပါးတဲ့အချိန်မှာ ချင်းခြောက်အသစ်ကို ပြန်ပြီး ပြုလုပ်နေကြပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာ ၂၀၀၀ ကျပ်-၂၁၀၀ ကျပ် ဈေးရှိနေပါတယ်။

**ဇေခိုင်-တောင်ကြီး**

## သီဟိုဠ်

### မူဆယ်နဲ့ကော့သောင်းနယ်စပ်မှ သီဟိုဠ်စေ့ ၃ဂ တန်ကျော်တင်ပို့

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းက မေလ ၂ ရက်မှ ၈ ရက်အတွင်း သီဟိုဠ်စေ့ ၃၈ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၂၉၁ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်က သီဟိုဠ်စေ့ ၃၂ တန်နီးပါးတန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၂၄၂ သန်း တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင် သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၃ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းက သီဟိုဠ်စေ့ ၆ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၄၉သန်း တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိတဲ့အတွက် ယခုတစ်ပတ်မှာ ၆ တန်ကျော် ပိုမိုတင်ပို့နိုင် ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်ကတော့ ယခင်သီတင်းပတ်ရော ယခုသီတင်းပတ်မှာပါ သီဟိုဠ်စေ့တင်ပို့ခြင်း မရှိပါ။

**ခင်မြနွယ် MIRT**

## ပရဆေး

### အပိုရော အသွင်းပါရှိတဲ့ ပရဆေး

မြန်မာနိုင်ငံကထွက်ရှိတဲ့ ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံမှာ လိုသလို အသုံးပြုနိုင်တာကြောင့် ပုံမှန်တင်ပို့လျက်ရှိရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေလ ပထမပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၈၈ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ်(၁၇)မျိုးကို တန်ချိန်အားဖြင့် ၆၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးကုန်ကြမ်းတွေကတော့ ကြက်ဆူစေ့၊ သီဟိုဠ်စေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ ဝဥခြောက်၊ ဆီးဆံ၊ ဆီးခွဲခြမ်း၊ ကွမ်းစားဂမုန်း၊ ကွမ်းသီးခွံ၊ နာနတ်လျှော်၊ မျောက်ဥ၊မာလာဥ၊ မာလာဥခေါင်း၊ ဒရင်ကောက်မြစ်နဲ့ တောင်လုံးကျော်တို့ဖြစ်ပါတယ်။

ဧပြီလ တစ်လလုံး ပရဆေးကုန်ကြမ်း တန်ချိန် ၂၀၀၀ နီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ပရဆေး ကုန်ကြမ်းတွေကို မြန်မာနိုင်ငံမှ တင်ပို့မှုရှိသလို မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနယ်စပ်ကုန်သွယ်ရေးမှလည်း ကန်ဒေါ်လာ ၁၄၈၂ တန်ဖိုးရှိတဲ့ တောင်လုံးကျော် ၈ တန်ကို တင်သွင်းခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင် MIRT**

## မန်ကျည်း



### ဒီတစ်ပတ်မန်ကျည်းတင်ပို့မှုလျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ မေလ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၅၈၄ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို ၉၈ တန်၊ ပါကစ္စတန်နိုင်ငံကို ၁၇၅ တန်၊ ဘင်္ဂလားဒေ့ရှ်... ဘူဂေးရီးယားကို တန် ၁၀၀ နဲ့ စင်ကာပူနိုင်ငံကို ၂၁၁ ဒသမ ၅ တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံကို အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၄၂၅ ဒသမ ၅ တန် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၅၅၈၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ဈေးကွက်မှာ အစေ့ပါ မန်ကျည်းမှည့်များ အရောင်းသွက်နေ

ပြည်ပွဲရုံများသို့ ဝင်ရောက်လာတဲ့ သီးနှံများအနက် စားဖိုဆောင်သုံးသီးနှံ မန်ကျည်းမှည့် ပုံမှန်အဝင်ရှိပြီး ပြည်ပတင်ပို့မှုရှိတာကြောင့် အရောင်းအဝယ်သွက်လျက် ရှိကြောင်း တွေ့ရပါတယ်။

ပြည် မန်ကျည်းသီးပွဲရုံများမှ မန်ကျည်းမှည့်များကို ရခိုင်၊ တောင်ကုတ်ဘက်မှ အများဆုံး တင်ပို့ရခြင်းကြောင့် ယခုမေလ ဒုတိယပတ်အတွင်း အစေ့ပါမန်ကျည်းသီးမှည့်အဝယ်လိုက်ခဲ့တာကြောင့် အစေ့လွတ် မန်ကျည်းမှည့်တစ်ပိဿာဈေး ၉၅၀ ကျပ်နဲ့ အစေ့ပါ တစ်ပိဿာ ၆၀၀ ကျပ်ထိ ဈေးတက်လာပါတယ်။

ယခုတစ်ပတ် ရခိုင်ပြည်နယ်ဘက်သို့ အများဆုံးတင်သွင်းမှုရှိတဲ့ အစေ့ပါမန်ကျည်းမှည့်ကို ပိဿာချိန် ၃၀၀၊ ၄၀၀ ပုံမှန်တင်ပို့နေရကြောင်း ဒေသတွင်း လက်လီ အရောင်းအဝယ်သမားတွေကတော့ အစေ့လွတ် တစ်ပိဿာ ၁၂၀၀ ကျပ်ဈေးဖြင့်သာ အရောင်းအဝယ်ပြုကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

# အစာအဆိပ်သင့်ခြင်းမှ ကင်းဝေးစေဖို့

ခမ်လျှန်စွမ်း(စားသုံးသူ-စစ်ကိုင်း)



မြန်မာနိုင်ငံတွင် နေ့စဉ်စားသုံးရန် အစားအစာများစွာရှိသည့် အနက် အများစုမှာ ခန္ဓာကိုယ်အတွက် အာဟာရဖြစ်စေသော ဗီတာမင်နှင့် သတ္တုဓါတ်များပါရှိပြီး အချို့သောအစားအစာများမှာ ခန္ဓာကိုယ်အတွက် အာဟာရမဖြစ်ဘဲ ဆိုးကျိုးကိုသာ ဖြစ်ပေါ်စေပါသည်။ ဥပမာအားဖြင့် ဒညင်းသီးသည် ခန္ဓာကိုယ်အတွက် ကောင်းကျိုးမရှိသော်လည်း လူအများစုကနှစ်သက်စွာ စားသုံးကြပါသည်။ မြန်မာစကားပုံတစ်ခုမှာ "အစားမတော်တစ်လုတ်၊ အသွားမတော် တစ်လှမ်း" ဟူသည့်ဆိုရိုးစကားအတိုင်း မိမိနှင့်မတည့်သော အစားအစာများကို စားသုံးမိပါက တစ်လုပ်စားရုံမျှဖြင့် အစာအဆိပ်သင့်ခြင်းနှင့် အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်။

အစားအသောက်မှားခြင်းကြောင့် အစာအဆိပ်သင့်ခြင်းများ ဖြစ်ပွား၍ ဆေးရုံဆေးခန်းများတွင် ဆေးကုသမှုခံယူနေရသော အကြောင်းများကို နိုင်ငံပိုင်သတင်းစာများနှင့် ပုဂ္ဂလိကသတင်းစာများတွင် များစွာတွေ့ရှိနေရပါသည်။ အစာအဆိပ်သင့်ခြင်း ဖြစ်ပွားရသောအကြောင်းရင်းများမှာ အချို့သော စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် မိမိထုတ်လုပ်ဖြန့်ဖြူး ရောင်းချသော စားသောက်ကုန်ပစ္စည်းများ၏ မူလအရည်အသွေးကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်စေရန်အတွက် စားသုံးရန်မသင့်သည့် ဓာတုပစ္စည်းများ အသုံးပြုခြင်း၊ ဓာတ်မတည့်သော အစားအသောက်များစားမိခြင်း၊ ပိုးသတ်ဆေး၊ ဓာတုဆေးများကို စနစ်တကျကိုင်တွယ် အသုံးပြုမှုအားနည်းခြင်း၊ ကိုင်တွယ်ပြီးလက်ကို စင်ကြယ်စွာ မဆေးကြောဘဲ အစားအသောက်များ ချက်ပြုတ်စားသောက်မိခြင်း၊ ရက်လွန်အစားအစာများစားမိခြင်း၊ ရောဂါဖြစ်ပွားနေသော အသားငါးများနှင့် ရောဂါဖြစ်ပွား၍သေဆုံးသောအသားငါးများကို ချက်ပြုတ်စားသောက်မိခြင်းများကြောင့် ဖြစ်ရသည်ကို သိရှိနေရပါသည်။ ယခုအချိန်တွင် ရာသီဥတုပူပြင်းပြီး သရက်သီးပေါ်ချိန်ဖြစ်၍ ယင်ကောင်များ ပေါက်ဖွားမှုနှုန်းများပြားပြီး ယင်နားစာများ စားသုံးမိပါက ကူးစက်ရောဂါများဖြစ်ပြီး အစာအဆိပ်သင့်သကဲ့သို့ ဖြစ်နိုင်ပါသည်။

ဧပြီလထုတ် မြန်မာ့အလင်းသတင်းစာနှင့်ချင်းတွင်းသတင်းဂျာနယ်တို့တွင် ဖော်ပြခဲ့သည့် လူ ၂၀၀ ဦးခန့် အစာအဆိပ်သင့်သည့်သတင်းတွင် ယင်မလာအောင် ဆေးဖျန်းထားသည့် ငါးခြောက်ကို ဆေးကြောသည့်ရေကို သွန်မပစ်ဘဲ ဟင်းချိုရည်ထဲသို့ထည့်မိရာမှ အစာအဆိပ်သင့်မှု ဖြစ်ပွားရခြင်း ဖြစ်နိုင်ကြောင်း ဝိုင်းဝန်းပြုစုသူတစ်ဦးမှ သုံးသပ်ပြောကြားပါသည်။ သို့ဖြစ်ပါ၍ မြန်မာလူမျိုးများ ကြိုက်နှစ်သက်သော ငါးခြောက်သည်လည်း မှျင်ငါးပိ၊ ငါးပိရည်ကျိုကဲ့သို့ပင် သတိထားစားသုံးရတော့မည့် အဓိက အစားအသောက် တစ်ခု ဖြစ်နေပါသည်။ ငါးခြောက်ထုတ်လုပ်သူများအနေဖြင့် ယင်ကောင်

> ငါးပိ၊ ငါးခြောက်နံ့ကို ယင်ကောင်က ကြိုက်နှစ်သက်သော်လည်း ၎င်း ငါးပိ၊ ငါးခြောက်များတွင် ယင်ကောင်များမရှိသည်မှာ တွေးစရာ ဖြစ်နေပါသည်။



များလာနား၍မဥစေရန်၊ ကြာကြာအထားခံနိုင်စေရန်နှင့် အရောင်အဆင်းလှစေရန်အတွက် ဓာတုဗေဒနည်းဖြင့် ဖော်စပ်ထားသော ဆေးတစ်မျိုးဖြစ်သည့် ယင်မနားဆေး ၉၀ ရာခိုင်နှုန်းကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေပြီဖြစ်ပြီး ၎င်းဆေးများမှာ တရုတ်နိုင်ငံမှ ဈေးပေါပေါဖြင့် တင်သွင်းလာကြောင်း သိရပါသည်။ ယင်မနားဆေး သုံးစွဲထားသော ငါးခြောက်များပေါ်သို့ ယင်ကောင်များ နားလိုက်သည်နှင့် တစ်ပြိုင်နက် သေစေနိုင်သော အစွမ်းသတ္တိရှိသည်ဟု သိရပါသည်။ ဆားပေါ့ပြုလုပ်သော ငါးခြောက်များတွင် ပိုမိုအသုံးပြုပြီး ယင်မနားဆေးအသုံးမပြုပါက ယင်ကောင်က အနံ့ရ၍ လာနားပြီး အစာစားရင်းမစင်စွန့်ခြင်း၊ ဥချခြင်းများပြုလုပ်ကြောင်း၊ ဥမှနောက်နေ့တွင် အကောင်လေးများ ပေါက်လာပြီး ဘယ်နည်းနှင့်မျှ ရှင်းမရတော့ဘဲ ငါးခြောက်မှာအရောင်၊ အနံ့၊ အရသာများပျက်စီး၍ ဈေးကွက်တွင် ရောင်းချပါက ဝယ်လိုအားနည်းပြီး ဈေးကောင်းမရနိုင်သောကြောင့် ထုတ်လုပ်သူများမှ ယင်မနားဆေးများကို အသုံးပြု၍ ရောင်းချကြောင်း သိရှိရပါသည်။ ၎င်းယင်မနားဆေး၊ ပိုးသတ်ဆေးများအန္တရာယ်ကြောင့် စားသုံးသူများအနေဖြင့် ရေနှင့်စင် ကြယ်စွာ မဆေးကြောဘဲ ချက်ပြုတ်စားသောက်ပါက လတ်တလောအနေဖြင့် အစာအဆိပ်သင့်ခြင်းများ ဖြစ်ပွားနိုင်ပြီး ရေရှည်စားသုံးပါက ကင်ဆာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ အသည်းရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ သဘာဝကပေးထားသော လူများ၏ အာဟာရဖွံ့ဖြိုးမှု၊ ကျန်းမာကြံ့ခိုင်ကြီးထွားမှု၊ အသက်ရှင်ရပ်တည်နေနိုင်မှု အစရှိသည့် လူသားများအတွက် ကောင်းကျိုးများကို လူသားများကပင် ပြန်လည်ဖျက်ဆီးသကဲ့သို့ ဖြစ်နေပါသည်။စားသုံးသူများအနေဖြင့်လည်း မိမိနှင့် မိမိ၏မိသားစုအတွက် အစာအဆိပ်သင့်ခြင်းနှင့် ရောဂါအန္တရာယ်ဖြစ်ပွားစေနိုင်သော အစားအသောက်များကို ငွေဖြင့်ဝယ်ယူ စားသုံးနေရသည့်အတွက် များစွာထိခိုက်စေနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိစည်ပင်သာယာဈေးကြီးများတွင် ခွင့်မပြုဓာတုဆိုးဆေးများ ပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်ကြောင်း ကြေညာထားသော စားသောက်ကုန်ပစ္စည်းများရောင်းချမှု ရှိ၊ မရှိ သွားရောက်စစ်ဆေးပညာပေးရာတွင် ငါးပိ၊ ငါးခြောက်ရုံများသို့ ရောက်ရှိသောအခါ ယင်ကောင်များနားနေသည်ကို မတွေ့ရှိရပါ။ ငါးပိ၊ ငါးခြောက်နံ့ကို ယင်ကောင်က ကြိုက်နှစ်သက်သော်လည်း ၎င်း ငါးပိ၊ ငါးခြောက်များတွင် ယင်ကောင်များမရှိသည်မှာ တွေးစရာ ဖြစ်နေပါသည်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်နှင့် နီးစပ်ရာလမ်းဘေးဆိုင်များ အသုပ်ဆိုင်များတွင်လည်း ယင်မနားဆေး များအသုံးပြုနေသည်ကို ကိုယ်တိုင် မြင်တွေ့ဖူးပါသည်။ လူကြီးမိဘများအနေဖြင့် မိမိ၏ မသိနားမလည်သေးသော ရင်သွေးငယ်လေးများအား သန့်ရှင်းစင်ကြယ်၍ အာဟာရဖြစ်စေနိုင်သော အစားအစာများကို ရွေးချယ်စားသုံးတတ်စေရန် သင်ကြားပေးစေလိုပါသည်။

အစာအဆိပ်သင့်ခြင်း ဖြစ်ပွားရသောသတင်းများကို လေ့လာကြည့်ရာတွင် လူအများအား ချက်ပြုတ်ကျွေးမွေး ဧည့်ခံရသော ပွဲကြီးများတွင် အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ပွားရခြင်းမှာ ပွဲကြီးများတွင် ဝိုင်းဝန်းချက်ပြုတ်ကြသော လုပ်သူကိုင်သူအမျိုးမျိုး တွေ့ဖူးပါသည်။ အချို့မှာ ဈေးမှဝယ်ယူလာသော ဟင်းသီးဟင်းရွက်၊ အသားငါးများကို ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးပြီးချက်ပြုတ်၍ရလျှင် ချက်ပြုတ်ချင်သော စိတ်ဓာတ်ရှိပြီး အချို့မှာ စားသောက်ကုန်များကို ရေဖြင့် သင့်ရုံသာ ဆေးကြော၍ ချက်ပြုတ်ချင်သူများ ရှိပါသည်။

ထို့ကြောင့် အိမ်ရှင်မများ၊ အစားအစာချက်ပြုတ်ရောင်းချသူများ၊ သာရေးနာရေးပွဲကြီးများတွင်လည်း ဝိုင်းဝန်းချက်ပြုတ်လုပ်ကိုင်သူများအနေဖြင့် စားသောက်ကုန်ပစ္စည်းများကို ရေဖြင့် စင်ကြယ်အောင် အထပ်ထပ်ဆေးကြောခြင်း၊ ရှာလကာရည်ဖြင့် စိမ်၍ ရေပြန်ဆေးပြီး ချက်ပြုတ်သင့်ပါသည်။ ဧည့်ခံကျွေးမွေးသည့် နေရာများတွင်လည်း အထူးသန့်ရှင်းဖို့ လိုအပ်ပါသည်။ သို့မှသာ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ စားသုံးရ၍ စားသုံးသူပြည်သူများ အစာအဆိပ်သင့်ခြင်းမှ ကင်းဝေးပြီး ကျန်းမာပျော်ရွှင်သော မိသားစုဘဝများ ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၇၀၀ ကျော်ဝင်

မေလ ၃ ရက်မှ မေလ ၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၆၈၂၆၈၀ တန်ဖိုးရှိ ဓာတ်ဆီ ၄၈ ဒသမ ၄၀ တန် ၊ ကန်ဒေါ်လာ ၅၀၀၈၈၈၈ တန်ဖိုးရှိ ဒီဇယ် ၆၆၃ ဒသမ ၂၂၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင် လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်က ယခင်တစ်ပတ်က အဝင်မရှိဘဲ ဒီတစ်ပတ်မှာ ဝင်အားကောင်းကောင်းနဲ့ ဝင်လာပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီအဝင်မှာ ၁၇ တန်ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် ၃၀ ဒသမ ၈၀ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာမေလ ၁၁ ရက်နေ့မှ ၁၅ ရက်အတွင်း ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်၊ တောင်ကြီးနဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရ ပါတယ်။

ဒီတစ်ပတ် ဓာတ်ဆီ/ဒီဇယ်အရောင်းအဝယ်အခြေအနေများမှာ-

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်းနဲ့ ဒီဇယ်မှာဈေးငြိမ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၆၈၀ ကျပ်၊ အောက်တိန်း ၇၀၀ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၁၁ ရက်နေ့ ဓာတ်ဆီဝယ်ဈေး ၁၅၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၁၄ ရက်မှာ ဝယ်ဈေး ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ မေ ၁၁ ရက်မှာ ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၁၄ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များမှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့် ဒီဇယ်နဲ့ ဓာတ်ဆီမှာ ဈေးငြိမ်နေပြီး အောက်တိန်းမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၇၇၀ ကျပ်၊ ဒီဇယ် ၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၁၁ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာမှ ၁၄ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မေလ ၁၁ ရက်နေ့ ဝယ်ဈေး ၁၅၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၈၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ဝယ်ဈေး၊ ရောင်းဈေး ၅၀၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ဓာတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီဈေးငြိမ်ပြီး ဒီဇယ်နဲ့အောက်တိန်းမှာ ဈေးနည်းနည်းမြင့်ကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၄၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၃၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ ဒီဇယ်ဈေးမှာ အနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ ကျပ်၊ ဒီဇယ် ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၁၀၀ ကျပ်၊ ဒီဇယ် ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## ဗဟိုဘဏ်၏ ဝင်ရောက်ထိန်းညှိမှုကြောင့် ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက နေ့စဉ်ဆက်တိုက်မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ဗဟိုဘဏ်၏ ဝင်ရောက်ထိန်းညှိမှုကြောင့် ပြန်လည်ကျဆင်းလာခဲ့ကြောင်း ငွေဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက တစ်ဒေါ်လာလျှင် ၁၁၃၂ကျပ်သို့ အမြင့်ဆုံးဈေးအဖြစ် ရောက်ရှိခဲ့သည်။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ပုဂ္ဂလိကဘဏ်ကြီးတစ်ဘဏ်မှ အမေရိကန်ဒေါ်လာများကို လိုက်လံဝယ်ယူနေသည့်အတွက် ယခုကဲ့သို့ ဈေးများမြင့်တက်ရခြင်းဖြစ်ကြောင်း ပြင်ပငွေဈေးကွက်အတွင်းမှ သိရှိရသည်။

"ဈေးကွက်ထဲမှာ ဒေါ်လာတွေ ပြတ်မသွားဖို့ထိန်းပြီး ရောင်းပေးနေရပါတယ်။ အရမ်းကြီးရောင်းလိုက်လို့တော့ မဖြစ်ဘူး။ ဈေးကွက်ပျက်သွားမှာ စိုးရတယ်။ ဘဏ်ကြီးတစ်ဘဏ်က လိုက်ပြီးဝယ်နေတော့ ဈေးကွက်ထဲမှာ ဈေးကခေါ်သလို ရောင်းနေရတာ။ အခုဒီရက်ထဲမှာတော့ ဗဟိုဘဏ်က ကျပ် ၁၀၈၀ ပတ်လည် မှာပဲရောင်းရမယ်လို့ ထိန်းလိုက်တဲ့အတွက် ဈေးက နည်းနည်းကျလာပါတယ်။ ဒါပေမယ့်လည်း ပုဂ္ဂလိကဘဏ်တွေကတော့ အရောင်းစာရင်းကိုပိတ်ထားတယ်။ သူတို့က အဝယ်ပဲရှိတော့တယ်။ တချို့ဘဏ်တွေဆိုရင် အရောင်းရော အဝယ်ပါ မရှိသလောက်ပါပဲ"ဟု ပြင်ပငွေဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးကဆိုသည်။ မေ ၁၁ ရက်က ပုဂ္ဂလိကဘဏ်များ၏ ငွေလဲစင်တာများတွင် ရောင်းဈေး ၁၀၉၀ ကျပ်၊ ဝယ်ဈေး ၁၀၉၁ ကျပ်ဟု ဖော်ပြထားသော်လည်း အရောင်းအဝယ်မရှိကြောင်း သိရသည်။

ပြင်ပပုဂ္ဂလိက ငွေလဲစင်တာများတွင်မူ မေ ၁၁ ရက်က ရောင်းဈေး ၁၁၂၁ ကျပ်၊ ဝယ်ဈေး ၁၁၁၇ ကျပ်ရှိခဲ့ပြီး မေ ၁၂ ရက်တွင် ရောင်းဈေး ၁၁၃၃ကျပ်၊ ဝယ်ဈေး ၁၁၂၆ ကျပ်ရှိခဲ့သည်။ မေ ၁၄ရက်တွင်မူ ရောင်းဈေး ၁၁၁၀ကျပ်၊ ဝယ်ဈေး ၁၁၀၀ ကျပ်ရှိခဲ့ပြီး မေ ၁၅ ရက်တွင် ရောင်းဈေး ၁၁၀၂ ကျပ်၊ ဝယ်ဈေး ၁၀၉၂ ကျပ်သို့ ကျဆင်းခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး အနည်းငယ် ပြန်လည်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက နေ့စဉ်မြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် အနည်းငယ် ပြန်လည်ကျဆင်းသွားခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။ ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်လာမှုနှင့်အတူ မြန်မာ့ရွှေဈေးများလည်း မြင့်တက်လာရခြင်းဖြစ်ကြောင်း၊ ယခုအခါ ဗဟိုဘဏ်မှ ပြည်တွင်းငွေလဲနှုန်းများကို ထိန်းညှိပေးလိုက်သည့်အတွက် ပြန်လည် ကျဆင်းလာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြခဲ့သည်။

"ကမ္ဘာ့ရွှေဈေးက သိပ်ပြီးတော့ တက်မလာပေမယ့် ဒီမှာကပြည်တွင်း ငွေလဲနှုန်းတွေ နေ့စဉ်လိုလိုတက်နေတော့ ပြည်တွင်းရွှေဈေးတွေလည်း တက်လာရတာပါ။ ရွှေဈေးတွေတက်လာတော့ ရွှေဝယ်ရောင်းသမားတွေ တော်တော်များများ အမြတ်အစွန်းရလိုက်ကြတယ်။ ဒီနေ့မှာတော့ ရွှေဈေးက ပြန်ကျလာတယ်။ ပြည်တွင်းမှာ ရောင်းလိုအားက မြင့်တက်လာတဲ့အပြင် ပြည်တွင်းငွေလဲနှုန်းကိုလည်း ဗဟိုဘဏ်က ထိန်းညှိပေးလိုက်တဲ့အတွက် ဒေါ်လာဈေးကျလာသလို ပြည်တွင်းရွှေဈေးလည်း ပြန်ပြီးတော့ ကျလာတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျပ်တစ်သောင်းကျော် မြင့်တက်ခဲ့ပြီး ယခုတစ်ပတ်အတွင်းတွင် ကျပ် ၇၁၀၀၀၀ အထိ မြင့်တက်ခဲ့သည်။ သို့သော် ဒေါ်လာဈေး ပြန်လည်ကျဆင်းလာမှုကြောင့် မြန်မာ့ရွှေဈေးသည် ကျပ် ၇၀၇၀၀၀ သို့ ကျဆင်းလာခဲ့သည်။

မေ ၁၁ ရက်က မြန်မာ့ရွှေဈေးသည် ကျပ် ၇၀၀၅၀၀ ရှိခဲ့ရာမှ မေ ၁၃ ရက်တွင် ကျပ် ၇၁၀၀၀၀ သို့ မြင့်တက်လာခဲ့သည်။ အဆိုပါဈေး သည် ယခုနှစ်အတွင်း အမြင့်ဆုံးဈေးအဖြစ်ရှိခဲ့သည်။ ထို့နောက် ပြန်လည်ကျဆင်းလာခဲ့ရာ မေ ၁၅ ရက်တွင် ကျပ် ၇၀၇၀၀၀ သို့ ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မေလ ၁၁ ရက်က ၁၁၈၄ဒေါ်လာရှိခဲ့ပြီး မေ၁၃ ရက်တွင် ၁၂၁၄ ဒေါ်လာသို့မြင့်တက်ခဲ့ကာ မေလ ၁၅ရက်နေ့တွင် ၁၂၁၉ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

May 15, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.24 |
| BDT | Bangladesh Taka | 77.87 |
| CAD | Canada Dollars | 1.20 |
| CNY | China Yuan Renminbi | 6.20 |
| EUR | Euro | 0.88 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.48 |
| IDR | Indonesia Rupiahs | 13044.63 |
| JPY | Japan Yen | 119.20 |
| MYR | Malaysia | 3.57 |
| PKR | Pakistan Rupees | 101.79 |
| PHP | Philippines Pesos | 44.47 |
| RUB | Russia Rubles | 50.17 |
| SGD | Singapore Dollars | 1.32 |
| KRW | South Korea Won | 1090.33 |
| LKR | Sri Lanka Rupe | 133.44 |
| THB | Thailand Baht | 33.50 |
| GBP | United Kingdom Pounds | 0.63 |
| VND | Vietnam Dong | 21795.99 |

Source : xe.com

### World Gold Price

May, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 11 | 1182 | 1183 | 1183 |
| 12 | 1182 | 1181 | 1184 |
| 13 | 1192 | 1192 | 1192 |
| 14 | 1213 | 1213 | 1213 |
| 15 | 1219 | 1219 | 1219 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 11-5- 2015 | 700.50 | 700.90 |
| 12-5- 2015 | 700.00 | 700.50 |
| 13-5- 2015 | 705.00 | 705.00 |
| 14-5- 2015 | 705.50 | 704.70 |
| 15-5- 2015 | 706.50 | 706.70 |

### နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 11 | 6 .21 | 33.70 | 77.78 | 63.94 |
| 12 | 6. 23 | 33.62 | 77.91 | 63.84 |
| 13 | 6 .21 | 33.73 | 77.88 | 64.25 |
| 14 | 6 .20 | 33.51 | 77.75 | 63.89 |
| 15 | 6.20 | 33.50 | 77.87 | 63.48 |

### Energy NYMEX 15-5-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 59.83 | -0.05 | -0.08 |
| Brent Crude Futr (USD/bbl) | 66.73 | 0.03 | 0.04 |
| Gasoline Rbob Fut (Cent/gal) | 205.94 | 0.19 | 0.09 |
| Natural Gas Futr (USD/MMBtu) | 3.00 | -0.01 | -0.17 |
| Heating Oil Futr (Cent/gal) | 200.73 | 0.17 | 0.08 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 11-May | 16.38 | 2416.06 | 1875.33 | 6500.03 | 1134.00 |
| 12-May | 16.38 | 2416.06 | 1875.33 | 6500.03 | 1134.00 |
| 13- May | 16.55 | 2414.50 | 1875.78 | 6517.06 | 1132.00 |
| 14- May | 17.17 | 2391.20 | 1871.74 | 6514.82 | 1150.00 |
| 15- May | 17.41 | 2362.30 | 1849.79 | 6518.18 | 1160.00 |

Source:kitco.com

## ဘိလပ်မြေ

# အိန္ဒိယ၊ စင်ကာပူနဲ့ ထိုင်းမှ ဘိလပ်မြေတန်ချိန် ခြောက်သောင်းခုနစ်ထောင်ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ မေ ၃ ရက်မှ ၉ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၇၃၅၇၈၀ တန်ဖိုးရှိ ဘိလပ်မြေ ၆၇၆၈၃ ဒသမ ၇၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံမှ ၁၀၂၉ ဒသမ ၀၅၉ တန်၊ စင်ကာပူမှ ၂၁၃၉ ဒသမ ၂၂၉တန်နဲ့ ထိုင်းနိုင်ငံမှ ၆၄၅၁၅ ဒသမ ၅ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းမှ အများဆုံးဝင်လာခဲ့ပါတယ်။ ဝင်လာခဲ့တဲ့တံဆိပ်များမှာ စိန်၊ ဆင်၊ spider Ramco အစရှိတဲ့ တံဆိပ်များဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၄၆၁၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

# ဘိလပ်မြေ အဝင်ပိုခဲ့သလို အရောင်းအဝယ်သွက်

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

မေလ ၃ ရက်မှ ၉ ရက်သီတင်းပတ်မှာ ပြည်တွင်းကိုရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၆၇၆၈၀ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ၂၁၅၇၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ ၄၆၁၀၀ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၂၃၇၆၈ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၂၈၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၉၁၈တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ကြံ့(မြိုင်ကလေး) က ၂၅ ကျပ်ဈေးမြင့်ပြီး ဆင်(ထိုင်း)က ၁၀၀ ကျပ်ဈေးကျကာ စိန်က ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ မြင်းခေါင်းက ၄၂၀၀ ကျပ်နဲ့ဘဲ ပစ္စည်းပြတ်နေပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ် ဖြစ်တဲ့ ဈေးက ဆင် (ထိုင်း) ၅၄၅၀ ကျပ်၊မြင်းခေါင်း ၄၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၁၂၅ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်သွက်လာပြီး ဈေးကွက်ထဲသို့ ဆင်ဘိလပ်မြေ ပြန်လည်ဝင်လာခဲ့ပါတယ်။ စိန်တံဆိပ်က ၁၀၀ ကျပ် ဈေးကျလာပြီး အပါချီနဲ့ နဂါးက ၅၀၀ ကျပ်၊ ကမ္ဘောဇက ၁၀၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန် (ယိုးဒယား) ၇၄၀၀ ကျပ်၊အပါချီ ၅၇၀၀ ကျပ်၊ နဂါး ၅၇၀၀ ကျပ်၊ ကမ္ဘောဇ ၅၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်းမှာရှိတဲ့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းသွက်ပေမယ့် ဆင်(ထိုင်း) က ဈေးနည်းနည်းကျလာပြီး အပါချီနဲ့ ဆင် (မြန်မာ) က ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်တဲ့ ဈေးမှာ ဆင်(ထိုင်း)၆၉၀၀ ကျပ်၊အပါချီ ၆၂၀၀ ကျပ်၊ဆင်(မြန်မာ) ၅၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိ ရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# ကန်ဒေါ်လာ ၃၆ သိန်းကျော်ဖိုး မြေဆီများတင်သွင်း

သီတင်းတစ်ပတ်ဖြစ်တဲ့ မေ ၃ ရက်မှ ၉ ရက်အတွင်း ကန်ဒေါ်လာ ၃၆၅၈၁၀၀ တန်ဖိုးရှိ မြေသြဇာ ၂၃၉၃၂ ဒသမ ၁၃၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှ တင်သွင်းခဲ့ပါတယ်။ ဆွစ်ဇာလန်နိုင်ငံမှ ၁၀၂ တန်၊ တရုတ်နိုင်ငံမှ ၆၃၆၂ ဒသမ ၅၅ တန်၊ မလေးရှားမှတန် ၂၀၀၊ စင်ကာပူမှ ၁၆၇၈၇ ဒသမ ၅၈၆ တန်၊ ထိုင်းနိုင်ငံမှ ၄၈၀ တန်ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့ အမျိုးအစားများမှာ နိုက်ထရိုဂျင်၊ ယူရီးယား၊ ကွန်ပေါင်း၊ ဩဂဲနစ် စတဲ့ မြေဆီများ ဝင်လာခဲ့ပါတယ်။ ယခင် သီတင်းပတ်မြေဆီအဝင်နဲ့ယှဉ်ရင် တန်ချိန် နှစ်သောင်းတစ်ထောင်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

# မြေသြဇာ အဝင်ပိုခဲ့သော်လည်း အရောင်းအဝယ်ပုံမှန်ရှိ

မေလ ၃ ရက်မှ မေလ ၉ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ တန်ချိန်၂၃၉၃၂ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၇၆၉ တန်ကျော်ရှိခဲ့တာကြောင့် ၂၁၁၆၃ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရ ပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေသြဇာ အဝင်မှာ ၁၇၈၁၈ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၇၀၇၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၇၄၄တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ အဝင်ပို ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ နွေသီးနှံပျိုးခင်းအတွက် နယ်ဘက်က အဆွဲရှိတာကြောင့် အရောင်းအဝယ်ကကောင်းပါတယ်။ အရောင်းသွက်သလို ဈေးလည်း နည်းနည်းမြင့် လာတယ်။ ဈေးမြင့်ရတာက အရောင်းသွက်တာကြောင့် မဟုတ်ဘဲကုမ္ပဏီရဲ့ သွင်းဈေးတက်တာကြောင့် ဖြစ်တယ်လို့ သိပါတယ်။ဈေးမြင့်တာက ပုလဲ-အသေးနဲ့ တီစူပါတို့ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ရောင်းဈေးထက် ၅၀၀ ကျပ် ဈေးမြင့်လာပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၇၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၃၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၉၅၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၀၀၀၀ ကျပ် ၊ တီစူပါ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်ပါးပေမယ့် ဈေးနည်းနည်းတက်တယ်လို့ သိရပါတယ်။ ဒီလိုဈေးတက်ရတာကလည်း ငွေဈေးတက်လာတာကြောင့် ဖြစ်တယ် လို့ဆိုပါတယ်။ ဈေး ကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၆၀၀ ကျပ်၊ တီစူပါ (**GTSP** ၄၆%-တရုတ်) ၁၈၄၀၀ ကျပ်၊ တီစူပါ (**GSSP** ၁၆%-တရုတ်) ၉၂၀၀ကျပ်၊တီစူပါ(**GSSP** ၁၂%- တရုတ်) ၈၄၀၀ ကျပ်၊ ကွန်ပေါင်း(၁၀း၁၀း၅) ၁၃၄၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက ဈေးနည်းနည်းမြင့်လာပေမယ့် အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီလိုဈေးမြင့်ရတာကလည်းမူရင်းဈေးတက်လာလို့ ဈေးတက်ရ တာဖြစ်တယ် လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်)၂၁၃၀၀ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)၂၁၃၀၀ကျပ် ၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၂၂၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်)၁၀၂၀၀ ကျပ်၊တီစူပါ ၁၆% (တရုတ်) ၁၀၇၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်)၃၇၅၀၀ ကျပ်၊ တီစူပါ(၁၀း၁၀း၅) (တရုတ်) ၁၅၅၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၅၀၀၀ ကျပ်၊ ပိုတက် (တရုတ်)၂၃၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၂၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာက အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ရာသီချိန်ပျိုးခင်းအတွက် စတင်ဝယ်နေပြီဖြစ်တာကြောင့် အဝယ်လိုက်လာတယ်လို့သိရပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) (အစိမ်း) ၁၃၅၀၀ ကျပ်၊ ဆင်(၁၀း၁၀း၅) ၁၃၄၀၀ ကျပ်၊အာမို(၁၀း၁၀း၅) ၁၄၈၀၀ ကျပ်၊ အာမို၁၅း၁၅း၁၅ ၃၆၇၀၀ ကျပ်၊ အာမို (၁၆း၁၆း၈) ၃၃၈၀၀ ကျပ်၊ အောင်ကမ္ဘာ (၁၀း၁၀း၅) ၁၅၈၀၀ ကျပ်၊ ပိုတက် ၂၂၆၅၀ကျပ်၊တောင်သူမ ၁၃၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၉၀၀၀ ကျပ်၊ ယူရီးယား -ပုလဲ( ရွှေတောင်) ၁၉၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန် ရှစ်ရာကျော်နဲ့ နို့မှုန့် တန် ၁၆၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ မေလ ၃ ရက်မှ ၉ ရက်အတွင်း နို့စိမ်း ၂၈၇ ဒသမ ၂၈ တန်နဲ့ နို့ဆီ ၅၄၇ ဒသမ ၃၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိုကေ နို့ဆီနဲ့ နို့စိမ်းများ ဝင်လာခဲ့ပါတယ်။

ယခင် သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၃၇၅ဒသမ ၄၆၈ တန် အဝင်ပိုခဲ့ပါ ယ်။

နို့မှုန့်က စင်ကာပူမှ ၆၆ တန်နဲ့ နယူးဇီလန်မှ ၁၀၂ ဒသမ ၄၀ တန် ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ၁၅ ဒသမ ၄၀၅ တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂/၅ မှ ၈/၅ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၅/၄ မှ ၁/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၇၄၄·၂၅ | ၃၃၀၀·၂၅ | (-) | ၅၅၆·၀၀ |
| ၂။ | လွယ်ဂျယ် | ၁၁၈၈·၀၀ | ၈၈၀·၀၀ | (+) | ၃၀၈·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၈၀၁·၀၀ | ၅၃၃၉·၀၀ | (-) | ၁၅၃၈·၀၀ |
| ၅။ | တာချီလိတ် | ၅၅၀၀·၀၀ | ၄၀၀၀·၀၀ | (+) | ၁၅၀၀·၀၀ |
| ၆။ | မြဝတီ | ၂၀၁၀·၅၀ | ၃၀၉၁·၀၀ | (-) | ၁၀၈၀·၅၀ |
| ၇။ | ကော့သောင်း | ၈၃၅၀·၀၀ | ၃၈၆၅·၀၀ | (+) | ၄၄၈၅·၀၀ |
| ၈။ | မြိတ် | ၁၇၅·၀၀ | ၂၃၇၅·၀၀ | (-) | ၂၂၀၀·၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၂၃၇၆၈·၇၅ | ၂၂၈၅၀·၂၅ | (+) | ၉၁၈·၅၀ |

နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

မြင့်မြင့်မာ MIRT (DCCA)

နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂/၅ မှ ၈/၅ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၅/၄ မှ ၁/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၉၆၇·၀၀၀ | ၁၆၀၃၁·၅၀၀ | (+) | ၉၃၅·၅၀၀ |
| ၂။ | လွယ်ဂျယ် | ၁၅၄·၈၀၀ | ၁၀၉·၅၀၀ | (+) | ၄၅·၃၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၄၄၈·၉၆၀ | ၃၃၉·၇၆၀ | (+) | ၁၀၉·၂၀၀ |
| ၆။ | ကော့သောင်း | ၂၄၈·၀၀၀ | ၁၉၄·၀၀၀ | (+) | ၅၄·၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | ၄၀၀·၀၀၀ | (-) | ၄၀၀·၀၀၀ |
| | စုစုပေါင်း | ၁၇၈၁၈·၇၆ | ၁၇၀၇၄·၇၆၀ | (+) | ၇၄၄·၀၀၀ |

တင်တင်ထွန်း MIRT (DCCA)

# နှမ်း/မြေပဲ/ပဲပုပ်

## ယခုတစ်ပတ် ပြည်ဈေးကွက်၌ မြေပဲဆီဈေးမြင့်ပြီး နှမ်းဆီဈေးပြန်ကျ

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် မြေပဲဆီဈေးမြင့်ပြီး နှမ်းဆီဈေး ပြန်ကျလာတာ တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မြေပဲဆီဈေးမှာ တစ်ပိဿာ ၃၆၀၀ ကျပ်မှ ၃၈၀၀ ကျပ်ထိရှိခဲ့ပြီး ဖေဖော်ဝါရီလနှင့် မတ်လတွင် တစ်ပိဿာ ၃၆၀၀ ကျပ်ဖြင့် ဈေးပြန်ကျလာခဲ့ပါတယ်။

ဧပြီလဆန်း သင်္ကြန်အပြီးတွင် မြေပဲဆီဈေးပြန်လှုပ်လာပြီး တစ်ပိဿာ ၄၀၀၀ ကျပ်အထိ ဈေးပြန်မြင့်လာပါတယ်။ မေလ ဒုတိယပတ်မှစ၍ ခုချိန်ထိ တစ်ပိဿာ ၅၀၀၀ ကျပ်အထိ ဈေးမြင့်လာပါတယ်။

နှမ်းဆီဈေးမှာလည်း ၂၀၁၅ခုနှစ် ဇန်နဝါရီလတွင် တစ်ပိဿာ ၅၂၀၀ မှ ကျပ် ၅၆၀၀ ကျပ်အထိ ဈေးမြင့်ခဲ့ပြီး၊ ဖေဖော်ဝါရီလ၊ မတ်လနဲ့ ဧပြီလတွင် တစ်ပိဿာ ၅၀၀၀ ကျပ်အထိ ဈေးကျလာခဲ့ပြီး မေလ ဒုတိယပတ်မှ ခုချိန်ထိ နှမ်းဆီတစ်ပိဿာကို ၄၅၀၀ ကျပ်အထိ ဈေးပြန်ကျလာခဲ့ပါတယ်။

မြေပဲဆီဆန်ကို ဝယ်လက်များက ပစ္စည်းရှိလို့ အဝယ်ရှိပြီး ဈေးမြင့်သလို ဆီဈေးလည်း မြင့်နေတာ တွေ့ရပါတယ်။ နှမ်းမှာ ဈေးကွက်တွင် ပစ္စည်း လက်ကျန်ပြတ်နေပြီး အဝယ်လည်း သိပ်မရှိလို့ ဈေးကျပြီး ဆီဈေးပါကျနေတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

## မူဆယ်စခန်းမှသာ နှမ်းတင်ပို့ခဲ့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၅၁ သန်းဖိုးရှိ နှမ်းနက် ၃၄ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၆၁ သန်းဖိုးရှိ နှမ်းဖြူ (အခွံချွတ်) ၃၅ တန် တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ နှမ်းနက် ၁၃၄ တန်နဲ့ ချင်းရွှေဟော်မှ နှမ်းနက် ၃၅၇ တန်၊ နှမ်းဖြူတန် ၉၀ တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ ချင်းရွှေဟော်မှ နှမ်းတင်ပို့မှု မရှိခဲ့သလို မူဆယ်မှ နှမ်းတင်ပို့မှုလည်း သိသိသာသာ လျော့ကျသွားခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၆၅၇၆၅၂ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၁၆၈၆၉၉၁ ကျပ်သို့လည်းကောင်း၊ နှမ်းနက်တစ်တန် ၁၉၁၈၅၂၂ ကျပ်မှ ၁၉၅၂၄၇ ကျပ်သို့လည်းကောင်း၊ နှမ်းဈေး တရိပ်ရိပ်မြင့်တက်လာခဲ့ပါတယ်။ ယခုလိုနှမ်းဈေးတွေ ဆက်တိုက် မြင့်တက်လာသလို ပြည်ပဈေးကွက်မှာလည်း တစ်နေရာရရှိပြီးဖြစ်တဲ့အတွက် နှမ်းသီးနှံကို ပိုမိုတွင်ကျယ်စွာ စိုက်ပျိုးသင့်ကြောင်း မကွေးဒေသခံကုန်သည်ကြီးတစ်ဦးက ပြောပါတယ်။

**မော်မော်အောင် MIRT**

## ပြည်ပဲပုပ် ယခုနှစ်မှာ ဈေးအေးတဲ့ပဲဖြစ်ခဲ့

ပြည်ဈေးကွက်အတွင်း ယခုမေလလယ်တွင် ပဲပုပ်သီးနှံ အဝင်မရှိတော့ဘဲ လက်ကျန်ပဲများဖြင့်သာ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ဈေးနှုန်းမှာ တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့်သာ ဈေးအပြောင်းအလဲမရှိ ဈေးငြိမ်နေခဲ့ပါတယ်။ ယခုနှစ်အတွင်း ပဲသစ်ပေါ်ချိန်မှစ၍ ယခုချိန်ထိ သိသိသာသာ ဈေးမြင့်တက်လာခြင်းမရှိခဲ့ဘဲ ကျပ်နှစ်သောင်းအောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က တစ်နှစ်ပတ်လုံး ပဲပုပ်ဈေးမှာ တစ်တင်း ၁၉၀၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်အတွင်း အရောင်းအဝယ် ဖြစ်ခဲ့တဲ့အတွက် ယခုနှစ် ပဲပုပ်ဈေးအေးခဲ့တဲ့ နှစ်ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါ တယ်။

**ခင်ဆွေဝင်း-ပြည်**

## ပို့ကုန်ဝယ်လိုအားကျမှာကို စိုးရိမ်ပူပန်မှုကြောင့် စားအုန်းဆီဈေးကျဆင်း

အယ်လ်နီညို ရာသီဥတုပုံစံက စားအုန်းဆီထွက်နှုန်းကို အဟန့်အတားဖြစ်စေမှာကို စိုးရိမ်တဲ့အတွက် ပထမပိုင်း မေ ၁၃ ရက်မှာ စားအုန်းဆီဈေးက ရက်သတ္တပတ်ငါးပတ်အတွင်း အမြင့်ဆုံးဈေးကို ရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် မေလ ဒုတိယလဝက်မှာ ပို့ကုန်ဝယ်လိုအား ကျဆင်းမဲ့အလားအလာတွေကြောင့် ဈေးနှုန်းမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

၂၀၀၉ ခုနှစ်မှာ အယ်လ်နီညို ဖြစ်ပွားခဲ့တဲ့အတွက် အိန္ဒိယနိုင်ငံမှာ မိုးခေါင်ရေရှားဖြစ်ခဲ့ရာ ဆယ်စုနှစ် လေးစုအတွင်း အဆိုးဝါးဆုံးဖြစ်ခဲ့ပါတယ်။ အယ်လ်နီညိုဖြစ်ပွားတဲ့အတွက် ဩစတြေးလျက ဂျုံခင်းတွေ ပျက်စီးခဲ့ရပါတယ်။ အရှေ့တောင်အာရှမှာရှိတဲ့ ဆန်၊ ပြောင်းနဲ့ စားအုန်းဆီသီးနှံတွေအများကြီး ဆုံးရှုံးခဲ့ပါတယ်။ ယခုနှစ်အတွင်းမှာ အယ်လ်နီညို တစ်ကျော့ပြန်လာနိုင်တယ်လို့ ဂျပန်နဲ့ ဩစတြေးလျ ရာသီဥတုခန့်မှန်းရေးဗျူရိုတွေက မေလ ၁၂ ရက်က အတည်ပြုပြောကြားပါတယ်။

အယ်လ်နီညိုကြောင့်ဖြစ်ရတဲ့ အလွန်ပူပြင်းခြောက်သွေ့တဲ့ရာသီဥတုကြောင့် ရင့်မှည့်နေတဲ့ စားအုန်းဆီ အသီးတွေကို ထိခိုက်စေနိုင်ပါတယ်။ ဒါပေမယ့် ပူပြင်းခြောက်သွေ့မှုကြောင့်ဖြစ်ရတဲ့ ဖိစီးမှုဒဏ်က ထုံးစံအတိုင်းဆိုရင် ကိုးလ နဲ့ ၁၂ လအကြာမှသာ မြင်တွေ့ရမှာဖြစ်ပါတယ်။

“အယ်လ်နီညိုသတင်းနဲ့ပတ်သက်ပြီး ဈေးကွက်ရဲ့ တုံ့ပြန်မှုက လိုတာထက်ပိုနေပါတယ်။ အခုတော့ ပြန်ပြီးတော့ ပြောင်းလဲသွားပါပြီ။ စာရင်းဇယားကိန်းဂဏန်းတွေကို လေ့လာတွက်ချက်မှုအရ ဝယ်ယူမှုအခြေအနေ မြင့်မားလာတာ တွေ့ရတဲ့အတွက် အမြတ်ရရှိတာကိုလည်း တွေ့ရပါတယ်”လို့ ကွာလာလမ်ပူရှိ ကုန်စည်ပွဲစား တစ်ဦးက ပြောပါတယ်။

စောစောပိုင်းဈေးကွက်မှာ ဘာဆာမလေးရှားကုန်စည်ဒိုင်ရှိ ဇူလိုင်အတွက် စာချုပ်ချုပ်ဆိုတဲ့ အခြေခံစံထားနှုန်းက တစ်တန်ကို ၂၂၃၃ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ဧပြီလ ၆ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ပါတယ်။ ညနေပိုင်းဈေးပိတ်ချိန်မှာ စားအုန်းဆီဈေးက ၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၁၉၇ ရင်းဂစ် (၆၁၀ ဒသမ ၈၇ ဒေါ်လာ) နှုန်းရှိခဲ့ရာ သုံးရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့တာဖြစ်ပါတယ်။

စုစုပေါင်း ရောင်းချရတဲ့ ပမာဏက ၂၅ တန်ရှိအတွဲ ၄၅၁၇၁ တွဲရှိခဲ့ရာ ပျမ်းမျှရောင်းချနှုန်းအတွဲ ၃၅၀၀၀ အထက်မှာရှိနေပါတယ်။ ယခုအချိန်မှာ ကုန်သည်တွေက ပို့ကုန်ဝယ်လိုအားအခြေအနေကို အကဲခတ် စောင့်ကြည့်နေပါတယ်။

ကုန်စည် စစ်တမ်းကောက်ယူရေးအဖွဲ့တွေက ရရှိတဲ့ စာရင်းအင်းကိန်းဂဏန်းတွေအရ ယခုလအတွင်း ပထမ ၁၀ ရက်မှာ မလေးရှားနိုင်ငံရဲ့ တင်ပို့မှုက ၄၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ ဒီလိုမြင့်တက်ရတာကလည်း အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီတင်ပို့ခွန်ကို နောက်ထပ်မတိုးခင် ဝယ်လက်တွေက အပြေးအလွှားဝယ်ယူ လာလို့ဖြစ်ကြောင်း ကုန်သည်တွေက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ရေနံလက်ကျန်က ဒုတိယရက်သတ္တပတ်အဖြစ် ဆက်တိုက်ကျဆင်းပြီး ဘရင့်ရေနံစိမ်းက ငါးလအတွင်း အမြင့်ဆုံးဖြစ်တဲ့ တစ်စည် ၆၇ ဒေါ်လာနှုန်းကို ရောက်ခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့ရေနံစိမ်း ဈေးကွက်ကြီး ပြန်လည်ချိန်ကိုက်မှုတွေဖြစ်လာပြီး ခေါင်းထောင်လာမယ်လို့ ခန့်မှန်းကြပါတယ်။

ပြိုင်ဘက်သီးနှံဖြစ်တဲ့ ပဲပုပ်ဆီက အမေရိကန်ပြည်ထောင်စုမှာ ဇူလိုင်စာချုပ်အတွက် ချုပ်ဆိုတဲ့နှုန်းက သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်မှာ စက်တင်ဘာအတွက် စာချုပ်ဈေးက သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၈-၅-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၄၅၀၀ | ၅၂၀၀ | △ | ၅၀၀၀ | ၄၆၀၀ | ▽ | ၁၃၃၀ | ၁၃၇၀ | △ |
| မန္တလေး | ၄၄၀၀ | ၄၀၀၀ | ▽ | ၃၈၀၀ | ၃၅၀၀ | ▽ | ၁၄၅၀ | ၁၄၉၀ | △ |
| ပဲခူး | ၂၈၀၀ | ၂၉၀၀ | △ | ၅၁၀၀ | ၅၁၀၀ | □ | ၁၄၀၀ | ၁၄၀၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၁၀၀ | ၄၁၀၀ | □ | ၁၄၅၀ | ၁၄၅၀ | □ |
| မုံရွာ | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၄၈၀ | ၁၅၀၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

## စားအုန်းဆီဈေးနှုန်းများ (၁၁-၅-၂၀၁၅ မှ ၁၅-၅-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၁-၅-၂၀၁၅ | ၆၆၅ |
| (၂) | ၁၂-၅-၂၀၁၅ | ၆၇၀ |
| (၃) | ၁၃-၅-၂၀၁၅ | ၆၈၅ |
| (၄) | ၁၄-၅-၂၀၁၅ | ၆၈၀ |
| (၅) | ၁၅-၅-၂၀၁၅ | ၆၉၀ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၅-၅-၂၀၁၅ US$/Ton

| အမျိုးအစား | မေလပထမပတ် | မေလဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၀၄.၀၀ | ၆၂၆.၀၀ | △ |
| RBD P.Olein | ၆၀၉.၀၀ | ၆၂၃.၅၀ | △ |
| RBD P.Strarin | ၅၈၇.၀၀ | ၅၉၂.၅၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၅ - ၅ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၄၆.၉၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၁၂ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၂၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၈၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၁.၉၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၈.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၄၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၈၄.၄၀ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၅-၅-၂၀၁၅နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ဒေါ်လာ၊ FOB ၆၆၅ဒေါ်လာနှင့် Earning ဈေး ၁၁၀၆ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၅-၅-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၀၄ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထားဝယ်စီးပွားရေးအထူးစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်ကို ဇူလိုင်လတွင် လက်မှတ်ရေးထိုးမည်

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရှိ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းဖွံ့ ဖြိုးရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဇူလိုင်လ၌ သဘောတူစာချုပ် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အဆိုပါစာချုပ်ကို မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် Italian-Thai Development Co.တို့ပါဝင်လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း၊ မေ ၁၁ ရက်နေ့ထုတ် ဗန်ကောက်ပို့စ်သတင်းစာ၌ ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံရာတွင် ဂျပန်နိုင်ငံအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင်ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်ဖြစ်သူ မစ္စတာအိဇုမိက အတည်ပြုပြောကြားခဲ့သည်ဟု ထိုင်းနိုင်ငံအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Youngyuth ကပြောကြားခဲ့ပါသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC) တို့ မှတစ်ဆင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၌ ပါဝင်ရင်းနှီးမြှုပ်နှံရန် အဆင်သင့်ရှိကြောင်း သိရှိရပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှ၌ (အလားတူ အထူးစီးပွားရေးဇုန်များအနက်) အကြီးဆုံး အထူးစီးပွားရေးဇုန်ဖြစ်ကြောင်း၊ ကုန်စည်တန်ချိန် သန်း ၂၅၀ တင်ချ (ကုန်တင်ကုန်ချ) ပြုနိုင်သော ရေနက်ဆိပ်ကမ်းနှင့်စက်ရုံများ၊ ဓာတ်အားပေးစက်ရုံ၊ ဂေါက်ကွင်းများ၊ ကြယ်ငါးပွင့်အဆင့်ဟိုတယ်များ စသည်တို့ပါဝင်မည့် စတုရန်းကီလိုမီတာ ၂၀၀ ကျော်ကျယ်ဝန်းသည့် စီးပွားရေးဇုန်တို့ကို တည်ဆောက်မည်ဖြစ်ကြောင်းလည်း အဆိုပါသတင်းစာ၌ ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံအစိုးရနှင့် Italian-Thai Development Co. တို့ သဘောတူစာချုပ် (Primary Dawei development agreement) ချုပ်ဆိုခြင်းသည် (ဇွန်လအစောပိုင်းအထိ) တတိယအကြိမ်အဖြစ် နှောင့်နှေးကြန့်ကြာနေပြီ ဖြစ်ကြောင်း ပြီးခဲ့သည့်ရက်သတ္တပတ်က ဂျာမန်သတင်းအေဂျင်စီတစ်ခုတွင် ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

နှစ်နိုင်ငံ အစိုးရများနှင့် Italian-Thai Development Co. တို့သည် ထားဝယ်ရေနက် ဆိပ်ကမ်းတည်ဆောက်မှု စတင်နိုင်မည့် သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ရွှေ့ဆိုင်းခဲ့ကြကြောင်း၊ သတင်းများအရ နေပြည်တော်ရှိ အုပ်ချုပ်ရေးကိစ္စများ နှေးကွေးနေမှုကြောင့်ဖြစ်ကြောင်း Italian-Thai Development Co. ကုမ္ပဏီ၏ ဈေးကွက်မြှင့်တင်ရေးမန်နေဂျာက ပြောကြားခဲ့ပါသည်။

ဗန်ကောက်မှ ချင်းမိုင်သို့ မြန်နှုန်း မြင့်ရထားလိုင်း တည်ဆောက်မည့် စီမံကိန်းကို အထူးအရေးပါသော လုပ်ငန်းအဖြစ် သဘောထားကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ထိုင်းနိုင်ငံရှိ ထိုင်းအစားအစာများ၊ သစ်သီးဝလံများကို လေ့လာရန် ဂျပန်လယ်ယာထုတ် ကုန်ရောင်းဝယ်သူများကို စေလွှတ် မည်ဟု မစ္စတာအိဇုမိက ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အား ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထားဝယ်ကားလမ်းစီမံကိန်း အတည်ပြုချက်ရရှိရန် ထိုင်းနိုင်ငံ စောင့်စား

ထားဝယ်နှင့် ထိုင်းနိုင်ငံရှိ ကန်ချနာဘူရီတို့ကို ဆက်သွယ်ပေးမည့်ကားလမ်းစီမံကိန်းအတွက်လာမည့်လတွင် (မြန်မာနိုင်ငံ) လွှတ်တော်၏အတည်ပြုချက်ရရှိမည်ဟု မျှော်လင့်ထားကြောင်း အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ(NEDA)မှပြော ကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ၁၃၈ ကီလိုမီတာရှည်ကားလမ်းတည်ဆောက်ရေးအတွက်ကူညီပေးရန်သဘောတူခဲ့ ပြီးဖြစ်ကြောင်း၊အဆိုပါစီမံကိန်းအတွက် လျာထားသောအသုံးစရိတ်ကိုငွေကြေး ဆိုင်ရာအတည်ပြုခွင့်ပြုသည့်နေ့ရက်မှ သုံးနှစ်ခွဲဝေထုတ်ပေးသွားရန်သတ်မှတ် ထားကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်မှ စီမံကိန်းကိုအတည်ပြုပေးပြီးပါကထိုင်း နိုင်ငံအစိုးရအဖွဲ့အနေဖြင့်တည်ဆောက်ရေးလုပ်ငန်းများမစတင်ခင် ငွေကြေးပံ့ပိုးမှုကို အတည်ပြုရန်လိုအပ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် စီမံကိန်းအတွက် ငွေထုတ်ချေးရန်ကနဦးတွင် သဘောတူခဲ့ကြောင်း၊ပထမဆယ်နှစ်၌ အတိုးပေးချေမှု ဆိုင်းငံ့ခွင့်ပေးခြင်းဖြင့် နှစ်သုံးဆယ် ချေးငွေထုတ်ချေးပေးရန်ဖြစ်ကြောင်း၊ အဆိုပါကားလမ်းဖောက်လုပ်ပြီးစီးပါက ကန်ချနာဘူရီနှင့်ထားဝယ် အကြားခရီးသွားချိန်သည်နှစ်နာရီ မိနစ် သုံးဆယ်ခန့်သာကြာမည်ဖြစ်ကြောင်းNEDA ဥက္ကဋ္ဌ Mr.Newin ကပြောကြားခဲ့ ပါသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် နွန်ထာဘူရီပြည်နယ်၊ ဘန်ယိုင်ခရိုင် (Bang Yai) နှင့်ကန်ချနာဘူရီပြည်နယ်၊ ဖူနာရွန်အကြား ၉၆ ကီလိုမီတာရှည်သည့်ကားလမ်းတည်ဆောက်ရန် အတည်ပြုပေးပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းကြောင်းသည် (ထားဝယ်-ဗန်ကောက်-ဖနွမ်းပင်- ဟိုချီမင်းမြို့များကိုဖြတ်၍) လေးနိုင်ငံကို ဆက်သွယ်ထားသောတောင်စီးပွားရေး စင်္ကြံ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်းသိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# စင်ကာပူအခြေစိုက် mDR Limited မှ မြန်မာနိုင်ငံတွင် ပုံနှိပ်လုပ်ငန်း တိုးချဲ့လုပ်ကိုင်မည်

စင်ကာပူနိုင်ငံအခြေစိုက် mDR Limited သည် မြန်မာနိုင်ငံ၌ အရွယ်အစားကြီးမားသော ဒီဂျစ်တယ်ပုံနှိပ် ထုတ်ကုန်လုပ်ငန်းတစ်ရပ်ကို မလေးရှားနိုင်ငံရှိ ၎င်းတို့၏လက်အောက်ခံကြော်ငြာ လုပ်ငန်းကုမ္ပဏီဖြစ်သည့် PixioSdn. Bhd. မှတစ်ဆင့် Pixio Myanmar ကုမ္ပဏီလီမိတက်ဟူသောအမည်ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၁၅ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

mDR လီမိတက်သည် စင်ကာပူနိုင်ငံ၌ M1၊ SingTel စသည့် တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီများ၏ တယ်လီဖုန်းနှင့်အင်တာနက်ဝန်ဆောင်မှုများကို လက်လီအရောင်းဆိုင်များ၊ ဖရန်ချိုက်လုပ်ငန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိသော စင်ကာပူစတော့ အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ယခုကဲ့သို့ မြန်မာနိုင်ငံ၌ လုပ်ငန်း ဆောင်ရွက်မှုမှာ မလေးရှားကုမ္ပဏီ Pixio အတွက် ပထမဆုံးအကြိမ်ဖြစ်သော်လည်း mDR အဖို့မှာမူဒုတိယမြောက်ခြေလှမ်းတစ်ရပ်ပင် ဖြစ်ပါသည်။ mDR လုပ်ငန်းစုအနေဖြင့် မြန်မာနိုင်ငံဈေးကွက်သို့ ၂၀၁၃ ခုနှစ် တွင် စတင်ဝင်ရောက်ခဲ့ပြီး Nokia ထုတ်ကုန်ပစ္စည်းများအား ရောင်းချခြင်းနှင့် ဈေးကွက်နောက်ပိုင်း ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို Golden Myanmar အုပ်စုနှင့်အစု အစပ်လုပ်ငန်း ဖွဲ့စည်းလုပ်ကိုင်လျက်ရှိပါသည်။ ထို့နောက်တွင် Ooredoo ကုမ္ပဏီ၏ကြိုတင်ငွေသွင်း မိုဘိုင်းလ် ဖုန်းကတ်များ ဖြန့်ဖြူးခြင်းကိုပါ တိုးချဲ့ လုပ်ကိုင်ခဲ့ပါသည်။

mDR ၏သတင်းထုတ်ပြန်ချက် အရ မြန်မာနိုင်ငံရှိ လက်အောက်ခံလုပ် ငန်းခွဲဖြစ်သော Pixio Myanmar ကို ပင်ရင်းစင်ကာပူကုမ္ပဏီမှ ၉၀ ရာခိုင်နှုန်း နှင့်မလေးရှားအခြေစိုက် Pixio ကုမ္ပဏီမှ ၁၀ ရာခိုင်နှုန်းစီ ရှယ်ယာပိုင်ဆိုင်မှု ခွဲဝေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရန်ကုန်မြို့၌ အခြေပြုလျက် ကွန်ပျူတာဂရပ်ဖစ် ဒီဇိုင်းလုပ်ငန်း၊ ဒီဂျစ်တယ်မင်ရည်အသုံးပြုပုံနှိပ်လုပ်ငန်း၊ လက်လီအရောင်းနှင့် နေအိမ်ပြင်ပ ကြော်ငြာခြင်းများအတွက် အရောင်းမြှင့်တင်ရေးဆိုင်းဘုတ်များနှင့် ကြော်ငြာဆိုင်ရာနည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။



မြန်မာနိုင်ငံရှိ ကြော်ငြာပုံနှိပ်လုပ်ငန်းများနှင့်ပတ်သက်၍ Pixio Myanmar ၏ ဦးဆောင်ညွှန်ကြားရေး မှူးဖြစ်သူ Mr. Rbert Wong က စာတတ်မြောက်မှု၊ လူမျိုးပေါင်းစုံကွဲပြားမှုနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအားနည်းခြင်းတို့အရ မြန်မာနိုင်ငံ၌ တီဗီ၊ ရေဒီယို၊ သတင်းစာစသည့် မီဒီယာများမှတစ်ဆင့် ကြော်ငြာသည့်လုပ်ငန်းများမှာ စားသုံးသူများအားလုံးထံသို့ ကျယ်ပြန့်စွာရောက်ရှိခြင်းမရှိသေးကြောင်း၊ အခြားတစ်ဖက်တွင် မြင် ကွင်းကြီးမားကျယ်ပြန့်သည့် ဆိုင်းဘုတ်ကြီးများ၊ ပိုစတာများ၊ နဖူးစီးစာတန်းများဖြင့် ကြော်ငြာခြင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စားသုံးသူများထံ လျင်မြန်စွာရောက် ရှိနိုင်သည့် နည်းလမ်းများပင်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတကာမှ ကုမ္ပဏီအမှတ်တံဆိပ်ထင်ရှားသည့် လုပ်ငန်းများစွာသည် မြန်မာဈေးကွက်သို့ ဝင်ရောက်လျက်ရှိရာ အရည်အသွေးမြင့်မားပြီး အရွယ်အစားကြီးမားသည့် ကြော်ငြာဆိုင်းဘုတ်များ မှာယူလိုမှုမှာ မြင့်တက်လျက်ရှိကြောင်း၊ သို့ရာတွင် လက်ရှိကာလ၌ ထိုကဲ့သို့သော ပုံနှိပ်ထုတ်ကုန်များကို မြန်မာနိုင်ငံအတွင်း ပြုလုပ်နိုင်ခြင်းမရှိသေးဘဲ ပြည်ပသို့ အော်ဒါမှာယူတင်သွင်းရလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် အဆိပ်အတောက် ကင်းစင်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုမရှိသော မင်ရည်နှင့်ချည်ထည်ကုန်ကြမ်းများ အသုံးပြုလျက် ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းလုပ်ကိုင်သွားမည် ဖြစ်ကြောင်းစသည်ဖြင့် Business Times သတင်းဌာနသို့ပြောကြားပါ သည်။ Mr. Wong အနေဖြင့် မြန်မာနိုင်ငံ၌ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက် ချက်များနှင့် အတူစီးပွားရေးအခွင့်အလမ်းများ ပွင့်လင်းလာခြင်း ကြောင့် ၂၀၂၀ ပြည့်နှစ်ခန့်တွင် ငွေကြေးသုံးစွဲနိုင်သူ လူလတ်တန်းစား ပမာဏသည်လည်း လူဦးရေ ၁၀ သန်း အထိနှစ်ဆမျှတိုးတက်များပြားလာရန် ခန့်မှန်းလျက်ရှိပါသည်။

စင်ကာပူရှိ mDR လီမိတက်၏ ဥက္ကဋ္ဌ Mr. Philip Eng က မြန်မာနိုင်ငံ သို့ဝင်ရောက်လုပ်ကိုင်သည့် နှစ်အနည်းငယ်အတွင်း ပြည်တွင်းဈေးကွက်နှင့် ပတ်သက်၍ အသိပညာ အတွေ့အကြုံ များအတန်အသင့်ရရှိခဲ့ပြီး ယခုကဲ့သို့ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ကြောင်းပြောဆိုပါသည်။ ဤသို့လုပ် ငန်းတိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာခဲ့အပြီး ၂၀၁၅ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် mDR ၏၉၈ သန်းမျှသော အစုရှယ်ယာများ၏ ဈေးနှုန်းမှာ စင်ကာပူဒေါ်လာ သုည ဒသမ ၁ မှ သုည ဒသမ ၇ သို့မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူနိုင်ငံ၌ အများပြည်သူသုံး မော်တော်ယာဉ်ပြေးဆွဲမှုစနစ်သစ်အတွက် ပထမယာဉ်လမ်းကြောင်း အုပ်စုတင်ဒါအောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းထုတ်ပြန်

စင်ကာပူနိုင်ငံအတွင်း အများပြည်သူသုံး မော်တော်ယာဉ်ပြေးဆွဲမှုစနစ်ကို ၂၀၁၆ ခုနှစ်မှ စတင်၍ ပုံစံအသစ်ဖြင့် ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ရာ ပထမလမ်းကြောင်းအုပ်စု၏ အော်ပရေတာအဖြစ် ဗြိတိန်နိုင်ငံအခြေစိုက် Tower Transit လီမိတက်မှ တင်ဒါအောင်မြင်ကြောင်း စင်ကာပူကုန်းလမ်းပို့ဆောင် ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (LTA) ကမေ ၈ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ ဘတ်စ်ကားလမ်းကြောင်း ၂၆ ခုပါဝင်သည့် Bulim Bus Package အမည်ရသော အဆိုပါလမ်းကြောင်းအုပ်စု၌ လုပ်ကိုင်ဆောင်ရွက်လိုသည့် ကုမ္ပဏီများအား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၄ရက်နေ့တွင်တင်ဒါ ခေါ်ယူခဲ့ရာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တင်ဒါပိတ်ချိန်၌ ပြည်တွင်း ကုမ္ပဏီလေးခု၊ ပြည်ပကုမ္ပဏီခြောက်ခုနှင့်ဖက်စပ်ကုမ္ပဏီတစ်ခုတို့မှဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပါသည်။ ၎င်းတို့အနက် ဆန်ကာတင်ကုမ္ပဏီရှစ်ခု၏ အမည်စာရင်းကို မတ်လ ၁၈ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် ငါးနှစ်တာလုပ်ငန်းစာချုပ်အတွက် အော်ပရေတာအဖြစ်လုပ်ဆောင်ခ ခန့်မှန်းတန်ဖိုးငွေစုစုပေါင်း စင်ကာပူဒေါ်လာ ၅၅၆ သန်းဖြင့် Tower Transit အုပ်စုကရွေးချယ်ခံခဲ့ရခြင်းဖြစ်ပါသည်။

အများပြည်သူသုံးမော်တော် ယာဉ်ပြေးဆွဲခြင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြုသည့်စနစ် (Privatized Model) မှအစိုးရနှင့် စာချုပ်ချုပ်ဆို လုပ်ကိုင်သည့်စနစ် (Government Contract Model -GCM) သို့ပြောင်းလဲမည်ဖြစ်ကြောင်း စင်ကာပူအစိုးရက ၂၀၁၄ ခုနှစ် မေလအတွင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး လိုအပ်သောပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ပါသည်။

ယခုတင်ဒါဖွင့်လှစ်ခဲ့သည့် ပထမလမ်းကြောင်းအုပ်စု၌ မြို့နယ်အတွင်း ခရီးတိုလမ်းကြောင်း ကိုးခုအပါအဝင် ဘတ်စ်ကားလိုင်း ၂၆ လိုင်းအား စင်ကာပူနိုင်ငံအနောက်ဘက်ခြမ်းရှိ Jurong East, Bukit Batok နှင့် Clementi ဒေသများရှိဘတ်စ်ကား ဆိုက်ရောက်ဂိတ်များကို အခြေပြု လျက် မြို့လယ်ဒေသများသို့ပြေးဆွဲမည်ဖြစ်ပါသည်။ လက်ရှိကာလတွင် အဆိုပါလမ်းကြောင်းများ၌ SMRT နှင့် SBS Transit တို့မှ ဘတ်စ်ကားအစီးရေ ၂၉၀ ခန့်ဖြင့် ပြေးဆွဲလျက်ရှိပြီး Tower Transit ကုမ္ပဏီမှ လုပ်ကိုင်ဆောင်ရွက်ချိန်တွင် ယာဉ်အရေအတွက် ၃၈၀ စီးအထိများပြားလာဖွယ်ရှိပါသည်။ LTA အနေဖြင့် ခရီးစဉ်များကိုထိခိုက်ခြင်းမရှိစေရန်အတွက် မူလဘတ်စ်ကားအော်ပရေတာများမှ Tower Transit ကုမ္ပဏီထံသို့ လုပ် ငန်းများလွှဲပြောင်းခြင်းကို ၂၀၁၆ ခုနှစ်ဒုတိယသုံး လပတ်မှစ၍ သုံးသုတ်ခွဲလျက် ဆောင်ရွက်စေမည် ဖြစ်သည်။ သို့ရာတွင် ယာဉ်မောင်းနှင့် စက်မှု ကျွမ်းကျင်သူဝန်ထမ်းအသစ်များစုဆောင်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းများအပါအဝင် လိုအပ် သောပြင်ဆင်မှုများ ကြိုတင်လုပ်ဆောင်နိုင်ရန်အတွက် Jurong West ဒေသ၌ အသစ်တည်ဆောက်ထားသော Bulim မော်တော်ယာဉ်ရပ်နားဝင်းကိုမူယခုနှစ် ဒုတိယနှစ်ဝက်မှ စတင် လွှဲပြောင်းပေးမည်ဖြစ်သည်။

Tower Transit ကုမ္ပဏီအနေဖြင့် ဤသို့လုပ်ငန်းဆောင်ရွက်မှုအတွက် တင်ဒါတင်သွင်းရာ၌ ဖော်ပြခဲ့သည့် တစ်နှစ်တာ ဝန်ဆောင်ထိန်းသိမ်းခ စင်ကာပူဒေါ်လာ ၁၂၅ ဒသမ ၆ သန်းအားလ စဉ်ပေးချေမှုစနစ်ဖြင့်ရ ရှိမည့်အပြင် လေ့ကျင့်သင်တန်းပေးခြင်းများအတွက် အစိုးရမှထောက်ပံ့သည့် အစီအစဉ်များနှင့်ကြော်ငြာလုပ်ငန်းဆောင်ရွက်ခြင်းကဲ့သို့ အခြားခံစားခွင့်များကို လည်းရရှိနိုင်မည်ဖြစ်သည်။ တင်ဒါ ဈေးနှုန်းတင်သွင်းသည့်တန်ဖိုးတွင် ငွေကြေးဖောင်းပွမှု၊ လုပ်အားခဈေးနှုန်းများတက်ကျပြောင်းလဲမှု၊ စက်မောင်းဆီဈေးနှုန်း များပြောင်းလဲမှုစသည့် ပြင်ပမှသက်ရောက်နိုင်သောအချက်များကို ထည့်သွင်းစဉ်းစားထားခြင်းမရှိသည့်အတွက် ဝန်ဆောင်ခပေးချေမှုကို အခြေအနေ အချိန်အခါကိုလိုက်၍ စင်ကာပူအစိုးရမှ ချိန်ညှိဆောင်ရွက်ပေးမည်ဖြစ်သည်။ Tower Transit လီမိတက်သည် အစိုးရနှင့်ငါးနှစ်စာချုပ်ချုပ်ဆိုရာတွင် အောက်ပါတာဝန်နှင့်စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး လုပ်ငန်းကာလအတွင်း ဝန်ဆောင်မှုများ ကောင်းမွန်ပါက နှစ်နှစ်ထပ်မံသက်တမ်းတိုးခွင့် ရရှိမည်ဖြစ်ပါသည်။

(က) LTA မှ ထောက်ပံ့ပေးအပ်ထားသည့် မော်တော်ယာဉ်များနှင့် ယာဉ်၌တပ်ဆင်ထားသည့် ကိရိယာများအား ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကိုင်တွယ်မောင်းနှင်ခြင်း၊

(ခ) Bulim မော်တော်ယာဉ်ရပ် နားဝင်း၊ Jurong East နှင့် Bukit Batok ဘတ်စ်ကားဆိုက်ရောက်ဂိတ်များရှိစက်ပစ္စည်းကိရိယာများနှင့်ဖွဲ့ စည်းမှုစနစ်များအပါ အဝင် အခြေခံအဆောက်အအုံများအား ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကိုင်တွယ်မောင်းနှင်ခြင်း၊

(ဂ) လုပ်ကိုင်ရမည့် ဘတ်စ်ကားလမ်းကြောင်းအုပ်စုအတွက်ပြည်သူ့သယ်ယူပို့ဆောင်ရေး ကောင်စီမှအတည် ပြုထားပြီးဖြစ်သော ယာဉ်စီးခများကို အစိုးရကိုယ်စားကောက်ခံပေးခြင်း၊

(ဃ) ဘတ်စ်ကားလမ်းကြောင်းအလိုက် ခရီးစဉ်အချက်အလက်များကို မောင်းနှင်သည့်လမ်းကြောင်းတစ်လျှောက်ရှိ အတက်အဆင်းမှတ်တိုင် များအားလုံးနှင့်ဘတ်စ်ကားဆိုက်ရောက် ဂိတ်များတွင်ဖော်ပြခြင်း၊

(င) ရှာဖွေတွေ့ရှိသည့် ပျောက်ဆုံးပစ္စည်းများအားလက်ခံ/ထုတ်ပေးခြင်း၊ ခရီးသည်များလွယ်လင့်တကူစုံစမ်းမေး မြန်းမှုနှင့်အကြံပြုချက်ပေးနိုင်သည့် အရေးပေါ် ဖုန်းလိုင်းများထားရှိခြင်း စသည်ဖြင့် ခရီးသွားလာရေးစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများကို ထောက်ပံ့ပေးအပ်ခြင်း၊

အစိုးရ၏ GCM ပုံစံအသစ်အရ ခရီးလမ်းကြောင်းအသစ်များတိုးချဲ့ပြေးဆွဲနိုင်မည်ဖြစ်သကဲ့သို့ လမ်းကြောင်းတစ်ခုစီရှိ ဘတ်စ်ကားအရေအတွက်မှာလည်း များပြားလာမည်ဖြစ်ပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် တစ် ဦးနှင့်တစ်ဦးယှဉ်ပြိုင်လုပ်ကိုင်ရမည်ဖြစ်၍ ဝန်ဆောင်မှုတိုးတက်ကောင်းမွန်လာစေပြီး အများပြည်သူသုံးဘတ်စ်ကားအသုံးပြုသူ ပိုမိုများပြားလာခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုကိုလည်း ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ အခြားတစ်ဖက်၌ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရာတွင် မော်တော်ယာဉ်အစီးရေအနည်းဆုံး ၂၅၀ ရှိသော ဘတ်စ်ကားပြေးဆွဲမှုလုပ်ငန်းကို အတွေ့အကြုံရှိရမည်ဟူသော သတ်မှတ်ချက်ကဲ့သို့တင်ဒါစည်းကမ်းများတင်းကျပ်မှုအပေါ် ဒေသခံကုမ္ပဏီများက ဝေဖန်ပြောဆိုလျက်ရှိကြပါသည်။ သယ်ယူပို့ဆောင်ရေးဆိုင်ရာလေ့လာသူ အချို့က မူတင်ဒါအောင်မြင်သူလုပ်ငန်း ရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သား စုဆောင်းရာ၌ အခက်အခဲများနှင့်ကြုံ တွေ့ရဖွယ်ရှိကြောင်း၊ လက်ရှိအခြေအနေအရ အများပြည်သူသုံးဘတ်စ် ကားမောင်းနှင်မှုလိုင်စင်ကိုင်ဆောင်သော စင်ကာပူနိုင်ငံသားဝန်ထမ်းရရှိနိုင်ရေးမှာ အဓိကအကြောင်းတစ်ရပ်ဖြစ်ကြောင်း စသည်ဖြင့် ထောက်ပြပြောဆိုကြပါသည်။ Tower Transit ကုမ္ပဏီအနေ ဖြင့် Bulim Bus Package လမ်းကြောင်းအုပ်စုကို လုပ်ကိုင်ရန်အတွက် လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော SBS Transit နှင့် SMRT ကုမ္ပဏီတို့ ထက် ၄၀၀ ဦးခန့်ပိုမိုလျက် ယာဉ်မောင်း ဦးရေ ၇၀၀ ခန့်အထိ ရှာဖွေစုဆောင်း ရဖွယ်ရှိပါသည်။

ယခုအခါတွင် စင်ကာပူကုန်းလမ်း ပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (LTA) သည် ဘတ်စ်ကားလမ်းကြောင်း ၂၅ ခုပါဝင်သည့် Loyang bus လမ်းကြောင်း အုပ်စုအတွက် ဒုတိယမြောက် တင်ဒါခေါ်ယူမှုလုပ်ငန်းကိုဆောင်ရွက်လျက်ရှိပါသည်။ ဤအကြိမ်၌ပထမ တင်ဒါ၏ ဆန်ကာတင်စာရင်းတွင်ပါဝင်ပြီး တင်ဒါအောင်မြင်ခြင်းမရှိခဲ့သော ကုမ္ပဏီ ခုနစ်ခုအနက် SBS Transit နှင့် SMRT တို့မှအပကျန်လုပ်ငန်းငါးခုမှ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# ဆန်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ထိုင်းနိုင်ငံပြန်လည်ဖြစ်လာဖို့ မလွယ်ကူသေး



ကမ္ဘာ့စီးပွားရေးနာလန်ထူလာမှု သည်မျှော်မှန်းထားသည်ထက် ပိုမိုနှေးကွေးနေသောကြောင့် ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာ့ဆန်အများဆုံး တင်ပို့သည့်နိုင်ငံဟူသော သရဖူကို ပြန်လည်ရရှိနိုင်ဖွယ်မရှိကြောင်း သိရှိရပါသည်။

ယခုနှစ်တွင်ထိုင်းနိုင်ငံအနေဖြင့် ဆန်တန်ချိန်၈ ဒသမ ၅ သန်းသာတင် ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ယခုနှစ် ပထမလေးလအတွင်းဆန်တန်ချိန်၂ ဒသမ ၄ သန်းတင်ပို့ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်အလားတူကာလထက် ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ စီးပွားရေး ကျဆင်းနေခြင်းနှင့် ထိုင်းဆန်၏ယှဉ်ပြိုင်မှုစွမ်းအားနိမ့်နေခြင်းတို့ကြောင့် ယေဘုယျအားဖြင့် ဆန်တင်ပို့မှုသည် အားပျော့နေမည်ဖြစ်ကြောင်း ထိုင်းဆန်ပြည်ပတင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr.Chookiat ကပြောကြားခဲ့ပါသည်။

လောလောဆယ်တွင် ထိုင်းဆန် တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၃၉၀-၃၉၅ ဖြစ်ကြောင်း၊ အိန္ဒိယဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀-၃၆၅၊ ဗီယက်နမ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ၃၅၅-၃၆၀ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်၌ အိန္ဒိယနိုင်ငံသည် ဆန်တန်ချိန် ၁၁ ဒသမ ၃ သန်းတင်ပို့၍ ဆန်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။ ဝယ်လိုအားနည်းပါးပြီး၊ ယှဉ်ပြိုင်မှုမြင့်မားလျက်ရှိသောကြောင့် ထိုင်းနိုင်ငံအနေဖြင့် ယခုအချိန်မှစ၍ ဆန်တင်ပို့မှု တွင်အခက်အခဲများ တွေ့ကြုံရနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံသည်ယခုနှစ်တွင်လည်းဆန် အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်နိုင်မည်ဟု ခန့်မှန်းထားကြကြောင်း၊ ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတွင်အခက်အခဲကြုံနေရကြောင်း Mr. Chookiat ကပြောကြားခဲ့ပါသည်။

တရုတ်အာဏာပိုင်များသည် တရုတ်ပြည်တွင်းဈေးကွက်တွင် ရောင်းချမှုအတွက် ကုန်သည်များအားအစိုးရဆန်များကို ပိုမိုထုတ်ရောင်းပေးခဲ့ကြောင်း၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ဗီယက်နမ်နိုင်ငံမှ တရားမဝင် ဆန်တင်သွင်းမှုအပေါ် ပိုမိုတင်းကျပ်စွာ ထိန်းချုပ်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ တင်းကျပ်စွာထိန်းချုပ်မှုကြောင့် ယခုနှစ်ပထမလေးလအတွင်း ဗီယက်နမ်နိုင်ငံ၏ဆန်တင်ပို့မှုသည်ပြီးခဲ့သည့်နှစ် အလားတူကာလထက်၃၈ ရာခိုင်နှုန်းလျော့နည်း၍တန်ချိန် ၁ ဒသမ ၄ သန်းသာရှိခဲ့ကြောင်းသိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အောင်မြင်ကျော်ကြားလာမည့် စစ်ကိုင်းဂစ်တာလုပ်ငန်း

|ကေသီအောင်(စစ်ကိုင်း)|



ကမ္ဘာပေါ်တွင် ဂစ်တာသည် လူကြီး၊လူငယ်မရွေး ကြိုက်နှစ်သက်သော တူရိယာတစ်မျိုး ဖြစ်ပါသည်။အထူးသဖြင့် လူငယ်များအကြား ခေတ်စားလာသည့်အပြင် ဘယ်သောအခါမှ မျိုးတုံးပျောက်ကွယ်သွားနိုင်မည်မဟုတ်ပါ။ ရှေးယခင်က နိုင်ငံခြားမှတင်သွင်းလာခဲ့ပြီး ယခုနောက်ပိုင်းတွင် မြန်မာနိုင်ငံအနှံ့အပြားတီထွင် ထုတ်လုပ်လျက်ရှိပါသည်။မြန်မာနိုင်ငံတွင် ဂစ်တာထုတ်လုပ်သည့် မြို့အများအပြားရှိသည့်အနက် စစ်ကိုင်းမြို့သည်လည်း ဂစ်တာထုတ်လုပ်ရာတွင် နာမည်ကျော်ကြားသည့် မြို့တစ်မြို့ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိ စက်မှုလက်မှုလုပ်ငန်းများအနက် လက်မှုလုပ်ငန်းဖြစ်သည့် ဂစ်တာလုပ်ငန်းသည် လူအများစိတ်ဝင်စားပြီး စီးပွားရေးအရအောင်မြင်မှုရရှိနေသော လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ စစ်ကိုင်းမြို့တွင် ဂစ်တာလုပ်ငန်းကို ဦးကျော်သိန်းက ၁၉၈၀ ခုနှစ်မှစ၍ မျိုးစေ့ချလုပ်ကိုင်ခဲ့ရာ ယခုအခါ ဂစ်တာလုပ်ငန်း လုပ်ငန်းရှင် ၂၅ ဦးနှင့် ပညာရှင်လုပ်သားပေါင်း ၂၄၀ ဦးခန့်ရှိပြီး စစ်ကိုင်းဂစ်တာဟု မြန်မာပြည်တစ်လွှားတွင် နာမည်ကျော်ကြားလျက်ရှိကြောင်း သိရှိရပါသည်။

စစ်ကိုင်းမြို့နယ်အတွင်းရှိ ဂစ်တာလုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းရှင်များသည် ဂစ်တာလုပ်ငန်းရှင်များအသင်းဖွဲ့စည်းခြင်းကို ၂၀၁၃ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် စစ်ကိုင်းမြို့၌ စတင်ဖွဲ့စည်းခဲ့ပါသည်။ စစ်ကိုင်းမြို့နယ် ဂစ်တာလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင်ကိုးဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဂစ်တာလုပ်ငန်းရှင်များ အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များအနေဖြင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ဂစ်တာလုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းရှင်များသည် မိမိတို့၏ မိသားစုဖွံ့ဖြိုးတိုးတက်ရေး၊ အသင်းသားများ၏အကျိုးစီးပွားမြှင့်တင်နိုင်ရေး၊ အသင်း၏စည်းလုံးညီညွတ်ရေးနှင့် လုပ်ငန်းရှင်သန်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပါက ပြည်တွင်းသုံးစွဲမှု သာမက ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် စစ်ကိုင်းဂစ်တာလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ဂစ်တာထုတ်လုပ်ရာတွင် ကုန်ကြမ်းများကို ရန်ကုန်-မန္တလေးနှင့် တရုတ်နိုင်ငံတို့မှ ဝယ်ယူအသုံးပြုရပါသည်။ နိုင်ငံခြားမှ ဂစ်တာလုပ်ငန်းရှင်များအနေဖြင့် ဂစ်တာများပြုလုပ်ရာတွင် ‘မို’ ပုံတွင် သုံးထပ်သားကို တစ်ခါတည်းထည့်သွင်း ပြုလုပ်ခြင်းဖြစ်ပါသည်။ ‘မို’ ဆိုသည်မှာ ဂစ်တာပုံသဏ္ဌာန် ဖြစ်လာအောင် ပုံထည့်သွင်းယူရသော ပုံစံခွက်ကို ဆိုလိုခြင်းဖြစ်ပါသည်။ စစ်ကိုင်းဂစ်တာလုပ်ငန်းရှင်များအသင်းမှ ထို ‘မို’ ပုံစံထုတ်လုပ်နိုင်ခြင်း မရှိသေးပါ။ ထို့နောက် သစ်သားများ အသားသေစေရန် ကျို့ခြင်း၊ ကွခြင်းမရှိစေရန် သစ်သားပေါင်းစက်များ မရှိသဖြင့် လက်ရှိတွင် သင့်လျော်သော သစ်သားခြောက်များဖြင့် ပြုလုပ်နေရပါသည်။ စစ်ကိုင်းဂစ်တာအသင်းအနေဖြင့် နိုင်ငံခြားမှ နည်းပညာများ ရယူလိုကြောင်း၊ ဂစ်တာပြုလုပ်ရာတွင် ‘မို’ အတွင်း သုံးထပ်သားပြုလုပ်နည်း၊ သစ်သားပေါင်းနည်း၊ စက်၊ ကီး၊ ဂစ်တာကြိုး၊ ဘား၊ စသည့်ပစ္စည်းများ ထုတ်လုပ်သည့် နည်းပညာများ ရရှိမည်ဆိုပါက စစ်ကိုင်းမြို့နယ်မှ ထုတ်လုပ်သော ဂစ်တာအမျိုးအစားများသည် နိုင်ငံခြားမှ ထုတ်လုပ်သော ဂစ်တာအမျိုးအစားထက် အရည်အသွေးကောင်းမွန်သော ဂစ်တာများကို ထုတ်လုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဂစ်တာ လုပ်ငန်းရှင်များအသင်းမှ လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့ပါသည်။

> “ မြန်မာနိုင်ငံမှ ထုတ်လုပ်သော ဂစ်တာအကြမ်းထည်များကို ထိုင်းနိုင်ငံမှ ဝယ်ယူပြီး အိုးပုံစံပြုပြင်ခြင်း

ဈေးကွက်အနေဖြင့် စစ်ကိုင်းမြို့မှ ထုတ်လုပ်သည့် ဂစ်တာများကို အမျိုးအစားပေါ် မူတည်ပြီး လက်လီဈေး၊ လက်ကားဈေးများဖြင့် ရောင်းချလျက်ရှိပါသည်။ ဂစ်တာတစ်လုံး၏ တန်ဖိုးမှာ အနိမ့်ဆုံးဈေး ၁၃၀၀၀ကျပ်မှ ၁၅၀၀၀၀ကျပ်ထိ ရှိပြီး မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ရောင်းချနိုင်ရုံသာမက ပြည်ပနိုင်ငံ များဖြစ်သော အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

မြန်မာနိုင်ငံမှထုတ်လုပ်သော ဂစ်တာအကြမ်းထည်များကို ထိုင်းနိုင်ငံမှ ဝယ်ယူပြီး အိုးပုံစံပြုပြင်ခြင်း၊ ဂစ်တာကိုယ်ထည် ပြုပြင်ခြင်း၊ ဆေးပြန်မှုတ်ခြင်း၊ sound system များတပ်ဆင်ကာ မြန်မာနိုင်ငံသို့ပြန်လည် တင်သွင်းခဲ့သည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံမှ ဂစ်တာအကြမ်းထည်တစ်လုံးကို ၂၀၀၀၀ကျပ်၊ ၃၀၀၀၀ ကျပ်ဖြင့် ထိုင်းမှ ဝယ်ယူပြီး မြန်မာနိုင်ငံသို့ အနိမ့်ဈေး ၇၀၀၀၀ကျပ်မှ ၁၅၀၀၀၀အထိ ပြန်လည် တင်သွင်း ရောင်းချလျက်ရှိပါသည်။ မိမိတို့အနေဖြင့် နိုင်ငံရပ်ခြားမှ စက်ပစ္စည်းများ၊ နည်းပညာများရရှိပါက နိုင်ငံခြားနည်းတူ အဆင့်မီထုတ်လုပ်နိုင်ပြီး နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိကာ လက်မှုထုတ်ကုန်များလည်း တိုးတက်လာမည်ဟု ထင်မြင်မိပါသည်။

ထို့ကြောင့် ကျေးရွာတစ်ရွာ၊ ထုတ်ကုန်တစ်မျိုးဖြစ်သည့် စစ်ကိုင်းမြို့မှထွက်ရှိသော ဂစ်တာသည် အရည်အသွေး ကောင်းမွန်ခြင်း၊ လက်မှုပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရှင်သန်စေခြင်း၊ ပြည်တွင်းသာမက ပြည်ပဈေးကွက်ခိုင်မာစွာ ရရှိနေခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားဖြစ်ထွန်းလာစေသကဲ့သို့ မြို့၏စီးပွားရေး၊ နိုင်ငံ၏ အကျိုးစီးပွားများ ဖြစ်ထွန်းလာ နိုင်ရုံသာမက မြန်မာ့ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေနိုင်မည်မှာ မလွဲ ဧကန်ဖြစ်ပါသည်။

## မြန်မာ-ကိုရီးယား ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် Korea Week 2015 ကျင်းပမည်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှု နှစ် ၄၀ ပြည့် မြောက်သည့် အထိမ်းအမှတ်အဖြစ် Korea Week 2015 ပြပွဲကိုကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ကိုရီးယားနှစ်နိုင်ငံတို့သည် စတင်လက်တွဲစဉ်က ရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၀သန်းမျှနှင့်စတင်ခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ခိုင်မာလာခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၁၄ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၈၀ အထိသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ယခုအခါတွင် ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံ၏သတ္တမမြောက်အကြီးမားဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံသည့်နိုင်ငံတစ် နိုင်ငံဖြစ်လာခဲ့ပြီး ကိုရီးယားစီးပွားရေးလုပ်ငန်းများသည်လည်း မြန်မာနိုင်ငံ၏ ဈေးကွက်အတွင်း ဆောလျင်စွာရောက် ရှိလာခဲ့ကာ နှစ်နိုင်ငံစီးပွားရေးအကျိုး ဖြစ်ထွန်းမှုများကို အထူးဂရုပြုလာကြပြီဖြစ်သည်။

ကိုရီးယားမြန်မာနှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးမှုနှစ် ၄၀ ပြည့်အခမ်းအနားကို ကိုရီးယားရက်သတ္တပတ် (Korea Week 2015) အဖြစ် ရန်ကုန်မြို့တွင် မေလ ၂၁ ရက်နေ့မှ ၂၆ရက်နေ့အထိ ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ကိုရီးယားထုတ် ကုန်ပြပွဲ၊ ကိုရီးယား-မြန်မာရိုးရာဖက်ရှင်ပြပွဲ၊ ကိုရီးယားရိုးရာကြွေထည်ပြပွဲ၊ ကိုရီး ယား-မြန်မာနှီးနှောဖလှယ်ပွဲနှင့် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုပဒေသာကပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်

➲စာမျက်နှာ ၁၅ သို့

# ပို့ကုန်သွင်းကုန်လိုင်စင်များကို အွန်လိုင်းစနစ်ဖြင့် မိမိကုမ္ပဏီရုံးခန်းမှ လျှောက်ထားထုတ်ယူနိုင်တော့မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၄ ခုနှစ်မှစတင်ပြီး ပို့ကုန်သွင်းကုန်လိုင်စင်စနစ် (Import Export Licence & Permit System) ကိုအွန်လိုင်းမှလျှောက်ထားနိုင်ရန်ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီစနစ် အနေနဲ့လုပ်ငန်းရှင်များက Myanmar Tradenet Website(www.myanmartradenet.com .mm) ကိုအသုံးပြုပြီး အွန်လိုင်းမှတစ်ဆင့်ပို့ကုန်သွင်းကုန်လိုင်စင် ကိုလျှောက်ထားနိုင်ပြီးလျှောက်ထားလာတဲ့ လိုင်စင်များကိုလည်း ဌာနမှဝန်ထမ်းများအနေဖြင့် အချက်အလက်များမှန်ကန် ပြည့်စုံမှုရှိ/မရှိငွေကြေးပေးသွင်းရမှုစတဲ့ စနစ်တစ်ခုလုံးကို Application တစ်ခု ရေးဆွဲပြီး Computerized စနစ်ဖြင့် လက်ခံစစ်ဆေးပြီးလျှောက်ထားလာသူ လုပ်ငန်းရှင်ထံသို့လိုင်စင်စာရွက် (Document) ကိုပြန်လည်ထုတ်ပေးတဲ့ စနစ်ဖြစ်ပါတယ်။ ယခင်က လိုင်စင်လျှောက်ထားတဲ့နေရာမှာ ပူးတွဲတင်ပြရတဲ့အချက်အလက် တွေမှန်ကန်မှုရှိ/မရှိကိုမှုရင်းအချက် အလက်များနဲ့ ပူးတွဲတင်ပြရတာဖြစ်တဲ့အတွက် လုပ်ငန်းရှင်(သို့မဟုတ်) ကိုယ်စားလှယ်အနေနဲ့ စီးပွားကူးသန်းရုံးကိုလာရောက်နေရတာ ဖြစ်ပါတယ်။

အခုအွန်လိုင်းအပြည့်အဝအသုံးပြုပို့ကုန်သွင်းကုန်လိုင်စင်စနစ်မှာဆိုရင်တော့ အင်တာနက်ရရှိတဲ့မည်သည့် နေရာက မဆိုလျှောက်ထားထုတ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်ဌာနကိုလူကိုယ်တိုင်လာရောက်ရန် မလိုဘဲမိမိတို့ကုမ္ပဏီရုံးခန်းကနေပြီး လိုင်စင်လျှောက်ထားထုတ်ယူမှုတွေကိုဆောင်ရွက် လာနိုင်တော့မှာဖြစ်ပါတယ်။ပူးတွဲတင်ပြရတဲ့အချက်အလက်တွေမှန်ကန်မှုရှိ/မရှိ စစ်ဆေးခြင်း၊ငွေပေးသွင်းမှုအတွက် မြန်မာနိုင်ငံ သားများဘဏ်နဲ့ချိတ်ဆက်ပြီး e-Paymentစနစ်မှ အလိုအလျောက်ဖြတ်တောက်ခြင်း အချက်အလက် လုံခြုံမှုအတွက် OTP Two Factor e-Tokenကိုအသုံးပြုဆောင်ရွက်သွားမှာဖြစ်ပြီးနောင်မှာဘဏ် အားလုံးကနေပေးချေနိုင်တဲ့ စနစ်မျိုးဖြစ်အောင်ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင်လုပ်ငန်းရှင်တွေလိုင်စင်လျှောက်ထားတဲ့ အဆင့်တိုင်းမှာweb pageပေါ်ကတစ်ဆင့် Licence Status အခြေအနေတွေ ဖော်ပြပေးသွားမှာဖြစ်ပြီး မိမိလျှောက်ထားတဲ့ လိုင်စင်ရဲ့ငွေပေးသွင်းရမှု၊လိုင်စင်တင်ပြရာမှာ လိုအပ်ချက်တွေ ရှိမယ်ဆိုရင် ချက်ချင်း message ပေးပို့ပြီး confirm ပြုလုပ် ပေးရတာဖြစ်တဲ့အတွက် အချက်အလက် မှန်ကန်စေမှုနဲ့ ငွေကြေးကိစ္စရပ်များကို လုံခြုံမှုရှိစေအောင်ပြင်ဆင်ထားရှိမှာဖြစ် ပါတယ်။လိုင်စင်ထုတ်ပေးမှုအနေနဲ့ လက်ရှိမှာတော့သတ်မှတ်ထားတဲ့ Form ပုံစံမှာလိုင်စင်အချက်အလက်ကို print ထုတ်ပြီး ဌာနတာဝန်ခံကလက်မှတ်ထိုးပြီးထုတ်ပေးတဲ့စနစ်ကနေ ကိုယ့်ရုံးခန်းကနေ လေယာဉ်လက်မှတ် ဝယ်ယူသလိုမျိုး အချိန်မရွေးထုတ်ယူနိုင်တဲ့ စနစ်မျိုးဖြစ်သွားမှာ ဖြစ်ပါတယ်။လိုင်စင်ရဲ့လုံခြုံမှုအနေနဲ့ Bar-code စနစ်ထည့်သွင်းပေးထားမှာ ဖြစ်ပါတယ်။ အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းတွေဆက်လက်လုပ်ကိုင်နိုင်ဖို့နဲ့ အချက်အလက်တွေကို ဆက်လက်စစ်ဆေး နိုင်ဖို့ဆက်စပ်ဌာနများနဲ့ပါ ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ ဒီစနစ်ကို ၂၀၁၅ ခုနှစ် အတွင်းစတင်အသုံးပြုနိုင်အောင် ပြင်ဆင် ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေနဲ့ Auto Licence နဲ့ထုတ်ပေးနေ တဲ့ကုန် ပစ္စည်းအုပ်စုတွေကိုစမ်းသပ်ထုတ်ပေးနိုင်အောင် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုလုပ်ငန်းများလျင်မြန်ချောမွေ့စေရေးအတွက်ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထား ရာတွင် ပို့ကုန်ပစ္စည်း ၁၅၂ မျိုး HS Code လိုင်းပေါင်း ၉၈၃ လိုင်း၊သွင်းကုန်ပစ္စည်း ၁၆၆မျိုး၊ HS Code လိုင်းပေါင်း ၂၀၇၉လိုင်းတို့ကိုလိုင်စင်လျှောက်ထားရန်မလိုအပ်ဘဲကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ပါတယ်။လိုင်စင်လျှောက်ထားရန်လိုအပ်တဲ့ကုန်ပစ္စည်းအမယ်တွေမှာလည်း ပို့ကုန်ပိုင်းမှာယခင်တင်ပြနေရတဲ့စာရွက် စာတမ်းအထောက်အထား ရှစ်မျိုးရှိသော်လည်း ယခုအခါ နှစ်မျိုးဖြင့် လည်းကောင်း၊ ယခင်သွင်းကုန်အပိုင်းတွင်လည်း စာရွက်စာတမ်းအထောက်အထား (၁၀) မျိုးရှိခဲ့သော်လည်းယခုအခါနှစ်မျိုး ကိုပဲတင်ပြရပြီး၊ လုပ်ငန်းအဆင့်အနေဖြင့် ပို့ကုန်သွင်းကုန် နှစ်မျိုးလုံးအတွက် ယခင် ခြောက်ဆင့်မှယခုလေးဆင့်အထိလျှော့ ချပြီး အချိန်ကုန်သက်သာငွေကြေးသက်သာအောင်ဖြေလျှော့ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ဒါ့အပြင်ပို့ကုန်သွင်းကုန်မှတ်ပုံတင်လျှောက်ထားခြင်း၊စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လျှောက်ထားခြင်း၊ အကောက်ခွန်လွတ်အရောင်းဆိုင်မှတ်ပုံတင် လျှောက်ထားခြင်းများကိုလည်း အွန်လိုင်း စနစ်ဖြင့်လျှောက်ထားနိုင်အောင်ပြင်ဆင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနဲ့မကြာမီ အွန်လိုင်းအပြည့်အဝအသုံးပြုပို့ကုန်သွင်း ကုန်လိုင်စင်စနစ်ကိုအသုံးပြုနိုင်တော့မှာ ဖြစ်တဲ့အတွက် နိုင်ငံတော်၏ e-Government ဖွံ့ဖြိုးတိုးတက်မှုနဲ့ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးတို့အတွက် တစ်ဖက်တစ်လမ်းမှအထောက် အကူပြုစေမည်ဖြစ်ကြောင်းအသိပေး တင်ပြလိုက်ပါတယ်။

**မယ်သီတာ**

## စီးပွားရေးအကျိုးဆောင်မှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားမှု နောက်ကျခြင်းအတွက် သတ်မှတ်ထားသော ရက်လွန်ကြေးများအား ပယ်ဖျက်ခြင်း

၁။ စီးပွားရေးအကျိုးဆောင်မှတ်ပုံ တင်သက်တမ်းတိုးရက်လွန်ကြေး၊ ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးများကို ၉-၁-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ကဉ- ၁၃/၆/၂၀၁၂(၁၆) ဖြင့်ဌာနတွင်း ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါ ဌာနတွင်းညွှန်ကြားချက် တွင်စီးပွားရေးအကျိုးဆောင်မှတ်ပုံတင် သက်တမ်းတိုးနောက်ကျခြင်းအတွက် ရက်လွန်ကြေးများအား အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီ ပထမတစ်လ အတွင်းလျှောက်ထားလျှင် | ကျပ် ၅၀၀၀ |
| (ခ) | စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး ဒုတိယတစ်လအတွင်းလျှောက်ထားလျှင် | ကျပ် ၁၀၀၀၀ |
| (ဂ) | စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး တတိယတစ်လအတွင်းလျှောက်ထားလျှင် | ကျပ် ၁၅၀၀၀ |
| (ဃ) | စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး ၃လထက်ကျော်လွန်လျှောက်ထားလျှင် | ကျပ် ၃၀၀၀၀ |

၃။ ယခုအခါနိုင်ငံတော်၏ ပြောင်း လဲလာသော စီးပွားရေးမူဝါဒများ နှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများပိုမိုလျင်မြန် လွယ်ကူစေရန်နှင့်စီးပွားရေး အကျိုးဆောင် လုပ်ငန်းရှင်များ၏ကုန်ကျစရိတ်များလျော့ နည်းသက်သာစေရန်အလို့ငှာစီးပွားရေး အကျိုးဆောင်မှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားမှုနောက်ကျခြင်းအတွက် သတ်မှတ်ထားသောရက်လွန်ကြေး ကောက်ခံခြင်းအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ပယ်ဖျက်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

## စာမျက်နှာ ၁၄-မြန်မာ-ကိုရီးယား

Korea Week 2015 ပွဲကြီးကို ရန်ကုန်မြို့ရှိ Novotel Yangon Max တွင် မေလ ၂၁ ရက်နေ့၌ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကိုရီးယားရိုးရာဟန်သော့ဝတ်စုံများ၊ မြန်မာ့ရိုးရာလုံချည်နှင့် အဝတ်အထည်များကို ဖက်ရှင်ပြပွဲနှင့်အတူ ပြသ ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖက်ရှင်ပြပွဲကြီးတွင် ကိုရီးယားဒီဇိုင်နာ Master Kim Inja နှင့် မြန်မာဖက်ရှင်ဒီဇိုင်နာများအသင်းတို့မှ လက်ရာဆန်းများဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Korea Week 2015 တွင် ပါဝင်သည့် ကိုရီးယားထုတ်ကုန်ပြပွဲ (Korean Product Expo-2015) ကို မြေနီကုန်းရှိ Myanmar Event Park တွင် မေလ ၂၁ရက်မှ ၂၄ရက်နေ့ အထိပြသသွားမည်ဖြစ်သည်။

ယင်းပွဲတွင် ကိုရီးယား၏နာမည်ကျော် ကုမ္ပဏီများဖြစ်သည့် Samsung Electronics, LG Electronics, Daewoo International, Posco, Hyundai Motor နှင့် Daedong Industrial တို့က ပြပွဲသို့ လာရောက်ကြသည့် ပြည်သူများအား မိတ်ဆက် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကိုရီးယားထုတ်ကုန်ပစ္စည်းအမျိုးမျိုးကိုထုတ်လုပ်သည့် ကုမ္ပဏီပေါင်း ၈၁ခုကလည်း ယင်းပြပွဲတွင်ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထုတ်ကုန်ပြပွဲနှင့်အတူ ကိုရီးယားရိုးရာ ကြွေထည်ပြပွဲကိုပါထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ကိုရီးယား အနုပညာလက်ရာမြောက်သည့် ကြွေထည်ပစ္စည်းပေါင်း ၁၀၀ ကျော်နှင့်အတူ ဂိုယိုမင်းဆက်တွင် ခေတ်စားခဲ့သည့် ဆမ်ဂမ်ကြွေထည်နှင့် ဂျိုဆွန်မင်းဆက်တွင် ခေတ်စားခဲ့သည့် ဘန်ချွန် ကြွေထည်များကိုပါ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားရက်သတ္တပတ်၏နောက် ဆုံးနေ့ဖြစ်သည့် မေလ ၂၆ရက်နေ့တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံကြီးတွင် ကိုရီးယားရိုးရာ အကအလှများ၊ မြန်မာ့ရိုးရာအကအလှများဖြင့် ပူးပေါင်းဖျော်ဖြေတင်ဆက် ကပြသွားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ—ဂျပန် လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုဗဟိုဌာန MJC က ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဌာနဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား လေ့ကျင့်ဆွေးနွေး



ရှမ်းပြည်နယ် တောင်ကြီးမြို့ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနရှိ ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာနမှာ မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ်ဗဟိုဌာနမှ Mr. Makoto TAKEI မှ ဦးဆောင်ပြီး ဆွေးနွေးပွဲ့ချမှုကို ၂၀၁၅ ခုနှစ် မေ ၉ ရက်မှ ၁၀ ရက်ထိ ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

ယင်းသို့ ဆွေးနွေးပို့ချရာတွင် " အပြောင်းအလဲနှင့် အခွင့်အလမ်းများ ပြောင်းလဲနေသော ခေတ်အတွက် စီးပွားရေး အိုင်ဒီယာများ " ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချခဲ့ပြီး မြန်မာနိုင်ငံက ယခုနဲ့ နောင်ကာလများတွင် ရင်ဆိုင်ကြုံတွေ့ရသော အပြောင်းအလဲများကို စိန်ခေါ်ခြင်းနှင့် အသုံးချခြင်းပြုလုပ်နိုင်ရန်အတွက် စီးပွားရေး အတွေးအခေါ်သစ်များ ဖန်တီးဖော်ထုတ်နိုင်ရန် ရည်ရွယ်ပြီး ဆွေးနွေးပို့ချခဲ့ကြောင်း သိရပြီး အဆိုပါ ဆွေးနွေးပို့ချရာသို့ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ရှိ ဌာနဆိုင်ရာများမှ အမှုထမ်း၊ အရာထမ်း ၄၀ ဦးနှင့် စီးပွားရေးလုပ်ငန်းရှင် ၂၄ ဦး စုစုပေါင်း ၆၄ ဦးတက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းအောင် - တောင်ကြီး**

Commodity Exchange News
Vol: 15, No.18 Monday May 18 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၈–၅–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယဝယ်လိုအား ပုံမှန်ရှိပေမယ့် ရောင်းသူ ကုန်သည်ထံမှာ ပစ္စည်းလက်ကျန် နည်းလာ၊ ပဲစင်းငုံနီ အရောင်းအဝယ်ပြန်ဖြစ်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ကျပ် ၁၂၅၇၀၀၀ ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ရာက နောက်ပိုင်းရက်တွေမှာ ဈေးမြင့် အဝယ်ရှိသလို ဝယ်လိုအားပါသွက်လာတာကြောင့် ဈေးတရိပ်ရိပ် မြင့်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၂၆၅၀၀၀ ကျပ်ဈေးဖြင့် ဈေးကောင်းထပ်မံရရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ဧပြီလမှစပြီး ဈေးအမြင့်ဖြင့် အိန္ဒိယဝယ်လိုအား တောက်လျှောက်ရှိခဲ့သလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းပိုများလာပေမယ့် ပစ္စည်းလက်ကျန်တော့လျော့လာကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် အရင်နှစ်တွေက ဈေး အသင့်အတင့်သာရှိခဲ့ပြီး ဒီနှစ်မှာတော့ စံချိန်တင်ဈေးရခဲ့တာကြောင့် တောင်သူရော ကုန်သည်ပါ စီးပွားရေးအရ တွက်ချေကိုက်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီ (RC) အနေဖြင့် ယခင်တစ်ပတ်က အရောင်းအဝယ်အေးနေရာက ဒီတစ်ပတ်မှာ အိန္ဒိယဘက်မှတစ်တန်ကို ၁၁၅၀၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ပြန်ရှိခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းကို တရုတ်အဆွဲများ၊ ပဲစင်းငုံနီရန်ကုန်အဝယ် အနည်းငယ်လျော့ ကုလားပဲဖြူလုံးကြီး ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး(သစ်)တွေ နယ်စုံမှ ပုံမှန်ဝင်ရောက်နေသလို တရုတ်ဝယ်လက်ကလည်း အရည်အသွေး ကောင်းတဲ့(ထိပ်စ)ပဲတွေကို တစ်ပိဿာ ၂၁၇၈ ကျပ် (တစ်တန်ကို ၁၃၃၃၇၈၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ရန်ကုန်ဝယ်လက်က ပုံမှန်ထက်စာရင် ဝယ်လိုအား လျော့လာကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၃၃ ကျပ် (တစ်တန်ကို ၁၁၂၂၅၁၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်များက ဝယ်လိုအား ပြန်လည်လျော့ခဲ့လို့ ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာ ၁၁၃၅ ကျပ်(တစ်တန်ကို ၆၉၅၀၆၁ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ မြို့ခံပဲခွဲစက်တွေက မတ်ပဲကို ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်နေ့ဖြင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာ ၁၈၈၃ ကျပ်(တစ်တန်ကို ၁၁၅၃၁၃၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲတီစိမ်း(သစ်)တွေ ဈေးကွက်ထဲ ဆက်လက်ဝင်ရောက် မတ်ပဲကို ပဲခွဲစက်တွေပုံမှန်အဝယ်ရှိ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်း(သစ်)တွေ ဈေးကွက်ထဲ ဆက်လက်ဝင်ရောက်နေသလို ဝင်သလောက်လည်း မန္တလေးဝယ်လက်ကပဲရဲ့ အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာကို ၂၀၅၃ ကျပ် (တစ်တန်ကို ၁၂၅၇၂၃၆ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန် ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်တွေက တစ်ပိဿာ ၁၈၅၀ ကျပ်(တစ်တန်ကို ၁၁၃၂၉၂၂ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်း(သစ်) တချို့ဝင်ရောက် လက်ကျန်ပြောင်းတွေလည်း တရုတ်ဝယ်လိုအားပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်း(သစ်) တချို့ ဝင်ရောက်လာသလို လက်ကျန်ပြောင်းတွေကိုလည်း တရုတ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်းတန်ချိန် ၂၇၀၀၀ ဝန်းကျင်ခန့် ဝင်ရောက်ခဲ့ကြောင်း၊ အဲဒီအထဲက တချို့စောစောစိုက်တဲ့ဒေသက ပြောင်းသီးနှံ(အသစ်) တချို့လည်း ဈေးကွက်ထဲ ရောက်လာကြောင်း၊ အရောင်းအဝယ် အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၂ ယွမ်မှ အမြင့်ဆုံး ၉၆ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနှင့် သိပ္ပံနှမ်း အရောင်းအဝယ် ပုံမှန်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်ကတစ်ပိဿာကို ၁၈၁၅ ကျပ်(တစ်တန်ကို ၁၁၁၁၄၈၇ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းကို မန္တလေးဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၆၆၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ကုလားပဲအရောင်းအဝယ်ပါး နှမ်းမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံ ပဲခွဲစက်တွေက လက်ရှိပေါက်ဈေး ၁၁၃၀ ကျပ် (တစ်တန်ကို ၆၃၂၀၀၀ ကျပ်)ဈေးဖြင့် ဝယ်ယူလိုပေမယ့် ရောင်းချသူကုန်သည်များက ကြိုက်ဈေးမရလို့ အရောင်းပါးခဲ့ကြောင်း သိရပါတယ်။ နှမ်းဖြူကို မြို့ခံနှမ်းလှော်လုပ်ငန်းရှင်များက တစ်ပိဿာကို ၂၃၅၆ ကျပ်ဈေးဖြင့် ပုံမှန်ဝယ်ယူပေမယ့် ဈေးကတော့ အနည်းငယ်ကျလာကြောင်း သိရပါတယ်။ ဆင်ဖြူကျွန်းနယ်ဒေသ တစ်ဝိုက်မှ သိပ္ပံနှမ်း နက်(သစ်)တွေ ဈေးကွက်ထဲစတင်ဝင်လာပြီး တစ်ပိဿာကို ၄၄၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လိုအားပုံမှန်ရှိ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် တစ်ပိဿာကို ၁၉၅၅ ကျပ် (တစ်တန်ကို ၁၁၉၇၂၂၂ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏများခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ဒေသထွက် အစေ့ထုတ်ပြောင်းကိုလည်း ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၃၈ ကျပ်ဈေးဖြင့် တစ် ရက်ကို အိတ် ၁၀၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို မန္တလေး-ရန်ကုန်နှင့် အစာစပ်လုပ်ငန်းရှင်များ ဝယ်လိုအားဆက်တိုက်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်တွေက တစ်ပိဿာ ၄၄၀ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်အဆွဲသွက်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို တရုတ်ဝယ်လက်က ဝယ်လိုအားသွက်လာပြီး တစ်ပိဿာကို ၄၈၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၆ သိန်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပြောင်းအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်လျော့လာပေမယ့် တရုတ်အဆွဲကတော့ ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

## ပြည်မှာ မတ်ပဲကို ရန်ကုန်ဝယ်လက်ဈေးပေးအဝယ်ရှိ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို ရန်ကုန်ဝယ်လက်က ဝယ်လိုအား အနည်းငယ်လျော့လာပေမယ့် ဈေးပေးအဝယ်တော့ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေပြီး အရောင်းအဝယ်လည်းပါးနေကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက တစ်ပိဿာကို ၁၁၆၀ ကျပ်(တစ်တန်ကို ၇၁၀၃၇၂ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲကို ပဲခွဲစက်ပုံမှန်အဝယ်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲ ခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် အရောင်းပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာ ၁၁၃၀ ကျပ် (တစ်တန်ကို ၆၉၂၀၀၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းကို မန္တလေးအဝယ်သွက်၊ ပဲစင်းငုံနီခပ်ပါးပါး အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီး နယ်အဝင်ပုံမှန်ရှိသလို တရုတ်အတွက်အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်ကလည်းအရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၆၀ ကျပ် (တစ်တန်ကို ၁၂၆၁၅၂၃ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၈၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်ကတော့ တစ်ပိဿာ ၁၈၁၅ ကျပ် (တစ်တန်ကို ၁၁၁၁၄၈၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးပြည်နယ် ၊ နန်နင်းမြို့၌ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (12thCAEXPO) ကို ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဖိတ်ကြားလာပါသည်။ မြန်မာနိုင်ငံအနေနှင့် ၂၀၀၄ ခုနှစ်မှ စတင်၍ ၎င်းပြပွဲသို့ နှစ်စဉ်ပါဝင်ပြသခဲ့ရာ ၂၀၁၂ ခုနှစ် (၉)ကြိမ်မြောက်တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် (Country Of Honor) ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် အောင်မြင်စွာ ပြသနိုင်ခဲ့ပြီး ဆုတံဆိပ်များရရှိခဲ့ပါသည်။

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ တရုတ်-အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေ တည်ထောင်ရေးကို အထောက်အကူပြုရန်နှင့် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ ၎င်းပြပွဲနှင့်အတူ တရုတ်-အာဆီယံရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေး (China-ASEAN Business & Investment Summit-CABIS)ကိုလည်း ပူးတွဲကျင်းပပါသည်။ အဆိုပါ ကုန်စည်ပြပွဲများတွင် နှစ်လိုဖွယ်ရာမြို့တော် (City of Charm) ခန်းမဆောင်ကို ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှစတင်၍ ပြသခဲ့ပါသည်။ ယခုနှစ်အတွက် နှစ်လိုဖွယ်ရာမြို့၏ ဆောင်ပုဒ်မှာ “Co-building the 21th Century Maritime Silk Road,Rolling out A New Blueprint for Maritime Cooperation (၂၀၁၅ ခုနှစ်ကို တရုတ်-အာဆီယံရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှစ်)” ဖြစ်သဖြင့် မြန်မာနိုင်ငံမှ ရည်ရွယ်ချက်နှင့် ကိုက်ညီသော မြို့တစ်မြို့အား ရွေးချယ်၍ ပါဝင်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဆောင်ရွက်ရမည့် ပြပွဲဆိုင်ရာလုပ်ငန်းစဉ်များ ကြိုတင်ညှိနှိုင်းဆွေးနွေးရန် အကြီးတန်းအရာရှိများ အစည်းအဝေး Senior Official Meeting (SOM) ကို ၂၀၁၅ ခုနှစ် ၊ မတ်လ ၁၆ ရက်နေ့တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်း မြို့၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေး မှူးတို့နှစ်ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ ယခုနှစ်ကျင်းပမည့် 12thCAEXPO ပြပွဲတွင် (Country Of Honor) အဖြစ် ထိုင်းနိုင်ငံမှ ပါဝင်ပြသမည်ဖြစ်ပြီး Special Guest Country အဖြစ် ကိုရီးယားသမ္မတနိုင်ငံမှ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရှိရပါသည်။ ပြပွဲနှင့်အတူ သက်မွေးပညာ၊ နည်းပညာ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သတ္တုကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ ပုံနှိပ်ထုတ်ဝေရေး၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး၊ လူမှုရေးနှင့်ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဖိုရမ်များနှင့် ဆွေးနွေးပွဲများ၊ မြို့တော်ဝန်များ၏ ဖိုရမ်များ ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

၎င်းပြပွဲကြီးကို မြန်မာနိုင်ငံမှ အောင်မြင်စွာစနစ်တကျ ပါဝင်ပြသနိုင်ရေးအတွက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိ တရုတ်ကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတန်းအတွင်းဝန် ဦးဆောင်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲ၊ ညွှန်ကြားရေးမှူးပါဝင်သောအဖွဲ့နှင့် ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်-အာဆီယံကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ညီနောင်အသင်းများ၊ သမဝါယမအသင်းများ၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်အသင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့မှ နှစ်စဉ်သွားရောက်ပြသခဲ့ပါသည်။ ယခုနှစ်ပြပွဲသို့ မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အမယ် သစ်ပို့ကုန်အလားအလာရှိသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အခြားစိတ်ဝင်စားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် ပါဝင်ပြသလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲ ဖုန်း/ဖက်စ် - ၀၆၇-၄၃၀၁၂၈၊ Email: moctradefair@ gmail.com၊ မြန်မာကုန်သွယ်မှုဗဟိုဌာန ဖုန်း- ၀၁-၂၅၄၀၂၄၊ ဖက်စ် - ၀၁-၂၅၄၀၂၃၊ Email: itpic.moc@gmail.com နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ပြပွဲဌာန ဖုန်း - ၀၁-၂၁၄၃၄၄ တို့သို့ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

**ဝင်းသန်းကျော်(ကုန်စည်ပြပွဲ)**

# မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးထုတ်လုပ်ရေးဆိုင်ရာကုန်စည်ပြပွဲ (Myanmar Phar-Med 2015) ပြသမည်

၂၀၁၅ခုနှစ် တတိယအကြိမ်မြန်မာ နိုင်ငံ ဆေးနှင့်ဆေးဝါးဆိုင်ရာကုန်စည်ပြပွဲနှင့်ဟောပြောပွဲကို ဇူလိုင်လ ၉ ရက် မှ ၁၁ရက်အထိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲနှင့်ဟောပြောပွဲအတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို မေလ ၁၅ရက်နေ့က ရန်ကုန်မြို့ Novotel Yangon Max တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းပြပွဲကို Minh Vi Exhibition & Advertisements Co., Ltd.၊ မြန်မာနိုင်ငံဆေးနှင့်ပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းနှင့် မြန်မာ နိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းတို့ ပူးပေါင်းပြီး တတိယအကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၁၈နိုင်ငံမှ ပြခန်းပေါင်း ၁၂၀ကျော်ဖြင့် လာရောက်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

“ယခုကဲ့သို့ ဆေးနှင့်ဆေးပစ္စည်းဆိုင်ရာ ပြပွဲများကို ပြသခြင်းအားဖြင့် ပြည်ပမှ ဆေးနှင့် ဆေးပစ္စည်းတင်သွင်းသည့် ပုဂ္ဂိုလ်များအနေနဲ့ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းရဲ့ အသင်းဝင်များသာမက အသင်းဝင်မဟုတ်သူများနဲ့ပါ ချိတ်ဆက်မိစေပါတယ်။ ပြည်သူလူထုတွေအနေနဲ့ ဒီလိုပြပွဲတွေကို လာရောက်ကြည့်ရှုခြင်းအားဖြင့် ကျန်းမာရေးဗဟုသုတများ တိုးပွားလာစေနိုင်ပါတယ်။ မြန်မာပြည်သူများဟာ အခုအခါမှာ ကျန်းမာရေး ဗဟုသုတနဲ့ပြည့်စုံတဲ့သူတွေဖြစ်လာတာကို တွေ့မြင်နေရပါတယ်။ ဒီလိုပြပွဲတွေကို ပြည်သူတွေ လာရောက်ကြည့်ရှုကြတဲ့အတွက် ပြည်သူတွေအနေနဲ့ရော စီးပွားရေးလုပ်ငန်းရှင်တွေအတွက်ပါ အကျိုးကျေးဇူးရှိမှာသေချာပါတယ်” ဟု မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်ရှိသည့် အစိုးရဆေးရုံများတွင် လာရောက်ဆေးကုသသည့် လူနာများအား ဆေးဝါးအခမဲ့ကုသနိုင်ရန် နိုင်ငံတော်အစိုးရမှစီစဉ်လျက်ရှိသဖြင့် ပြပွဲတွင်လာရောက်ပြသသည့် ဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်ရောင်းချသည့်ကုမ္ပဏီများအနေဖြင့် များစွာအကျိုးရှိမည်ဖြစ်ကြောင်း ဒေါက်တာ ဝင်းစည်သူက ထပ်မံပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အရှေ့တောင်အာရှဒေသတွင် အလားအလာကောင်းသည့် နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်လျက် ရှိနေပြီး တိုးတက်မှုရှိနေသည်ဟု နိုင်ငံတကာအသိုင်းအဝိုင်းမှ အသိအမှတ်ပြုလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်ရှိသည့် အစိုးရဆေးရုံများကို အဆင့်မြှင့်တင်လျက်ရှိသဖြင့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၏ ဝယ်လိုအားမှာ နှစ်စဉ် ၁၀ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိကြောင်း၊ နောင်လာမည့်ငါးနှစ်အတွင်းတွင် ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ဂျာမနီ၊ အီတလီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့မှ အဆင့်မြင့်ဆေးနှင့်ဆေးပစ္စည်းများကို လာရောက်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင်ဆွေးနွေးဟောပြောပွဲများ၊ စီးပွားရေးဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# Food & Hotel Myanmar 2015 ပြပွဲ ပြသမည်

ဒုတိယအကြိမ်မြောက် Food & Hotel Myanmar 2015 ပြပွဲကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၅ရက်နေ့အထိ ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ကျင်းပမည်ဖြစ်ရာ ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုလိုသူများအနေဖြင့်အွန်လိုင်းမှလည်းကောင်း၊ ပြပွဲသို့လာရောက်သည့်နေ့တွင် ပြခန်းများရှေ့၌လည်းကောင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲကို Bangkok Exhibition Services(BES) Ltd. မှ စီစဉ်ကျင်းပခြင်းဖြစ်သည်။ BES သည် All World Exhibition အဖွဲ့၏အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးနိုင်ငံတကာအစားအသောက်နှင့်တည်ခင်းဧည့်ခံရေးလုပ်ငန်းဆိုင်ရာ ကုန်သွယ်မှုပြပွဲများကိုဦးဆောင်ကျင်းပသောအဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်းသိရသည်။

ယင်းပြပွဲတွင် အစားအသောက်နှင့်တည်ခင်းဧည့်ခံမှုဆိုင်ရာပစ္စည်းများနှင့်နည်းပညာအသစ်အဆန်းများကို တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင်ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်ရာ မြန်မာအချက်အပြုတ်ဆိုင်ရာ ဖန်တီးမှု အနုပညာပြိုင်ပွဲ၂၀၁၅ (Myanmar Culinary Arts Competition 2015) ၊ မြန်မာကော်ဖီနှင့် ယမကာကျွမ်းကျင်အဖျော်ပညာရှင်များပြိုင်ပွဲ (Myanmar National Barista Championship 2015 -MNBC) နှင့် Food Science & Technology Association (Myanmar) မှ ကျင်းပသည့် ဟိုတယ် နှင့်စားသောက်ဆိုင်များအတွက် ဘေးကင်းစိတ်ချသည့် အစားအစာများဆိုင်ရာ ဆွေးနွေးပွဲ(Safe Foods for Hotels & Restaurants Seminar) တို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသည် အစားအစာ၊ တည်ခင်းဧည့်ခံမှု၊ အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းနှင့်ဆက်စပ်သော ပညာရှင်များအားလုံး မဖြစ်မနေ သွားရောက်ကြည့်ရှုလေ့လာရမည့်ပွဲတစ်ပွဲဖြစ်ကြောင်း သိရသည်။



အဆိုပါပြပွဲတွင် အစားအသောက်လုပ်ငန်းနှင့်ပတ်သက်သူများအနေဖြင့် ပြည်တွင်းနှင့်နိုင်ငံတကာထုတ်ကုန်ထောက်ပံ့သူများနှင့်တွေ့ဆုံနိုင်ရုံသာမက ထုတ်ကုန်နှင့်ဝန်ဆောင်မှုအသစ်များကိုလည်း ရှာဖွေတွေ့ရှိနိုင်သည်ဟုဆိုသည်။ ထို့ပြင် နောက်ဆုံးပေါ် ထုတ်လုပ်နည်း များကိုလည်း တွေ့ရှိနိုင်သကဲ့သို့ လုပ်ငန်းနှင့် သက်ဆိုင်သော ဆွေးနွေးပွဲများမှလည်း သင်ယူလေ့လာနိုင်ပြီး အခြားလုပ်ငန်းကဏ္ဍများမှ ပညာရှင်များနှင့်လည်း ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

“ Foods & Hotel Myanmar 2015 ဟာ မြန်မာနိုင်ငံအတွက် နိုင်ငံတကာကုန်သွယ်ရေးပြပွဲဖြစ်ပါတယ်။ ဒီပြပွဲဟာ မြန်မာနိုင်ငံမှာ အရင်က မမြင်ဘူး မတွေ့ဘူးတဲ့ အစားအသောက်နဲ့ တည်ခင်းဧည့်ခံရေးဆိုင်ရာထုတ်ကုန်၊ ဝန်ဆောင်မှုနဲ့ အခမ်းအနားတွေကို ကျယ်ကျယ်ပြန့်ပြန့် တင်ဆက်မှာဖြစ်ပါတယ်”ဟု BES မှ အထွေထွေမန်နေဂျာဖြစ်သူ မစ္စတာဂျပ်စတင်ပေါလ်က ပြောကြားခဲ့သည်။ **မယ်သီတာ**

# စစ်တွေကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော ၅၀၄ တန်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းက ဧပြီလ ၂ရက်နေ့မှ ၈ ရက်နေ့ထိ ကာလအတွင်း လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော ၅၀၄ တန် ၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၈၁ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၃၇၂ သန်းဖိုးတင်ပို့နိုင်ခဲ့သဖြင့် ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၂၉၁ သန်းလျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုမရှိခဲ့တဲ့အတွက် တင်ပို့မှုလျော့နည်းခဲ့ရခြင်းဖြစ်ပါတယ်။

ယခုသီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကတော့ ဆီးသီးခြောက် ၂၁၈ တန်၊ နနွင်းတက် ၉ တန်၊ မန်ကျည်းဖတ်(အစေ့ပါ)၂၄၂ တန်နဲ့မန်ကျည်းဖတ် ၁၁ တန်တို့ဖြစ်ကြပါတယ်။ စက်မှုကုန်ချော ပစ္စည်းများဖြစ်တဲ့ ဆီးယိုထုပ် ၂၄ တန်ကိုလည်း တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

**တင်တင်ထွန်း MIRT**

# ITC ကတ်နဲ့ လွယ်ဂျယ်စခန်းမှ လုပ်ငန်းသုံးကုန်ကြမ်းတင်သွင်း

၂၀၁၅ ခုနှစ် မတ်လအတွင်းမှာ လွယ်ဂျယ်စခန်းမှ ITC ကတ်ထုတ်ပေးနိုင်မှု မရှိသော်လည်း သွင်းကုန်လုပ်ငန်းသုံးကုန်ကြမ်းဖြစ်တဲ့ နိုင်လွန်ချည် ၂၁၇၈၀ kg ကို ITC ကတ်နဲ့ တင်သွင်းနိုင်ခဲ့ပါတယ်။ တမူးစခန်းမှလည်း ITC ကတ်နဲ့ ပို့ကုန်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ သွင်းကုန်ပစ္စည်းများဖြစ်တဲ့ စက်ဘီးအပိုပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ပလပ်စတစ်ရေတိုင်ကီ ၊ ချည်ခင်၊ စက်ဘီးကျွတ်၊ စက်ဘီးတာယာ၊ ဆိုးဆေးအမှုန့်၊ ပလာစတာ၊ ခေါင်းလျှော်ရည်၊ ဆာရီစ၊ ရွှေရည်စိမ်လက်ကောက်၊ ပလတ် စတစ်လက်ကောက်၊ စပီကာ၊ ဒူးစွပ်၊ ဖနောင့်စွပ်တို့ကို ကန်ဒေါ်လာ သုည ဒသမ ၃၆၆ သိန်းဖိုးကို တင်သွင်းခဲ့ပါတယ်။

ဧပြီလအတွင်းမှာ ITCနဲ့ လုပ်ငန်းဆောင်ရွက်နိုင်တဲ့စခန်းတွေကတော့ မူဆယ်၊ လွယ်ဂျယ်၊ တာချီလိတ်၊ မြဝတီ၊ တမူး၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ရိဒ်၊ မောတောင်နဲ့ ကျိုင်းတုံစခန်းများပဲဖြစ်ပါတယ်။ ဧပြီလအတွင်းမှာ ITC ကတ်နဲ့ လွယ်ဂျယ်နယ်စပ်မှ ကျပ်သန်းပေါင်း ၄၂၁ ဒသမ ၂၄၀ ခန့်ဖြင့်အများဆုံးကုန်သွယ်နိုင်ခဲ့ပြီး မောတောင်စခန်းမှ ကျပ်သန်းပေါင်း ၁ ဒသမ ၈၁၄ သန်းဖြင့်အနည်းဆုံး ကုန်သွယ်ခဲ့ပါတယ်။ ဧပြီလအတွင်း ကုန်သွယ်ရေး စခန်း ၁၀ ခုမှ ပို့ကုန် ကျပ်သန်းပေါင်း ၅၂၄ ဒသမ ၉၅၅ ၊ သွင်းကုန် ကျပ်သန်းပေါင်း ၁၉၃ ဒသမ ၀၃၄၊ ကုန်သွယ်မှုပမာဏ ကျပ်သန်းပေါင်း ၇၁၇ ဒသမ ၉၉၁ ဖြင့် ကုန်သွယ်ပြီးဖြစ်တယ်လို့သိရပါတယ်။

**ခင်မိုးသူ(စားသုံးသူ)**

# တမူးနယ်စပ်ကုန်သွယ်ရေးကုန်သွယ်မှု တိုးတက်လျက်ရှိ

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ ကုန်သွယ်မှုပမာဏ နှစ်စဉ်တိုးတက်လျက်ရှိပါတယ်။ အဓိက ပို့ကုန်ပစ္စည်းကတော့ ကွမ်းသီးဖြစ်ပါတယ်။

အဓိကသွင်းကုန်ပစ္စည်းများကတော့ အိန္ဒိယနိုင်ငံထုတ် ကျားစီးမော်တော်ဆိုင်ကယ်၊ စားတော်ပဲ၊ ဂျုံမှုန့်၊ ချည်ထည်များဖြစ်ပါတယ်။

ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုပမာဏတိုးတက်မှုများကို အသိပေးလိုက်ရပါတယ်-

**တန်ဖိုး-ညီမျှဒေါ်လာသန်း**

| စဉ် | ဘဏ္ဍာနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ |
|---|---|---|---|---|
| (၁) | ၂၀၁၀-၁၀၁၁ | ၅. ၆၁၉ | ၀. ၅၅၄ | ၆. ၁၇၃ |
| (၂) | ၂၀၁၁-၂၀၁၂ | ၄. ၅၅၁ | ၂. ၆၁၉ | ၇. ၁၇၀ |
| (၃) | ၂၀၁၂-၂၀၁၃ | ၁၆. ၆၇၃ | ၇. ၂၇၀ | ၂၃. ၉၄၃ |
| (၄) | ၂၀၁၃-၂၀၁၄ | ၂၀. ၃၆၇ | ၁၀. ၄၇၈ | ၃၀. ၈၄၅ |
| (၅) | ၂၀၁၄-၂၀၁၅ | ၃၃. ၀၅၄ | ၁၂. ၅၇၁ | ၄၅. ၆၂၅ |

**ကသရ(တမူး)**

# မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့မြိတ်ကုန်သွယ်ရေး စခန်းများက မေလ ၂ရက်မှ ၈ ရက်အတွင်း ကန်ဒေါ်လာ ၄ ဒသမ ၄၁၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၆၁၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၁၅၀၀ ကျော် ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့မှုတွေကတော့ မြဝတီကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ ၀ ဒသမ ၁၄၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၆၇ တန်ကျော်၊ ကဏန်း ၂၂ တန်ကျော်နဲ့ ပုစွန် ၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၂၁ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းက ကန်ဒေါ်လာ သုည ဒသမ ၅၈၄ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၆၅၃ တန်ကျော် ၊ ကင်းမွန် ၃၃ တန်ကျော်၊ ပုစွန် ၁ တန်ကျော်နဲ့ ရေဘဝဲ တန်ဝက်ခန့် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၁၅၉ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းက ကန်ဒေါ်လာ ၃ ဒသမ ၆၉၁ သန်း တန်ဖိုးရှိငါးမျိုးစုံ ၁၈၈၅ တန်နီးပါး အေးခဲကဏန်းပျော့ ၈၂ တန်ကျော်၊ ငါးမှုန့် တန် ၇၄၀ ၊ ပုစွန် ၆၅ တန်ကျော်၊ ကင်းမွန် ၅၁ တန်ကျော်၊ အေးခဲခရု ၅ တန်ကျော်၊ ငါးခြောက်၊ ကဏန်းနီနဲ့ သဲကဏန်း ၁ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ၁၆၈ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT**

# တမူးနယ်စပ်မှ ယမန်နှစ်ကာလတူထက် ကုန်သွယ်မှုပိုမို

ကုန်သွယ်ရေးဦးစီးဌာန တမူးကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၅ ခုနှစ် ဧပြီလမှာ ပို့ကုန် ကန်ဒေါ်လာ ၃ ဒသမ ၈၁၄ သန်း ၊သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၉၃၈ သန်း ကုန်သွယ်မှုပမာဏ ၄ ဒသမ ၇၅၂ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယမန်နှစ် ၂၀၁၄ ခုနှစ် ဧပြီလနဲ့နှိုင်းယှဉ်ပါက ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၃၆၂ သန်း၊ သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ၆၄၆ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၀၀၈ သန်းပိုမိုခဲ့ပါတယ်။ကာလတူထက် ပိုမိုရခြင်းမှာ ပို့ကုန်အနေဖြင့် ကွမ်းသီး၊ စီးကရက်နဲ့ အမယ်စုံတို့တင်ပို့မှုပိုမိုခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်အနေဖြင့် မော်တော်ဆိုင်ကယ်၊ စားတော်ပဲ၊ ပဲရာဇာ၊ တောင်လုံးကျော်၊ ပလတ်စတစ်ရေတိုင်ကီ၊ စပျစ်သီးခြောက်စတဲ့ပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။တမူးနယ်စပ်ကုန်သွယ်ရေးအနေဖြင့် ၂၀၁၅ ခုနှစ် ဧပြီလအတွင်းITC ကတ်နဲ့ ပို့ကုန် ကျပ်သန်းပေါင်း၉၀ ကျော်နဲ့ သွင်းကုန် ကျပ်သန်းပေါင်း ၆၉ သန်းကျော်ဆောင်ရွက်ပြီး သွင်းကုန်ပစ္စည်းများအနေဖြင့် ချည်ခင်၊ ရွှေရည်စိမ် လက်ကောက်၊ ပလတ်စတစ်လက်ကောက်၊ ဖိနပ်မျိုးစုံ၊ ဓါတ်မီးတို့ကို ITC ကတ်နဲ့ ကုန်သွယ်မှုပြုနိုင်ခဲ့တယ်လို့ တမူးနယ်စပ်မှ သိရပါတယ်။

**ခင်မိုးသူ MIRT**



## တမူးနယ်စပ်မှ ITC နဲ့ ဖရဲသီး ကီလို ၁၃၀၀၀ ခန့်တင်ပို့

စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ်မှ ၂၀၁၅ ခုနှစ် ဧပြီလအတွင်းမှာ ITC ကတ်နဲ့ ဖရဲသီး ကီလို ၁၃၀၀၀ ခန့်တင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခင်မတ်လအတွင်းမှာတော့ တမူးနယ်စပ်မှ ITC နဲ့ ပို့ကုန်တင်ပို့မှု မရှိဘူးလို့သိရပါတယ်။ ဧပြီလအတွင်းမှာ ITC နဲ့ ကုန်သွယ်မှုပြုခဲ့တဲ့စခန်း ၁၀ ခုရှိပြီး တမူးနယ်စပ်မှ ITC ကတ်နဲ့ ၂၀၁၅ခုနှစ် ဧပြီလအတွင်း ပို့ကုန်ကျပ်သန်း ၉၀ ကျော်၊ သွင်းကုန် ကျပ် ၆၈ သန်းကျော်နဲ့ ကုန်သွယ်မှုပမာဏ ကျပ် ၁၅၉ ဒသမ ၈၅၅ သန်းခန့် ကုန်သွယ်နိုင်ခဲ့ပါတယ်။

**ခင်မိုးသူ (စားသုံးသူ)**

# သကြၤန်လွန်ကာလ စိန်တစ်လုံးသရက်တင်ပို့မှုမြင့်တက်



မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေလ ပထမပတ်တွင် ကန်ဒေါ်လာ သုည ဒသမ ၉၀၆ သန်း တန်ဖိုးရှိ သရက်သီး ၂၆၆၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ဧပြီလဆန်းပိုင်း စတင်ပို့စဉ်က ၇၀၅ တန်ခွဲသာ တင်ပို့ခဲ့ရာမှ ယခုအခါ တန်ချိန် ၂၀၀၀ ကျော်ထိ ပို့အားတက်လာတာတွေ့ရပါတယ်။ လယ်ယာထွက်ကုန်သီးနှံဖြစ်တဲ့ စိန်တစ်လုံးသရက်များကို ယခုလကုန်အတွင်း ကိုရီးယားနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချသွားမှာဖြစ်ကြောင်း၊ စိန်တစ်လုံးသရက်သီးများရဲ့ သဘာဝအနံ့၊ အရသာကောင်းမွန်မှု၊ သီးလုံး အရွယ်အစားနဲ့ အလေးချိန်တွေကို ကိုရီးယားမှ အလွန်ကြိုက်နှစ်သက်ကြောင်း သိရပါတယ်။ မြန်မာရွှေသစ်သီးဝလံကုမ္ပဏီမှ မြန်မာစိန်တစ်လုံးသရက်သီး၊ ဖရဲသီး၊ သခွားမွှေးများကို ရာသီအလိုက် တရုတ်နိုင်ငံအပြင် ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှားနိုင်ငံတွေကို တင်ပို့လျက်ရှိကြောင်းလည်း သိရပါတယ်။

**မော်မော်အောင် MIRT**

# တမူးနယ်စပ်မှ အိန္ဒိယနိုင်ငံ ကျားစီး မော်တော်ဆိုင်ကယ်များ ပိုမိုတင်သွင်း

အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သည့် အမျိုးသားစီး ဆိုင်ကယ်များ တင်သွင်းမှု ပိုမိုလျက်ရှိနေပါတယ်။ယခင်ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းတို့သာ ဝယ်ယူကြရာမှ အရည်အသွေးကို ကြိုက်နှစ်သက်၍ မန္တလေး၊ မုံရွာဈေးကွက်များမှတစ်ဆင့် တစ်နိုင်ငံလုံးကို ဖြန့်ဖြူးလာနိုင်ကြောင်း သိရှိရပါတယ်။ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မော်တော်ဆိုင်ကယ် (၇၂၃၉)စီး၊ တန်ဖိုး ၇ဒသမ ၃၄၆ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့ပါတယ်။

**ကသရ(တမူး)**

# မော်တော်ယာဉ်နှစ်စီးပေါ်မှ ကျောက်စိမ်းဟုယူဆရသော ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

နောင်ချိုမြို့ Asia World တိုးဂိတ်အနီးအခြေပြုတဲ့ Mobile Team (လရ-၁)အဖွဲ့သည် စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် မေ ၁၀ ရက် ၁၆း၃၀ နာရီတွင် မန္တလေး-မူဆယ်လမ်းကြောင်းအတိုင်း ဝင်ရောက်စစ်ဆေးခံခဲ့သော Vingo မော်တော်ယာဉ်အမှတ် (2G/xxxx )အား စစ်ဆေးခဲ့ပါတယ်။ ယာဉ်အား အဖွဲ့စုံဖြင့် စစ်ဆေးရာယာဉ်ပေါ်မှ ကျောက် စိမ်းဟုယူဆရသော ကျောက်စိမ်းတုံးအသေးသုံးထုပ်နှင့် ကျောက်စိမ်းတုံး နှစ်တုံးအား သိမ်းဆည်းရမိခဲ့ပါတယ်။ ယင်းနေ့ ၁၇း၀၀နာရီတွင်လည်း Hiceace ယာဉ်အမှတ် 6A/xxxx ပေါ်မှ ကားဘော်ဒီနှင့် အံဝှက်များတွင် ဖြန့်ပြီးသယ်ဆောင်လာတဲ့ ကျောက်စိမ်းတုံးများကို Mobile Team (လရ-၁) အဖွဲ့မှ ထပ်မံသိမ်းဆည်းမိခဲ့ပါတယ်။ အဆိုပါယာဉ်နှစ်စီးပေါ်မှ ကျောက်စိမ်းများအား အသေးစိတ်စစ်ဆေးစဉ် ယာဉ်မောင်းနှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားပါတယ်။ သိမ်းဆည်းရမိ ကျောက်စိမ်းတုံးများနဲ့ မော်တော်ယာဉ် နှစ်စီးအား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အရေးယူဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ **MIRT**

# ခရီးသည်တင် မှန်လုံယာဉ် အံဝှက်များအတွင်း တင်ဆောင်လာတဲ့ တရားမဝင်သစ်များ သိမ်းဆည်းရမိ

မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း ထုတ်နုတ်အင်အားအဖွဲ့သည် မေလ ၁ ရက် ၀၇း၀၀ နာရီက Asia World Toll Gate အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဆန်းသစ်မှန်လုံယာဉ် 8I/xxxx အံဝှက်များအတွင်း သိုဝှက်တင်ဆောင်လာသော ၅ လက်မ x ၅ လက်မ x ၃ ပေအရွယ် သစ်တုံး ၂၀၊ ပျဉ်တို ၃၉ ချပ်၊ လက်တင်ပုံပျဉ်တို ၂၆ ချပ်၊ သစ်ပေတို ၂၂၂ ချောင်းအား စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့ပါတယ်။

သိမ်းဆည်းရမိ သစ်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၄ ဒသမ ၁၃၀ သိန်းဖြစ်ပြီး သစ်သိုဝှက်တင်ဆောင်လာသော မှန်လုံယာဉ်ရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၂၀၀ ရှိတယ်လို့သိရပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲဖွင့် အရေးယူသွားမယ်လို့ သတင်းရရှိပါတယ်။ **MIRT**

# Mobile Team စစ်ဆေးရေးဂိတ်အား အရှိန်နဲ့ဖြတ်မောင်းရန် အခြေအနေစောင့်ကြည့်နေသော ယာဉ်နှစ်စီးပေါ်မှ ဘီယာချန်း ကျပ် ၃၆ သိန်းကျော်ဖိုး သိမ်းဆည်းရမိ

ပဲခူးတိုင်းဝေါ်မြို့နယ် ညောင်ခါးရှည်တွင် ယာယီအခြေပြုထားတဲ့ လရ-၂(Mobile Team)ဂိတ်နဲ့ တစ်မိုင်ခန့်အကွာမှာ ယာဉ်နှစ်စီးဟာ တစ်ဖက်နိုင်ငံထုတ် ဘီယာများ တင်ဆောင်ပြီး အခြေအနေပေးပါက စစ်ဆေးရေးဂိတ်ကို အရှိန်ဖြင့် ဖြတ်သန်းမောင်းနှင်ရန် စောင့်ဆိုင်းနေတယ်လို့ သတင်းရရှိတဲ့အတွက် အဖွဲ့နှစ်ဖွဲ့ခွဲ၍ လိုက်လံ ဖမ်းဆီးခဲ့ပါတယ်။ စခန်းမှ သုံးမိုင်ခန့်အကွာ ဓာတ်ဆီဆိုင်အနောက်ဘက်မှာ ကားများရပ်ထားခဲ့ပြီး ယာဉ်မောင်းများထွက်ပြေးသွားခဲ့ပါတယ်။ အသေးစိတ်စစ်ဆေးရာမှာ Honda Odyssey ပေါ်




မှာ ဘီယာချန်း ၂၄၀ပါကင် (၃၃၀ ml x ၂၄ သံဗူး)နဲ့ Super Customs (Hiace) ပေါ်မှ ဘီယာချန်း ၈၅ ပါကင် (၅၀၀ ml x ၂၄ သံဗူး)ကို စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။

ဖမ်းဆီးရမိယာဉ်နှစ်စီးနဲ့ ဘီယာများကို လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူထားပြီးဖြစ်တယ်လို့ သိရပါတယ်။ ယခုဖြစ်စဉ်မှာ ကားနှစ်စီးနဲ့ ဘီယာချန်းစုစုပေါင်း ခန့်မှန်းတန်ဖိုးမှာ ကျပ် ၂၇၆ ဒသမ ၇၅၀ သိန်းရှိပါတယ်။ **MIRT**

# ကျပ်တစ်ဆယ့်ရှစ်သိန်းကျော်တန်ဖိုးရှိ တရားမဝင်တင်သွင်းရန် စုပုံထားသော ပေါင်းသတ်ဆေးများ မိုင်းလွေ Mobile Team မှသိမ်းဆည်း

ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေး ထုတ်နုတ်အင်အား မိုင်းလွေ Mobile Team အဖွဲ့က ရှောင်ကွင်းလမ်း များအား လှည့်လည်စစ်ဆေးစဉ် မေလ ၇ ရက် ၀၆း၀၀ ချိန်ခန့်မှာ မိုင်းလွေကျေးရွာအုပ်စု၊ နန့်ခုတ်ကျေးရွာအနီး ရှောင်ကွင်းလမ်းဘေးမှာ တရားမဝင်တင်သွင်းရန် စုပုံထားတယ်လို့ယူဆရတဲ့ တစ်ဖက်နိုင်ငံလုပ် ပေါင်းသတ်ဆေး ပါကင် ၄၀ ခန့်မှန်းတန်ဖိုး ကျပ် ၁၈ ဒသမ ၈၀၀ သိန်းကို သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်း ရမိပေါင်းသတ်ဆေးများမှာ မှတ်ပုံတင်ထားခြင်းမရှိတဲ့ အမျိုးအစားများဖြစ်ပါတယ်။ ငှက်တံဆိပ်နဲ့ စပါးနှံတံဆိပ်ပါ ပေါင်းသတ်ဆေးဘူးများဖြစ်ပြီး ကျိုင်းတုံမြို့ အကောက်ခွန်ရုံးသို့ အပ်နှံထားကာ လုပ်ထုံးလုပ်နည်းနဲ့အညီ ဖျက်ဆီးသွားမယ်လို့ သိရပါတယ်။ **MIRT**

# ခရီးသည်တင်မှန်လုံယာဉ်များနဲ့ တရားမဝင်သစ်များ၊ ကုန်စည်များသယ်ယူမှုရှိနေ

မူဆယ်-မန္တလေးကုန်သွယ်မှု လမ်းကြောင်း နောင်ချိုမြို့ Asia World Toll Gate အနီး ယာယီအခြေပြု၍ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသော Mobile Team လရ-၁ အဖွဲ့သည် မေလ ၉ ရက် ၁၈း၀၀ ချိန်မှ မေလ ၁၀ ရက် ၁၄း၀၀ ချိန်အတွင်း ဝင်ရောက်စစ်ဆေးခံသော ခရီးသည်တင် မှန်လုံယာဉ်နှစ်စီးပေါ်မှ ပိတောက်သားလို့ ယူဆရတဲ့ သစ်သားအရွယ်စုံ ၈၇ ချောင်းနဲ့ နိုင်ငံခြား အရက် ဘီယာဖာ ၃၇ ဖာအား အကောက်ခွန်မဲ့ တရားမဝင်တင်ဆောင်လာတာကို စစ်ဆေးတွေ့ရှိခဲ့ရတယ်လို့ သတင်း ရရှိပါတယ်။ မေလ ၈ ရက်နေ့ ၀၉း၀၀ မှ မေလ ၉ ရက် ၀၃း၀၀ ချိန်အတွင်းမှာလည်း မှန်လုံယာဉ်များပေါ်မှ အကောက်ခွန်မဲ့ တင်ဆောင်လာသော သစ်ပင်ပိုးသတ်ဆေးရည်နဲ့ နာနတ်ပွင့်အိတ်များကိုလည်း စစ်ဆေးတွေ့ရှိခဲ့ ရတယ်လို့ သိရပါတယ်။ **MIRT**

# လယ်ယာထွက်ကုန် ကျပ်သိန်း ၁၀၀ ကျော်ဖိုးသိမ်းဆည်းရမိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် မေလ ၃ ရက်မှ ၅ရက်အတွင်း ကျပ်သိန်းပေါင်း ၁၀၉ ဒသမ ၆၀၀ ဖိုးခန့်ရှိ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ဆန်၊ ဆန်ကွဲနဲ့ ပြောင်းအိတ်များကို သိမ်းဆည်းရမိခဲ့ပါတယ်။ အဆိုပါ လယ်ယာထွက်ကုန်ပစ္စည်းများကို ကုန်သွယ်ရေးဇုန် အလွန် (ကျိန်စမ်းကျော့)ရှောင်ကွင်းလမ်းပေါ်မှာ ရပ်တန့်ထားတဲ့ ယာဉ်သုံးစီးပေါ်မှ စစ်ဆေးတွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဆန်အိတ် ၃၀၀၊ ဆန်ကွဲအိတ် ၉၀ နဲ့ ပြောင်းအိတ် ၃၄၀ကို မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ထားပြီးဖြစ်တယ်လို့သိရပါတယ်။ **MIRT**

# ကွမ်းသီးအိတ်များအောက် သိုဝှက်သယ်ဆောင်လာသော ကန့်သတ်ကုန် ကျပ် ၁၃ သိန်းကျော်ဖိုး Mobile Team မှ ရှာဖွေတွေ့ရှိ

မော်လမြိုင်မှ ရန်ကုန်သို့ မောင်းနှင်လာတဲ့ ဒေသသုံး မော်တော်ယာဉ်များအား စစ်ဆေးစဉ် မေလ ၁၀ ရက် ၀၅း၃၀ ချိန်မှာ ယာဉ်အမှတ် 4E/xxxx ပေါ်မှ ဒေသထွက် ကွမ်းသီးအိတ်များအောက် သိုဝှက်သယ်ဆောင်လာသော ကန့်သတ်ကုန်များကို သိမ်းဆည်းရမိခဲ့တယ်လို့သတင်းရရှိပါတယ်။သိမ်းဆည်းရမိပစ္စည်းများမှာ Panvit -C (Tablets) ခန့်မှန်းတန်ဖိုး ကျပ် ၆၁၉၂၀၀ နဲ့ Diving Mask ကျပ် ၇၀၀၀၀၀၊ စုစုပေါင်း ကျပ် ၁၃ သိန်းကျော်ဖိုးရှိတယ်လို့ သိရပါတယ်။ **MIRT**

# ကျပ် ၁၁ သိန်းကျော် တန်ဖိုးရှိ လူသုံးပစ္စည်းများ သိမ်းဆည်းရမိ

မေလ ၄ ရက် ၂၁း၀၀ မှ မေလ ၅ ရက် ၀၃း၃၀ ချိန်အတွင်း ခရီးသည်တင် မှန်လုံယာဉ် (Express)မော်တော်ယာဉ်များပေါ်မှ ကျပ် ၁၁ ဒသမ ၄၀၀ သိန်း တန်ဖိုးရှိ တရုတ်ဖိနပ်များ၊ လျှပ်စစ်မီးခလုတ်များ၊ အိမ်ဆောက်ပစ္စည်း(တူ)၊ ကပ်ကြေး၊ ကားမီးခွက်များ ခန့်မှန်းတန်ဖိုး ကျပ် ၁၁ ဒသမ ၄၀၀ သိန်းဖိုးအား မူဆယ် Mobile Team အဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစီးအဖွဲ့က သိမ်းဆည်းရမိခဲ့တယ်လို့သိရပါတယ်။ **MIRT**

# ရှောင်ကွင်းလမ်းအား စစ်ဆေးစဉ် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများနဲ့ ပဲဆီအတုများအား စစ်ဆေးတွေ့ရှိ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနီး Asia World Toll Gate အနီး ရှောင်ကွင်းလမ်းအား လရ၁- အဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူးဦးစီးတဲ့အဖွဲ့က တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဆောင်ရွက်စဉ် တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်တဲ့ စပျစ်သီးခြောက်၊ ကျောက်ပွင့်၊ ဂျုံမှုန့်အိတ်၊ ဆိုဒီယမ်အမှုန့်၊ ဆန်ပြား၊ ငရုတ်ကောင်းမှုန့် အပါအဝင် စားသောက်ကုန်များနဲ့ ပဲနှံ့သွင်းထားတဲ့ ပဲဆီအတုတို့အား စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

# ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးများနဲ့တင်ဆောင်တဲ့ ယာဉ်များ သိမ်းဆည်းရမိ

မေလ ၁၀ ရက်နေ့ ၁၆း၃၀ နဲ့ ၁၇း၀၀ ချိန်များမှာ မန္တလေး-မူဆယ်လမ်းကြောင်းအတိုင်း မောင်းနှင်လာတဲ့ Vingo (2G/xxxx)နဲ့ Hiace (6A/xxxx)ပေါ်မှ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်စိမ်းတုံးများအား ရှာဖွေတွေ့ရှိခဲ့ပါတယ်။ Hiace ယာဉ်မှာ ကားဘော်ဒီအံဝှက်များအတွင်း ဖြန့်ကျဲသယ်ဆောင်လာသော ကျောက်စိမ်းတုံးများကို တွေ့ရှိခဲ့ရပြီး Vingo ယာဉ်ပေါ်မှ အတုံးသေး သုံးထုပ်နဲ့ ကျောက်စိမ်းတုံးနှစ်တုံးတို့အား ရှာဖွေတွေ့ရှိခဲ့ရတာဖြစ်ပါတယ်။ ယာဉ်မောင်းများကတော့ မော်တော်ယာဉ်များအား ထားပြီးထွက်ပြေးသွားခဲ့ကြတဲ့အတွက် Mobile Team အဖွဲ့အနေနဲ့ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးများနဲ့ တင်ဆောင်ယာဉ်များအား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်အရေးယူသွားမယ်လို့သတင်းရရှိပါတယ်။ **MIRT**



# ပို့ကုန်ဦးဆောင်မှုပုံစံဖြင့် မြန်မာ့စီးပွားရေးမြှင့်တင်ကြစို့

| ဒေါက်တာမောင်မောင်အောင် |

ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းပြိုင်နေကြသည်မှာ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံဖြစ်စေ၊ အိမ်ထောင်စု တစ်စုဖြစ်စေ စီးပွားရေးအခြေအနေက အရာရာကို အဆုံးအဖြတ် ပေးလေ့ရှိသည်။ ဆိုလိုသည်မှာ စီးပွားရေးတိုးတက်မှ နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အားကစား စသည့် အဘက်ဘက်မှ မြင့်တက်နိုင်မည်ဖြစ်သလို စီးပွားရေးနိမ့်ကျလျှင်လည်း အဘက်ဘက် မှ နိမ့်ကျစမြဲပင်ဖြစ်သည်။ အိမ်ထောင်စုတစ်စု ကြီးပွားတိုးတက်လို သော် မိသားစုဝင်တိုင်းတွင် တာဝန်ရှိသလို နိုင်ငံတစ်နိုင်ငံ တိုးတက် ဖွံ့ဖြိုးစေရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပေသည်။ နိုင်ငံသားတစ်ဦး ချင်း၊အိမ်ထောင်စုတစ်စုချင်း အထူးကြိုးစားမှသာ တိုး တက်ဖွံ့ဖြိုးမှုကို မျှော်မှန်းနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယခုအခါ အဘက် ဘက်မှ ပွင့်လင်းလာမှုနှင့်အတူ တစ်ကမ္ဘာလုံး၏ ပေါင်းစည်းမှုမြင့်တင် လာမှု၊ တံခါးဖွင့်မူဝါဒကြောင့်လည်း တိုးတက်ဖွံ့ဖြိုးရန် အလားအလာ များ ရှိနေပြီဖြစ်သည်။ ဖွံ့ဖြိုးမှုနောက်ကျသူ (Late Comer) ဖြစ်၍ စိန်ခေါ်မှုများစွာရှိသော်လည်း အားသာသည့်အချက်မှာ အခြားတိုး တက်ဖွံ့ဖြိုးလာသည့် ဖွံ့ဖြိုးမှုအတွေ့အကြုံများကို လေ့လာ သုံးသပ်၍ အမှားနည်းပြီး၊ ထိရောက်မှုရှိသည့် တိုးတက်မှုလမ်းစဉ်ကို ရွေးချယ် နိုင်ခြင်းပင် ဖြစ်သည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရသစ်တာဝန်ယူသည့် ယခုကာလများအတွင်း အခြေခံကောင်းများရှိနေ ပြီဖြစ်သည်။ အထူး သဖြင့် ထုတ်လုပ်မှုစွမ်းအားရှိသည့် ရင်းနှီးမြှုပ်နှံမှုများရှိလာ ပြီဖြစ် ခြင်း၊ မဟာဗျူဟာကျသည့် တည်နေရာကြောင့် နိုင်ငံတကာလုပ်ငန်း ကြီးများ ပိုမိုစီးဝင်လာခြင်း အထူးအခွင့်အရေးဖြင့် ကမ္ဘာ့ဈေးကွက်ကြီး များနှင့် ချိတ်ဆက်မိခြင်း၊ မြန်မာနိုင်ငံနှင့် ဆက်စပ်နေသည့် ဆက်သွယ် ရေးလမ်းကြောင်းများ ဖြစ်ထွန်းလာခြင်း၊ မကြာမီ AEC အကောင် အထည်ဖော်တော့မည်ဖြစ်ခြင်း စသည်တို့ကြောင့် တိုးတက်ဖွံ့ဖြိုးရန် အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။ ထိရောက်မှုရှိသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် နိုင်ငံသားတို့၏ တက်ကြွ သည့် ကြိုးစားအားထုတ်မှုတို့ဖြင့် လုပ်ဆောင်နိုင်ပါလျှင် အချိန်တို အတွင်း လျင်မြန်သည့် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ တံခါးဖွင့်မူဝါဒကျင့်သုံးခဲ့ပြီး အခြားဖွံ့ဖြိုးသည့် နိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏ ပို့ကုန်ပုံသဏ္ဌာန် (Pattern of export) ကို တန်ဖိုးနိမ့် မူလ ထုတ်ကုန်မှ တန်ဖိုး မြင့် ထုတ်ကုန်အဖြစ် ပြောင်းလဲစေပြီး ပို့ကုန် ဖွံ့ဖြိုးမှုကို အထူးပြုလုပ်ဆောင်ခြင်းနည်းလမ်းဖြင့် တိုးတက်လာခဲ့ကြ ခြင်း ဖြစ်သည်။ ထို့အပြင် ဝန်ဆောင်မှုပို့ကုန်များ သိသိသာသာ တိုးတက်လာမှုပါ အကျုံးဝင်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှုအတွက် ယနေ့အချိန်အခါနှင့် အခြေအနေအရ တောင်း ဆိုနေသည့် "ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ" (Export led growth model) ကို နိုင်ငံသားတိုင်း နားလည်သဘောပေါက်စေရန် ဖော်ပြခြင်းဖြစ်သည်။

## ပို့ကုန်ဦးဆောင်သည့် ဖွံ့ဖြိုးမှုပုံစံ (Export led growth model)

ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံမှာ နိုင်ငံပို့ကုန်များကို အရေအတွက်၊ အရည်အသွေးနှင့် တန်ဖိုးမြင့်တက်စေခြင်းဖြင့် ပို့ကုန် ဖွံ့ဖြိုးမှုမှတစ်ဆင့် နိုင်ငံ၏ စီးပွားရေးတိုးတက်စေသည့် ပုံစံပင်ဖြစ် သည်။ အာရှ၏ ပထမဆုံးနှင့် အဖွံ့ဖြိုးဆုံးနိုင်ငံဖြစ်သည့် ဂျပန်မှစ၍ အာရှ ကျား လေးကောင်၊ အာရှကျားနီးပါးဖြစ်လာသည့် မလေးရှား၊ ထိုင်း၊ အင်ဒိုနီး ရှား၊ လက်ရှိကာလများအတွင်း စီးပွား ရေးတိုးတက် မှု အမြန်ဆုံးဖော်ဆောင်နိုင်ခဲ့သည့် တရုတ်၊ အိန္ဒိယနိုင်ငံတို့၏ တိုး တက်မှုများသည် မိမိနိုင်ငံ၏ ပို့ကုန်များကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် လျင်မြန်သည့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင် နိုင်ခဲ့ခြင်းပင်ဖြစ် သည်။ ဆိုလိုသည်မှာ ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ (ELG) ဖြင့် တိုးတက်လာခြင်းပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၅၀ နှင့် ၁၉၆၀ ခုနှစ် ဂျပန်နှင့် ဂျာမနီ နိုင်ငံတို့၏ အတွေ့အကြုံများ၊ ၁၉၇၀ ခုနှစ်များ နောက်ပိုင်း အာရှ ကျားလေးကောင်ဖြစ်သည့် တောင်ကိုရီးယား၊ ဟောင်ကောင်၊ စင်္ကာပူ၊ ထိုင်ဝမ်တို့၏ အတွေ့အကြုံများနှင့် ပြီးခဲ့သည့် ဆယ်စုနှစ်များ အတွင်း လျင်မြန်သည့်တိုးတက်မှုများ ဖော်ဆောင်နိုင်လာသည့် တရုတ် နှင့် အိန္ဒိယနိုင်ငံတို့၏ အတွေ့အကြုံများအရ မိမိနိုင်ငံ၏ ပို့ကုန်ဖွံ့ဖြိုး မှုမှတစ်ဆင့် တိုးတက်လာသည့်အတွက် ထွန်းသစ်စ နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အတုယူဖော်ဆောင်သင့်သည့် တိုးတက် မှုပုံစံဖြစ်သည်။

## ELG အတွက် ဘာတွေလိုအပ်လဲ

ပို့ကုန်ဦးဆောင်သည့် တိုးတက်မှု ပုံစံအတွက် ကြိုတင်ရှိရမည့် အချက်များတွင် အရေးကြီးဆုံးမှာ တိုင်းပြည်အဆင့် စီးပွားရေး တည်ငြိမ်မှုအခြေအနေ (Macro-economic stability) ပင် ဖြစ်သည်။ စီးပွားရေးတည်ငြိမ်မှုကို မထိခိုက်စေရန် နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်း ချမ်းရေးဖော်ဆောင်မှုများနှင့် အထွေထွေမတည်ငြိမ်မှုများကို လျော့ ချရမည်ဖြစ်သည်။ အထူးသဖြင့် စီးပွားရေးတည်ငြိမ်မှုရှိရန် ငွေ ဖောင်းပွမှုနှုန်း (Inflation rate)၊ ဂဏန်းတစ်လုံးဖောင်းပွမှု (Single digit inflation) သာရှိရ မည်ဖြစ်ပြီး ၁၀ ရာခိုင်နှုန်းထက် မကျော်ရပေ။ ထို့အတူ တိုင်းပြည်၏ ရင်းနှီးမြှုပ်နှံမှုများသည် ထုတ်လုပ်မှု စွမ်းအားရှိ သည့် ပို့ကုန်နှင့် ဆက်စပ်မှုရှိ သည့်စက်မှုလုပ်ငန်းများတည်ဆောက် နိုင်ရေးနှင့်ထိရောက်သည့် ပို့ကုန်မြှင့်တင်ရေးမူဝါဒများ ရှိရမည်ဖြစ် သည်။ ထို့ပြင်နိုင်ငံ ဘတ်ဂျက်တွင်လည်း လိုငွေ ဘတ်ဂျက်ဖြစ်သည့် တိုင်စီမံထိန်းချုပ်နိုင်သည့် အတိုင်းအတာအတွင်းသာ ရှိရမည်ဖြစ်ပြီး ကြီးမားသည့် လိုငွေဘတ်ဂျက်ဆက်တိုက်မဖြစ်ရပေ။ ပို့ကုန်ဦးဆောင် သည့် တိုးတက်မှုပုံစံတွင် အထူးအရေးပါသည့် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများ၊ အမြန်ဆုံး လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အဆိုပါ လုပ်ငန်းများတွင် ဝင်ရောက် လာရေးပင်ဖြစ်သည်။ထို့အတွက် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်း ရှိရမည်ဖြစ်သလို လုံခြုံစိတ်ချရမှုအပြည့် အဝအာမခံ နိုင်ပြီးဆွဲဆောင် မှုရှိသည့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေ (FDI Law) လို အပ်ပြီး၊ အထူးစီးပွားရေးဇုန် များ (SEZ) တည်ဆောက်နိုင်လေ နိုင်ငံ တကာလုပ်ငန်းရှင်ကြီးများကို ပိုမို ဆွဲဆောင်နိုင်လေဖြစ်သည်။

ပို့ကုန်ဦးဆောင်သည့် တိုးတက်မှု ဖော်ဆောင်နိုင်ရန် အလေး ထားရမည့်အချက်မှာ ပြည်တွင်းငွေတန်ဖိုး အစဉ်လျော့နည်းခြင်း (Depreciation of the currency) ကိုထိန်းသိမ်းဆောင် ရွက်ခြင်းပင် ဖြစ်သည်။ ပြည်တွင်းငွေ တန်ဖိုးနိမ့်ကျမှသာ ပို့ကုန်များ၏ တန်ဖိုး ဈေးချိုသာမှုမှတစ်ဆင့် ပို့ကုန်ဝယ်လိုအားမြင့်တက်စေမည်ဖြစ်သည်။ ထို့အတွက် ပို့ကုန်မြှင့်တင်ရေး ဦးစားပေးသည့် နိုင်ငံတိုင်း ပြည်တွင်း ငွေတန်ဖိုးမြင့်တက်မှုကို ရှောင်ကြဉ်ကြပြီး တန်ဖိုးလျော့စေရန် စဉ် ဆက်မပြတ် ထိန်းသိမ်းလေ့ရှိသည်။

## နိုင်ငံတကာအတွေ့အကြုံ

ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ (ELG) သည် ဒုတိယ ကမ္ဘာစစ် နောက်ပိုင်းထင်ရှားသည့် တိုးတက်မှုပုံစံ ဖြစ်လာခဲ့ပြီး ပထမ ဆုံးသော အတွေ့အကြုံမှာ ၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များအတွင်း ဂျပန်နှင့် ဂျာမနီ၏ လျင်မြန်သည့်တိုးတက်မှုကို ELG ဖြင့်ဖော်ဆောင် နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ နှစ်နိုင်ငံစလုံး ဒုတိယကမ္ဘာစစ်တွင် စစ်ရှုံး နိုင်ငံများဖြစ်သည့်အတွက် အဘက်ဘက်မှ နိမ့်ကျနေမှုကို မိမိတိုင်း ပြည်၏ ပို့ကုန်လုပ်ငန်းများတိုးတက်စေရန်အတွက် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်း များ ထွန်းကားအောင် လုပ်ဆောင်နိုင်ခြင်းပင်ဖြစ်သည်။ ထိုအချိန်က ၎င်းတို့အနေဖြင့် ကမ္ဘာ့အကောင်းဆုံးစက်မှု ထုတ်ကုန် များကို အတုယူကာ ဒီဇိုင်းပိုမို ကောင်းစေရေးနှင့် စရိတ်အသက်သာ ဆုံးဖြစ်ရေးကို အလေးထားထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်သို့ ဈေးနှုန်း ချိုသာစွာဖြင့် ယှဉ်ပြိုင်ရောင်းချနိုင်မှုကြောင့် အမြန်ဆုံးတိုးတက် လာခြင်းပင်ဖြစ်သည်။ အစပိုင်းတွင် ထုတ်ကုန်အရည်အသွေး နိမ့် ကျသော်လည်း အချိန်အနည်းငယ်အတွင်းမှာပင် လုပ်ငန်းများ၏စွမ်း ဆောင်ရည်မြင့် တက်လာသလို ထုတ်ကုန်အရည်အသွေး သိသိသာ သာတိုး တက်လာခဲ့သည့်အတွက် ရေရှည်စဉ်ဆက်မပြတ် တိုးတက်မှု ကို ဖော်ဆောင်နိုင် သည့် စက်မှုနိုင်ငံများဖြစ်လာခဲ့သည်။

> **လက်တွေ့ပင် အခွင့်အရေးများ ပွင့်လန်းလာသော်လည်း မြန်မာလုပ်ငန်းရှင်များနှင့် လူငယ်လူရွယ်များအနေဖြင့် လက်တွေ့တွင် ထိထိရောက်ရောက် အသုံးမချနိုင်ခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက စိန်ခေါ်ချက်တစ်ရပ်ပင်ဖြစ်သည်။**

ထိုအချိန်က ဂျပန်နှင့် ဂျာမနီနိုင်ငံများ၏ ELG ပုံစံအောင်မြင်ရ သည့် အကြောင်းရင်းများကို ကြည့်မည်ဆိုလျှင် စက်မှုထူထောင်ရေး အတွက် လိုအပ်သည့် အရင်းအနှီးကို မာရှယ်စီမံ ကိန်း (Marshall plan) အရ အမေရိကန်၏ အရင်းအနှီးများရရှိခြင်း၊ ကမ္ဘာ့ဈေးကွက်သို့ ထိုး ဖောက်နိုင်ခြင်း၊ ဂျပန်နှင့် ဂျာမန်လူမျိုးတို့၏ ပင်ကိုယ်အရည်အသွေးနှင့် ကြိုးစားအားထုတ်မှုတို့အပြင် ဂျပန်နှင့် ဂျာမန်တို့၏ ပြည်တွင်း ငွေ

တန်ဖိုးနိမ့်ကျမှုတို့ကြောင့် အောင်မြင်ရခြင်းဖြစ်သည်။

၁၉၇၀ နှင့် ၁၉၈၀ ခုနှစ်များအတွင်း ELG ပုံစံဖြင့် စီးပွားရေးတိုးတက်မှုရရှိခဲ့ကြသည့် အာရှ၏ ကျားလေးကောင်ဟု အမည်တွင်သည့် တောင်ကိုရီးယား၊ ဟောင်ကောင်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)တို့သည်လည်း အချိန်တိုအတွင်း ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများထွန်းကားစေရန် လုပ်ဆောင်နိုင်ခဲ့မှုကြောင့်ဖြစ်သည်။ ထူးခြားသည်မှာ ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ထွန်းကားရေး၊ ထိရောက်သည့် တွန်းအားများနှင့် ဆွဲဆောင်မှုများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က စက်မှုထူထောင်ရေးအတွက် လိုအပ်သည့်အရင်းအနှီးကို ရေနံတင်ပို့သူများ၏ Petro-dollars များရရှိနိုင်မှုကြောင့်ဖြစ်သလို ကမ္ဘာ့ဈေးကွက်ရရှိမှုကြောင့်လည်း အောင်မြင်ခြင်းဖြစ်သည်။ ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်သည့် မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့၏ တိုးတက်မှုမှာလည်း မိမိနိုင်ငံ၏ ပို့ကုန်များဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ယခုအခါ သိသာသည့် စီးပွားရေးတိုးတက်မှု ဖော်ဆောင်နိုင်ကြပြီဖြစ်သည်။ အဆိုပါနိုင်ငံများအတွက် လိုအပ်သည့်အရင်းအနှီးအများစုကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်စီးဝင်စေခဲ့ပြီး၊ မူလက ထုတ်ကုန်များကို တန်ဖိုးမြှင့်ပို့ကုန်များအဖြစ်ပြောင်းလဲနိုင်ခဲ့မှုကြောင့်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များတွင်မူ ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှုအမြန်ဆုံးဖြစ်ခဲ့သည့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့အနေဖြင့်လည်း ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံဖြင့် ပြည်တွင်းပို့ကုန်လုပ်ငန်းများ ထွန်းကားလာစေရန် ဦးစားပေးလုပ်ဆောင်နိုင်ခဲ့၍ဖြစ်သည်။ တရုတ်နိုင်ငံဆိုလျှင် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတကာလုပ်ငန်းကြီးများအား အများဆုံးဖိတ်ခေါ်နိုင်ခဲ့သလို ပြည်တွင်းလုပ်ငန်းများကိုလည်း FDI လုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်စေခြင်းဖြင့် အရင်းအနှီး၊ နည်းပညာ၊ စီမံအုပ်ချုပ်မှု၊ ဈေးကွက်ရရှိမှု စသည်တို့ကြောင့် ပြည်တွင်းလုပ်ငန်းများသည် တိုးတက်လာခဲ့ကြသည်။ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံခြားလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို အစဉ်အလေးပေးသလို ပေါများသည့် လူ့စွမ်းအားအရင်းအမြစ်တို့ကြောင့် နိုင်ငံတကာစက်မှုလုပ်ငန်းကြီး များစုဝေးရာဖြစ်လာ ပြီး "ကမ္ဘာ့စက်ရုံကြီး" ဟု တင်စားခေါ်ဝေါ်နိုင်သည့် စက်မှုနိုင်ငံဖြစ်လာပေသည်။ ယခုအထိလည်း FDI အများဆုံးလက်ခံရရှိသည့် နိုင်ငံဖြစ်သလို ဟောင်ကောင်၊ တရုတ်(တိုင်ပေ)မှ လုပ်ငန်းရှင်အများစု သွားရောက်ရင်းနှီးမြှုပ်နှံမှုသည်လည်း အရေးပါကြောင်း တွေ့ရသည်။ ၁၉၉၀ ခုနှစ်ဝန်းကျင်က တရုတ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သောကြောင့် ကမ္ဘာ့ဈေးကွက်တွင် အခွန်သက်သာခွင့်အခွင့်အရေးဖြင့် ထိုးဖောက်နိုင်ခဲ့သလို နိုင်ငံခြားငွေလဲလှယ် နှုန်းကိုလည်း ပြည်တွင်းငွေတန်ဖိုး အစဉ်လျှော့နည်းစေရန် ထိန်းသိမ်းထားနိုင်ခြင်း၊ နည်းပေါင်းစုံဖြင့် ပို့ကုန်ဖွံ့ဖြိုးမှု လုပ်ဆောင်ခြင်းတို့အပြင် ကုန်သွယ်မှု ပိုငွေ အရင်းအနှီးကိုထိန်းသိမ်းခြင်း (capital control) တို့ဖြင့် လုပ်ဆောင်နိုင်ခဲ့၍ အမေရိကန်ဒေါ်လာများစွာရရှိ ပိုင်ဆိုင်ခဲ့ပြီး ပို့ကုန်ဖွံ့ဖြိုးရေးနှင့် ပို့ကုန်ဦးစားပေးလုပ်အား စူးစိုက်သုံး စက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ထွန်းကားလာမှုကို အရှိန်မြှင့်တင်နိုင်ခဲ့သည်။ စက်မှုလုပ်ငန်းအသစ်များ ထွန်းကာလာမှုနှင့်အတူ အလုပ်အကိုင်သစ်များ များပြားစွာဖော်ထုတ်နိုင်မှုကြောင့် ဆင်းရဲမှုကို လျှော့ချနိုင်သလို စီးပွားရေးတိုးတက်မှုကိုပါ ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

**မြန်မာနိုင်ငံအတွက် ELG အဆင်သင့်ဖြစ်ပြီလား**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် မြန်မာနိုင်ငံအတွက် အရေးကြီးဆုံးမှာ လျင်မြန်သည့် စီးပွားရေးတိုးတက်မှုဖော်ဆောင်ရေးပင်ဖြစ်သည်။ အဘက်ဘက်မှ ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် ယခုအချိန်သည် ပို့ကုန်ဖွံ့ဖြိုးမှုလုပ်ဆောင်ရန်အတွက် အသင့်တော်ဆုံးဖြစ်သလို ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း "ပို့ကုန်ဦးဆောင်သည့်တိုးတက်မှုပုံစံ" အကောင်အထည်ဖော်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများရှိနေပြီဖြစ်သည်။ ဦးစွာ တိုင်းပြည်အဆင့်စီးပွားရေးတည် ငြိမ်မှုအခြေအနေ (Macro-economic stability) နှင့်ပတ်သက်၍ ပြည်တွင်းငြိမ်းချမ်းရေး ပထမဆုံးအကြိမ်ဖော်ဆောင်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် တိုင်းပြည်ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကျော်ရှိလာသည့်အပြင် ထုတ်လုပ်မှုစွမ်းအားရှိသည့်ကဏ္ဍများ၌ ရင်းနှီးလာခြင်း၊ ငွေဖောင်းပွမှုကို ဂဏန်းတစ်လုံး အဆင့်တွင် ထိန်းထားနိုင်ခြင်း၊ ကြီးမားသည့် လိုငွေဘတ်ဂျက် ဆက်တိုက်မဖြစ်ပေါ်စေရန် လုပ်ဆောင်နိုင်ခြင်းစသည့်အချက်များက ELG အတွက် အခြေအနေကောင်းများပင်ဖြစ်သည်။ အထူးသဖြင့် လက်ရှိနှစ်များအတွင်း ဝင်လာသည့်FDI အများစုမှာ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ဆက်သွယ်မှုရှိသည့် ပို့ကုန်ဦးစားပေး စက်မှုလက်မှုလုပ်ငန်းများဖြစ်ခြင်းကြောင့် မကြာမီတန်ဖိုးမြှင့် ပို့ကုန်များ ထွန်းကားလာတော့မည်ဖြစ်သည်။ ထို့ပြင် သီလဝါ SEZ တည်ဆောက်မှု အရှိန်ရလာမှုနှင့်အတူ FDI လုပ်ငန်းများပိုမိုဝင်ရောက်လာတော့မည် ဖြစ်သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံ၏ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် FDI များအနေဖြင့် ပိုမိုရင်းနှီးလာမှုကြောင့် ရင်းနှီးကုန်စည်တင်သွင်းမှု မြင့်တင်လာမှုသည် ရေရှည်တိုးတက်မှု အတွက်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတည်ဆောက်လာနိုင်ခြင်းသည်လည်း ELG အတွက်ကောင်းသည့် လက္ခဏာပင်ဖြစ် သည်။

ထို့ပြင် ELG အတွက် လိုအပ်ချက်တစ်ရပ်ဖြစ်သည့် ပြည်တွင်းကျပ် ငွေတန်ဖိုးနိမ့်ကျမှုရှိမှသာ ပို့ကုန်မြှင့် တင်ရေးအဆင်ပြေနိုင်မည်ဖြစ်သည်။ ယခင်နှစ် နှစ်လယ်လောက်မှစ၍ ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင် အမေရိကန် ပြည်ထောင်စု၏ သင့်တင့်သည့်စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်ရရှိလာမှုကြောင့် အမေရိကန်ဒေါ်လာငွေကြေး ဖလှယ်မှုတွင် နိုင်ငံတိုင်း၌ တိုးတက်လာခဲ့ပြီး အမြင့်ဈေးတွင်ရှိနေသည်မှာ ယနေ့အထိပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ဒေါ်လာဈေး ကျပ်တစ်ထောင်အထက်တွင်ဖြစ်ပေါ်ခဲ့ပြီး၊ မတ်လတွင် ကျပ်တစ်ထောင့်တစ်ရာနီးပါး ရှိခဲ့သည်။ ဆိုလိုသည်မှာ လာမည့်ကာလများတွင်လည်း ဒေါ်လာဈေး အမြင့်ဘက်တွင်ဆက် လက်တည်ရှိနေဦးမည်ဖြစ်သည်။ မြန်မာကျပ်ငွေ တန်ဖိုးလျော့သည့်အတွက် မြန်မာ့ပို့ကုန်များ နိုင်ငံတကာဈေးကွက်တွင် ဈေးနှုန်းချိုသာမှုကြောင့် ပိုမိုဝယ်ယူအားပေးလာကြမည်ဖြစ်သည်။

ထို့အတူ ကမ္ဘာ့ဈေးကွက်ကြီး တစ်ခုလုံးနီးပါး (အမေရိကန်နိုင် ငံမှလွဲ၍) ကုန်သွယ်မှုအခွင့်အရေးရရှိလာမှုနှင့်အတူ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးများရရှိမှုကြောင့် ယခင်ကထက် ပို့ကုန်မြှင့်တင်ရန်အခွင့်အလမ်းကောင်း များရှိနေပြီဖြစ်သည်။ မကြာမီပေါ်ပေါက်လာမည့် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) ကြောင့် ကုန်သွယ်မှုကဏ္ဍ အထူးသဖြင့် ပို့ကုန်ကဏ္ဍတွင် ကုန်စည်ပို့ကုန်နှင့် ဝန်ဆောင်မှုပို့ကုန်များ ယခုထက်ပိုမိုထွန်းကားလာမည် ဖြစ်သည်။

ယခုအခါ မြန်မာ့ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြှင့် တင်နိုင်ရေးအတွက် အရေးပါဆုံးဖြစ်သည့် ကုန်စည်ပို့ကုန် ၆ မျိုးနှင့် ဝန်ဆောင်မှုပို့ကုန်တစ်မျိုး၊ အထောက်အကူပြုကဏ္ဍ ၄ ခုတို့အတွက် "အမျိုးသားပို့ကုန်မဟာဗျူဟာ" ကို အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုစင်တာ နည်းပညာအကူအညီဖြင့် ၂၀၁၃ ခုနှစ်မှစတင် ရေးဆွဲခဲ့ရာ ပြီးစီးခဲ့ပြီဖြစ်၍ လက်တွေ့အကောင်အထည်ဖော်မှုစတင်တော့မည်ဖြစ်သည်။

ဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ကုန်သွယ်မှု အကူအညီ (Aid for trade) ဖြင့် ကုန်သွယ်ရေးကဏ္ဍတိုးတက်စေရန် လုပ်ဆောင်နေသည့်အတွက်နည်းပညာ အကူအညီ၊ စွမ်းဆောင်ရည်တည်ဆောက်ရေး (Capacity building) အကူအညီနှင့် ထုတ်လုပ်မှုဆိုင်ရာအခက်အခဲများ (Supply Side Constraints) ကို ကူညီဖြေရှင်းပေးနေသည်။ အမျိုးသားပို့ကုန် မဟာဗျူဟာရှိသည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ကုန်သွယ်မှုဆိုင်ရာ အကူအညီများပိုမိုရရှိတော့မည်ဖြစ်သလို လုပ်ငန်းစီမံကိန်း (Action Plan) မှစ၍ အသေးစိတ်ရေးဆွဲထားသောကြောင့် လမ်းပြမြေပုံလည်းရှိနေပြီဖြစ်သည်။

**ဘာတွေလိုအပ်နေလဲ**

ELG ပုံစံ အကောင်အထည်ဖော်နိုင်ရေးအတွက် ထိရောက်သည့် တွန်းအားနှင့် ဆွဲဆောင်မှုများပြုလုပ်စေရန် လိုအပ်နေသလို လက်တွေ့စီးပွားရေး လုပ်နေကြသည့် လုပ်ငန်းရှင်များနှင့် မကြာမီစီးပွားရေးနှင့် အလုပ်ခွင်ဝင်ကြသော လူငယ်လူရွယ်များ၏ တက်ကြွသည့် ကြိုးစားအားထုတ်မှုနှင့် ပါဝင်ဆောင်ရွက်မှုပင်ဖြစ်သည်။ လက်တွေ့ပင် အခွင့်အရေးများပွင့်လန်းလာသော်လည်း မြန်မာလုပ်ငန်းရှင်များနှင့် လူငယ်လူရွယ်များအနေဖြင့် လက်တွေ့တွင် ထိထိရောက်ရောက် အသုံးမချနိုင်ခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစိန်ခေါ်ချက်တစ်ရပ်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာ့လုပ်ငန်းရှင်များနှင့် လူငယ်များ၏ စွမ်းဆောင်ရည်နှင့် ကြိုးစားအားထုတ်မှုအပိုင်းအားနည်းနေခြင်းပင်ဖြစ်သည်။ အခွင့်အရေးများ မည်မျှရှိစေကာမူလက်တွေ့လုပ်ဆောင်မည့် လုပ်ငန်းရှင်များနှင့် အနာဂတ်အလုပ်ခွင်ဝင်ကြမည့် ယနေ့လူငယ်များ၏ စွမ်းဆောင်ရည် မလုံလောက်လျှင်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်မဟုတ်ပေ။

ELG အောင်မြင်ရေးအတွက် ထိရောက်သည့် တွန်းအားများနှင့် ဆွဲ ဆောင်မှုများလည်း နိုင်ငံတော်ဘက်မှ ပံ့ပိုးပေးရန်လိုအပ်သည်။ မြန်မာ့ပို့ကုန် မြှင့်တင်နိုင်ရန် ပို့ကုန်လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည် (Capacity) ကို ဘက်စုံမှ မြှင့်တင်ရမည်ဖြစ်ပြီး၊ အထူးသဖြင့် ကျွမ်းကျင်တတ်မြောက်မှု၊ အရင်းအနှီးပံ့ပိုးမှု၊ နည်းပညာသစ်ရရှိမှု၊ နိုင်ငံတကာ လုပ်ငန်းရှင်များနှင့် ပိုမိုပေါင်းစည်းလုပ်ကိုင်နိုင်မှု၊ စီးပွားရေးကျင့်ဝတ်လိုက်နာမှု စသည်တို့အကျုံးဝင်သည်။ ပို့ကုန် လုပ်ငန်းရှင်များအတွက် အခက်ခဲဆုံး ဖြစ်နေသည့် ပြဿနာမှာ အရင်းအနှီးရှားပါးခြင်းပင်ဖြစ်သည်။ ယခုအထိလည်း အများစုမှာ TT (Telegraphic Transfer) စနစ်ဖြင့် ရောင်းဝယ်နေမှုကြောင့် နှစ်ရင်း ရင်းနေရဆဲပင်ဖြစ်သည်။ ယခုအခါ ကဏ္ဍတိုင်းတွင် "ဘဏ်" အသီးသီးပေါ်ထွန်းလာပြီဖြစ်သော်လည်း ကုန်သွယ်ရေးကဏ္ဍအတွက် နိုင်ငံတကာကဲ့သို့ ပို့ကုန်သွင်းကုန်ဘဏ် (Export - Import Bank) မရှိသေးပေ။ Exim Bank ရှိမှသာ လက်ရှိလုပ်ဆောင်နေသည့် ကုန်သည်များ၏ ငွေကြေးအရင်းအနှီးလိုအပ်ချက် ဖြည့်စွမ်းနိုင်မည်ဖြစ်ပြီး၊ ကုန်သည်တစ်ဦးချင်းစီ၏ ကုန်သွယ်မှုတန်ဖိုးနှင့် အကြိမ်အရေအတွက် သိသိသာသာမြှင့်တင်နိုင်မည် ဖြစ်သည်။ ထို့ပြင် တန်ဖိုးမြှင့်ပို့ကုန် ထုတ်လုပ်တင်ပို့နိုင်ရေးအတွက်ပါ Exim Bank မှ ကာလလတ်နှင့် ကာလရှည် ချေးငွေများဖြင့် ပံ့ပိုးပေးနိုင်သောကြောင့် ရေရှည်ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါကြောင်းတွေ့ရသည်။

ELG အတွက် မဖြစ်မနေ လုပ်ဆောင်ရမည့်အချက်မှာ သီးခြားလွတ်လပ်သည့် မြန်မာ့ပို့ကုန်မြှင့်တင်ရေး အဖွဲ့အစည်းကို စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်တွင် တည်ထောင်စေပြီး မြန်မာ့ပို့ကုန်တစ်ခုချင်းပြသခြင်း၊ ကမ္ဘာ့ဈေးကွက်အသီးသီးသို့ ပို့ကုန်တင်ပို့လိုသော ကုန်သည်များအတွက် လိုအပ်သည့် သတင်းအချက်အလက်ပေးခြင်း၊ မြန်မာ့ပို့ကုန်မြှင့်တင်ရေး အတွက် ကုန်စည်ပြပွဲများ၊ နိုင်ငံတကာ ကုန်စည်ပြပွဲများ ခင်းကျင်းပြသနိုင် သည့်ခင်းကျင်းပြသဆောင်(Exhibition center) များ တည်ထောင်ခြင်း၊ နိုင်ငံတကာမှလာရောက်သည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လိုအပ်သော သတင်းအချက်အလက်ပေးခြင်းအပြင် မြန်မာလုပ်ငန်းရှင်များနှင့် Business matching များပြုလုပ်နိုင်ရန် စီစဉ်ခြင်းစသည်တို့ကိုတစ်နေရာတည်းတွင် ပေါင်းစည်းဆောင်ရွက်နိုင်မှုတို့သည် ပို့ကုန်မြှင့်တင်ရေးအတွက်အထူးအရေးကြီးပေသည်။

ဆိုလိုသည်မှာ တစ်နေရာတည်းတွင် အထက်ပါလုပ်ငန်းများအားလုံး လုပ်ဆောင်နိုင်သည့် မလေးရှားနိုင်ငံ၏ MATRADE ကဲ့သို့ သီးခြားပို့ကုန်မြှင့်တင်ရေးအဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်း တည်ထောင်ခြင်းတို့လုပ်ဆောင်ရမည် ဖြစ်သည်။

ထို့ပြင် လုပ်ငန်းရှင်တိုင်း တန်ဖိုးမြှင့်ပို့ကုန်ထုတ်လုပ်တင်ပို့လာရေးအတွက် ထိရောက်သည့်ဥပဒေများဖြင့်တွန်းအား ပေးရမည်ဖြစ်သည်။ မြန်မာ့ပို့ကုန်တန်ဖိုးနည်းရသည့် အဓိကအကြောင်းရင်းမှာ မူလထုတ်ကုန် (Primary product) အတိုင်းအများဆုံးတင်ပို့နေခြင်းကြောင့် တန်ဖိုးနိမ့်သလိုအလုပ်အကိုင် အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်မှု အားနည်းနေဆဲဖြစ်သည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များတန်ဖိုးမြှင့် ပို့ကုန်များ လက်တွေ့လုပ်ဆောင်နိုင်ရေးအတွက် အခြားနိုင်ငံများကဲ့သို့ ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းဥပဒေ (Export oriented industrial law) သို့မဟုတ် တန်ဖိုးမြှင့်ပို့ကုန်ဥပဒေ (Value added export law) ပြဋ္ဌာန်းပေးပြီး ဘဏ္ဍာငွေကြေးပံ့ပိုးမှုအရလည်းကောင်း၊ အခွန်အကောက်သက်သာမှုအရ လည်းကောင်း လုပ်ဆောင်မှသာ ထိရောက်မည်ဖြစ်သည်။

ပို၍အရေးကြီးသည်မှာ အရည်အချင်းပြည့်ဝသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များသိသိသာသာမြှင့်တင်နိုင်ရေးဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းရှင်တိုင်း နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်မှု အတတ်ပညာများကို ယခုထက်ကျယ်ကျယ်ပြန့်ပြန့် တတ်သိနားလည်ပြီးလက်တွေ့လုပ်ဆောင်နိုင်ရေးပင်ဖြစ်သည်။ အဘက်ဘက်မှ ယှဉ်ပြိုင်မှုကြီးမားသည့် ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ပို့ကုန်များ ယခုထက်အရေအတွက် အရလည်းကောင်း၊ အရည်အသွေးအရလည်းကောင်း၊ ဈေးကွက်သစ် ထိုးဖောက်နိုင်မှုအရလည်းကောင်း၊ တန်ဖိုးမြှင့်ပို့ကုန်များပေါ်ထွန်း လာရေးအတွက်လည်းကောင်း၊ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးမှာ လက်တွေ့လုပ်ဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၏ စွမ်းဆောင်ရည်မြင့်မားမှုပေါ်မူတည်ပေသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ထိရောက်သော တွန်းအားများနှင့် ပံ့ပိုးမှုများ၊ လုပ်ငန်းရှင်များ၊ နိုင်ငံသားတိုင်း၏ ကြိုးစားအားထုတ်မှုများဖြင့်သာ ELG ကို အကောင်အထည်ဖော်မည်ဆိုလျှင် ယခုအချိန်သည် အခြေအနေနှင့် အချိန်အခါအရ ကိုက်ညီနေပြီဖြစ်၍ မြန်ဆန်သည့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။

■

## ပြောင်း

### ပြောင်းတန်ချိန် သုံးသောင်းကျော်တင်ပို့

မေလ ပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၈ ဒသမ ၄၁၄ သန်း၊ တန်ဖိုးရှိ ပြောင်းတန်ချိန် ၃၀၀၅၁ တန်ကျော်နဲ့ ကန်ပိုက်တီးနယ်စပ်စခန်းမှ ကန်ဒေါ်လာ ၁၃၃၁ ဒသမ ၁၉၆ သန်း တန်ဖိုးရှိ ပြောင်း ၆၅၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၂၅၂၃၆ တန်ခွဲနဲ့ ကန်ပိုက်တီးမှ ၂၁၇ တန်ခွဲသာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှုမှာ ၅၂၄၉ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်း တစ်တန်ကို ၃၀၄၆၀၉ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၃၁၇၀၈၀ ကျပ်သို့ ဈေးထပ်မံမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ လားရှိုးကုန်စည်ဒိုင် မှာတော့ ဒေသတွင်း ပြောင်းပေါက်ဈေးများ တစ်နှစ်ထက်တစ်နှစ် ဈေးပိုမိုရရှိလာကာ တရုတ်ဘက်ကလည်း အရည်အသွေးပေါ်မူတည်ပြီး ဈေးကောင်းပေးအဝယ်ရှိတယ်လို့သိရပါတယ်။ **မော်မော်အောင်**



## ဝဥ

### ဝဥခြောက်ပိုမိုတင်ပို့

ဝဥပင်ဟာ မြန်မာနိုင်ငံ တောင်ပေါ်ဒေသများမှာ အလေ့ကျပေါက်တဲ့ အပင်ဖြစ်ပြီး ဇွန်၊ ဇူလိုင်လများမှာ စတင်ပေါ်ကာ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာ ရာသီကုန်ဆုံးပါတယ်။

ပြည်တွင်းမှာတော့ ဝဥကို တိုင်းရင်းဆေး ဖော်စပ်ရာနဲ့ မာလာဟင်းချက်ရာမှာ သုံးကြသလို တရုတ်နိုင်ငံမှာတော့ တရုတ်တိုင်းရင်းဆေးဝါးများ ဖော်စပ်ဖို့ ကုန်ကြမ်းအနေနဲ့လည်းကောင်း၊ စားသောက်ကုန်လုပ်ငန်းများမှာလည်းကောင်း အသုံးပြုကြပါတယ်။

မေလ ပထမပတ်မှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၄၄ သန်း တန်ဖိုးရှိ ဝဥခြောက် ၇၇ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၁၇ တန်ခွဲတင်ပို့မှုရှိခဲ့ရာ ယခုတစ်ပတ် ဝဥခြောက်တင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ ဧပြီလအတွင်း မူဆယ် နယ်စပ်မှတစ်ဆင့် ဝဥခြောက် ၁၇ တန်ခွဲသာ တင်ပို့မှုရှိခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင် MIRT**

၁၁-၅-၂၀၁၅ မှ ၁၅-၅-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း
ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 194 | 8,364,737.512 |
| 2 | Form D | 66 | 4,934,771.920 |
| 3 | Form E | 69 | 1,774,180.320 |
| 4 | Korea GSP | - | - |
| 5 | Form AK | 41 | 1,382,700.900 |
| 6 | Form AJ | 14 | 227,509.610 |
| 7 | Form AI | 20 | 659,520.300 |
| 8 | Form AANZ | 1 | 10,514.000 |
| 9 | Form DFTP | - | - |
| Grand Total | | 405 | 17,353,934.562 |

## ရော်ဘာ

### မလေးရှားနဲ့ စင်ကာပူနိုင်ငံသို့ ရော်ဘာတန် ၉၇၀ ကျော်တင်ပို့

မေလ ၃ ရက်မှ ၉ ရက်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၂၄၉ သန်းဖိုးရှိရော်ဘာအဆင့်စုံ ၉၇၄ တန်ကျော်ကို မလေးရှားနိုင်ငံနဲ့ စင်ကာပူနိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS-3 တန် ၃၈၀၊ MSR-20 တန် ၈၀ နဲ့ MSR-50 တန် ၂၀ တင်ပို့ခဲ့ပြီး စင်ကာပူနိုင်ငံသို့ RSS-3 တန် ၂၁၀နဲ့ MSR-20 ၂၈၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း တန် ၉၈၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေးအတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးဟာလည်း မပြောင်းလဲဘဲ ယခင်တစ်ပတ်ဈေးအတိုင်း ရှိနေတယ်လို့ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရှိရပါတယ်။ အသင်းမှထုတ်ပြန်ထားသော ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၄၅၀-၁၅၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၄၀၀-၁၅၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၅၀-၁၄၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၀၀-၁၄၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၅၀-၁၃၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၅၀-၁၄၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၀၀-၁၄၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၀၀-၁၃၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၅၀-၁၂၅၀** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၅၀-၁၁၅၀** |

**ယဉ်ယဉ်အေး MIRT**

## ရော်ဘာဈေး အနည်းငယ်တက်ရိပ်ပြ

ကုန်သွယ်ရေးစခန်းဖြစ်တဲ့ မူဆယ် (၁၀၅)မိုင်မှ မေလ ပထမပတ်အတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၈၄၆ သန်းဖိုးရှိ ရော်ဘာ ၁၃၆၄ တန်ကို တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၁၂၆ တန် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့တဲ့ ရော်ဘာအဆင့်တွေကတော့ ရော်ဘာ RSS-3 ၁၁၀၃ တန်၊ RSS-5 ၈၂ တန်၊ MSR -20 ၁၁၄ တန်၊ MSR 50 ၆၆ တန်ဖြစ်ပါတယ်။ ယခင်တစ်ပစ်ပတ်က တင်ပို့ခဲ့တဲ့ ချင်းရွှေဟော်စခန်းမှ ယခုတစ်ပတ်မှာ တင်ပို့မှုမရှိခဲ့ပါဘူး။မြိတ်ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ သုည ဒသမ ၁၂၅ သန်းဖိုးရှိ MSR -20 တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ ရော်ဘာဈေး အနည်းငယ်တက်လာကြောင်းသိရှိရပါတယ်။ RSS-3 တစ်တန်လျှင် ယခင်တစ်ပတ်က ၁၄၆၉၈၂၆ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၄၉၅၈၄၁ ကျပ်သို့ ဈေးတက်လာတာဖြစ်ပါတယ်။ **ယဉ်ယဉ်အေးMIRT**

## ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် အိန္ဒိယရော်ဘာဈေးနှုန်းကျဆင်း



အဓိကအားဖြင့် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ကေရာလပြည်နယ်ရဲ့ရော်ဘာဈေးနှုန်းတွေက ကျဆင်းခဲ့ကြောင်း နယူးအိန္ဒိယန်းအိပ်စ်ပရက်သတင်းမှာ ဖော်ပြပါတယ်။ ဒီအကျပ်အတည်းက နောက်ထပ်သုံးလေးနှစ် ကြာတဲ့အထိ ဆက်လက်ဖြစ်ပွားဦးမယ်လို့ ငါးလုပ်ငန်းနဲ့ အဏ္ဏဝါလေ့လာရေး ကေရာလတက္ကသိုလ်(KUFOS)မှာကျင်းပတဲ့ "ကေရာလပြည်နယ်ငွေဖြစ် သီးနှံစိုက်ပျိုးမှုလုပ်ငန်းတိုးတက်မှုများ" ဆိုတဲ့ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

ရော်ဘာကဏ္ဍတိုးတက်မှုက မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းနဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။ ဒီကဏ္ဍကလည်း ကမ္ဘာ့စီးပွားရေး နှေးကွေးကျဆင်းမှုကြောင့် အကျပ်အတည်းနဲ့ ရင်ဆိုင်နေရပါတယ်။ ရာသီဥတုဆိုးရွားမှုနဲ့ အပူချိန်မြင့်တက်မှုတွေက ရော်ဘာထုတ်လုပ်မှုကို ဆိုးဝါးစွာထိခိုက်စေခဲ့ပါတယ်လို့ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာတဲ့ ကျွမ်း ကျင်သူကထောက်ပြပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကို အစားအစာသိပ္ပံနဲ့ နည်းပညာ၊ KUFOS နဲ့ ကေရာလသိပ္ပံ၊ နည်းပညာနဲ့ သဘာဝပတ်ဝန်းကျင်ရေးရာပြည်နယ်ကောင်စီတို့က ဦးစီးကျင်းပပေးတာဖြစ်ပါတယ်။

ရော်ဘာကဏ္ဍမှာ ရော်ဘာစေး ထုတ်ယူသူတွေ အလွန်အမင်းရှားပါးတဲ့ပြဿနာနဲ့ တွေ့ကြုံနေရပြီး ဒီကဏ္ဍမှာ လူငယ်လူရွယ်တွေပါဝင်လာဖို့ ဆွဲဆောင်နိုင်အောင် ကြိုးပမ်းသွားဖို့ အဆိုပြုထားပါတယ်။

ကြွေးကြော်သံတွေ အော်ဟစ်နေရုံနဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်မှာ မဟုတ်ကြောင်း၊ တကယ်စစ်မှန်တဲ့ ချဉ်းကပ်ဖြေရှင်းနည်းက ဒီကဏ္ဍက ရင်ဆိုင် နေရတဲ့စိန်ခေါ်မှုတွေကို ဖြေရှင်းဖို့လိုကြောင်းနဲ့ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားအပြီးမှာ ပါလီမန်ကိုယ်စားလှယ်ကေဗွီ သောမတ်စ်က ပြောပါတယ်။ သီးနှံအမျိုးမျိုးကနေ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်တဲ့ အရည်အသွေးကို မြှင့် တင်နိုင်ဖို့ စည်းမျဉ်းစည်းကမ်းတွေလိုကြောင်းလည်း သူကထပ်မံပြောကြားပါတယ်။

ကမ္ဘာ့ဈေးကွက်မှာ ပြင်းပြင်းထန်ထန်ရင်ဆိုင်ရမယ့် ယှဉ်ပြိုင်မှုတွေကိုထိန်းနိုင်ဖို့အတွက် အရည်အသွေးကိုအဆင့်တိုင်းမှာ တိတိကျကျထိန်းဖို့လိုကြောင်း သူကပြောပါတယ်။
**ဉာဏ်တင်**

# ၂၀၁၅ ခုနှစ် ဧပြီနှင့် မေလအတွင်း ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးသိသာစွာပိုမိုမြင့်တက်လာ

ကျော်မြင့်



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ခုနှစ် စာရင်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မတ်ပဲဧက ၂ ဒသမ ၇၃ သန်းစိုက်ပျိုးကြောင်း သိရှိရသည်။ တစ်နိုင်ငံ လုံးပဲမျိုးစုံ စုစုပေါင်းစိုက်ဧကမှာ ၁၁ သန်း နီးပါးရှိသဖြင့် မတ်ပဲစိုက်ဧကသည် တစ်နိုင်ငံလုံးပဲမျိုးစုံ စုစုပေါင်း စိုက်ဧက ၏ ၂၅ ရာခိုင်နှုန်း ခန့်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ဧက ၁ ဒသမ ၉ သိန်းအများဆုံးစိုက်ပျိုးကြောင်း သိရှိရ သည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသ ဧရာဝတီတိုင်းဒေသကြီးသည် မတ်ပဲကို ဧကတစ်သန်းကျော်စိုက်ပျိုးသည်။ မိုးစပါးရိတ်သိမ်းအပြီး မတ်ပဲစတင်စိုက်ပျိုးချိန်မှာ ဆောင်းရာသီကာလ နိုဝင်ဘာနှင့် ဒီဇင်ဘာလဖြစ်သည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် စိုက်ပျိုးသော မတ်ပဲသည် ဖေဖော်ဝါရီလတွင် မတ်ပဲအသစ် (New supplies) အဖြစ် ဈေး ကွက်သို့ စတင်ဝင်ရောက်သည့် ကာလဖြစ်သည်။ ပုံ-၁ကို လေ့လာ ကြည့်ရှုရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် မတ်ပဲ စိုက်ပျိုးသည့်ကာလဖြစ်ပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် အိန္ဒိယ နိုင်ငံတွင် စိုက်ပျိုးသော မတ်ပဲသည် မတ်ပဲအသစ်အဖြစ် (New supplies) အောက်တိုဘာမှ နိုဝင်ဘာလအတွင်း ရိတ်သိမ်းထွက်ရှိ သည့် ကာလဖြစ်သည်။ ပုံ-၁ ကိုကြည့်ရှုရန် ဖြစ်ပါသည်။

ပုံ-၁။ မြန်မာနိုင်ငံအောက်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံတွင် မတ်ပဲစိုက်ချိန်နှင့် ရိတ်သိမ်းချိန် နှိုင်းယှဉ်မှု

| May | J | J | A | S | O | N | D | J | F |
|---|---|---|---|---|---|---|---|---|---|
| **Black gram (Lower Myanmar)** | | | | | | | | | |
| | | | | | | **S** | **S/G** | **G** | **H** |
| **India **** | | | | | | | | | |
| | | **S** | **G** | **G** | **H(Oct-Nov)** | | | | |

**www.myiris-commoditywatch

**မတ်ပဲတင်ပို့ရောင်းချမှု။** ကောမတ်စ်စီးပွားရေးသတင်းဂျာနယ် အတွဲ.၁၅၊ အမှတ် ၁၆ အရ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၅ ရက်နေ့ထိ မတ်ပဲတန်ချိန် ၄၁၅၆၃ တင်ပို့ပြီးဖြစ်ကြောင်း သိရှိရသည်။ ပြည်ပတင်ပို့ရောင်းချသူများသည် မတ်ပဲအဓိကစိုက်ပျိုးထွက်ရှိရာဒေသများမှ မတ်ပဲကို ရန်ကုန်သို့သယ်ယူပြီး ရန်ကုန်မှ ပင်လယ်ရေကြောင်းဖြင့် အိန္ဒိယနိုင်ငံသို့ အဓိက တင်ပို့ရောင်းချကြသည်။

ပုံ-၂။ ရန်ကုန်တွင်မတ်ပဲ (RC) အပတ်စဉ် ပျမ်းမျှဈေးပြောင်းလဲမှု(၂၀၁၅ ခုနှစ်)




ပုံ-၃။ မွမ်ဘိုင်းတွင် မြန်မာ့မတ်ပဲ အပတ်စဉ်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၅ ခုနှစ်)




ဇာစ်မြစ်။ (price data source): www.etrademyanmar.com

မွမ်ဘိုင်းတွင် မြန်မာ့မတ်ပဲဈေးသည် ၂၀၁၅ ခုနှစ် ဧပြီလမှ မေလထိ ဆက်တိုက် သိသာစွာဈေးမြင့်လာခဲ့သောကြောင့် ရန်ကုန်မတ်ပဲဈေးသည်လည်း အလားတူ ဖြစ်ပေါ်ခဲ့သည်။ ပုံ-၂ နှင့် ပုံ-၃ ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ မွမ်ဘိုင်းနှင့် ရန်ကုန်တွင် မတ်ပဲဈေးသည် အတက်ဘက်သို့ ဦးတည် (Upward trend) လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

မတ်ပဲစိုက်သည့်လယ်သမားသည် မိမိတို့မတ်ပဲကို သကြံန်ကာလပြီးမှ ရောင်းချလျှင် ဈေးအမြင့်နှင့် ကြုံတွေ့ရမည်ဖြစ်သဖြင့် စီးပွားရေးတွက်ချေကိုက်မှု ပိုမိုကောင်းမွန်မည့် အခြေအနေဖြစ်ပါသည်။

ပြည်တွင်းဈေးကွက်တွင် ၂၀၁၅ ခုနှစ် မေလပထမပတ်မတ်ပဲဈေးကို အချိန်တူကာလ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၀ မှ ၅၀ ရာခိုင်နှုန်းထိဈေး ပိုမြင့်လာသည်ကို စီစစ်ရရှိပါသည်။ မွမ်ဘိုင်းတွင် ၂၀၁၅ ခုနှစ် မေလပထမပတ် မြန်မာ့မတ်ပဲဈေး သည်ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်အချိန်တူကာလထက် ၅၇ ရာခိုင်နှုန်း ဈေးပိုမြင့်လာခဲ့ပြီး ၂၀၁၅ ခုနှစ် မေလပထမပတ် ရန်ကုန်မတ်ပဲဈေးသည် အချိန်တူကာလ ၂၀၁၄ ခုနှစ်ထက် ၄၆ ရာခိုင်နှုန်းဈေးပိုမြင့်လာခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ယင်း အချက်ကိုပေါ်လွင်စေရန် ဇယား-၁ (အောက်ဆုံး) တွင် ဖော်ပြထားသည့်ဇယားကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

ပုံ-၄။ ရန်ကုန်မတ်ပဲအပတ်စဉ်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅)




ပုံ-၅။ မွမ်ဘိုင်းမြန်မာ့မတ်ပဲအပတ်စဉ်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅)




ဇာစ်မြစ်။ www.etrademyanmar.com

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မေလပထမပတ်ထိ မတ်ပဲဈေးသည် ပြီးခဲ့သည့် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်ဈေးပြောင်းလဲမှု (price movement) အထက်တွင်သာ ရှိခဲ့သဖြင့် ၂၀၁၅ ခုနှစ်သည် လက်ရှိအခြေအနေတွင် မတ်ပဲဈေးကောင်းသည့် အခြေအနေတွင်ရှိကြောင်း စိစစ်သုံးသပ်ရရှိပါသည်။

Reference: Agricultural price analysis and forecasting, John W. Goodwin, university professor, University of Arkansas

| ဇယား-၁။ဈေးကွက်အလိုက် မတ်ပဲ အချိန်တူကာလဈေး နှိုင်းယှဉ်ချက် | | | | |
|---|---|---|---|---|
| ကုန်စည်ဒိုင် | မတ်ပဲအရည်အသွေး | ၂၀၁၄ယခုတစ်ပတ် ပျမ်းမျှဈေး | ၂၀၁၅ယခုတစ်ပတ် ပျမ်းမျှဈေး | ယခုတစ်ပတ် ပျမ်းမျှဈေး >၂၀၁၄ |
| | | (USD per tonne) | | (%) |
| မုံရွာ | RQ | ၆၉၂ | ၁၀၄၁ | ၅၀ |
| မန္တလေး | RQ | ၇၄၅ | ၁၀၆၆ | ၄၃ |
| ပြည် | RQ | ၇၇၁ | ၁၀၈၃ | ၄၀ |
| ဟသ်ာတ | RQ | ၇၇၂ | ၁၀၈၇ | ၄၀ |
| ရန်ကုန် | RC | ၇၈၀ | ၁၁၃၉ | ၄၆ |
| မွမ်ဘိုင်း | FAQ | ၈၂၀ | ၁၂၉၆ | ၅၇ |

# စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို စားသုံးသူရော ထုတ်လုပ်သူလုပ်ငန်းရှင်များပါ သိရှိလိုက်နာရန် လိုအပ်

စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကိုထိရောက်စွာအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတကာအကောင်းဆုံး အလေ့အထများကို လေ့လာခြင်း ဆိုင်ရာဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဆူးလေ ရှန်ဂရီလာဟိုတယ်တွင် မေလ ၇ ရက်နဲ့ ၈ ရက်နေ့များမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးမှာ ပါဝင်ဆွေးနွေးချက်များကို မေလ ၁၁ ရက်နေ့ထုတ် Commerce Journal အတွဲ(၁၅) အမှတ်(၁၇) မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။

အခုဆက်လက်ပြီး ဖော်ပြချင်တာကတော့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေဟာ စားသုံးသူအတွက်သာမကဘဲ ကုန်စည်ထုတ်လုပ်သူများအတွက်ပါ ပါဝင်ပြဋ္ဌာန်းထားတဲ့အတွက် စားသုံးသူရော ထုတ်လုပ်သူပါ ဥပဒေကို သိရှိလိုက်နာရန် လိုအပ်တယ်ဆိုတာပါပဲ၊ စားသုံးသူဆိုရာမှာလည်း စားသောက်ကုန်သာမက ဝန်ဆောင်မှုလုပ်ငန်းတွေဖြစ်တဲ့ အသုံးအဆောင်ပစ္စည်းတွေကို သုံးစွဲခြင်းလည်းပါဝင်ပါတယ်။ စားသုံးသူအကာအကွယ်ပေးရေး ဆိုတာကတော့ အဲဒီစားသောက်ကုန်တွေ ကုန်စည်တွေနဲ့ ဝန်ဆောင်မှုတွေဟာ စားသုံးသူကို ဥပဒေဆိုင်ရာ အကာအကွယ်ပေးတာကို ဆိုလိုပါတယ်။ ဒီအချက်ဟာ စားသုံးသူကို ကျန်းမာရေးနဲ့ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးတာဖြစ်ပါတယ်။ အစားအသောက် အသုံးအဆောင်ပစ္စည်းတွေကလည်း ပြည်တွင်းမှ ထုတ်လုပ်တဲ့ပစ္စည်းတွေရှိသလို ပြည်ပမှ တင်သွင်းတဲ့ပစ္စည်းများ လည်းရှိပါတယ်။ အများအားဖြင့်တော့ ပြည်ပမှ တင်သွင်းတဲ့ပစ္စည်းတွေကိုသာ အားထားသုံးစွဲနေကြတာ များပါတယ်။ ပြည်တွင်းဖြစ်ကိုဖြစ်စေ၊ နိုင်ငံခြားဖြစ်ကိုဖြစ်စေ သုံးစွဲကြရာမှာ စားသုံးသူများအနေနဲ့ရော ထုတ်လုပ်သူများအနေနဲ့ပါ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို သိရှိနားလည်ထားရန်လိုအပ်ပါတယ်။ ဒီဥပဒေ ပေါ်ပေါက်လာပြီးတဲ့ နောက်ပိုင်းမှာ ရှေ့ဆက်ပြီး ဒီဥပဒေနဲ့ပဲ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အခုဆိုရင် ဒီဥပဒေကို ပြည်သူများသိရှိအောင် အစိုးရဌာနများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ NGO များမှ ပညာပေး အစီအစဉ်များ၊ ဟောပြောပွဲများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ပြုလုပ်နေပြီဖြစ်ပါတယ်။ စားသုံးသူကို ကာကွယ်တယ်ဆိုကတည်းက ထုတ်လုပ်သူက စားသုံးသူအန္တရာယ်မရှိအောင် ထုတ်လုပ်ရတော့မှာဖြစ်ပါတယ်။ (ဥပမာ-ပလတ်စတစ်ရေသန့်ဘူးများ ဈေးကွက်အတွင်း ဖြန့်ဖြူးခြင်းကို အကာအရံမဲ့ ကားများပေါ်မှာတင်ပြီး နေပူထဲမှာ သယ်ဆောင်တာမျိုး၊ မြေပဲဆီစစ်စစ် မဟုတ်ပါဘဲ မြေပဲဆီတံဆိပ်ကပ်ပြီး ရောင်းတာမျိုး) အဲဒါတွေကို ဒီဥပဒေထဲမှာ ပါဝင်မှု ရှိ/မရှိ သက်ဆိုင်ရာ ဥပဒေနဲ့အညီ အရေးယူလို့ရ၊ မရ သိဖို့လိုပါတယ်။ ဆန်ဆိုလည်း Rice Product Brand နဲ့ရမရ။ ဒီဥပဒေတွေက တစ်ခုနဲ့တစ်ခု ဆက်စပ်ချိတ်ဆက်နေတာဖြစ်ပါတယ်။

ဒါပေမယ့်လည်း စားသုံးသူတွေက မိမိသုံးတဲ့ပစ္စည်းသန့် မသန့်၊ စစ် မစစ် မစိစစ်နိုင်တော့ဘဲ၊ ကြိုက်နှစ်သက်တဲ့ပစ္စည်းကို အဆင်ပြေတဲ့ဈေးနှုန်းနဲ့ ဝယ်ယူသုံးစွဲနေကြပါတယ်။ ဒါ့ပြင် စားသုံးသူတွေဟာ ကုန်ပစ္စည်းရဲ့ သန့်ရှင်းမှုထက် ဈေးနှုန်းကိုအဓိကထားပြီး ဝယ်ယူနေကြတာကိုလည်း အခြေခံလူတန်းစားတစ်ရပ်အတွင်းမှာ မြင်တွေ့နေရပါ တယ်။ စားသုံးသူတွေအနေနဲ့ မိမိပေးလိုက်ရတဲ့ ငွေကြေးတန်ဖိုးနဲ့ ထိုက်တန်တဲ့ ပစ္စည်းအရည်အသွေး၊ အရေအတွက်ကို ရဖို့လိုအပ်ပါတယ်။ မိမိရရှိမယ့် အခွင့်အရေးတွေကို သိရှိဖို့လိုအပ်ပါတယ်။ စားသုံးသူတွေက အာမခံချက်ပါရှိတဲ့၊ လုံခြုံစိတ်ချရမှုရှိတဲ့၊ ဆိုးကျိုးတွေ ဖြစ်ပေါ်စေတဲ့၊ အကျိုးသက်ရောက်မှုတွေမရှိတဲ့ ကုန်စည်တွေကို လိုချင်ကြမှာပါ။ အဲဒါတွေကို ထုတ်လုပ်သူတွေက တာဝန်ယူဖို့ လိုအပ်ပါတယ်။ ဒါကြောင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းမှာ အားလုံးပါဝင်ကြရမှာပါ။ ဒါမှသာ နှစ်ဦးနှစ်ဖက် အကျိုးရှိမှာဖြစ်ပါတယ်။ နိုင်ငံတော်ကထုတ်ပြန်ထားတဲ့ ဥပဒေဟာ စားသုံးသူများ၊ လုပ်ငန်းရှင်များ၊ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ အားလုံးနဲ့သက်ဆိုင်ပါတယ်။ ရှေ့ဆက်ပြီး ပြည်သူကို မထိခိုက်ဖို့နဲ့ တစ်မျိုးသားလုံးနစ်မွန်းမယ့် ဘေးကကာကွယ်ခြင်းဖြစ်တဲ့အတွက် ဒီဥပဒေကို စားသုံးသူတွေရော ထုတ်လုပ်သူလုပ်ငန်းရှင်တွေပါ သိရှိလိုက်နာရန် အရေးကြီးလိုအပ်ပါ တယ်လို့ မေလ ၇ ရက်က ပြုလုပ်တဲ့ ဆွေးနွေးပွဲမှာ တက်ရောက်လာသူများက ဆွေးနွေးတင်ပြခဲ့တယ်လို့ သိရှိရပါတယ်။ **ယဉ်ယဉ်အေး MIRT**

## မွန်ပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်းများ အသုံးပြုမှုအသိပညာပေးဆွေးနွေးပွဲတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း






မွန်ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမမှာ မေလ ၉ ရက်က မွန်ပြည်နယ်အတွင်း ထိန်းချုပ်ဓာတုပစ္စည်းများနဲ့ ပတ်သက်တဲ့ အသိပညာပေးဆွေးနွေးပွဲအား ဆောင်ရွက်ခဲ့ရာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း၊ အတွင်းရေးမှူး ဒုရဲမှူးနိုင်ထန်းမနားတို့က ဓာတုပစ္စည်းများနဲ့ ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များ လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။ ကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်အောင်သွင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီးစီးမှု လုပ်ငန်းကော်မတီနှစ်ရပ်ဖြစ်တဲ့ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့ရဲ့ လုပ်ငန်းတာဝန်များအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ အခမ်းအနားသို့ တက်ရောက်လာသော လုပ်ငန်းရှင်တို့မှ မေးမြန်းချက်များအား ရှင်းလင်းဆွေးနွေးခြင်းတို့အား ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ မွန်ပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနဲ့ လုပ်ငန်းရှင် စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ကြပါတယ်။ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းဆက်စပ်လျက်ရှိသော ဌာနဆိုင်ရာများနဲ့ အတူပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများအား မွန်ပြည်နယ်စားသုံးသူရေးရာဌာန ဝန်ထမ်းများမှ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

**Consumer Mon**

## ဟင်္သာတမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး သင်တန်းဖွင့်လှစ်



ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနဲ့ ဝန်ထမ်းများသည် ဟင်္သာတခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရှိ ဝန်ထမ်း သင်တန်းသား ၃၅ ဦးအား ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှ ၁၂ ရက်နေ့ထိ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/ ၂၀၁၅) ဟင်္သာတမြို့မှာ သင်ကြားပို့ချခဲ့ပါတယ်။

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီး၊ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနဲ့ တိုင်းဦးစီးမှူး ဒေါက်တာပြည့်ဖြိုး၊ ဦးစီးအရာရှိ ဒေါက်တာမျိုးထွန်းကျော်တို့က အစားသောက်နဲ့ ဆေးဝါး များဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင် ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေများကိုလည်းကောင်း၊ သင်တန်းပို့ချ ခဲ့ပါတယ်။ မေလ ၁၂ ရက်နေ့နံနက်မှာ ဟင်္သာတမြို့ပေါ်ရှိ ပဒေသာဈေး၊ ဒွေးဝင်းဈေးနဲ့ အား/ကာဈေးအတွင်း ရောင်းချနေတဲ့ အစားအသောက်နဲ့ အလှကုန်ပစ္စည်းများတွင် စားသုံးသူများအတွက် အန္တရာယ်ရှိသော ဆိုးဆေးများ၊ ဓာတုဆေးဝါးများ သုံးစွဲထားခြင်းရှိ/မရှိဓာတ်ခွဲစစ်ဆေး၍ ပစ္စည်းနမူနာ ကောက်ခံခြင်းများ ပြုလုပ်ခဲ့ပြီး သင်တန်းသားများ လက်တွေ့ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

**မြင့်အောင် (ပုသိမ်)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီနှင့်USAIDတို့ပူးပေါင်းပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲ မန္တလေးမြို့တွင်ကျင်းပ




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ အမေရိကန်နိုင်ငံမှ USAID တို့ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အကောင်းအဆိုး အလေ့အထများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ Mandalay Hill Resort Hotel တွင် မေ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နဲ့ တာဝန်ရှိသူများ၊ အမေရိကန်နိုင်ငံ USAID မှ ပညာရှင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဥပဒေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများနဲ့ မီဒီယာများ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးလှမော်ဦးက စားသုံးသူများအား ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝ၍ အာမခံချက်ပေးနိုင်သော ကုန်စည်နဲ့ဝန်ဆောင်မှုများရရှိစေရန် ရည်မှန်းချက် ၅ ရပ်ချမှတ်ပြီး၊ တိုင်းနဲ့ပြည်နယ်များတွင် ဝန်ထမ်းဖွဲ့စည်းပုံများထားရှိကာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို စီမံချက်များရေးဆွဲပြီး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့ဦးစီးဌာနမှ စားသုံးသူများအား အကာအကွယ်ပေးဆောင်ရွက်သွားမည့်အပိုင်းများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

အမေရိကန်နိုင်ငံ USAID စားသုံးသူအကာအကွယ်ပေးရေးပညာရှင်များမှ အမေရိကန်နိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားသော ဥပဒေများအကြောင်းကိုလည်းကောင်း၊ ပြည်သူလူထုအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာဖြန့်ဝေမှု လုပ်ငန်းစဉ်များနှင့် စားသုံးသူနစ်နာဆုံးရှုံးမှုများတိုင်တန်းလာမှုအပေါ် အငြင်းပွားမှုဖြေရှင်း ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များအားလည်းကောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

ၵင်းနောက် ဆွေးနွေးပွဲတက်ရောက်လာသူများက စားသုံးသူအကာအကွယ်ပေးရေးနှင့် ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်မှုများ၊ ကြော်ငြာလုပ်ငန်းများနှင့်ပတ်သက်၍ စားသုံးသူအကာအကွယ်ပေးမှုများ၊ ကုန်ပစ္စည်းများ အရည်အသွေးနှင့်စံချိန်စံညွှန်းစစ်ဆေးမှုများအပေါ် မေးမြန်းချက်များအား အမေရိကန်နိုင်ငံ USAID မှ ပညာရှင်များက ပြန်လည်ဖြေကြားခဲ့ပြီး အခမ်းအနားကို နေ့လယ် ၁၂ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရပါတယ်။

**တင်ချစ်ကောင်း-မန္တလေး**

## ထုတ်ကုန်ပစ္စည်းအချို့မှာ BPA ပါဝင်နေသဖြင့်ကျန်းမာရေးအတွက် သတိပေးချက်ကို ကုန်အမှတ်တံဆိပ်တွင် ဖော်ပြရန်လိုအပ်ကြောင်း ကယ်လီဖိုးနီးယားနိုင်ငံ သဘာဝအရင်းအမြစ်များ ကာကွယ်ရေးကောင်စီက ဆုံးဖြတ်

ကယ်လီဖိုးနီးယားဈေးကွက်အတွင်းဖြန့်ဖြူးသော ပလပ်စတစ်သောက်ရေသန့်ပုလင်းများ၊ စည်သွပ်ဘူးများနဲ့ အခြားအမယ်များမှာ BPA လို့ခေါ်ဝေါ်တဲ့ Bisphenol-A ဓာတုပစ္စည်းများပါဝင်နေတဲ့အတွက် ဈေးကွက်အတွင်းဖြန့်ဖြူးသော ပစ္စည်းများရဲ့ အမှတ်တံဆိပ် (Label) များမှာ အမျိုးသမီးများရဲ့ မျိုးပွားစနစ်များကို ထိခိုက်စေနိုင်ကြောင်း မကြာမီ ထုတ်ဖော်ကြေညာရမယ်လို့ ရိုက်တာသတင်းတစ်ပုဒ်မှာ ဖော်ပြထားပါတယ်။

အစိုးရကျွမ်းကျင်သူများနဲ့သိပ္ပံပညာရှင်များအကြား နှစ်ကာလအတန်ကြာကပင် အငြင်းပွားမှု ဖြစ်ပွားနေတဲ့ BPA နဲ့ ပတ်သက်ပြီး စားသုံးသူများအား ထိခိုက်စေကြောင်းကို မေလ ၇ ရက်နေ့က သိပ္ပံပညာရှင်များအဖွဲ့က ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။အဲဒီဆုံးဖြတ်ချက်ကို သဘာဝအရင်းအမြစ်များ ကာကွယ်ရေးကောင်စီ (Natural Resources Defence Council ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့လို့ ခေါ်ဝေါ်တဲ့ ပြည်သူ့ကျန်းမာရေးကို အကာအကွယ်ပေးရန် အရေးကြီး ဦးစားပေးဆောင်ရွက်မဲ့ အဖွဲ့ကလည်း ထောက်ခံလိုက်ပါတယ်။

BPA ပါဝင်မှုပမာဏ သတ်မှတ်ချက် မည်မျှထိပါဝင် လျှင် အမျိုးသမီးများရဲ့မျိုးပွားမှုစနစ်ကို ထိခိုက်စေကြောင်း ပြဋ္ဌာန်းရန်နဲ့ အဆိုပါပမာဏအောက်သာ BPA ပါဝင်မယ်ဆိုလျှင် ကုန်အမှတ်တံဆိပ်မှာ ဘေးအန္တရာယ်သင့်နိုင်ကြောင်း သတိပေးစာတန်းဖော်ပြပေးရန် မလိုအပ်ဘူးလို့သိရပါ တယ်။

၂၀၁၃ ခုနှစ်ထဲက စက်မှုဓာတုပစ္စည်းသုံးစွဲသူများအုပ် စုနဲ့ BPA အနေနဲ့ ဘေးဥပဒ်ဖြစ်စေသော ဓာတုပစ္စည်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ရန် ကြိုးပမ်းခဲ့ကြတာ ဖြစ်ပါတယ်။

**မယ်စားသုံး**

# ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မန္တလေးမြို့ပေါ်ရှိ ဈေးကြီးများသို့ Mobile Lab Van ဖြင့် ကွင်းဆင်းစစ်ဆေး

လူတို့နေ့စဉ် စားသောက်နေသော အစားအသောက်များတွင် အရောင်ဆိုးဆေး အမျိုးမျိုးပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ခွင့်မပြုဆိုးဆေးပါဝင်သော အစားအသောက်များအား စားသုံးခြင်း၊ ခွင့်ပြုဆိုးဆေးပါဝင်သင့်သော ပမာဏထက် သုံးစွဲထားသော အစားအသောက်များအား စားသုံးခြင်းဖြင့် ခန္ဓာကိုယ်ကြီးထွားမှု နှေးကွေးခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနည်းခြင်း၊ အသည်းကင်ဆာ၊ အစာအိမ်အူလမ်းကြောင်း ကင်ဆာများဖြစ်ပွားနိုင်ပါသည်။ အစားအသောက်များ၌ အသုံးပြုသော ခွင့်ပြုဆိုးဆေးတွင် သဘာဝဆိုးဆေးနှင့် ဓါတုဆိုးဆေးဟူ၍ နှစ်မျိုးခွဲခြားထားကြောင်းတွေ့ရှိရပါသည်။သဘာဝဆိုးဆေးမှာ သစ်ဥ၊ သစ်ဖုများဖြင့်ပြုလုပ်ထားသောကြောင့် အရောင်မှာသဘာဝအရောင်ဖြစ်ခြင်း၊ တာရှည်မခံခြင်းနှင့် ကုန်ကျစရိတ်များကြောင်းတွေ့ရှိရပြီး ဓါတုဆိုးဆေးမှာ ကုန်ကျစရိတ်သက်သာ၍ အရောင်လှပြီး တာရှည်ခံသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အန္တရာယ်ကြီးမားသော ဓါတုဆိုးဆေးကို အတိုင်းအတာထက် ကျော်လွန်သုံးစွဲလာကြပြီး အစားအသောက်တာရှည်ခံ ဓါတုပစ္စည်းများကိုလည်း သုံးစွဲလာကြပါသည်။



ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဦးစီးမှူးရုံးအနေဖြင့် ပြည်သူလူထုအတွင်း နေ့စဉ်စားသောက်နေသော အစားအသောက်များနှင့်ပတ်သက်၍ ဥပဒေအရအကာ အကွယ်ပေးခြင်း ကုန်ထုတ် စက်ရုံများ၊ စတိုးဆိုင်ကြီးများ၊ဈေးများသို့ကွင်းဆင်းစစ်ဆေးခြင်း၊ လူထုနှင့် တိုက်ရိုက်ထိတွေ့၍ အသိပညာဗဟုသုတပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီဒီယာများမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး၊ ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ မန္တလေးရုံးခွဲ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ဖြင့် ပူးပေါင်းပြီး မန္တလေးမြို့ပေါ်ရှိဈေးကြီးများသို့ ၂၀၁၅ ခုနှစ်၊မေလ ၄ ရက်မှ ၈ ရက်နေ့အထိ ၅ ရက် ဆက်တိုက် ကွင်းဆင်း၍ ဈေးအတွင်း မှ အစားအသောက်ပစ္စည်းများအား နမူနာကောက်ယူ၍ Mobile Lab Van ဖြင့် ဓါတ်ခွဲစမ်းသပ်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မျိုးထွန်း-မန္တလေး**

■

## ကမ္ဘောဒီးယားဆေးဝါးနှင့် ဆေးထုတ်လုပ်ရေးဆိုင်ရာ ကုန်စည်ပြပွဲတွင် ပါဝင်ပြသလိုသူများ စာရင်းပေးသွင်းနိုင်

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင်ကျင်းပမည့် ကမ္ဘောဒီးယားဆေးဝါးနှင့်ဆေးထုတ်လုပ်ရေးဆိုင်ရာကုန်စည်ပြပွဲ (Cambodia Phar-Med 2015) ကို စက်တင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ လိုက်ပါပြသလိုသူများ၊ လေ့လာလိုသူများသည် ပြပွဲကို ဦးဆောင်ကျင်းပသည့် Minh Vi Exhibition Co., Ltd. သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပြပွဲတွင် ဆွေးနွေးဟောပြောပွဲများ၊ စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ဝင်ရောက်ပြသလိုပါက တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၂၈၀ နှုန်းဖြင့်ပြသနိုင်ကြောင်း သိရသည်။ အဆိုပါပြပွဲ၏ ဆွေးနွေးပွဲများတွင် ဝင်ရောက်ဆွေးနွေးလိုပါက ၄၅ မိနစ် Slot တစ်ခုစာအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် တိုင်းပြည်၏အချိုးကျဝင်ငွေမှာ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ၅ဘီလီယံရှိခဲ့ကြောင်း၊ ထို့ပြင်အမျိုးသားကျန်းမာရေးအသုံးစရိတ်မှာလည်း တိုးတက်လျက်ရှိရာ ၂၀၁၃ ခုနှစ်က ထုတ်ပြန်ချက်များအရ တစ်ဦးချင်းအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၆၀ ရှိလာကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း ကျန်းမာရေးဆိုင်ရာ ကုသမှုဈေးကွက်အတွင်း အသုံးစရိတ် ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရှိလာနိုင်ပြီး ဆေးဝါးဈေးကွက်အတွင်း အသုံးပြုမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၁၀ အထိရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်။ ထို့ပြင် ဆေးရုံများကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိရာ ၂၀၁၃ခုနှစ်တွင် ဆေးရုံပေါင်း၅၇ ရုံရှိရာမှ ၂၀၁၄ခုနှစ်တွင် ဆေးရုံပေါင်း ၆၈ ရုံအထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။

**မယ်သီတာ**

## စလစ်ဈေးနှင့် ကားဈေးတန်း အနည်းငယ် မြင့်တက်လာ၍ အကွာရာနိမ့်ကားများ အဝယ်ရှိနေ

ရန်ကုန်မြို့ကားဈေးကွက်အတွင်း ယာဉ်ဟောင်းအပ်နှံစလစ်ဈေးများ ပြန်လည်မြင့်တက်နေပြီးအရောင်းအဝယ်မှာလည်းအသင့်အတင့်သာရှိနေကြောင်းသိရသည်။ မြို့တွင်း၌ ဖွင့်လှစ်ထားသော ကားအရောင်းစင်တာများနှင့် ကားပွဲစားတန်းများ၊ အခြား အရောင်းအဝယ်ပြုလုပ်သောနေရာများတွင် ကားများအမေးရှိသော်လည်း အသစ်တင်သွင်းထားသော (ဖရီးပါမစ်)ကားများအရောင်းနည်းကာ လတ်တလောအသုံးလိုသောသူများအနေဖြင့် စလစ်ကပ်ထားပြီးသောကားများသာ အဝယ်ရှိကြကြောင်းသိရသည်။

ယင်းသို့ဖြစ်လာရခြင်းမှာလည်း စက်မှုဇုန်ယာဉ်ဟောင်းများသက်တမ်း (၁၀) နှစ်ရှိမည်ဆိုသည့် ကန့်သတ်ချက်ဖြင့် မေလဆန်းတွင်ပြန်လည်အပ်နှံခွင့်ပြုခဲ့သဖြင့် ယခင်ကဲ့သို့ စက်မှုဇုန်ကားအစုံအပ်နှံခွင့် မရှိတော့ကြောင်း၊ (၁၀) နှစ်သက်တမ်းရှိကားများ ရှားပါးလာကာစက်မှုဇုန် (၁၀) နှစ်ကားဈေးနှုန်းနှင့် ဇုန်စလစ်တန်ဖိုးများလည်း တဖြည်းဖြည်းမြင့်တက်လာကြောင်း၊ ဆက်လက်၍ နှစ် ၂၀ သက်တမ်းရှိ "၃က" မှ စသည့်အကွာရာစုံကားဟောင်းများမှာလည်း မြင့်တက်လာပြီး ယခင်ကဈေးအနည်းဆုံးသာ သတ်မှတ်ခံရသည့်မီနီဆလွန်းဈေးသည်လည်း ယခင် ၃၈ သိန်း မှ ၄၆ သိန်းထိ ဖြစ်လာခဲ့ကြောင်း၊ ဆက်လက်၍ဤပုံစံအတိုင်းသာဆက်လက်အအပ်ခံမည်ဆိုပါက စလစ်ဈေးများ ယခုသိန်း ၆၀ စွန်းစွန်းရှိနေရာမှ ပိုမိုမြင့်တက်လာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းကိုမြင့်ကျော်မှ ပြောသည်။

စလစ်ဈေး မြင့်တက်နေသဖြင့် စလစ်ကပ်ပြီးနံပါတ်ထွက်ပြီးသားကားသာ ရွေးချယ်ဝယ်ယူမှုများရှိလာကြောင်း၊ ဖရီးပါမစ်ဖြင့်ဝင်လာသည့် အင်ဂျင်ပါဝါသေးကား ငယ်များကဏ္ဍတွင်လည်း ကားပါကင်နေရာပြသရပြီး ယင်း၏ငှားရမ်းမှုပေါက်ဈေးမှာလည်း တဖြည်းဖြည်းမြင့်တက်လာကာနှစ်ဦးပိုင်းကပေါက်ဈေးထက် နှစ်ဆခန့်ဖြစ်လာသဖြင့် စရိတ်များပေါင်းလိုက်ပါကဈေးမကိုက်တော့ဘဲရောင်းမည့်လူကလည်း ဈေးနှိမ့်ချမရောင်းနိုင်သဖြင့် ကားလေးများ အသွင်းနည်းသွားသလို၊ အဝယ်လည်းနည်းသွားကြောင်း လိုအပ်၍ဝယ်စီးသူများမှာလည်းအဆင်သင့်ဝယ်ယူနိုင်သည့် အကွာရာ တစ်တန်းနိမ့်၊ နှစ်တန်းနိမ့်ကားများအား ၁၀ သိန်း ၁၅ သိန်း အကွာဖြင့် ဝယ်ယူစီးနင်းကြသဖြင့် နံပတ်နိမ့်ဈေးကွက် ရောင်းအားရှိလာကြောင်း ၎င်းမှပြောသည်။

လတ်တလောအခြေအနေမှာ နိုင်ငံခြားငွေ(ဒေါ်လာ) တန်ဖိုး မြင့်တက်နေသည့်အတွက် ကားတစ်စီးချင်းတန်ဖိုးလည်း မြင့်တက်လာကာပြည်ပမှ သယ်ယူမှုစရိတ် သည်လည်းလိုက်လံမြင့်တက်လာသဖြင့် ကားတင်သွင်းမှုဆက်လက်လျော့ကျနိုင်ပြီး ပြည်တွင်းရောက်ရှိပြီးကားများဈေးမှန်ဖြင့် အရောင်းအဝယ်ဖြစ်လာနိုင်ကြောင်း ဝါရင့်ယာဉ်အကျိုးဆောင်များမှ သုံးသပ်ပြသည်။

**SN**



## Kempinski ဟိုတယ်နေပြည်တော်မှ တစ်ညတည်းခိုစရိတ် အမေရိကန်ဒေါ်လာ ငါးထောင်တန်ကြေးရှိသည့်အခန်းကို မိတ်ဆက်

Kempinski ဟိုတယ်နေပြည်တော်မှ ဈေးနှုန်းအမြင့်ဆုံးနှင့် အခမ်းနားဆုံးဖြစ်သည့် Grand Royal Suite အခန်းများကို အများပြည်သူသို့ မိတ်ဆက်ပေးလိုက်ကြောင်း သိရသည်။

အဆိုပါ Grand Royal Suite အခန်းတွင် တစ်ရက်တည်းခိုနေထိုင်ပါက အမေရိကန်ဒေါ်လာ ၃၂၅၅ ကျသင့်မည်ဖြစ်ကြောင်း Kempinski ဟိုတယ် နေပြည်တော်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ယင်းဈေးနှုန်းမှာ မြန်မာ့နှစ်သစ်ကူးကာလအတွက် အထူးဈေးနှုန်းဖြစ်ပြီး ယခုလကုန်အထိ တည်းခိုနေထိုင်နိုင်မည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဇွန်လဆန်းမှစတင်ကာ အဆိုပါအခန်းအား တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ ဖြင့် တည်းခိုနေထိုင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်း Grand Royal Suite အခန်းသည် ဟိုတယ်ကြီးတစ်လုံးအတွင်းမှ ဟိုတယ်အသေးကလေးအတွင်း တည်းခိုနေထိုင်နိုင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း အဆိုပါဟိုတယ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအခန်းတွင် အိပ်ခန်းကျယ် နှစ်ခန်း၊ အီတလီဆပ်ပြာနှင့် jaccuzzi- bathtub ဖြင့် ပြင်ဆင်ထားသည့်ရေချိုးခန်း၊ ကလေးထိန်းအခန်း၊ သက်တော် စောင့်များအတွက်နားနေခန်း၊ သီးသန့် ဧည့်ခန်း၊ ထမင်းစားခန်း၊ အစည်းအဝေးခန်းများနှင့် မီဒီယာများနှင့်တွေ့ဆုံကာ အစည်းအဝေးပြုလုပ်နိုင်သည့် အခန်းများကိုပါ တစ်စုတစ်စည်းတည်း ဖန်တီးထားသည်ဟု ဆိုသည်။

ထို့ကြောင့် အဆိုပါအခန်းတွင် တည်းခိုနေထိုင်သူများမှာ အပြင်သို့ ထွက်ရန်မလိုဘဲ သီးသန့်ဟိုတယ်ခန်းထဲတွင် လိုအပ်သည့် ဝန်ဆောင်မှုအားလုံးကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါအထူးခန်းတွင် တည်းခိုနေထိုင်စဉ် အတွင်းကိုယ်ပိုင် ရေကူးကန်၊ ကိုယ်ပိုင်ခေတ်မီအားကစားပစ္စည်းများထည့်သွင်းထားသည့် အားကစားခန်းမနှင့် ရေကူးကန်အနီးတွင် စိတ်အေးချမ်းသာစွာ အနားယူနိုင်မည့် Spa ကိုလည်း ဖြည့်ဆည်းပေးထားကြောင်း သိရသည်။

အဆိုပါ အထူးဈေးနှုန်း အမေရိကန်ဒေါ်လာ ၅၀၀၀ တွင် သီးသန့်ဟိုတယ်ဝန်ထမ်း၊ ရှန်ပိန်ဝန်ဆောင်မှု၊ Diplomatic Bar ၊ ကော့တေး၊ အမျိုးအစားပေါင်း ၁၀၀ ကျော်ပါဝင်သည့် ဥရောပစတိုင်နံနက်စာ သို့မဟုတ် အခန်းတွင်းနံနက်စာဝန်ဆောင်မှု၊ BMW ဇိမ်ခံကားဖြင့် လေဆိပ်သို့ လိုက်ပါပို့ဆောင်သည့် ဝန်ဆောင်မှု၊နေပြည်တော်ဒေသကီလို ၄၀ အတွင်း BMW ဇိမ်ခံကားဖြင့် လိုက်ပါပို့ဆောင်ပေးသည့် ဝန်ဆောင်မှုများအပြင်Bar Snack နှင့် Mini Bar တို့လည်း ပါဝင်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"အစည်းအဝေးတွေ ပြုလုပ်တာပဲဖြစ်ဖြစ်၊ မိသားစုနဲ့ အပန်းဖြေချိန်ပဲဖြစ်ဖြစ်၊ Grand Royal Suite မှာနားနေစဉ် သင့်ဘဝမှာ မမေ့နိုင်ဆုံး အခမ်းနားဆုံး ဇိမ်ခံမှုတွေကို ခံစားနိုင်တဲ့ ကိုယ်ပိုင်ပတ်ဝန်းကျင်မျိုးဖြစ်အောင် ဖန်တီးပေးထားတာပါ။ သီးခြားအဆောက်အအုံတစ်ခုထဲမှာ ဟိုတယ်တစ်လုံးစာဝန်ဆောင်မှုတွေကို ကိုယ်ပိုင်အပန်းဖြေနိုင်အောင် ပံ့ပိုးပေးထားပါတယ်"ဟု Kempinski နေပြည်တော်၏ အထွေထွေမန်နေဂျာ Frank Droin က ပြောကြားခဲ့သည်။

**မယ်သီတာ**

### ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (2010) | ယာယီ | ၁၀၅ သိန်း | |
| ၂။ | ဖီလ်ဒါဗင် (2004) | ယာယီ | ၁၄၀ သိန်း | |
| ၃။ | အေဒီဗင် (2009) | ယာယီ | ၈၅ သိန်း | ၁.၃ ဓာတ်ဆီ |
| ၄။ | ကလူဂျာ (2004) | ယာယီ | ၂၄၅ သိန်း | |
| ၅။ | မတ်(ခ်)တူး (2003) | ယာယီ | ၁၆၅ သိန်း | ၂.၀ ဓာတ်ဆီ |
| ၆။ | တိုယိုတာကရောင်း (2004) | ယာယီ | ၂၈၀ သိန်း | ၃.၀ ဓာတ်ဆီ |
| ၇။ | မာဇဒါ/ဒီမီယို (2009) | ယာယီ | ၉၀ သိန်း | ၁.၃ ဓာတ်ဆီ |
| ၈။ | ပရိဘောက် (2009) | ယာယီ | ၁၁၀ သိန်း | ၁.၅ ဓာတ်ဆီ |
| ၉။ | အယ်ဖတ် (2002) | ယာယီ | ၂၃၀ သိန်း | ၂.၄ ဓာတ်ဆီ |

**SN**

### သွားနှင့်ခံတွင်းကျန်းမာရေးလအဖြစ် လှုပ်ရှားဆောင်ရွက်လျက်ရှိသည့်
### မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်များအသင်းမှ

# ဒေါက်တာသိန်းဝင်း(နှင်းစန္ဒာသွားဆေးခန်းပိုင်ရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း



မြန်မာနိုင်ငံတွင်သွားနှင့်ခံတွင်းကျန်းမာရေးလအဖြစ်မေလကိုသတ်မှတ်၍ကိုးလ်ဂိတ်သွားတိုက်ဆေးနှင့်မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်များအသင်းတို့ပူးပေါင်း ၍ ဆောင်ရွက်လျက်ရှိရာ သွားနှင့်ခံတွင်း၏အရေးကြီးပုံကို မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်များအသင်းမှ ဒေါက်တာသိန်းဝင်း(နှင်းစန္ဒာ သွားဆေးခန်း ပိုင်ရှင်)နှင့် တွေ့ဆုံမေးမြန်းထားချက်များအား ဖော်ပြပေးလိုက်ပါသည်။

မေး - မြန်မာနိုင်ငံမှာ သွားနှင့်ခံတွင်းကျန်းမာရေးပုံမှန်စစ်ဆေးဖို့ အခက်ခဲ အတားဆီးတွေဖြစ်စေတဲ့ အရာတွေကဘာတွေ ဖြစ်မယ်လို့ ထင်ပါသလဲဆရာ။

ဖြေ - အဓိကအကြောင်းအရင်းက ဆရာကြားတဲ့အတိုင်းပြောရရင် ဘာလို့လူတွေကပုံမှန်သွားနှင့်ခံတွင်းစစ်ဆေးဖို့ နှောင့်နှေးလဲ ဆိုရင် ကုန်ကျစရိတ်များတယ်လို့ဒါမှမဟုတ် လူတွေကသွား နှင့်ခံတွင်းစစ်ဆေးမှုမှာဘာတွေပါဝင်တယ် ဆိုတာမသိလို့ပါ။ အချို့ကတော့ ငွေရေးကြေးရေးနှင့် အချိန်အခက်ခဲကြောင့်လို့ အကြောင်းပြကြတယ်။ ဒါပေမဲ့ ပုံမှန် စစ်ဆေးမှုတစ်ခုဟာမိနစ် ၂၀လောက်ပဲရှိပြီးတော့ ကျပ် ၃၀၀၀ ကနေ ၅၀၀၀ ဝန်းကျင် လောက်ပဲကုန်ကျပါတယ်။ လူတွေကသူတို့ဆံပင်ပုံစံပြောင်း ဖို့၊ ဆံပင်အရောင်ပြောင်းဖို့တော့ ပိုက်ဆံကိုသုံးချင်ပေမဲ့ သွား စစ်တာကအဲ့ဒီထက် ဈေးချိုပြီးသူတို့ကျန်းမာရေးအတွက်ပို အရေးပါပေမဲ့ ပိုက်ဆံကိုအဲ့ဒါအတွက်မသုံးချင်ကြဘူး။

မေး - ဆရာ့လူနာတွေထဲမှာ အဖြစ်များဆုံးရောဂါတွေက ဘာ ရောဂါတွေဖြစ်မလဲ ဆရာ။

ဖြေ - လူနာ ၉၀ရာခိုင်နှုန်းကျော်လောက်ကတော့ သင့်တင့်တဲ့ သွား နှင့်ခံတွင်းကျန်းမာရေးဗဟုသုတမရှိတာကြောင့် သွားပိုးစား ရောဂါတို့ သွားဖုံးရောဂါတို့ဖြစ်တာများတယ်။ မြို့မှာရော တောမှာရောဖြစ်တဲ့ရောဂါတွေကအတူတူတွေပါ။ ဘာလို့လဲ ဆိုတော့ သွားနဲ့ခံတွင်းကျန်းမာရေးကိုဂရုစိုက်ဖို့ သင့်တင့်တဲ့ သွားနှင့်ခံတွင်းကျန်းမာရေးဗဟုသုတမရှိလို့ပါ။

မေး - ဘာကြောင့်ပုံမှန် သွားနှင့်ခံတွင်းစစ်ဆေးခြင်းကအရေးကြီး တာလဲဆရာ။

ဖြေ - လူတွေကသွားပုံမှန်တိုက်ရုံနဲ့လုံလောက်ပြီလို့ထင်နေတာ။ သွားနေ့တိုင်းတိုက်ရင် ကိုယ့်သွားတွေကပိုသန့်မယ်။ ဒါပေ မယ့် ကိုယ်ကိုယ်တိုင်မမြင်နိုင်တဲ့အရာတွေအများကြီးရှိသေး တယ်။ သွားဆရာဝန်ကသွားတွေ၊ သွားဖုံးတွေကို သေချာတဲ့ နည်းစနစ်တွေကိုသုံးပြီး စစ်ဆေးပေးနိုင်ပြီးတော့ ကိုယ့်သွားနဲ့ ခံတွင်းကျန်းမာရေးအခြေအနေကိုလည်းရှင်းပြပေးနိုင်တယ်။ အကယ်၍ သွားဆရာဝန်ဆီမှာပုံမှန်စစ်ဆေးမှုတွေမလုပ် ရင် အနာဂတ်မှာကြုံတွေ့လာရမယ့်ရောဂါ တွေကိုမကာကွယ် နိုင်တော့ဘဲမှန်ကန်အောင်လုပ်ဆောင်ဖို့နဲ့ ကုသဖို့ ခက်ခဲတာ တို့၊ နောက်ကျတာတို့ ဖြစ်လာနိုင်တယ်။

မေး - လူနာရဲ့ အထွေထွေကျန်းမာရေးနဲ့ သွားနဲ့ခံတွင်းကျန်းမာရေး က ဘယ်လောက်ထိဆက်စပ်မှုရှိပါ သလဲဆရာ။

ဖြေ - ဟုတ်ပါတယ်၊ အဲ့ဒါကအရမ်းကိုဆက်စပ်နေပါတယ်။ကိုက် တာတို့ ရောင်တာတို့လို ကိုယ့်ပါးစပ်ကတစ်ခုခုဖြစ်နေရင်၊ ဘာမှစားလို့မရသလို ဆက်စပ်ရောဂါတွေဖြစ်လာဖို့လည်း အလားအလာများပါတယ်။ ဆိုးရွားတဲ့ သွားနဲ့ခံတွင်းကျန်းမာ ရေးကတစ်ဆင့် ဆီးချိုရောဂါ၊ အစာအိမ်ရောဂါ၊ အသည်း ရောဂါနဲ့ ကျောက်ကပ်ရောဂါတွေဖြစ်နိုင်ပါတယ်။

မေး - မြန်မာပြည်သူတွေအတွက် သွားနဲ့ခံတွင်းကျန်းမာရေး စောင့် ရှောက်မှုနည်း လမ်းကောင်းအနေနဲ့ ဘာအကြံကောင်းတွေ များပေးနိုင်မလဲဆရာ။

ဖြေ - ကျွန်တော်တို့ သွားကျန်းမာရေးကိုထိန်းသိမ်းဖို့အကောင်း ဆုံးနည်းကတော့ ပုံမှန် သွားတိုက်ဖို့နဲ့ အစာစားပြီးတိုင်းပလုပ် ကျင်းတာပါပဲ။ ကျွန်တော့်အနေနဲ့တော့ တစ်နေကုန်နီးပါး သန့်ရှင်းနေအောင် တစ်နေ့ကို သုံးကြိမ်တိုက်ဖို့အကြံပြုချင် ပါတယ် (အစာစားပြီးတိုင်းတိုက်ရင် ပိုကောင်းပါတယ်)။

မေး - သွားနဲ့ခံတွင်းကျန်းမာရေးကိုဂရုမစိုက်ရင်အဖြစ်များတဲ့ ရောဂါ ဒါမှမဟုတ် ပြဿနာအချို့က ဘာတွေဖြစ်မလဲဆရာ။

ဖြေ - တကယ်လို့ သွားနဲ့ခံတွင်းကျန်းမာရေးကို သင့်တင့်လျောက် ပတ်အောင် ဂရုမစိုက်ရင်များသောအားဖြင့် သွားပိုးစား ရောဂါ၊ သွားဖုံးရောဂါနဲ့ အခြားနောက်ဆက်တွဲရောဂါတွေဖြစ် လာနိုင်ပါတယ်။

မေး - ဘယ်အသက်အရွယ်ကစပြီးသွားနဲ့ခံတွင်း ကျန်းမာရေးကို ဂရုစိုက်သင့်ပါလဲဆရာ။

ဖြေ - ကျွန်တော်တို့ ပုံမှန်သွားနှင့်ခံတွင်းစောင့်ရှောက်မှုကို စောနိုင် သမျှစောစော ပြုလုပ်သင့်ပါတယ်။ အသက်အား ဖြင့်အနည်း ဆုံး ၁ နှစ်ကစသင့်ပါတယ်။ အချို့လူတွေကငယ်သွားတွေက သိပ်အရေးမကြီးဘူးလို့ ထင်ပါတယ် ဘာလို့လဲဆိုတော့ ကြီးသွားထပ်ပေါက်မှာဖြစ်လို့ပါ။ ဒါပေမဲ့ ငယ်သွားကိုလည်း ဂရုစိုက်ဖို့လိုပါတယ်။ ကျွန်တော်တို့ ငယ်သွားကိုဂရုမစိုက်ရင် ကြီးသွားတွေကမမှန်မကန် အရုပ်ဆိုးဆိုးထွက်လာမှာပါ။ ကြီးသွားတွေအတွက်လည်းအထူးဂရုစိုက်ရပါမယ်။ဘာကြောင့် လည်းဆိုတော့ သွားတစ်ချောင်းပျက်စီးသွားရင်ပဲဖြစ်ဖြစ် ကျွတ်ထွက်သွားရင်ပဲဖြစ်ဖြစ် အဲ့ဒါကနောက်ထပ်မပေါက်နိုင် တော့ပါဘူး။ အဲ့ဒီအတွက် တစ်သက်လုံးကြာရှည်ခံဖို့လိုပါ တယ်။

မေး - သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုထုတ်ကုန်တွေကို ဘယ်လို ရွေးချယ်သင့်ပါလဲဆရာ။

ဖြေ - ကျွန်တော်တို့ဟာအရည်အသွေးကောင်းမွန်တဲ့ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု ထုတ်ကုန် တွေကိုရွေးချယ်သင့်ပါ တယ်။ဘာလို့လဲဆိုတော့ ဒါတွေက ကျွန်တော်တို့ခံတွင်း အတွက်အသုံးပြုမှာဖြစ်ပြီး အရမ်းလည်းအရေးကြီးပါတယ်။ သွားနဲ့ခံတွင်းဆရာဝန်တွေထောက်ခံတာတွေကိုသုံးသင့်ပါ တယ်။

မေး - တစ်နှစ်မှာဘယ်နှစ်ကြိမ်လောက် သွားနှင့်ခံတွင်းစစ်ဆေးသင့် တယ်လို့ အကြံပြုချင်ပါသလဲဆရာ။

ဖြေ - သွားပုံမှန်တိုက်ရုံနဲ့ သွားတွေက ၁၀၀ ရာခိုင်နှုန်းသန့်ရှင်း တယ်ကျန်းမာရေးနဲ့ညီညွတ်တယ်လို့ အာမမခံနိုင်ပါဘူး။ တစ်နှစ်အရွယ်ကလေးတောင် သုံးလတစ်ကြိမ် သွားနဲ့ခံတွင်း စစ်ဆေးဖို့လိုပါတယ်။ အရွယ်ရောက်ပြီးသူတွေအတွက် ကတော့ တစ်နှစ်ကိုအနည်းဆုံးနှစ်ကြိမ် စစ်ဆေးသင့်ပါတယ်။ များသောအားဖြင့်လူတွေကအရေးပေါ် မဖြစ်မချင်းသူတို့ သွားနဲ့ခံတွင်းကျန်းမာရေးကိုမစစ်ကြပါဘူး။ ဘာလို့လဲဆို တော့ မလိုအပ်ဘူးမတန်ဘူးလို့ ထင်နေလို့ပါ။

မေး - မိသားစုနဲ့ ကလေးငယ်တွေအတွက် သူတို့ ကလေးငယ်တွေ ရဲ့သွားကိုဂရုစိုက်ဖို့ အထူးအကြံပြုလိုတာများရှိပါသလား ဆရာ

ဖြေ - ကလေးတွေနဲ့ မိသားစုတွေကို ကျွန်တော်အကြံပြုချင်တာ ကတော့ သွားနဲ့ခံတွင်း ကျန်းမာရေးကို ပုံမှန်စစ်ဆေးဖို့နဲ့သွား မှန်မှန်တိုက်ဖို့ ပြောချင်ပါတယ်။

**မယ်သီတာ**

# ကိုးလ်ဂိတ်နှင့်မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်များအသင်းတို့မှ ရန်ကုန်မြို့ရှိ နေရာ ၁၇၀ ကျော်တွင် သွားနှင့်ခံတွင်းစစ်ဆေးမှုများကို အခမဲ့ပြုလုပ်ပေးလျက်ရှိ

ကိုးလ်ဂိတ်နှင့်မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်များအသင်းတို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့်လှုပ်ရှားဆောင်ရွက်လျက် ရှိသည့် "သွားနှင့်ခံတွင်းကျန်းမာရေးလ" လှုပ်ရှားမှုကို မေလတစ်လလုံး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှု အဖွဲ့သည် ရန်ကုန်မြို့ရှိ ဆေးရုံ ဆေးခန်း နေရာပေါင်း ၁၈၀ ကျော်တို့တွင် သွားနှင့်ခံတွင်းစစ်ဆေးမှုများအား အခမဲ့ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

သွားနှင့်ခံတွင်းကျန်းမာရေးစစ် ဆေးခြင်းကို သန်လျင်၊ ရွှေပြည်သာ၊ လှိုင်သာယာနှင့်မြို့တွင်းရှိ မြို့နယ်များအပါ အဝင် မြို့နယ်ပေါင်း ၃၀ရှိ ဆေးခန်း ၁၇၆ခုနှင့် ဆေးရုံ ၆ရုံတို့တွင် အခမဲ့ ကုသမှုခံယူနိုင်ကြောင်း သိရသည်။ ယင်းလှုပ်ရှားဆောင်ရွက်မှုတွင်ပါဝင်သည့်ဆေးခန်းနှင့်ဆေးရုံ လိပ်စာများကို သွားနှင့်ခံတွင်းဆေးခန်းများနှင့် ဆေးဆိုင်များတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

"သွားပုံမှန်တိုက်တာနဲ့တင် ကိုယ့်သွားတွေက လုံးဝသန့်ရှင်းတယ်လို့ အာမခံချက် မပေးနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ပါးစပ်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ ကိုယ်ကိုယ်တိုင်မမြင်နိုင်လို့ပါပဲ။ ကျွန်တော်တို့ရဲ့ သွားနဲ့ခံတွင်းကျန်းမာရေးအတွက် တစ်နှစ်ကို အနည်းဆုံးနှစ်ကြိမ် စစ်ဆေးမှုတွေ ပြုလုပ်သင့်ပါတယ်"ဟု နှင်းစန္ဒာ သွားဆေးခန်းပိုင်ရှင် ဒေါက်တာသိန်းဝင်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏သွားနှင့်ခံတွင်း ကျန်းမာရေးလလှုပ်ရှားမှုစတင်ခြင်းအခမ်းအနားကို ဧပြီလ ၂၆ရက်နေ့က မန္တလေးမြို့တွင် ကျင်းပခဲ့သည်။

သွားနှင့်ခံတွင်းကျန်းမာရေးလ အသိပေးလှုပ်ရှားမှုသည် တိုးတက်များပြားလာသည့်မြန်မာနိုင်ငံရှိစားသုံးသူများ၊ ကလေးငယ်များနှင့် မိသားစုများကို အခမဲ့သွားနှင့်ခံတွင်းကျန်းမာရေးပညာပေး စာစောင်များ ဝေငှခြင်းနှင့် သွားနှင့်ခံတွင်းကျန်းမာရေးအခမဲ့စစ် ဆေးခြင်းဖြင့် သွားနှင့်ခံတွင်းကျန်းမာရေး၏အရေးပါမှုကို အများပြည်သူများ ပိုမိုနားလည်သိရှိလာစေရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

တစ်ကိုယ်ရည်ကျန်းမာရေးသည် ကောင်းမွန်သောသွားနှင့် ခံတွင်းကျန်းမာရေးနှင့် ဆက်စပ်လျက်ရှိပြီး ခံတွင်းသည် ကျွန်ုပ်တို့ခန္ဓာကိုယ်၏အရေးပါသောအစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ သွားနှင့် ခံတွင်းကျန်းမာရေးစစ်ဆေးခြင်းသည် ၁၅ မိနစ်မှ မိနစ် ၂၀အထိသာ ကြာမြင့်ပြီး ယင်းကဲ့သို့ စစ်ဆေးခြင်းဖြင့် ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင် နိုင်မည်ဖြစ်သည်။

ကိုးလ်ဂိတ်၏သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးလသည် နှစ်စဉ်ပြုလုပ်သည့်လှုပ်ရှားမှုတစ်ခုဖြစ်ပြီး Colgate-Palmolive မှ ကမ္ဘာတစ်ဝန်းရှိ ဒေသတွင်း သွားနှင့်ခံတွင်းဆိုင်ရာအရာရှိများနှင့်ပူးပေါင်းကာ သွားနှင့်ခံတွင်းကျန်းမာရေး၏ အရေးပါမှုကို အများပြည်သူအား ပညာပေးရန် အကောင်အထည်ဖော် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၁၈-၅-၂၀၁၅ မှ ၂၄-၅-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မည်သည့်အခက်အခဲအလုပ်အကိုင်များမဆို ယခုအချိန်တွင်အဆင်ပြေနေမည်။ မိသားစုနှင့်ပတ်သက်ပြီး ကျန်းမာရေးမကောင်းတတ်ပါ။ အချစ်ရေးကောင်းသော်လည်း အိမ်ထောင်ပြုလျှင်မကောင်းသေးပါ။ ရင်သွေးရတနာတိုးပွားမည်။ ကျန်းမာရေး ခေါင်းနှင့်ပတ်သက်ပြီး စိတ်မကျန်းမမာဖြစ်တတ်သည်။ ခေါင်းကိုက်ရောဂါ၊ အာရုံကြောရောဂါခံစားရမည်။ **ယတြာ။ ဘုရားတွင် တံမြက်စည်းလှဲပါ။**



**တနင်္လာသားသမီးများအတွက်** စစ်ဘက်ဆိုင်ရာ၊ အစိုးရနှင့်ပတ်သက်သောလုပ်ငန်း၊ အင်္ဂါနံနှင့်ပတ်သက်သောလုပ်ငန်းများ အဆင်ပြေမည်။ အိမ်တွင်ရေး ရှုပ်ထွေးမည်။ အိမ်တွင်းရန် ပေါ်မည်။ အချစ်ရေး ပြဿနာများမည်။ သံသယများမည်။ အိမ်ထောင်ရေး အဆင်ပြေသော်လည်း အတူနေဆွေမျိုးများရှိကမကောင်း တတ်ပါ။ ကျန်းမာရေးခြေဆစ်၊ လက်ဆစ်ရောင်ရမ်းသောရောဂါ၊ အစာအိမ်လေနာရောဂါများ ခံစားရမည်။

**ယတြာ။ အိမ်ရှေ့တွင်လှပသောရောင်စုံပန်းများကို ပန်းအိုးထိုးပြီးအလှဆင်ပါ။**



**အင်္ဂါသားသမီးများအတွက်** ယာဉ်ကား၊ စက်ပစ္စည်း၊ ပုံနှိပ်၊ စာရေးကိရိယာနှင့် သက်ဆိုင်သော လုပ်ငန်းများ၊ ဗုဒ္ဓဟူးနံပါသောလုပ်ငန်းများမှ ဝင်ငွေတိုးမည်။ အောက်လက်ငယ်သားများအကျိုးပေး မည်။ စိတ်ညစ်ညူးရသော ကိစ္စများရှိသော်လည်း အဆင်ပြေမည်။ အိမ်တွင်းရေး အဆင်ပြေမည်။ အချစ်ရေး အသစ်တွေ့မည်။ မိသားစုအတွက် စိတ်သောကရှိမည်။ အိမ်ထောင်ရေး ဝေးတသက်သက်နှင့် လွမ်းနေရတတ်သည်။ ခက်ခဲကြမ်းတမ်းသောခရီးကို သွားလာရတတ်သည်။ ကျန်းမာရေးကောင်းမည်။ မျက်စိအားနည်းမည်။ မျက်ကြောကိုက်တတ်သည်။

**ယတြာ။ အိမ်မှာကိုးကွယ်သောဘုရားကို ရွှေသင်္ကန်းကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ခရီးဝေးလှည့်လည်သွားလာရကိန်းရှိမည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသောကိစ္စရပ်များကို ဦးစီးဦးဆောင် ပြုလုပ်ရမည်။ ခရီးသွားလုပ်ငန်း အဆင်ပြေမည်။ အိမ်တွင်းရေး ကောင်းမည်။ မိသားစုနှင့် ပြေလည်မည်။ အချစ်ရေး အိမ်ထောင်ကျတတ်မည်။ အခက်အခဲများကြားမှ အဆင်ပြေမည်။ အိမ်ထောင်ရေး စိတ်သဘောမတွေ့သော်လည်း အဆင်ပြေမည်။ ကျန်းမာရေး ဆီးနှင့်ပတ် သက်သောရောဂါ၊ အဆစ်အမြစ်ကိုက်ရောဂါ၊ အဖျားရောဂါ များဖြစ်တတ်မည်။

**ယတြာ။ မိတ်ဆွေသူငယ်ချင်းများကို ယပ်တောင်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ငွေကြေးနှင့်ပတ်သက်သောလုပ်ငန်းများ အဆင်ပြေမည်။ ဘဝရဲ့မျှော်လင့်ချက်များကြောင့် စိတ်ချမ်း သာခြင်း၊ ပျော်ရွှင်ခြင်းများ ကြုံတွေ့ရမည်။ မိသားစုနှင့် စိတ်အခန့်မသင့်ဖြစ်တတ်မည်။ အိမ်တွင်းရေးကောင်းမည်။ အချစ်ရေးကိစ္စကြောင့်ပျော်ရွှင်ရမည်။ အိမ်ထောင်ရေး မကောင်းပါ။ စိတ်မတူသူကြောင့်စိတ်ညစ်ညူးမည်။ ကျန်းမာရေးရင်နှင့် ကြောညှပ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ စိတ်ကျဉ်းကျပ်ခြင်းများကြုံမည်။ **ယတြာ။ အဖြူရောင်များများပါသော ပိတ်စများလှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** အခက်အခဲများသော ကိစ္စရပ်များကို အပြင်း အထန်ဖြေရှင်းနေရတတ်မည်။ သို့သော်အောင်မြင်မည်။ လူမှုရေးလုပ်ငန်းများမှ ဂုဏ်သတင်းကျော်ဇောမည်။ မမျှော်လင့်ဘဲ ငွေအစုအလိုက်အပြုံလိုက်ရရှိမည်။ ဘဝတစ်ဆစ်ချိုး ပြောင်းလဲမည်။ ချမ်းသာခြင်း၊ အောင်မြင်ခြင်း၊ ကျော်ကြား ခြင်းများနှင့် အေးချမ်းသာယာမည်။ အိမ်တွင်းရေး အဆင်ပြေမည်။ အချစ်ရေး အဆင်မပြေတတ်ပါ။ အိမ်ထောင်ရေး အသင့်အတင့်ကောင်းပါမည်။ ကျန်းမာရေး အာရုံကြောရောဂါများ၊ ရင်ဘတ်နှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားတတ်ပါသည်။

**ယတြာ။ ဘုရားတွင် ထီးလှူပါ။**



**စနေသားသမီးများအတွက်** ခက်ခဲသော စီးပွားရေးလုပ်ငန်းများ အဆင်မပြေသော စီးပွားရေးလုပ်ငန်းများမှ အဆင်ပြေခြင်း၊ အောင်မြင်ခြင်းများ ရရှိမည်။ ခရီးသွားလုပ်ငန်း အဆင်ပြေမည်။ အိမ်တွင်းရေး ပိုမိုစည်းလုံးမည်။ အချစ်ရေးမကောင်းပါ။ အိမ်ထောင်ရေး အဆင်ပြေမည်။ ကျန်းမာရေး မကောင်းတတ်ပါ။ လုပ်ငန်းသစ်များပြောင်းလဲလုပ်ကိုင်ရတတ်မည်။ အဆင်ပြေမည်။

**ယတြာ။ ဝတ်ထားသောအဝတ်အထည်အဟောင်းများ လှူဒါန်းပါ။**

# ကျောက်ဆည်ခရိုင် နွေနှမ်းအောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်မှာ နွေနှမ်းဧက ၇၅၀၀၀ စိုက်ပျိုးထားရာ ကျောက်ဆည် မြို့နယ်တွင် ဧက ၃၃၀၀၀၊ စဉ့်ကိုင်မြို့နယ်တွင် ဧက ၁၉၀၀၀၊ မြစ်သားမြို့နယ်တွင် ဧက ၂၂၀၀၀၊ တံတားဦးမြို့နယ်တွင် ဧက ၁၀၀၀၊ မြို့နယ်အလိုက် စိုက်ပျိုးခဲ့ပါတယ်။

ယခုနှစ်တွင် နွေနှမ်းများ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးခဲ့ပါတယ်။ ယာမြေ၊ ကုန်းမြေများအပြင် နွေစပါး မစိုက်ပျိုးနိုင်တဲ့ လယ်မြေများပေါ် မှာလည်း စိုက်ပျိုးကြပါတယ်။ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက် သုံးမျိုးလုံး စိုက်ပျိုးကြပြီး ဂျပန်နှမ်းဖြူမျိုးများကို ပိုမိုစိုက်ပျိုးကြပါတယ်။

နွေနှမ်းကို မတ်လအတွင်းမှ စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ နှမ်းပင်များ အသီးအပွင့်စုံလင်စွာဖြင့် ကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ယခုနှစ် မိုးရွာသွန်းမှုမှာလည်း မနည်းလွန်း၊ မများလွန်းဘဲ ပုံမှန်မိုးရွာသွန်းခဲ့တာကြောင့် နှမ်းစိုက်ဧကများ ပျက်စီးမှုမရှိခဲ့ကြောင်း၊ နွေနှမ်းများအားလုံး အသီးအပွင့် ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းများလည်း ပိုမိုကောင်းမွန်နိုင်ကြောင်း သိရပါတယ်။

ယခင်နှစ် နွေနှမ်းထွက်ပေါ် ချိန်က နှမ်းဖြူတစ်တင်း ၅၅၀၀၀ ကျပ်မှ ၆၀၀၀၀ ကျပ်၊ နှမ်းညို တစ်တင်း ၄၁၀၀၀ ကျပ်မှ ၄၃၀၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၃၅၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်ဖြင့်လည်းကောင်း ဈေးနှုန်းများ ကောင်းမွန်ခဲ့ပါတယ်။

ယခုချိန်မှာ နှမ်းဖြူ ၃၉၀၀၀ ကျပ်၊ နှမ်းညို ၃၀၀၀၀ ကျပ်၊ နှမ်းနက် ၃၅၀၀၀ ကျပ် ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ယခုနှစ် နွေနှမ်း ထွက်ပေါ် ချိန်မှာ ယခင်နှစ် ဈေးနှုန်းများအတိုင်း ဈေးကောင်းရရှိပါက နွေနှမ်းစိုက်တောင်သူများအနေဖြင့် တစ်ဧက ကုန်ကျစရိတ် ၁၂၀၀၀၀ ကျပ်ဝန်းကျင် ကုန်ကျခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ၃၅၀၀၀၀ ကျပ်ဝန်းကျင်ရရှိနိုင်ကြောင်း သိရပါတယ်။ **ဝင်းမာ- ကျောက်ဆည်**

# မေလ ဒုတိယပတ်မှာ လဲချားခရမ်းစွဲ ဈေးကွက်ဝင်လာ



ရှမ်းပြည်နယ်တောင်ပိုင်း လဲချားကုန်စည်ဒိုင်ဈေးကွက်သို့ မေလ ပထမပတ်မှစပြီး ဒေသထွက် ခရမ်းစွဲ ကြက်သွန်ဖြူများ ဈေးကွက်သို့ စတင်ဝင်ရောက်ခဲ့ပြီး အမြိတ်ပါ တစ်ပိဿာကို ၇၀၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပေမယ့် မေလ ဒုတိယပတ်မှာတော့ တစ်ပိဿာကို ၅၀၀ ကျပ်ထိ အေးသွားခဲ့တာကြောင့် လဲချားဈေးကွက်မှာ ခရမ်းစွဲကြက်သွန်ဖြူများ အရောင်းအဝယ်ပါးနေတယ်လို့ သိရပါတယ်။

လဲချားကုန်စည်ဒိုင် ဈေးကွက်ကို ကြက်သွန်ဖြူသစ်စတင်ဝင်ရောက်လာချိန်မှ မေလဒုတိယပတ်ထိ ကြက်သွန်ဖြူ ၁၈၉ တန်ခန့် ဈေးကွက်ကို ဝင်ရောက်ခဲ့ပြီး လောလောဆယ်မှာတော့ ဝင်ရောက်မှုတွေ ရပ်တန့်နေတယ်လို့ ဆိုပါတယ်။

ဒီလိုဖြစ်တာကလည်း ပုံမှန်ဝယ်လက်ဖြစ်တဲ့ တစ်ဖက်နိုင်ငံက သူတို့ရဲ့ တောင်သူတွေ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ဖို့ကို ရည်ရွယ်ပြီး တာချီလိတ်ဘက်က တင်ပို့တဲ့ ခရမ်းစွဲကြက်သွန်ဖြူ တစ်ကီလိုကို ယခုနှစ်မှ တစ်ဖက်နိုင်ငံဘက်က ၁၀ ဘတ် (မြန်မာငွေ ၃၀၀ ကျပ်ခန့်) အခွန်ကောက်ခံနေမှုကြောင့် လတ်တလော အခြေအနေအရ လက်ရှိပေါက်ဈေးနဲ့ ဘယ်လိုမှတင်ပို့ဖို့ အဆင်မပြေနိုင်သေးကြောင်း လဲချားကုန်စည်ဒိုင်က တာဝန်ရှိသူတစ်ဦးရဲ့ ပြောကြားချက်အရ သိရပြီး လဲချားဒေသက ယခင်နှစ်က ခရမ်းစွဲကြက်သွန်ဖြူပိဿာချိန် ၁၃ သိန်းကျော်ထွက်ရှိခဲ့ပြီး ယခုနှစ် ဈေးကွက်ဝင်ချိန်မှာ ယခင်နှစ်ထက် အထွက်နှုန်းရော အရည်အသွေးပါ ပိုမိုထွက်ရှိလာနိုင်တာကြောင့် လဲချားခရမ်းစွဲ ဘယ်လဲ ဆိုတာစောင့်ကြည့်ရဦးမှာပါ။

**မင်းအောင်-တောင်ကြီး**

## မန္တလေးမြို့ သကြားဒိုင်မှ အရောင်းအဝယ်ဖြစ်တဲ့ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှုပမာဏ

မန္တလေးမြို့ (မြန်မာနိုင်ငံသကြား၊ သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်း) သကြားကုန်စည်ဒိုင်မှာ နေ့စဉ် (ဥပုသ်နေ့မှအပ ) မန္တလေးတိုင်းဒေသကြီးအတွင်းနှင့် အနီးတစ်ဝိုက်ရှိ သကြား၊ သကာရည်လုပ်ငန်းရှင်များ၊ စက်ပိုင်များ လာရောက်ပြီး ရောင်းဝယ်မှုပြုလုပ်လျက်ရှိကြောင်း သိရပါတယ်။

မေလ ဒုတိယအပတ်မှာ သကာပွက်ရည် တစ်ပိဿာ ၅၉၀ ကျပ်-၆၀၀ ကျပ်၊ စက်ကျရည် တစ်ပိဿာ ၃၀၀ ကျပ်-၃၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး သကြား A ၁၁၀၀ ကျပ်၊ B ၁၀၈၅ ကျပ်၊ C ၁၀၇၀ ကျပ်နဲ့ နေ့စဉ် ပိဿာသုံးဆယ်ဝင်အိတ် ၁၀၀၀၀ ကျော် နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်မှ သကြားဝယ်ယူမှုရှိတာကြောင့် မူဆယ်မြို့မှတစ်ဆင့် တင်ပို့မှုရှိကြောင်း သိရပါတယ်။

မန္တလေးမြို့အထွက် ၁၆ မိုင် ဂိတ်ဖြတ်စာရင်းအရ ၂၀၁၅ ခုနှစ်၊ ဧပြီလမှာ စုစုပေါင်း ၆၃၀၇ ဒသမ ၈ တန် (တစ်ရက်ပျမ်းမျှ ၂၁၀ ဒသမ ၂၅ တန်) အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မေလ ၁ ရက်မှ ၁၀ ရက်နေ့အထိ သကြားစုစုပေါင်း ၅၃၉၇ ဒသမ ၁၇ တန် (တစ်ရက်ပျမ်းမျှ ၅၃၉ ဒသမ ၇၂ တန်) တင်ပို့တဲ့အတွက် ယခင်လနဲ့ တစ်ရက်ပျမ်းမျှ နှိုင်းယှဉ်ပါက သိသာစွာ တိုးတက်တင်ပို့ကြောင်း သိရပါတယ်။

သကာပွက်ရည်ဈေးအပေါ် မူတည်ပြီး သကြားဈေး အတက်အကျရှိသလို ဈေးကွက်လိုအပ်မှုအပေါ် မှာ လည်း မူတည်ကြောင်း၊ ပြည်ပ (တရုတ်) မှ မှာယူမှုများရှိတဲ့အတွက် တင်ပို့ရကြောင်း၊ အမြဲတမ်းတင်ပို့နိုင်ရန်အတွက် မိမိတို့ဘက်မှလည်း သကြားအရည်အသွေးကို ထိန်းသိမ်းနိုင်ဖို့လိုအပ်ကြောင်း၊ လောဘတက်ပြီး မကောင်းစိတ်နဲ့ အရောအနှောမပြုလုပ်မိဖို့လိုအပ်ကြောင်း၊ စက်ပိုင်ကုန်သည်ကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

# မြို့ကြီးများ၏ ၁၈-၅-၂၀၁၅ မှ ၂၂-၅-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၈-၅-၂၀၁၅) | အင်္ဂါ(၁၉-၅-၂၀၁၅) | ဗုဒ္ဓဟူး(၂၀-၅-၂၀၁၅) | ကြာသပတေး(၂၁-၅-၂၀၁၅) | သောကြာ(၂၂-၅-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | ၅၀% ၃၇°C/၉၈°F | ၈၀% ၃၆°C/၉၇°F | ၈၀% ၃၄°C/၉၄°F | ၈၀% ၃၃°C/၉၂°F |
| ရန်ကုန်မြို့ | ၅၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| မန္တလေးမြို့ | နေသာ ၃၉°C/၁၀၃°F | တိမ်အသင့်အတင့် ၃၈°C/၁၀၁°F | ၅၀% ၃၇°C/၉၈°F | ၅၀% ၃၆°C/၉၇°F | ၅၀% ၃၆°C/၉၆°F |
| မြစ်ကြီးနား | ၆၀% ၃၆°C/၉၆°F | ၈၀% ၃၄°C/၉၄°F | ၆၀% ၃၅°C/၉၅°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၄°C/၉၃°F |
| လားရှိုး | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ကျိုင်းတုံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | ၄၀% ၃၂°C/၉၀°F | ၅၀% ၃၁°C/၈၈°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၇°F | ၅၀% ၃၀°C/၈၆°F | ၅၀% ၃၀°C/၈၆°F |
| တောင်ကြီး | နေသာ ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၆၀% ၂၆°C/၇၈°F | ၅၀% ၂၆°C/၇၈°F |
| မော်လမြိုင် | ၅၀% ၃၅°C/၉၅°F | ၆၀% ၃၄°C/၉၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၂°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၃°C/၉၂°F | ၆၀% ၃၃°C/၉၂°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F |
| တောင်ငူ | ၅၀% ၃၈°C/၁၀၀°F | ၈၀% ၃၇°C/၉၉°F | ၈၀% ၃၆°C/၉၇°F | ၈၀% ၃၅°C/၉၅°F | ၈၀% ၃၄°C/၉၃°F |
| မုံရွာ | နေသာ ၄၀°C/၁၀၄°F | ၅၀% ၃၇°C/၉၉°F | တိမ်အသင့်အတင့် ၃၇°C/၉၉°F | ၈၀% ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၄°C/၉၃°F | ၈၀% ၃၆°C/၉၆°F | ၈၀% ၃၄°C/၉၄°F | ၈၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၂°F |
| မြိတ် | ၆၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၁°F |
| စစ်တွေ | ၆၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| မကွေး | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F |
| ဖလမ်း | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F |

# ဂျပန်နိုင်ငံတွင် အင်အားပြင်းငလျင် လှုပ်ခတ်

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ မီယာဂီစီရင်စုဒေသတွင် မေ ၁၃ ရက်က အင်အားရစ်ချ်စတာစကေး ၆ ဒသမ ၆အဆင့်ရှိသည့် အင်အားပြင်းထန်သည့်ငလျင် လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ငလျင်တိုင်းတာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါအင်အားပြင်းငလျင်ကြောင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိကြောင်း ဂျပန်နိုင်ငံ မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့သည်။

အင်အားပြင်းငလျင်လှုပ်ခတ်မှုသည် တိုကျို- မြို့အထိပါ ရိုက်ခတ်ခဲ့ကြောင်း၊ တိုကျိုမြို့နေပြည်သူများသည် ငလျင်လှုပ်ခတ်မှုကို ခံစားခဲ့ရကြောင်း၊ သို့သော် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ယခု ငလျင်လှုပ်ခတ်ခဲ့သည့်ဒေသသည် ၂၀၁၁ ခုနှစ်က အင်အားရစ်ချ်တာစကေး ၉ ရှိသည့်အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သည့်ဒေသဖြစ်ကြောင်း၊ ယင်းငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၁၈၀၀၀ ကျော် သေဆုံးခဲ့ကာ နျူကလီးယား ဓာတ်ပေါင်းဖိုများလည်း ပျက်စီးခဲ့ရသည်။

ယခုလှုပ်ခတ်ခဲ့သည့်ငလျင်သည် ဖူကူရှီးမား ဓာတ်ပေါင်းဖိုရှိသည့်နေရာနှင့် ဝေးကွာသည့် အပြင် အင်အားလည်း အတန်အသင့်သာရှိသဖြင့် နျူကလီးယားဓာတ်ပေါင်းဖိုများသည် ထိခိုက် မှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း ဖူကူရှီးမားစီရင်စုဒေသမှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

**မယ်သီတာ**



# နီပေါနိုင်ငံတွင် ဒုတိယအကြိမ် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် လူပေါင်း ၆၀ ကျော် သေဆုံး

နီပေါနိုင်ငံတွင် ဧပြီ ၂၅ ရက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၉ အဆင့်ရှိသည့်အင်အားအလွန်ပြင်းထန်သည့်ငလျင် လှုပ်ခတ်ခဲ့ပြီးနောက် ရက်ပေါင်း ၁၆ ရက်အတွင်း ဒုတိယအကြိမ်မြောက်အဖြစ် အင်အားပြင်းထန်သည့်ငလျင် ထပ်မံလှုပ်ခတ်ခဲ့ရာ လူပေါင်း ၆၀ ကျော် သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါငလျင်သည် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိသည့် အင်အားအလွန်ပြင်းထန်သည့် ငလျင်တစ်ခုဖြစ်ပြီး ကိုဒါရီမြို့၏အရှေ့တောင်ဘက် ၁၈ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ငလျင်တိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ငလျင်ကြောင့်ပျက်စီးဆုံးရှုံးမှုများနှင့် ဒဏ်ရာရရှိသူ အများအပြားရှိလာနိုင်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများမှာ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ရှိလာနိုင်ကြောင်း၊ အဆိုပါအင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ်ပြီး နောက်ဆက်တွဲငလျင်များလည်း လှုပ်ခတ်ခဲ့ရာ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ရှိသည့် ငလျင်နှစ်ခုလှုပ်ခတ်ခဲ့ကြောင်းဖြင့် ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

မြို့တော်ခတ္တမန္ဒူကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် လူပေါင်း တစ်သောင်းနီးပါးသေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ ဒဏ်ရာရရှိမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေချိန်တွင် ယခုကဲ့သို့ ရက်အနည်းငယ်သာခြားပြီး အင်အားပြင်း ငလျင်ထပ်မံ လှုပ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာခံစားမှုများ ပိုမိုပြင်းထန်လာမည်ကို စိုးရိမ်လျက်ရှိနေကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးက ပြောကြားခဲ့သည်။

ငလျင်ဘေးဒဏ်ခံစားနေရသည့် ပြည်သူများအတွက် နေအိမ်များဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိရာ အဆိုပါနေအိမ်များမှာ သွပ်ပြားများ၊ သတ္တုပိုက်များဖြင့် တည်ဆောက်ထားသည့် အမေရိကန်ဒေါ်လာ ၁၀၀ တန်ကြေးရှိသည့် မြေစိုက်အိမ်များဖြစ်ကြောင်း၊ အဆိုပါနေအိမ်များကို မုတ်သုံရာသီမစတင်မီ အပြီးတည်ဆောက်ပေးမည်ဖြစ်ကြောင်း နီပေါနိုင်ငံသားပိုင် EK Project Group မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နီပေါနိုင်ငံမှ ငလျင်ဘေးဒုက္ခသည်များအား ကူညီကယ်ဆယ်ရန် သွားရောက်ခဲ့သည့် အမေရိကန်လေတပ်မှ ကယ်ဆယ်ရေးရဟတ်ယာဉ်သည် ဇဝရက်တောင်အနီးတွင် ပျက်ကျသွားခဲ့ရာ လိုက်လံရှာဖွေလျက်ရှိသည့်အဖွဲ့မှ တွေ့ရှိခဲ့သည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.18 Monday May 18 2015




## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲအတွက် တပ်မတော်(ကြည်းရေလေ)မိသားစုများအပါအဝင် အလှူရှင်များက စုစုပေါင်း ကျပ်သိန်း ငါးရာကျော်လှူဒါန်း

ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဦးစီးကျင်းပလျက်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အစီအစဉ်ဖြင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ လှူဒါန်းငွေကျပ်သိန်း ၁၀၀ အပါအဝင် အလှူရှင်များမှ လှူ ဒါန်းသည့် အလှူငွေကျပ်သိန်းငါးရာကျော် ပေးအပ်ခြင်းအခမ်းအနားကို မေ ၁၃ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Yangon Max တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအလှူငွေပေးအပ်ပွဲတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများမှ လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ ကမ္ဘောဇဘဏ်မှ ကျပ်သိန်း ၁၀၀၊ ရတနာပုံအက်ဖ်စီအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ကျပ်သိန်း ၁၀၀၊ Max Energy က ကျပ်သိန်း ၁၀၀၊ Fresh Air-con က ကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျပ်သိန်း ၃၀၊ ရုပ်ရှင်သရုပ်ဆောင်ပြေတီဦးက ကျပ်၁၀သိန်း စုစုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၅၄၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

## ဖီဖာယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၀အသင်းအား ဂုဏ်ပြုလှူဒါန်းငွေများ ပေးအပ် မြန်မာယူ-၂၀အသင်း ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် လေ့ကျင့်မှုများပြုလုပ်လျက်ရှိ



နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် ဖီဖာ ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ- ၂၀ အသင်းအား အလှူရှင်များမှ ကျပ်သိန်းပေါင်း ၇၆၀နှင့် အမေရိကန်ဒေါ်လာ ၁၁၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းငွေများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၃ရက်က Novotel Yangon Max တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ ယူ-၂၀ ကစားသမားများအနေဖြင့် ကွင်းတွင်း ကွင်းပြင် နိုင်ငံ့ဂုဏ်ဆောင်ဖြစ်ရန်လိုအပ်ပါကြောင်း၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် မြန်မာ့အဆင့်အတန်းကို ပြသရမည့်အချိန်တွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်နှင့် ပြည်သူလူထုကို ပျော်ရွှင်စေရန် ကစားသမားတစ်ဦးချင်း တာဝန်သိမှုမှသည် တစ်သင်းလုံးစည်းလုံးညီညွတ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့ဂုဏ်သိက္ခာအတွက် မဆုတ်မနစ် ကြိုးပမ်းမှုမှ မည်သည့်အဖြေ ထွက်ပေါ်လာသည်ဖြစ်စေ လက်ခံသွားမည်ဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့်လည်း မြန်မာ ယူ-၂၀အသင်းအား ပြိုင်ပွဲကာလအတွင်း ပြည်သူများနှင့် အဆက်မပြတ်ထိတွေ့မှုရှိရန် သတင်းများ ဖော်ပြပေးကြဖို့ တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

မြန်မာ ယူ-၂၀အသင်းသို့ Mandalay Golden Wing Construction Co., Ltd. မှ ဦးဝင်းအောင်-ဒေါ်နန်းမွေးကြိုင်တို့က ကျပ်သိန်း ၅၀၀၊ Golden Hawks Int'l Co., Ltd. မှ ဦးလှမင်း-ဒေါ်ယမင်းဝင်းသန့်တို့က ကျပ်သိန်း ၁၁၀၊ မြင်းမိုရ်ဝင်းစံကုမ္ပဏီမှ ကိုညီ-ဒေါ်သီတာရှိန်ဝင်းတို့က ကျပ်သိန်း ၅၀၊ ငွေကြေးတိုက်ကုမ္ပဏီမှ ဦးတင်လတ်-ဒေါ်မာလာမြင့်တို့က ကျပ်သိန်း ၅၀၊ Zar & Diamond မှ ကျပ်သိန်း ၅၀၊ Zeya & Associates Co., Ltd. မှ ဦးဇေယျသူရမွန်က အမေရိကန်ဒေါ်လာ ၈၀၀၀၊Gold Hotel မိသားစုက အမေရိကန်ဒေါ်လာ ၃၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာယူ-၂၀အသင်းခေါင်းဆောင် နန္ဒကျော်ကနိုင်ငံအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရေကုန်ရေခန်း ကြိုးပမ်းကစားသွားမည်ဖြစ်ကြောင်း၊ ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးသည့်အလှူရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

မြန်မာ ယူ-၂၀အသင်းသည် မေ ၁၃ရက်က ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့သို့စတင်ထွက်ခွာခဲ့ရာ မေ ၁၄ ရက်တွင် ရောက်ရှိခဲ့သည်။

ယခုအခါတွင် မြန်မာယူ-၂၀ အသင်းသည် မဲလ်ဘုန်းမြို့သို့ ရောက်ရှိနေပြီဖြစ်ပြီး လေ့ကျင့်မှုများကိုပြုလုပ်လျက်ရှိကြောင်းသိရသည်။ မြန်မာယူ-၂၀ အသင်းသည် မဲလ်ဘုန်းမြို့တွင် ၁၀ ရက်ခန့် နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် နယူးဇီလန်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

မြန်မာ ယူ-၂၀ အသင်းသည် မေ ၃၀ရက်မှစတင်ကာ အုပ်စုတွင်းပွဲစဉ်များကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## အေဗရာမိုဗစ်ချ်ကို ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲအထိ စာချုပ်ချုပ်ရန် စဉ်းစားလျက်ရှိ



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာလက်ရွေးစင်ဘောလုံးအသင်း၏ နည်းပြချုပ်ဖြစ်သူ အေဗရာမိုဗစ်ချ်အား ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲအထိ ထပ်မံစာချုပ်ချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က "သူ့(အေဗရာမိုဗစ်ချ်)ကို သက်တမ်းတိုးမှာပါ။ အခုလောလောဆယ်က နိုင်ငံတကာပြိုင်ပွဲတွေ အားလုံးနဲ့ အလုပ်ရှုပ်နေလို့ပါ။ အရှေ့တောင်အာရှရဲ့ အတွေ့အကြုံ ရင့်ကျက်တဲ့ နည်းပြတစ်ဦးဖြစ်တာကြောင့် အခုလိုမျိုးသက်တမ်းတိုးဖို့ စီစဉ်ရတာပါ"ဟု ပြောကြားခဲ့သည်။

အေဗရာမိုဗစ်ချ်သည် လွန်ခဲ့ သည့် နှစ်နှစ်ခန့်မှစတင်ကာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို စတင်ကိုင်တွယ်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ မရရှိသေးပေ။ ၎င်းလက်ထက်တွင် ဖိလစ်ပိုင်၌ကျင်းပသည့်ငြိမ်းချမ်းရေးဖလား တစ်လုံးသာ ရရှိထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။



## မြန်မာယူ-၂၀အသင်း အုပ်စုအဆင့်ကို ဖြတ်ကျော်နိုင်မည်ဟု ယုံကြည်ကြောင်း နည်းပြချုပ် မစ္စတာဂတ်ဖရိုင်းဒရစ်ဆို

မြန်မာယူ-၂၀အသင်းအနေဖြင့် ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း မြန်မာယူ-၂၀အသင်း၏နည်းပြချုပ်ဖြစ်သူ ဂျာမနီနိုင်ငံသား မစ္စတာဂတ်ဖရိုင်းဒရစ်က ပြောကြားခဲ့သည်။

ဂတ်ဖရိုင်းဒရစ်က "မြန်မာအသင်းအနေနဲ့ အုပ်စုတွင်းမှာ အမေရိကန်၊ အိမ်ရှင် နယူးဇီလန်၊ ယူကရိန်းတို့နဲ့ တစ်အုပ်စုတည်း ကျရောက်နေပါတယ်။ အဲဒီအုပ်စုထဲမှာ မြန်မာ၊ အိမ်ရှင်နယူးဇီလန်နဲ့ အမေရိကန်အသင်းတို့က အကောင်းဆုံးအသင်းတွေပါ။ ယူကရိန်းအသင်းကတော့ အနည်းငယ် အားနည်းတဲ့ အခြေအနေမှာ ရှိနေပါတယ်။ မြန်မာအသင်းအုပ်စုက ကျော်ဖြတ်နိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

ယူ-၂၀ ကမ္ဘာ့ဖလားအုပ်စုအဆင့် ပွဲစဉ်များကို မေ ၃၀ ရက်တွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မြန်မာ ယူ-၂၀ အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် မေ ၃၀ ရက်တွင် အမေရိကန်အသင်း၊ ဇွန် ၁ရက်တွင် အိမ်ရှင် နယူးဇီလန်အသင်း၊ ဇွန် ၃ ရက်တွင် ယူကရိန်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## ကမ္ဘောဇစီနီယာအသင်း၏ ကြံ့ခိုင်ရေးနည်းပြအဖြစ် ဦးဟန်ဝင်းအောင် တာဝန်ယူမည်

ကမ္ဘောဇအသင်းသည် အသင်း၏ကြံ့ခိုင်ရေးနည်းပြအဖြစ် အသင်းသားဟောင်းတစ်ဦးဖြစ်သူ ဦးဟန်ဝင်းအောင်ကို ခန့်အပ်လိုက်ကြောင်းသိရသည်။ ကမ္ဘောဇအသင်း၏ လက်ရှိနည်းစနစ်ဒါရိုက်တာတစ်ဦးဖြစ်သည့် မစ္စတာ ဂျာဗက်ဆာရစ်က အသင်း၏အသင်းခေါင်းဆောင်လည်းဖြစ်၊ နောက်ခံကစားသမားဟောင်းတစ်ဦးလည်းဖြစ်သူ ဟန်ဝင်းအောင်ကို စီနီယာအသင်း၏ ကြံ့ခိုင်ရေးနည်းပြအဖြစ် တာဝန်ပေးလိုက်ခြင်းဖြစ်ကြောင်း အသင်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ သိရသည်။

ဦးဟန်ဝင်းအောင်သည် ၂၀၁၄ ခုနှစ် ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူခဲ့ပြီး ကမ္ဘောဇလူငယ်အသင်း အသင်းအုပ်ချုပ်သူအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ ၎င်းသည် AFC ၏ စီလိုင်စင်နည်းပြသင်တန်းကို တက်ရောက်ခဲ့သူတစ်ဦးဖြစ်သည်။

ယခုအခါတွင် ကြံ့ခိုင်ရေးနည်းပြနှင့်ပတ်သက်သည့် ပညာရပ်များအား နည်းစနစ်ဒါရိုက်တာတစ်ဦးဖြစ်သူ မစ္စတာဆာရစ်ထံမှ သင်ယူလျက်ရှိကြောင်း သိရသည်။ ၎င်းသည် ကမ္ဘောဇအသင်းအတွက် ပရော်ဖက်ရှင်နယ်ပြိုင်ပွဲအရပ်ရပ်ပေါင်း ၁၁၇ ပွဲကစားပေးခဲ့ပြီး ကစားသမားဘဝတစ်လျှောက်အသင်းတွက် ငါးဂိုး သွင်းယူပေးခဲ့သည်။

## မေဝဲသားနှင့် ပက်ကွီအိုတို့၏ပွဲမှ အခွန်အရပ်ရပ်ရရှိငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရရှိ

မေလ ၂ရက်နေ့ကကျင်းပခဲ့သည့် မေဝဲသားနှင့်ပက်ကွီအိုတို့ စိန်ခေါ်ထိုးသတ်ပွဲမှ အခွန်အရပ်ရပ်ရရှိငွေပေါင်း အမေရိကန်ဒေါ်လာသန်း ၅၀၀ကျော် ရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။ အဆိုပါပွဲကို ပြသရန် Showtime နှင့် HBO တို့က အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ သန်းကျော်ဖြင့် ဝယ်ယူခဲ့ကြခြင်းဖြစ်သည်။

Showtime နှင့် HBO တို့မှ နိုင်ငံတကာသို့ ရုပ်သံလွှင့်ခြင်းများနှင့် နိုင်ငံတွင်း ရုပ်သံလွှင့်ခြင်းတို့မှ စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၄၀၀ ခန့်ရရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါ လက်ဝှေ့ပွဲကို ကျင်းပခဲ့သည့် MGM Grand Arena သည် အမြတ်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၇၁သန်းကျော်ရရှိခဲ့သည်။

အမေရိကန်နိုင်ငံမှ အားကစားရုပ်သံလွှင့်ဌာနတစ်ခုဖြစ်သည့် Sky Sport ရုပ်သံလွှင့်ဌာနအနေဖြင့် ပြည်ပသို့ ရုပ်သံလွှင့်ခြင်းမှ ရရှိငွေအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ၅၅သန်း ရရှိခဲ့သည်။

ယင်းပွဲတွင် အနိုင်ရရှိသူမေဝဲသားက အမေရိကန်ဒေါ်လာ သန်း ၂၄၀ ရရှိခဲ့ပြီး ရှုံးနိမ့်ခဲ့သည့် ပက်ကွီအိုက အမေရိကန်ဒေါ်လာ သန်း ၁၆၀ ရရှိခဲ့သည်။

## ၂၀၁၅ခုနှစ် ပထမသုံးလအတွင်း မန်ယူအသင်း ပေါင်သုံးသန်းနီးပါး အရှုံးပေါ်

မန်ချက်စတာယူနိုက်တက်အသင်းသည်၂၀၁၅ခုနှစ်ပထမသုံးလအတွင်း ပေါင် ၂ ဒသမ ၉သန်း အရှုံးပေါ်နေကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မန်ယူအသင်းသည် ဖော်ပြပါသုံးလအတွင်း ရုပ်သံထုတ်လွှင့်ခြင်းနှင့် သုံးလအတွင်း ကစားခဲ့သည့်ပွဲများမှ ကောက်ခံရရှိငွေများ ကျဆင်းခဲ့သဖြင့် ယခုကဲ့သို့ အရှုံးပေါ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ အရှုံးပြခဲ့သည့် ပေါင် ၂ ဒသမ ၉သန်းသည် ၂၀၁၅ခုနှစ်ဇန်နဝါရီလမှ မတ်လအတွင်းပြုစုခဲ့သည့်စာရင်းများအရ သိရှိရခြင်းဖြစ်ပြီး ယမန်နှစ်ကာလတူက အမြတ်ငွေပေါင် ၁၁သန်း ရရှိခဲ့ခြင်းနှင့် နှိုင်းယှဉ်ကာတွက်ချက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ အရှုံးပေါ်ခဲ့သည့်အတွက် မန်ယူအသင်း၏ကြွေးမြီများ အပေါ် ထပ်မံ၍ ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့ကြောင်း၊ မန်ယူအသင်း၏ကြွေးမြီသည် ၁၂ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ကြွေးမြီစုစုပေါင်းမှာ ပေါင် ၃၉၅ ဒသမ ၄သန်းအထိရှိလာခဲ့သည်။

ယင်းကဲ့သို့ အရှုံးပေါ်ခြင်းကြောင့် ကြွေးမြီများ ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်လာခြင်းအား ၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်တွင် ပိုမိုရင်ဆိုင်ဖြေရှင်းရန်အကြောင်းတစ်ရပ်ဖြစ်လာခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မန်ယူအသင်းအနေဖြင့် ၂၀၁၅ ခုနှစ် ဇွန်လအထိ အမြတ်ငွေပေါင် ၁၀၃ သန်းမှ သန်း ၁၁၀ အထိရရှိအောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ယခင်က ယင်းကာလတွင် အမြတ်ငွေပေါင်သန်း ၉၀မှ ၉၅ သန်းအတွင်း ရရှိရန် ခန့်မှန်းထားသည်။

မန်ယူအသင်းအနေဖြင့် ယခုကဲ့သို့ အရှုံးပေါ်နေသော်လည်း ယင်း၏ အစုရှယ်ယာ တန်ဖိုးမှာမူ ၁ ဒသမ ၁၆ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သည်ဟု ဆိုသည်။

မန်ယူအသင်းသည် ရုပ်သံလွှင့်ခွင့်မှ ရရှိငွေမှာ ၃၉ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး လက်မှတ်ရောင်းချရငွေမှ ရရှိငွေမှာ ၃၁ ဒသမ ၃ရာခိုင်နှုန်းကျဆင်းခဲ့သည်။

မန်ယူအသင်းသည် အမေရိကန်နိုင်ငံမှ ဂလေဇာမိသားစုပိုင်ဆိုင်သည့် ကလပ်အသင်းတစ်သင်းဖြစ်ပြီး လက်ရှိတွင် ပရီးမီးယားလိဂ်၌ အဆင့်လေးတွင် ရပ်တည်နေကာ ချန်ပီယံလိဂ်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ရုန်းကန်နေရပြီဖြစ်သည်။





## ပလေယာချန်ပီယံရှစ်တွင် ရစ်ကီဖောင်လာ ဗိုလ်စွဲ စိတ်ကူးယဉ်ဆန်သည့် ညစာစားပွဲဖြင့် ချစ်သူနှင့်အတူ အောင်ပွဲခံခဲ့

ဖလော်ရီဒါ၌ ကျင်းပခဲ့သည့် ပလေယာချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်မှ ရစ်ကီဖောင်လာက ကျင်းပို ၄ကျင်းကစားပြီး အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

မေ ၁၀ရက်က ကျင်းပခဲ့သည့် နောက်ဆုံးနေ့ ပွဲစဉ်အပြီးတွင် ဖောင်လာနှင့်အတူ အမေရိကန်မှ ကီဗင်ကစ္စနာနှင့် စပိန်မှ ဆာဂျီယိုဂါစီယာတို့ သုံးဦးမှာ လျှော့ရိုက်ချက် ၁၂ချက်စီတူညီနေခဲ့ကြသည်။ ဖောင်လာသည် တတိယနေ့အပြီးအထိ ထိပ်ဆုံး ၁၀ဦးစာရင်းတွင် မဝင်ခဲ့သော်လည်း နောက်ဆုံးနေ့တွင် ငါးချက်လျှော့ရိုက်နိုင်ခဲ့သဖြင့် ပြိုင်ပွဲအပြီးတွင် ကစ္စနာ၊ ဂါစီယာတို့နှင့်အတူ စုစုပေါင်းရိုက်ချက် ၂၇၆ ချက်စီဖြင့် ရိုက်ချက်တူညီသွားခဲ့သည်။ ယခုနှစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပိုသုံးကျင်း တစ်ပေါင်းတည်းကစားသည့်စနစ်ကို ကျင့်သုံးခဲ့ရာ စိတ်လှုပ်ရှားဖွယ် ပိုကောင်းခဲ့သည်။ အဆိုပါ သုံးကျင်းအပြီးတွင် ရိုက်ချက်တစ်ချက်ပိုသွားသော ဂါစီယာသည်ပြိုင်ပွဲမှ ထွက်သွားခဲ့ရပြီး ဖောင်လာနှင့် ကစ္စနာက နောက်တစ်ကျင်း ထပ်ကစားခဲ့ရသည်။

ထိုသို့ကစားခဲ့ရာတွင်ဖောင်လာက ဘာဒီရပြီး ကစ္စနာက 'ပါ'သာရသဖြင့် ဆုဖလားနှင့်အတူ ဆုကြေးအမေရိကန်ဒေါ်လာ ၁ဒသမ၈သန်းဆွတ်ခူးခဲ့သည်။

အဆိုပါပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် ရစ်ကီဖောင်လာသည် ထိုနေ့ညနေပိုင်းတွင် ၎င်း၏ချစ်သူ အဲလစ်စ်ရန်းဒွေါနှင့်အတူ TPC မြက်ခင်းပြင်တွင် ညစာစားပွဲကို ကျင်းပခဲ့သည်။

## တံတောင်ဆစ်ဒဏ်ရာကြောင့် အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲမှ ဆီရီနာဝီလျံ နုတ်ထွက်

ကမ္ဘာ့အဆင့်တစ် တင်းနစ်မယ် ဆီရီနာဝီလျံသည်၎င်းတွင်ရရှိခဲ့သည့် တံတောင်ဆစ်ဒဏ်ရာကြောင့် အီတလီနိုင်ငံတွင် ကျင်းပလျက်ရှိသည့် အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်လိုက်ရပြီဖြစ်သည်။

ဆီရီနာဝီလျံသည် အဆိုပါပြိုင်ပွဲ၏ တတိယအဆင့်ပြိုင်ပွဲဖြစ်သည့် အမေရိကန်မှ ခရစ္စတီနာမက်ဟေးလ်နှင့် ယှဉ်ပြိုင်ခြင်းမပြုမီတွင် ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ရောမအိုးပင်းပြိုင်ပွဲတွင် ချန်ပီယံသရဖူကို ကာကွယ်မည်ဟု ကြေညာကာ ပြိုင်ပွဲဝင်ခဲ့သည့်ဆီရီနာသည် ၎င်း၏ညာဘက်တံတောင်ဆစ်ဒဏ်ရာကို အကြောင်းပြ၍ ပြိုင်ပွဲမှနုတ်ထွက်ခဲ့သည်။ ဆီရီနာက "ကျွန်မ ပြိုင်ပွဲကနေ နုတ်ထွက်တယ်ဆိုတဲ့စကားကို မပြောချင်ပါဘူး။ ထွက်လည်းမထွက်ချင်ပါဘူး။ ဒီလိုထွက်လိုက်တဲ့အတွက်လည်း ကျွန်မရဲ့နောင်လာမယ့်ပြိုင်ပွဲတွေအတွက် ပြင်ဆင်ဖို့ အချိန်ရတယ်လို့လည်း ပြောချင်ပါတယ်။ ဒါပေမယ့် ခုဟာက ကျွန်မ ဟန်ဆောင်တာမဟုတ်ပါဘူး။ မနှစ်ကပြိုင်ပွဲတုန်းက ရခဲ့တဲ့ ဒဏ်ရာဟောင်းက ပြန်နာလာတဲ့အတွက် ခုလိုနုတ်ထွက်ရတာပါ"ဟု ပြောကြားခဲ့သည်။

ဂရင်းဆလင်းချန်ပီယံဆုကို ၁၉ကြိမ်တိုင်တိုင်ရယူခဲ့သည့် ဆီရီနာသည် မေလ ၂၄ ရက်နေ့တွင်ကျင်းပမည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်မူ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။



## ကားလ်ဖရော့ချ်၏ လက်ဝှေ့သမားဘဝ အဆုံးသတ်ရန်နီးစပ်နေပြီဟု ပွဲသွင်းသူ အက်ဒီဟီယန်ဆို

ရွှေခါးပတ်နှစ်ခုစလုံး ပြန်လည်ရုပ်သိမ်းခြင်းခံရသော ဗြိတိန်လက်ဝှေ့သမား ကားလ်ဖရော့ချ်၏ လက်ဝှေ့သမားဘဝမှာ အဆုံးသတ်ရန် နီးစပ်နေပြီဟု ၎င်း၏ လက်ဝှေ့ပွဲသွင်းသူ အက်ဒီဟီယန်က သတိပေးခဲ့သည်။ လာမည့် ဇူလိုင်လတွင် အသက် ၃၈ နှစ်ပြည့်တော့မည့် ကားလ်ဖရော့ချ်သည် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း တစ်နိုင်ငံတည်းသား ဂျော့ချ်ဂရို့စ်ကို အလဲထိုးကာ အနိုင်ရပြီးနောက် လက်ဝှေ့ကြိုးဝိုင်းနှင့် ဝေးကွာနေသည်မှာ တစ်နှစ်နီးပါးရှိပြီဖြစ်သည်။

သရဖူကာကွယ်ပွဲထိုးရန် အချိန်ကြာနေ၍ ယခုနှစ်အစောပိုင်းက IBF စူပါမစ်ဒယ်ဝိတ်ရွှေခါးပတ် ပြန်သိမ်းခံခဲ့ရသလို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကလည်း WBA ရွှေခါးပတ်ကိုပါ ရုပ်သိမ်းခြင်းခံခဲ့ရသည်။

ပြင်းထန်သည့်လက်သီးချက်များကြောင့် မြွေဟောက်ဟု တင်စားခေါ်ဝေါ်ခံရသော ကားလ်ဖရော့ချ်သည် ယခုနှစ်မတ်လအတွင်း မက္ကဆီကို လက်ဝှေ့သမား ချာဗက်ဇ်ဂျူနီယာနှင့် လက်စ်ဗီးဂတ်စ်တွင် ထိုးသတ်ရန်စီစဉ်ခဲ့သော်လည်း တံတောင်ဆစ်ဒဏ်ရာကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

နောက်ပိုင်းတွင် ချာဗက်ဇ်သည် ဖွန်ဖာရာနှင့်ထိုးပြီး ရှုံးနိမ့်ခဲ့သဖြင့် ကားလ်ဖရော့ချ်နှင့် ထိုးသတ်မည့်ပွဲလည်း ပျက်ပြယ်ခဲ့ရသည်။ ထို့ကြောင့် အက်ဒီဟီယန်က ကားလ်ဖရော့ချ်အား အနားယူသင့်ပြီဟု အကြံပြုခဲ့သည်။

## ကမ္ဘာ့စံချိန်ရှင်ဟောင်း အီသီယိုးပီးယားမာရသွန်အပြေးသမားကြီး ဂီဘရယ်ဆီလက်ဆီ အနားယူပြီ

ကမ္ဘာ့စံချိန်ရှင်ဟောင်း အီသီယိုးပီးယား မာရသွန်အပြေးသမားကြီး ဂီဘရယ်ဆီလက်ဆီသည် မေလ ၁၀ ရက်က ကျင်းပခဲ့သည့် ဂရိတ်မန်ချက်စတာအပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီးနောက် အပြေးအားကစားသမားအဖြစ်မှ အနားယူသွားပြီဖြစ်သည်။

အသက် ၄၂ နှစ်ရှိ ဆီလက်ဆီသည် နောက်ဆုံးနှုတ်ဆက်ပြိုင်ပွဲတွင် အဆင့်-၁၆ သာရခဲ့ပြီး အနားယူတော့မည်ဆိုသည်ကိုအတည်ပြုသွားခဲ့သည်။

အသက်(၂၀)အရွယ်မှစတင်ကမ္ဘာကျော်လာသော ဆီလက်ဆီသည် အပြေးသမားဘဝ ၂၅နှစ်အတွင်း အိုလံပစ်ရွှေတံဆိပ် နှစ်ခု၊ ကမ္ဘာ့ချန်ပီယံဆု ရှစ်ဆုဆွတ်ခူးခဲ့ပြီး ကမ္ဘာ့စံချိန်ပေါင်း ၂၂ ခုတင်နိုင်ခဲ့သည်။ ၎င်းအနေဖြင့် လွန်ခဲ့သည့် ငါးနှစ်ကတည်းက ဒဏ်ရာပြဿနာများ၏ ဒုက္ခပေးမှုကြောင့် အနားယူရန်စီစဉ်ခဲ့သော်လည်း လအနည်းငယ်အကြာတွင် ပြိုင်ပွဲများပြန်လည်ယှဉ်ပြိုင်ခဲ့သည်။

အပြေးပြိုင်ပွဲများမှ အနားယူခြင်းဖြစ်ပြီး အပြေးအားကစားနည်းကို ရပ်တန့်မည်မဟုတ်ဟုဆိုခဲ့သူ ဆီလက်ဆီသည် မီတာ ၂၀၀၀၀ နှင့် တစ်နာရီပြေးပွဲတို့တွင် လက်ရှိ ကမ္ဘာ့စံချိန်ရှင်ဖြစ်နေဆဲပင်ဖြစ်သည်။

# စားသောက်ဆိုင်လုပ်ငန်းနဲ့ ကယားပြည်နယ်

မောင်မောင်အေး-လှိုင်ကော်



ကယားပြည်နယ်၊ ဟိုတယ်ခရီးဌာန ညွှန်ကြားရေးမှူးက မနေ့ညနေက ဖုန်းဆက်တယ်။ မနက်ဖြန် ၉း၃၀ နာရီ ရုံးမှာ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းကိုခေါ်ပြီး အစည်းအဝေးလုပ်စရာရှိတယ်။ ပြောစရာဆိုစရာရှိရင် လာခဲ့ပါလားလို့ ဖိတ်ပေမဲ့ မတင်မကျ၊ အင်းမလုပ်၊ အဲမလုပ်နဲ့နေခဲ့တယ်။ အခြားအလုပ်ပဲ မအားသလိုလိုနဲ့ အိုက်တင်ခံနေလိုက်သေးတယ်။

ဒီမနက် ရေမိုးချိုးပြီး ယူနီဖောင်းလဲမှပဲ ပြောစရာတွေလည်း တစ်ပုံကြီးရှိသေးတာကိုသတိရပြီး ကိုယ့်ဟာကိုယ် ဘာကောင်လည်းဆိုတာ နည်းနည်းရိပ်မိသွားတယ်။ ကယားပြည်နယ် ဟိုတယ်/ခရီးရုံးမှာ အစည်းအဝေးစတော့ ဦးစွာမိတ်ဆက်ကြတယ်။ စားသောက်ဆိုင် အမျိုးအစားစုံပါတယ်။ တရုတ်၊ မြန်မာ စားသောက်ဆိုင်တွေ မြန်မာထမင်းဆိုင်၊ လက်ဖက်ရည်နဲ့ကိတ်မုန့်ဆိုင်၊ အအေးဆိုင်၊ ပြီးတော့ ကယားရိုးရာစားသောက်ဆိုင်တွေ ဆိုင်ရှင် ၁၇ ဦးတက်ရောက်ပါတယ်။ ဆိုင်အားလုံးလိုလိုလည်း နိုင်ငံခြားသားတွေ ဝင်ထွက်စားသောက်လေ့ ရှိတယ်လို့သိရပါတယ်။

ကိုယ့်အလှည့်ရောက်တော့ အမည်နဲ့တာဝန်၊ ရာထူးကိုမိတ်ဆက်ပြီး -

- ယနေ့ ကယားပြည်နယ်ရဲ့ စီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းများ တစ်ဆစ်ချိုးကွေ့တစ်ခုကို ရောက်နေပြီဖြစ်ကြောင်း၊ ဒီကွေ့မှာ အခွင့်အလမ်းတွေလည်း ရှိသလို ရုန်းကန်မှုစိန်ခေါ်မှုများလည်း ရှိမှာဖြစ်ကြောင်း၊
- ပထမအခွင့်အရေးတစ်ခု အနေနဲ့ လာမည့်နှစ်မှာ မယ်စဲ့နယ်စပ်ကုန်သွယ်ရေး စခန်းတရားဝင်ဖွင့်တော့မှာဖြစ်ကြောင်း၊ ထိုင်းနိုင်ငံနဲ့ တရားဝင်ကုန်စည်တင်သွင်း၊ တင်ပို့ခြင်းများကို တစ်နိုင်တစ်ပိုင် ကုန်သွယ်ရေးကဒ် (Individual Trading Card-ITC) နဲ့ အရောင်းအဝယ် သယ်ယူတင်ပို့ခွင့် ရတော့မှာဖြစ်ကြောင်း၊ ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်သူ၊ ပြည်နယ်သားများကိုသာ မှတ်ပုံတင်၊ ပုံစံ (၁၀) ရှိသူ၊ မယ်စဲ့နယ်စပ်ကုန်သည် အသင်းဝင်သူများကိုသာ ITC ခွင့်ပြုပေးမှာဖြစ်ကြောင်း၊
- မယ်စဲ့နယ်စပ်ကုန်သွယ်ရေးကုန်သည်များ အသင်းဖွဲ့စည်းဖို့ကိုလည်း ယမန်နေ့က စီမံစီးပွားဝန်ကြီး ရုံးခန်းမှာ ကုန်သည်များကို ရှင်းပြခဲ့ပြီး မေလ ၁၈ ရက်နေ့ နံနက် ၁၀း၀၀ နာရီမှာ အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပြီးဖွဲ့စည်းမှာဖြစ်ကြောင်း၊
- ယင်းနေ့မှာ ကုန်သည်များစုံညီမှာ ဖြစ်တဲ့အတွက် ကုန်သွယ်ရေး ဦးစီးဌာနကလည်း နယ်စပ်ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများကို လာရောက်မိတ်ဆက်ရှင်းလင်း ပြောပြမှာဖြစ်ကြောင်း၊
- ယခုစားသောက်ကုန်လုပ်ငန်းရှင်များလည်း မိမိတို့ရဲ့ဆွေမျိုးသားချင်းများ၊ နယ်စပ်မှာရှိတဲ့ မိတ်ဆွေများကို သတင်းစကားပါးပေးရန်ဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်တဲ့အခါမှာလည်း တရားဝင်ခွင့်ပြု ထားတဲ့ကုန်ပစ္စည်းများကိုသာ ခွင့်ပြုမှာဖြစ်ကြောင်း၊
- နယ်စပ်ကုန်သွယ်ရေးလမ်းဖွင့်လိုက်တာနဲ့တပြိုင်နက် ကုန်စည်များနဲ့အတူ ပြည်တွင်းခရီးသွားများ၊ ပြည်ပမှ ခရီးသည်များပါ ကူးသန်းသွားလာ လှည့်လည်ကြမှာဖြစ်ကြောင်း၊ ဒါလောက်ဆိုရင် စားသောက်ကုန်လုပ်ငန်းရှင်များက ဘာတွေကြိုတင်ပြင်ဆင် ထားရမယ်ဆိုတာ အထူးပြောစရာ မလိုကြောင်း၊
- ထိုင်းနယ်စပ်မှဝင်လာမည့် ကမ္ဘာလှည့်ခရီးသည်များအပြင် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Center-ITC) ရဲ့ အစီအမံနဲ့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ ကယားပြည်နယ်အတွင်း ဝင်ရောက်လှည့်လည်သွားလာ ရေးအစီအမံများ ကွင်းဆင်းဆောင်ရွက်နေကြောင်း၊ လာမယ့်အပတ်တွင် အင်းလေးရှိဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းများကို လေ့လာရေးသွားရန်ရှိကြောင်း၊ အဲဒီခရီးမှာလည်း ပူးပေါင်းပါဝင်လိုက်ပါကြဖို့တိုက်တွန်းလိုကြောင်း၊
- နောက်တစ်ချက်မှာ မိမိတို့ဌာန အနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းတာဝန် အပြင် စားသုံးသူ အခွင့်အရေးကိစ္စရပ်များအတွက်လည်း အသိပညာပေးဖို့ တာဝန်ရှိကြောင်း၊
- စားသောက်ဆိုင်လုပ်ငန်းရှင်များအနေနဲ့ အစားအသောက် ချက်ပြုတ်ရာနေရာ၊ သန့်ရှင်းလတ်ဆတ် တဲ့ကုန်ကြမ်းများ၊ ချက်ပြုတ်သူ စားဖိုမှူးများရဲ့ သပ်ရပ်သန့်ရှင်းမှုစတာတွေကို အထူးအလေးထားဂရုပြုပြီးမှ ပြင်ဆင်ရောင်းချစေလိုကြောင်း၊
- နိုင်ငံခြားသားများ တစ်နေ့တစ်ခြားတိုးတက်ဝင်ရောက်စားသောက်လာပြီဖြစ်ရာ၊ ယင်းတို့မှာ သန့်ရှင်းရေးနှင့်ကျန်းမာရေးကို အထူးဂရုစိုက်သူများဖြစ်ကြကြောင်း၊ အစစအရာရာ စေတနာထားပြီးဆောင်ရွက်ရင်း၊ နိုင်ငံခြားသားများမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ လူသတင်း လူချင်းဆောင်ပြီး၊ ကယားပြည်နယ်ရောက်လို့ စားသောက်ချိန်ရောက်ရင် ဘယ်ဆိုင်ကိုလိုက်ပို့ပါလို့ သူတို့ ပါးစပ်ဖျားမှာ စွဲနေအောင် အစစအရာရာ အဖက်ဖက်က ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်း နှိုးဆော်ဖြစ်ခဲ့ပါတယ်။

■

**အစားအသောက် ချက်ပြုတ်ရာနေရာ၊ သန့်ရှင်းလတ်ဆတ်တဲ့ ကုန်ကြမ်းများ၊ ချက်ပြုတ်သူ စားဖိုမှူးများရဲ့ သပ်ရပ်သန့်ရှင်းမှု စတာတွေကို**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ မြို့ပြနှင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မေလ ၁၃ ရက်နေ့ နံနက်ပိုင်း ပုသိမ်မြို့၊ ကမ်းနားလမ်း၊ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) မှ တာဝန်ရှိသူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနဲ့ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူ တောင်သူများ၊ ငွေကြေးအဖွဲ့အစည်းများ၊ NGO များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ၾင်းအလုပ်ရုံဆွေးနွေးပွဲကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံကိန်းဒါရိုက်တာ၊ စီမံကိန်းနည်းပညာဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ FAO လက်ထောက်ဌာနေ ကိုယ်စားလှယ်စီမံကိန်းညှိနှိုင်းရေးမှူး၊ စီမံကိန်းနည်းပညာဆိုင်ရာ ဦးဆောင်သူအရာရှိ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ FAO ရုံး ဗန်ကောက်မြို့မှ တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေး ဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာဆိုင်ရာ ဆွေးနွေးပွဲအစီအစဉ် ဒုတိယပိုင်းမှာ မြန်မာနိုင်ငံအတွင်း ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရရဲ့ ဆောင်ရွက်လျက်ရှိသော စီမံကိန်းနဲ့ ရည်ရွယ်ချက်များ၊ ရလဒ်များ၊ လုပ်ငန်းဆောင်ရွက်နေမှုများနဲ့ တိုးတက်မှုအခြေအနေများအပြင် အခွင့်အလမ်းနဲ့ အဟန့်အတားများကို အသေးစိတ်လေ့လာသုံးသပ်ခြင်းများပြုလုပ်ပြီး ထောက်ခံအကြံပြုချက် များကိုလည်း ပြန်လည်တင်ပြဆွေးနွေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

# Trade Facilitation & Trade Promotion

## Medi Pharm Myanmar 2015 ကုန်စည်ပြပွဲကျင်းပ




ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာဆေး၊ ဆေးပစ္စည်းနှင့် ဆေးရုံသုံးပစ္စည်းဆိုင်ရာပြပွဲ (Medi Pharm Myanmar 2015)ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၁၅ ခုနှစ် မေလ ၁၄ ရက်နေ့ နံနက် ၀၉း၃၀ နာရီတွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ UMF-CCI ဥက္ကဋ္ဌ၊ ဦးဝင်းအောင်၊ Myanmar Pharmaceutical & Medical Equipment Entrepreneur's Association (MPMEEA)ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် Vietnam National Trade Fair & Advertising Company (VINEXAD) ၏ တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြခန်းအား ဖွင့်လှစ်ပေးခဲ့ကြပါသည်။ အဆိုပါပြပွဲတွင် ဗီယက်နမ်နိုင်ငံရှိ ဆေးနှင့်ဆေးပစ္စည်း၊ ဆေးရုံသုံးဆိုင်ရာ ပစ္စည်းများအား ပြခန်းပေါင်း ၂၅ ခန်းဖြင့် ခင်းကျင်းပြသခဲ့ကြပါသည်။ ၎င်းအပြင် သရုပ်ဖော်ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲ (SEMINAR)များထည့်သွင်း ကျင်းပခဲ့ပါသည်။

အများပြည်သူများ၏ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ တိုးတက်ကောင်းမွန်လာစေရန်၊ ကျန်းမာရေး အသိပညာဗဟုသုတများ ဖလှယ်ခွင့်ရရှိရန် ရည်ရွယ်၍ ပြသခဲ့ခြင်းဖြစ်ပြီး အဆိုပါကုန်စည်ပြပွဲအား ၂၀၁၅ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့ထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ရာ ဆေးဘက်ဆိုင်ရာ ဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်သူပညာရှင်များ၊ ပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များ၊ ဆေးတက္ကသိုလ်ကျောင်းသား/ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အများပြည်သူများ လာရောက်ကြည့်ရှုကြကြောင်း သိရှိရပါသည်။ **KMT**

## HOCHIMINH CITY EXPO ၂၀၁၅ ပြပွဲ

ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၁၅ ခုနှစ် မေလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ HOCHIMINH CITY EXPO 2015 ပြပွဲကို မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးနှင့် ဗီယက်နမ်နိုင်ငံမှ Investment & Trade Promotion Centre (ITPC) နှင့် ပြည်တွင်းကုမ္ပဏီ NMT Ltd. တို့မှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်းနှင့် ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီများက လျှပ်စစ်ပစ္စည်းမျိုးစုံ၊ မီးခံသေတ္တာများ၊ ပရိဘောဂပစ္စည်းများ၊ ပိုက်နှင့် ဆက်စပ်ပစ္စည်းများကို လာ ရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

## ဖိလစ်ပိုင်နိုင်ငံတွင် "Cebu Business Month (CBM)" ဆွေးနွေးပွဲနှင့် ပြပွဲများကျင်းပမည်

"Cebu Business Month (CBM)" ဆွေးနွေးပွဲနှင့် ပြပွဲများကို ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိ ပါသည်။ "Cebu Business Month (CBM)" ဆွေးနွေးပွဲသည် ဖိလစ်ပိုင် နိုင်ငံ စီဘူးမြို့၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ရန်နှင့် ပိုမိုတိုးတက်လာစေရန်အတွက် ဖြစ်ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာနှင့် စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုလုပ်ငန်းများ၊ စွန့်ဦးတီထွင်လုပ်ငန်းများနှင့် တီထွင်ဆန်းသစ်သော စက်မှုလုပ်ငန်းများ အစရှိသည့် ကဏ္ဍများ၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းရှင်များမှ "GLOCALIZED CEBU" ခေါင်းစဉ်ဖြင့် ဆွေးနွေးသွားမည်ဖြစ်ပါသည်။ ပြပွဲများကို "Cebu Business Month" အဖြစ် ဇွန်လတစ်လလုံး ကျင်းပသွားမည်ဖြစ်ပါကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှု ဗဟိုဌာနများဌာနခွဲနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်း နိုင်ပါကြောင်း သတင်းရရှိပါသည်။ **ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် China Import Expo 2015 "Enchancing Export Capacities of Asia LDCS" ပြပွဲပြသမည်

China Import Expo 2015 "Enchancing Export Capacities of Asia LDCS" ပြပွဲကို ၂၀၁၅ ခုနှစ် မေလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျန်စုပြည်နယ်၊ Kunshan မြို့တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အသင်းဝင်ကုမ္ပဏီခြောက်ခုတို့မှ ပရိဘောဂပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်မျက် လက်ဝတ်ရတနာပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို သွားရောက် ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် 6th China Guilin International Tourism Expo (CGITE) ပြပွဲပြသမည်

"6th China Guilin International Tourism Expo (CGITE)" ပြပွဲကို ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက် နေ့မှ ၃၁ ရက်နေ့အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ Guilin မြို့၊ Guilin International Conference & Exhibition Center တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ "6th China Guilin International Tourism Expo (CGITE)" ပြပွဲတွင် ခရီးသွားလာရေးလုပ်ငန်းများမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေးအတွက် စီစဉ်ထားပါကြောင်း သတင်းရရှိပါသည်။ **ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါ်နန်းခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## နောက်တစ်ကြိမ် WTO အစည်းအဝေးအတွက် အစီအစဉ်ရေးဆွဲမှုနှောင့်နှေးကြန့်ကြာမှုကို အိန္ဒိယစိုးရိမ်

ဒိုဟာဆွေးနွေးပွဲမှ လက်ကျန်ပြဿနာများ ဖြေရှင်းရေးအတွက် ဒီဇင်ဘာလအတွင်း နိုင်ရိုဘီမြို့မှာကျင်းပမယ့် ဝန်ကြီးအစည်းအဝေးအတွက် အစည်းအဝေးအစီအစဉ် အပြီးသတ်ရေးဆွဲရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေ နှေးကွေးကျဆင်းမှုကို စိုးရိမ်မကင်းဖြစ်မိကြောင်း မေ ၁၂ ရက်နေ့က အိန္ဒိယနိုင်ငံက ပြောကြားခဲ့ပါတယ်။

အဲဒီအစည်းအဝေးကျင်းပရင် လယ်ယာစိုက်ပျိုးရေး (ပို့ကုန်ထောက်ပံ့ကြေး၊ ဝါဂွမ်းနဲ့ ငါးလုပ်ငန်းထောက်ပံ့ ရေးအပါအဝင်)၊ အသိဉာဏ်ပိုင်ဆိုင်ခွင့်၊ ဈေးကွက်ချိတ်ဆက်မှုနဲ့ ဝန်ဆောင်မှုစတဲ့ကိစ္စရပ်များအပါအဝင် ကာလရှည်ကြာစွာဖြေရှင်းနိုင်ခြင်းမရှိသေးတဲ့ ဒိုဟာဆွေးနွေးပွဲနဲ့ ပတ်သက်တဲ့ပြဿနာတွေ ကိုအိန္ဒိယနိုင်ငံက ပြန်လည်ဆွေးနွေးလို တဲ့ဆန္ဒရှိပါတယ်။

"ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO မှာ ပေါ်ပေါက်နေတဲ့ အဓိကပြဿနာက ဝန်ကြီးအဆင့် အစည်းအဝေးအတွက် အစည်းအဝေး အစီအစဉ်ချမှတ်ရေးနဲ့ပတ်သက်ပြီး အငြင်းအခုံဖြစ်နေတဲ့ပြဿနာပါ။ အစည်းအဝေးအစီအစဉ်ကို ဇူလိုင်မှာ ရေးဆွဲရမှာပါ။ ဒီအတွက်အချိန်က တဖြည်းဖြည်းနဲ့ နီးကပ်နေပါပြီ။ ဒါပေမယ့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတဲ့သဘော ဖြစ်နေပါတယ်"လို့ အိန္ဒိယကူးသန်းရောင်းဝယ်ရေးအတွင်းဝန် ရာဂျစ်ခါးက အိန္ဒိယကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်း ရဲ့ Federation of Indian Chambers of Commerce and Industry-FICCI ရဲ့ အခမ်းအနားတစ်ခုမှာ ပြောပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်တွေချမှတ်ရာမှာ အဆင့်အမြင့်ဆုံးအဖွဲ့အစည်းဖြစ်တဲ့ ဝန်ကြီးအဆင့် ကွန်ဖရင့်အစည်းအဝေးကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့မှာ ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိကျင်းပမှာဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်ကစတင်ဆောင်ရွက်ခဲ့တဲ့ ဒိုဟာအကျော့စေ့စပ်ညှိနှိုင်းမှုတွေက ၂၀၀၈ ခုနှစ် ဇူလိုင်ကစပြီး တုံ့ဆိုင်းလျက်ရှိပါတယ်။ အထူးသဖြင့် လယ်သမားတွေကို ထောက်ပံ့ပေးတာနဲ့ ပတ်သက်ပြီး ချမ်းသာတဲ့နိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ သဘောထားကွဲလွဲမှုတွေရှိခဲ့တဲ့အတွက် အခုလိုတုံ့ဆိုင်းနေခဲ့တာပဲ ဖြစ်ပါတယ်။

ဒ့ါအပြင် ၂၀၁၃ ခုနှစ်က ဘာလီအစည်းအဝေးမှာမပါဝင်ခဲ့တဲ့ ပြဿနာတွေကိုလည်း ဆွေးနွေးကြဖို့ရှိပါတယ်။ အဲဒီပြဿနာတွေထဲမှာ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံတွေနဲ့ ဆက်နွယ်နေတဲ့ ပြဿနာတွေလည်းပါဝင်ပါတယ်။ နိုင်ရိုဘီအစည်းအဝေးမှာ ဒီပြဿနာ တွေကိုဆွေးနွေးတဲ့အခါ ဦးစားပေး ဆောင်ရွက်ရေးအတွက် သဘောထားကွဲလွဲမှုတွေရှိနေတဲ့အတွက် အစီအစဉ်ကိုအပြီးသတ်ရေးဆွဲဖို့ အခက်အခဲတွေ ရှိနေပါတယ်။

## သတင်းအချက်အလက် နည်းပညာသဘောတူညီချက်ညှိနှိုင်းမှုများ အပြီးသတ်ဆောင်ရွက်ဖို့ WTO အဖွဲ့ဝင်တို့ တိုက်တွန်း

သတင်းအချက်အလက်နည်းပညာ သဘောတူညီချက် (Information Technology Agreement-ITA) ကော်မတီအစည်းအဝေးမှာ ITA ထုတ်ကုန်များ အကျုံးဝင်မှုတိုးချဲ့ရေးအတွက် ဆောင်ရွက်နေဆဲဖြစ်တဲ့ စေ့စပ်ညှိနှိုင်းမှုတွေ (ITA-2) ကို လျင်မြန်စွာအပြီးသတ်ဆောင်ရွက်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အဖွဲ့ဝင်နိုင်ငံတွေက တိုက်တွန်းထားကြောင်း Newsbusiness ethiopia သတင်းမှာ ဖော်ပြထားပါတယ်။

မေ ၈ ရက်ကကျင်းပခဲ့တဲ့ အစည်းအဝေးမှာ သတင်းအချက်နဲ့ ဆက်သွယ်ရေးနည်းပညာ (ICT) ထုတ်ကုန်များကို ရောင်းဝယ်ရာမှာ ကြုံတွေ့ရတဲ့အကောက်ခွန်မဟုတ်တဲ့ အတားအဆီးတွေကိစ္စကို ဆွေးနွေးနိုင်ဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပဖို့ အဖွဲ့ဝင်တွေက တိုက်တွန်းထားပါတယ်။ ITA စေ့စပ်ညှိနှိုင်းမှုတွေ တိုးတက်မှုရရှိအောင် WTO ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို ကြိုဆိုလိုက်ပြီး ITA 2 ရဲ့ အောင်မြင်မှုက ဒိုဟာဆွေးနွေးပွဲအောင်မြင်မှုကို အထောက်အကူပေးမှာဖြစ်ကြောင်း သူကပြောပါတယ်။

ITA2 စာရင်းမှာပါဝင်တဲ့ ထုတ်ကုန်တွေတိုးချဲ့ရေးနဲ့ ပတ်သက်တဲ့ အခြေခံအချက်တွေကို တညီတညွတ်တည်း သဘောတူညီထားပြီးဖြစ်ကြောင်း ဥရောပသမဂ္ဂကပြောပါတယ်။ သဘောတူညီချက်ရရှိရေးညှိနှိုင်းမှုတွေကိုအဟန့်အတားမပြုကြဖို့နဲ့ အစီအစဉ်ထဲမှာပါတဲ့အတိုင်း လက်ခံကြဖို့လည်း တိုက်တွန်းထားပါတယ်။

ITA2 ကို ထိပ်တန်းကုန်သွယ်မှုဦးစားပေးအဖြစ် သဘောထားကြောင်းနဲ့ သဘောတူညီချက် မရနိုင်သေးတဲ့အတွက် အမေရိကန် IT လုပ်ငန်းတွေနဲ့ တခြားနိုင်ငံတွေမှာရှိတဲ့ IT လုပ်ငန်းတွေက သည်းမခံနိုင်အောင်ဖြစ်နေကြောင်း အမေရိကန်နိုင်ငံက ပြောပါတယ်။

နော်ဝေ၊ ဆွစ်ဇာလန်၊ ကနေဒါ၊ တရုတ်(တိုင်ပေ)၊ မွန်တီနီဂရိုး၊ စင်ကာပူ၊ ကိုလံဘီယာ၊ ဩစတြေးလျနဲ့ ဟောင်ကောင်တို့ကလည်း ITA 2 ကို စောစီးစွာ အပြီးသတ်ချုပ်ဆိုရေးအတွက် ထောက်ခံမှုပေးကြပါတယ်။

## ၂၀၁၆ ခုနှစ်မှာ အိန္ဒိယစီးပွား ရေးဖွံ့ဖြိုးမှုက ဂျီ– ၂၀ မှာအမြင့်ဆုံးဖြစ်

၂၀၁၅-၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှုရှိမှာဖြစ်တဲ့အတွက ဂျီ-၂၀ နိုင်ငံတွေအနက် တိုးတက်မှုအမြင့်ဆုံး ဖြစ်ကြောင်း တိုးတက်မှုနှုန်းသတ်မှတ်ရေးအေဂျင်စီ Moody's Investors Service က မေ ၁၂ ရက်မှာထုတ်ပြန်တဲ့ အစီရင်ခံစာကို ကိုးကားပြီး ပီတီအိုင် သတင်းမှာ ဖော်ပြပါတယ်။

ယခုလိုမျိုးတိုးတက်မှု ရရှိခဲ့ခြင်းမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနဲ့ ရေနံစိမ်းဈေးနှုန်းကျဆင်းမှုတို့ကြောင့် ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုတွေ အပြောင်းအလဲဖြစ်ပေါ်နေတဲ့ အချိန်မှာ ပြည်ပစီးပွားရေးတွေမှာ ချိန်သားကိုက်ညီမှုမရှိတာတွေ လျော့ကျသွားတဲ့အတွက် အိန္ဒိယနိုင်ငံအတွက် အကျိုးစီးပွားရေးတွေ ဖြစ်ထွန်းမှုရှိခဲ့ကြောင်း အစီရင်ခံစာမှာ ဖော်ပြပါတယ်။

"စွမ်းအင်တင်သွင်းမှု ကုန်ကျစရိတ်တွေ ကျဆင်းမှုနဲ့ ရွှေတင်သွင်းမှုတွေ ကန့်သတ်လိုက်တဲ့အတွက် နိုင်ငံခြားကုန်သွယ်မှုရှင်းတမ်းက ချိန်သားကိုက်ညီမှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်" လို့ Moody's ကပြောပါတယ်။

အိန္ဒိယနိုင်ငံက အဓိကရေနံတင်သွင်းနိုင်ငံဖြစ်တဲ့အတွက် ရေနံစိမ်းဈေးနှုန်းတွေကျဆင်းတာကြောင့် ဂျီ-၂၀ နိုင်ငံတွေအနက် အကျိုးခံစားမှုအများဆုံးရရှိတဲ့နိုင်ငံ ဖြစ်ပါတယ်။

ဂျီ-၂၀ အဖွဲ့က ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံပေါင်း ၂၀ ပါဝင်တဲ့အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ကမ္ဘာ့စီးပွားရေး ထုတ်လုပ်မှုရဲ့ ၈၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားတဲ့နိုင်ငံတွေဖြစ်ပါတယ်။

ဒ့ါပြင် ပြည်တွင်းကုန်ချောထုတ်လုပ်မှုနဲ့ တခြားပြုပြင်ပြောင်းလဲရေးအစီအမံတွေကို မြှင့်တင်ဖို့အတွက် ဆောင်ရွက်တဲ့ Make-in-India လှုပ်ရှားမှုအစီအမံတွေကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုမြင့်တက်လာပြီး စီးပွားရေးဖွံ့ဖြိုးမှုကိုမြင့်တက်လာစေခဲ့ကြောင်း Moody's က ပြောပါတယ်။ အိန္ဒိယဗဟိုဘဏ်က ရည်မှန်းချက်ထားတဲ့ ငွေကြေးဖောင်းပွမှုနှုန်းသတ်မှတ်ချက်က အစားအစာထုတ်ကုန်တွေမှအပ တခြားကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုနဲ့ လုပ်ခတွေအပေါ် အကျိုးသက်ရောက်မှုမရှိခဲ့ဘူးလို့ ဆိုပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်တစ်ဦးကို BRICS ဖွံ့ဖြိုးရေးဘဏ်သစ်ရဲ့ ပထမဆုံးအကြီးအကဲအဖြစ် အိန္ဒိယနိုင်ငံက ရွေးချယ်

ထွန်းသစ်စနိုင်ငံများအဖွဲ့ BRICS ဖွံ့ဖြိုးရေးဘဏ်သစ်ရဲ့ ပထမဆုံးအကြီးအကဲအဖြစ် ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ကေဗွီကမက်ကို အိန္ဒိယနိုင်ငံက ရွေးချယ်ထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနအတွင်းဝန် ရာဂျစ်မယ်ရိရှိရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ မေလ ၁၁ ရက်က ဖော်ပြခဲ့ပါတယ်။ အနောက်နိုင်ငံတို့ လွှမ်းလျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးစနစ်ကို ပြန်လည်ပြင်ဆင်ပုံဖော်ဖို့ ရည်မှန်းချက်နဲ့ ဒေါ်လာဘီလီယံ ၁၀၀ နဲ့စတင်ပြီး ဖွံ့ဖြိုးရေးဘဏ်တစ်ခုအဖြစ် ထူထောင်ဖို့ BRICS (ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နဲ့ တောင်အာဖရိက) နိုင်ငံတွေဟာ ဇူလိုင်လက သဘောတူခဲ့ကြပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေကြေးရေးထောက်ပံ့ဖို့ ရည်ရွယ်ဖွဲ့စည်းခဲ့တဲ့ ဖွံ့ဖြိုးရေးဘဏ်သစ် (New Development Bank) ကို ရှန်ဟဲမှာ အခြေစိုက်ဖွင့်လှစ်ဖို့ သဘောတူညီထားပါတယ်။ ပထမငါးနှစ်သက်တမ်းမှာ အိန္ဒိယလူမျိုးတစ်ဦးက ဦးဆောင်ပြီး နောက် သက်တမ်းများမှာ ဘရာဇီးလူမျိုးနဲ့ ရုရှားလူမျိုးတို့က အသီးသီးဦးဆောင်သွားမှာဖြစ် တယ်။



"BRICS ဘဏ်ရဲ့ အကြီးအကဲအဖြစ် ကမက်ကို ရွေးချယ်ထားပါတယ်။ ဒီလိုခန့်အပ်မှုက သူ့လက်ရှိတာဝန်တွေကို ရှင်းလင်းပြီးတဲ့နေ့ကစပြီး တရားဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု နယူးဒေလီမြို့မှာ မယ်ရိရှိက သတင်းထောက်တွေကို ပြောပါတယ်။

ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ကမက်ဟာ အသက် ၆၇ နှစ်ရှိပြီး အိန္ဒိယနိုင်ငံမှာ ဒုတိယအကြီးမားဆုံးဖြစ်တဲ့ ICICI ဘဏ်ကို တည်ထောင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ သူက ၂၀၀၉ ခုနှစ်ထိ ၁၃ နှစ်ကြာ ဘဏ်ကိုဦးဆောင်ခဲ့ပြီး ယခုအခါ အမှုဆောင်မဟုတ်တဲ့ ဥက္ကဋ္ဌ Non-executive Chairman အဖြစ် တာဝန်ယူဆောင်ရွက်နေပါတယ်။

# ဒေဝါလီခံဥပဒေ ပြင်ဆင်ချက်များကို စင်ကာပူမှာအဆိုပြု

ပထမအကြိမ်ဒေဝါလီခံရသူတွေ ဒေဝါလီခံရတဲ့ကာလ ခုနစ်နှစ်ပြည့်သွားပြီဆိုရင် ဒီကာလအတွင်းမှာ ကြွေးမြီကို အပြေအလည် မပေးနိုင်ခဲ့တဲ့တိုင် အောင် ပြစ်ဒဏ်မှ တရားရှင်ကင်းလွတ်ခွင့်ရှိကြောင်း စီအင်န်အေသတင်းမှာ ဖော် ပြပါတယ်။

ဒီပြဌာန်းချက်က မူဘောင်သစ် အရပါရှိလာတာဖြစ်ပြီး လူတစ်ဦးကို ဒေဝါလီခံရဖို့ ကြေညာတဲ့အခါ အခက်အခဲရှိစေပြီး ဒေဝါလီခံရတဲ့ဘဝက အလွယ်တကူ လွတ်မြောက်စေနိုင်ပါတယ်။ တရားရေးဝန်ကြီးဌာနက ရေးဆွဲပြီးမေ ၁၁ ရက်မှာ လွှတ်တော်ကို ပထမအကြိမ်တင်သွင်းခဲ့တဲ့ ဒေဝါလီခံမှု (ပြင်ဆင်ချက်)ဥပဒေကြမ်း Bank ruptcy (Amendment)Bill မှာပါဝင်တဲ့ ပြင်ဆင်ချက်တွေအနက် ဒီပြင်ဆင်ချက်ကအဓိကကျတဲ့ ပြင်ဆင်ချက် ဖြစ်ပါတယ်။

ဒေဝါလီခံရသူတွေအနေနဲ့ ပြင်ဆင်လိုက်တဲ့ ဥပဒေအရသတ်မှတ်ထည့်ဝင်ငွေကို ပေးသွင်းရမှာဖြစ်ပါတယ်။ သူတို့ရဲ့ ဝင်ငွေရနိုင်မယ့် အခြေအနေအပေါ် မူတည်ပြီး ပြန်လည်ပေးဆပ်မှုအစီအစဉ်ကို ရေးဆွဲကာ ကြွေးကိုပေးဆပ်စေမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ကြွေးမြီကိုအပြည့်အဝ ပေးဆပ်နိုင်ခြင်း မရှိသူတွေလည်း ဒေဝါလီခံဘဝကနေ လွတ်မြောက်နိုင်ပါတယ်။ ပထမအကြိမ်အဖြစ် ကျူးလွန်သူတွေအတွက် ခုနစ်နှစ်သတ်မှတ်ပြီး နောက်တစ်ကြိမ် ကျူးလွန်သူအတွက် ကိုးနှစ် သတ်မှတ်ပါတယ်။ လောလောဆယ်မှာ ဒေဝါလီခံဘဝက အလိုအလျောက်လွတ်မြောက်ဖို့ သတ်မှတ်ပြဌာန်းချက် မရှိသေးပါဘူး။ ဗဟိုတရားရုံးအမိန့်သို့မဟုတ် Official Assignee လို့ခေါ်တဲ့ တရားရုံးအရာရှိတစ်ဦးဦးက ထုတ်ပေးတဲ့လက်မှတ်အရ ဒေဝါလီခံဘဝက လွတ်မြောက်ခွင့် ရှိပါတယ်။ ဒါပေမယ့် ကြွေးမြီက စင်ကာပူဒေါ်လာ ၅၀၀၀၀၀ အောက်မှာ ရှိရပါတယ်။

ပုံသေရရန်ပိုင်ခွင့်နဲ့ ဝင်ငွေကြေညာချက်ကို မတင်ပြလျှင်သော်လည်းကောင်း၊ ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ ခရီးထွက်ခွာပြီး ဆက်လက်နေထိုင်လျှင်သော်လည်းကောင်း ဒေဝါလီခံရထားသူဟာ ဒေဝါလီခံဘဝမှ လွတ်မြောက်ခွင့်ရမည်မဟုတ်ပါကြောင်း ပြင်ဆင်ထားတဲ့ ဥပဒေမှာ ထည့်သွင်းဖော်ပြထားပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# ထိုင်းပို့ကုန်သွင်းကုန်ဘဏ် ယာယီဥက္ကဋ္ဌက ၂၀၁၅ ခုနှစ်အတွက် မဟာဗျူဟာချမှတ်

အစိုးရကပြဌာန်းထားတဲ့ မူဝါဒတွေနဲ့အညီ ပို့ကုန်လုပ်ငန်းတွေကို စတင်ဆောင်ရွက်လိုသူ သို့မဟုတ် လုပ်ငန်းချဲ့ထွင်တဲ့ ပို့ကုန်လုပ်ငန်းရှင်တွေ၊ ပို့ကုန်နဲ့ပတ်သက်တဲ့ စွန့်ဦးတီထွင်သူတွေ၊ ရင်းနှီးမြှုပ်နှံသူတွေနဲ့ အထူးသဖြင့် အသေးစားလုပ်ငန်းစွန့်ဦးတီထွင်သူတွေအတွက် ဘဏ္ဍာရေးအကူအညီ တွေကို ပို့ကုန်-သွင်းကုန်ဘဏ်က ယခုနှစ်မှာလည်း ဆက်လက်ပေးအပ်သွားမှာဖြစ်ကြောင်း ပို့ကုန်သွင်းကုန်ဘဏ် (Exim Bank) ရဲ့ ယာယီဥက္ကဋ္ဌ ဆုသာ နီပရာဆာဆန်က ပြောပါတယ်။

ယခုနှစ်မှာတော့ အစိုးရက အစီအစဉ်ငါးရပ်ကို ချမှတ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်တွေကတော့ SMEs Export Delight အစီအစဉ်၊ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းတွေရဲ့ နယ်စပ်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအစီအစဉ်၊ SME များ ပြန်လည်နေရာချထားရေးနဲ့ တိုးချဲ့ရေးအစီအစဉ်၊ အထူးစီးပွားရေး ဖွံ့ဖြိုးမှုဇုန်များအတွက် ငွေကြေးထောက်ပံ့မှုနဲ့ "Byer's Plus Suppteer's Cradit ဆိုတဲ့အစီအစဉ် တွေဖြစ်ပါတယ်။

အထူးသဖြင့် CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်) ဒေသခွဲမှာ ဒေသတွင်းကုန်သွယ်မှု ဘဏ္ဍာရေးထောက်ပံ့မှုအတွေ့အကြုံကို အခြေပြုပြီး ထိုင်းပို့ကုန်သွင်းကုန်ဘဏ် ကထိုင်းပို့ကုန်လုပ်ငန်းရှင်တွေနဲ့ ပို့ကုန်နဲ့ ဆက်နွှယ်နေတဲ့ စွန့်ဦးတီထွင်သူတွေကို အကူအညီပေးသွားမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါ ဒီလုပ်ငန်းတွေရဲ့ ငွေဖြစ်လွယ်မှုနဲ့ ကုန်သွယ်မှုအာမခံလုပ်ငန်းတွေကို ဆောင်ရွက်ပေးပြီး သူတို့ရဲ့ ကုန်သွယ်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ယုံကြည်မှုအပြည့်နဲ့ စတင်ဖို့ သို့မဟုတ် လုပ်ငန်းချဲ့ထွင်ဖို့ အထောက်အကူပေးသွားမှာဖြစ်ကြောင်း ဆူသာနီကပြောပါတယ်။

ယခုပထမသုံးလပတ်မှာ ထုတ်ကုန်သွင်းကုန်ဘဏ်ရဲ့ အသားတင်အမြတ်က ဘတ် ၃၇ ဒသမ ၇ သန်းရှိခဲ့ပြီး စုစုပေါင်းချေးငွေကြွေးကျန် က ဘတ် ၇၁ ဒသမ ၈၈ ဘီလီယံရှိခဲ့ပါတယ်။ ဒီလိုဖြစ်ခဲ့ရတာကလည်း ကြွေးသစ်ထပ်ပေးငွေဘတ် ၃ ဒသမ ၀၃ ဘီလီယံရှိပြီး ချေးငွေပြန်ဆပ်တဲ့ ပမာဏကြောင့်လည်း ပါပါတယ်။

ပို့ကုန်သွင်းကုန်ဘဏ်ရဲ့ ပင်မစီးပွားရေးလုပ်ငန်းအဓိကအားဖြင့် နှစ်မျိုးရှိပြီး ချေးငွေထုတ်ချေးတဲ့လုပ်ငန်းနဲ့ အာမခံလုပ်ငန်းတွေဖြစ်တယ်လို့ သူကပြောပါတယ်။ ၂၀၁၅ ခုနှစ် ပထမသုံးလပတ်မှာ ဘဏ်ရဲ့ ငွေကြေးထောက်ပံ့ မှုအစီအစဉ်တွေကရတဲ့ ဝင်ငွေက ဘတ် ၃၂ ဒသမ ၃ ဘီလီယံရှိပါတယ်။ ဘဏ်ရဲ့ ချေးငွေကြွေးကျန်က ဘတ် ၇၁ ဒသမ ၈၈ ဘီလီယံရှိပြီး အသစ်ထုတ် ချေးငွေက ဘတ် ၃ ဒသမ ၀၃ ဘီလီယံ ရှိပါတယ်။

# 4 G အသုံးပြုရေးစီမံကိန်းကို အစိုးရကအတည်ပြု




ဗီယက်နမ်အစိုးရက တယ်လီကွမ်ဆက်သွယ်ရေးဖွံ့ဖြိုးမှု စီမံကိန်းကို အတည်ပြုပေးခဲ့ပါတယ်။ ဒီစီမံကိန်းအရယခုနှစ်မှာ 4G နည်းပညာကိုစတင်ဆောင်ရွက်နိုင်ဖို့အတွက် ပြင်ဆင်မှုတွေ ပြုလုပ်မှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဒါပေမယ့် ယခုအချိန်မှာ လက်ရှိ 3G နည်းပညာကိုပင်လျှင် အပြည့်အဝ အသုံးပြုနိုင်ခြင်းမရှိသေးတဲ့အတွက် ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံအဖို့ 4G ပစ္စည်းကိရိယာတွေက တန်ဖိုးကြီးလွန်းနေတယ်ဆိုတဲ့ ဝေဖန်မှုတွေရှိနေကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။

4G ဝန်ဆောင်မှုတွေကို ရှေ့ပြေးစမ်းသပ်မှုအဖြစ် ဆောင်ရွက်ဖို့အတွက် PPT Telecom, VNPT, Viettel, CMC နဲ့ VTC ဆိုတဲ့ လုပ်ငန်းဆောင်ရွက်သူ ကုမ္ပဏီငါးခုကို လွန်ခဲ့တဲ့လေးနှစ်က သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက လိုင်စင်တွေ ထုတ်ပေးခဲ့ပါတယ်။ ဗီယက်နမ်မှာရှိတဲ့ အဓိက တယ်လီကွမ်လုပ်ငန်းတွေက 4G ဝန်ဆောင်မှုကို စတင်ဖို့ အသင့်ဖြစ်နေပါတယ်။

ကုမ္ပဏီကြီးသုံးခုဖြစ်တဲ့ Viettel, Mobifone နဲ့ Vinaphone စတဲ့ ကုမ္ပဏီကြီးသုံးခုက တချို့မြို့ကြီးတွေမှာ 46 ဝန်ဆောင်မှုကို အောင်မြင်စွာ စမ်းသပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် အောင်မြင်မှုအတွက် မရေမရာရှိနေဆဲဖြစ်ပါတယ်။

Viettel က လာအိုနဲ့ ကမ္ဘောဒီးယားမှာ 4G နည်းပညာကို ရှေ့ပြေးစမ်းသပ်မှုအဖြစ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် လုပ်ငန်းချဲ့ထွင်ရေးကိစ္စကိုတော့ မဆုံးဖြတ်ရသေးပါဘူး။

“ဗီယက်နမ်လူမျိုးတွေရဲ့ ဝင်ငွေက 4G ကိုအထောက်အကူပေးတဲ့ကိရိယာတွေကို ဝယ်နိုင်ဖို့အတွက် လုံလုံလောက်လောက် မရှိသေးပါဘူး” လို့ Viettel ရဲ့ အမှုဆောင်အရာရှိက ပြောပါတယ်။ ဒါ့ပြင် 3G မှာ ရင်းနှီးမြှုပ်နှံမှုကို ကြီးကြီးမားမား ဆောင်ရွက်ထားပြီးဖြစ်ပေမယ့် ဒီ 3G ရဲ့ စွမ်းအားကို အပြည့်အဝ မသုံးရသေးဘူးလို့လည်း သူကပြောပါတယ်။

# ATM တွေကို ဘဏ်ဓားပြတွေရဲ့ ဝင်ရောက်တိုက်ခိုက်မှုကနေ ဟန့်တားဖို့ မင်စွန်းတဲ့ နည်းပညာကို မလေးရှားမှာ အသုံးပြု

အလိုအလျောက်ငွေထုတ်စက် (ATM) များကို တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း မင်စွန်းစေတဲ့ နည်းပညာကိုဘဏ်လုပ်ငန်းရှင်တို့က ရှေ့ပြေးစမ်းသပ်မှုအဖြစ်ဆောင်ရွက်လျက်ရှိကြောင်း သည်စတားသတင်း ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

ATM စက်တွေရဲ့ လုံခြုံမှုကိုမြှင့်တင်ပေးဖို့အတွက် ကူးသန်းရောင်းဝယ်ရေးဘဏ်ရဲ့ အစီအမံတစ်ရပ်အဖြစ် ရွေးချယ်ထားတဲ့ဘဏ်တချို့မှာ မင်စွန်းနည်းပညာကို စမ်းသပ်ဆောင်ရွက်နေကြောင်း မလေးရှားဘဏ်လုပ်ငန်းရှင်များအသင်း (ABM) က ပြောပါတယ်။

အထဲမှာရှိတဲ့ ငွေစက္ကူတွေကို ခဲတုပေဒမင်နဲ့ စွန်းထင်းသွားစေမှာဖြစ်တဲ့အတွက် မင်စွန်းနည်းပညာက ATM စက်တွေကို ပြစ်မှုကျူးလွန်သူတွေရဲ့ တိုက်ခိုက်တဲ့ရန်က အကာအကွယ်ပေးမှာဖြစ်ကြောင်း ATM ရဲ့ ဥက္ကဋ္ဌ ဒါတွတ်အဗ္ဗဒူဖာရစ်အလိုင်းယတ် ကပြောပါတယ်။ မင်စွန်းနေတာကိုကြည့်ပြီး ဒီငွေတွေက ခိုးလာတဲ့ငွေတွေဆိုတာ အလွယ်တကူ ဖော်ထုတ်လို့ရမှာဖြစ်ကြောင်း သူကပြောပါတယ်။ ဘဏ္ဍာရေးအရ ကျူးလွန်တဲ့ပြစ်မှုတွေ ကိုတိုက်ဖျက်ရာမှာ လုပ်ငန်းရှင်တွေက ကြီးကြပ်သူတွေ၊ ဥပဒေ အကောင်အထည်ဖော်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြပါတယ်။

မင်စွန်းနည်းပညာကိုအသုံးပြုတဲ့အခါ လက်ရှိအသုံးပြုနေဆဲဖြစ်တဲ့ အချက်ပေးစနစ်၊ ကင်မရာထောက်လှမ်းမှုစနစ်စတဲ့ စနစ်ကိုလည်း သုံးစွဲလျက်ရှိ ပါတယ်။ ဒီနည်းပညာကိုအသုံးပြုဖို့ နေရာချထားရာမှာ စက်ထားရှိတဲ့နေရာ အခြေအနေကို ကြည့်ပြီး ရွေးချယ် ဆောင်ရွက်တာဖြစ်ပါတယ်။ ဘဏ်ဓားပြတွေရဲ့ရန်ကနေ ATM စက်တွေကို ကာကွယ်ဖို့ဆောင်ရွက်ရာမှာ မင်စွန်း စနစ်က အထိရောက်ဆုံးနည်းလမ်းဖြစ်ကြောင်း သုတေသနဆောင်ရွက်ချက်တွေအရ သိရပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### နယူးယောက်

ဈေးကွက်ထဲမှာ ရောင်းလိုအား အဆမတန် များပြားနေမှုကြောင့် စိုးရိမ်မှုတွေမြင့်တက်လာခဲ့တဲ့အတွက် မေ ၁၄ ရက်မှာ ရေနံဈေးနှုန်းတွေ ပြန်လည် ကျဆင်းလာတာကိုတွေ့ရပါတယ်၊နယူးယောက် ကူးသန်းရောင်းဝယ်ရေးကုန်စည်ဒိုင်မှာ အနောက်တက္ကဆပ်ရေနံစိမ်းဈေးက ၆၂ဆင့် ကျဆင်းပြီး တစ်စည်ကို ၅၉ ဒသမ ၈၈ ဒေါ်လာနဲ့ လန်ဒန်မှာ မြောက်ပင်လယ်ရေနံစိမ်းဈေးက ၂၂ ဆင့် ကျဆင်းပြီး တစ်စည်ကို ၆၆ ဒသမ ၅၉ ဒေါ်လာရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

### မွမ်ဘိုင်း

တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ ရွှေဝယ်လိုအားက ၂၀၁၅ ခုနှစ်မှာ တန်ချိန် ၉၀၀ မှ ၁၀၀၀ အတွင်းရှိမှာဖြစ်ပြီး အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်တက်လာပြီး တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှု အရှိန်ကျလာတဲ့အတွက် ရွှေကိုသုံးစွဲရာမှာ အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံကို ကျော်လွန်လာဖွယ်ရှိကြောင်း ကမ္ဘာ့ရွှေကောင်စီ (အိန္ဒိယ)ရဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဆိုမာဆန်ဒါရန်ပီအာက ပီတီအိုင် သတင်းဌာနကို ပြောပါတယ်။

### ဂျကာတာ

အင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံခြားကုန်သွယ်မှုမှာ ဧပြီလကပိုငွေပြခဲ့ပေမယ့်ဒီလိုပိုငွေပြရခြင်းဟာ သွင်းကုန်က ပို့ကုန်ထက်ပိုမိုလျင်မြန်စွာ ကျဆင်းခဲ့တဲ့အတွက်ဖြစ်ကြောင်းနဲ့ ဒါကိုကြည့်ခြင်းအားဖြင့် အင်ဒိုနီးရှားရဲ့ စီးပွားရေးက ဒုတိယသုံးလပတ်အစမှာ ဆက်လက်ကျဆင်းနေတာကို ပြသလျက်ရှိကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

ယန်းငွေတန်ဖိုး ကျဆင်းမှုနဲ့ ရေနံဈေးနှုန်းတွေ ကျဆင်းမှုက တောင်ကိုရီးယားနိုင်ငံသားတွေကို ပြည်ပခရီးတွေ ထွက်ခွာဖြစ်အောင် တွန်းအားပေးနေတဲ့အတွက် ကမ္ဘာ့စီးပွားရေး နှေးကွေးကျဆင်းနေပေမယ့် တောင်ကိုရီးယားရဲ့ ခရီးသွားလုပ်ငန်းက အစွမ်းကုန်ထွန်းကားနေကြောင်း ကိုရီးယားဟာရယ် သတင်းမှာ ဖော်ပြပါတယ်။

**EAST ASIA**

## ကမ္ဘာ့ဝယ်လိုအားကျဆင်းမှုကြောင့် တောင်ကိုရီးယားရဲ့ICT ထုတ်ကုန်တင်ပို့မှု ကျဆင်း

ကမ္ဘာ့ ICT လုပ်ငန်းကျဆင်းတဲ့ အတွက် တောင်ကိုရီးယားနိုင်ငံရဲ့ သတင်းအချက်အလက်နဲ့ ဆက်သွယ် ရေးနည်းပညာ (ICT) ထုတ်ကုန်များ တင်ပို့မှုက ဧပြီလကကျဆင်းခဲ့ကြောင်း မေ ၁၁ ရက်ကထုတ်ပြန်တဲ့ အစိုးရရဲ့ အစီရင်ခံစာကိုကိုးကားပြီး ရှင်ဟွာသတင်းမှာဖော်ပြထားပါတယ်။ ချစ်ပ်၊ မိုဘိုင်းဖုန်းနဲ့ တီဗွီတွေအပါအဝင် ICT ထုတ်ကုန်တွေတင်ပို့မှုက ယခင်နှစ် အောက် ၂ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး ဧပြီလမှာ ၁၄ ဒသမ ၃၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ကုန် သွယ်ရေး၊ စက်မှုလုပ်ငန်းနဲ့ စွမ်းအင်ဝန်ကြီးဌာနက ပြောပါတယ်။

ဧပြီလသွင်းကုန်တန်ဖိုးက ၃ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ပြီး ဒေါ်လာ ၇ ဒသမ ၅၇ ဘီလီယံထိ တိုးတက်ခဲ့တဲ့အတွက် ဧပြီလကုန်သွယ်မှု ပိုငွေက ဒေါ်လာ ၆ ဒသမ ၇၇ ဘီလီယံရှိခဲ့ပါတယ်။ ချစ်ပ်တွေတင်ပို့မှုက ၆ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၆ ဘီလီယံရှိခဲ့ပါ တယ်။ ကွန်ပျူတာနဲ့ ကွန်ပျူတာဆက်စပ်ပစ္စည်းတွေတင်ပို့မှုက ၁၈ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ပြီး ဧပြီလမှာ ဒေါ်လာသန်း ၆၄၀ ရှိခဲ့ပါတယ်။ စမတ် ဖုန်းအပါအဝင် မိုဘိုင်းဖုန်းတွေတင်ပို့မှု က ၄ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းပြီး ဧပြီမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃ ရာခိုင်နှုန်းဘီလီယံရှိခဲ့ပါတယ်။ တယ်လီဗီးရှင်းတင်ပို့မှုက ၆ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပြီး ဒေါ်လာ ၂ ဒသမ ၂၂ ဘီလီယံထိကျဆင်းခဲ့ပါတယ်။ ဒစ်ဂျစ်တယ်တီဗီတွေတင်ပို့မှုက ၃၆ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ သန်း ၄၀၀ ရှိခဲ့ပါ တယ်။

ယခုနှစ်အတွင်းကမ္ဘာ့ ICT ဈေးကွက်မှာ ကျဆင်းခဲ့တဲ့အတွက် ပို့ကုန်ကျဆင်းခဲ့ရတာဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောပါတယ်။ ဈေးကွက် သုတေသနလုပ်ငန်းဂတ်တနာရဲ့ အဆို အရကမ္ဘာ့အိုင်စီတီဈေးကွက်က ၂၀၁၅ ခုနှစ်မှာ ခြောက်နှစ်အတွင်း ပထမအကြိမ်အဖြစ် ကျဆင်းမယ်လို့ဆိုပါတယ်။

**EAST ASIA**

## တရုတ်စမတ်ဖုန်းဈေးကွက် ပထမသုံးလပတ်တွင် ကျဆင်း



တရုတ်နိုင်ငံရဲ့ စမတ်ဖုန်းဈေးကွက်ဟာ အနည်းထိုင်စပြုလာတဲ့ အခြေအနေကိုရောက်ရှိလာတဲ့အတွက် အက်ပဲနဲ့ ဆမ်ဆောင်းတို့အပါအဝင် စမတ်ဖုန်းထုတ်လုပ်ရေး ကုမ္ပဏီကြီးတွေ ဦးဆောင်တဲ့ ကမ္ဘာ့ဟန်းဆက်လုပ်ငန်းတွေအတွက် ထူးခြားတဲ့အသွင်ကို ဆောင်လာကြောင်း IDC ကထုတ်ပြန်တဲ့လေ့လာချက်အသစ်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၅ ခုနှစ် ပထမသုံးလပတ်မှာ တရုတ်နိုင်ငံရဲ့ စမတ်ဖုန်းတင်ပို့မှုက ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ပြီး ၉၈ ဒသမ ၈ သန်းထိရောက်ရှိကာ ယခင်နှစ်နဲ့ နှိုင်းယှဉ်ပါက ၄ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း မေ ၁၁ ရက်က ထုတ်ပြန်တဲ့ IDC ရဲ့အစီရင်ခံစာမှာဖော်ပြပါတယ်။ တရုတ်နိုင်ငံရဲ့ သုံးစွဲသူဦးရေမြင့်တက်လာတဲ့အတွက် မကြာသေးမီနှစ်များအတွင်းစမတ်ဖုန်းဝယ်လိုအားမြင့်တက်လာပြီး iPhone ကိုစတင်ရောင်းချခဲ့တဲ့ အက်ပဲဟာ ပထမသုံးလပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈ ဘီလီယံအထိရရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့လေးနှစ်ကမှ ဈေးကွက်အတွင်းစတင်ဝင်ရောက်ခဲ့တဲ့ Xiaomi ကဒေါ်လာ ၄၆ ဘီလီယံထိရောင်းချခဲ့ရပါတယ်။

၂၀၁၁ ခုနှစ်မှာ တရုတ်နိုင်ငံက အမေရိကန်ပြည်ထောင်စုကို ကျော်တက်ပြီး ကမ္ဘာ့အကြီးမားဆုံးစမတ်ဖုန်းဈေးကွက်ကြီးဖြစ်လာပါတယ်။ ဒါပေမယ့် နှေးကွေးကျဆင်းမှုကိုပြသလာတဲ့ IDC ရဲ့ကိန်းဂဏန်း အချက်အလက်တွေကြောင့် စမတ်ဖုန်းလုပ်ငန်းဖွံ့ဖြိုးမှုအတွက် မေးခွန်းထုတ်စရာ ဖြစ်ခဲ့ရပါတယ်။ ဖန်သားပြင် ကျယ်ဝန်းတဲ့ iPhone 6 ကို စတင်ရောင်းချပြီးနောက် ကျဆင်း လျက်ရှိနေတဲ့ တရုတ်ဈေးကွက်ထဲမှာ အက်ပဲအခြေအနေကို ပြန်လည်ထိန်းသိမ်းခဲ့ရာ ဈေးကွက်ရှယ်ယာ ၁၄ ဒသမ ၇ ရာခိုင်နှုန်းအထိ ရရှိပြီး ဈေးကွက်ဝေစု ၁၃ ဒသမ ၇ ရာခိုင်နှုန်းရရှိတဲ့ ဟွာဝေးနဲ့ ၁၁ ဒသမ ၄ ရာခိုင်နှုန်းရရှိထားတဲ့ Xiaomi တို့ထက် သာလွန်လာတာကို တွေ့ရပါတယ်။ ကမ္ဘာ့ဈေးကွက်မှာ ဦးဆောင်နေတဲ့ ဆမ်ဆောင်းက ဈေးကွက်ဝေစု ၉ ဒသမ ၇ ရာခိုင်နှုန်းနဲ့ စတုတ္ထနေရာမှာ ရရှိခဲ့ပါတယ်။

**SOUTH ASIA**

## အိန္ဒိယရဲ့ရွှေဝယ်လိုအားက ဒုတိယသုံးလပတ်မှာမြင့်တက်ဖွယ်ရှိ

ပွဲတော်ကာလ ကျရောက်မှု၊ ဈေးနှုန်းတွေကျဆင်းမှုနဲ့ စီးပွားရေးဖွံ့ဖြိုးမှု ပိုမိုတိုးတက်လာခြင်းကြောင့် ရွှေဝယ်ယူမှုမြင့်လာတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ ရွှေဝယ်လိုအားက ပထမသုံးလပတ်နဲ့ နှိုင်းယှဉ်ရင် ဧပြီ-ဇွန်သုံးလပတ်မှာ ပိုမိုမြင့်တက်ခဲ့ကြောင်း မေလ ၁၄ ရက်နေ့က ကမ္ဘာ့ရွှေကောင်စီရဲ့ ထုတ်ပြန်ချက်အရ ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ဒုတိယသုံးလပတ်အတွက် ရွှေဝယ်လိုအားကို ဩဂုတ်လလယ်လောက်မှာ ထုတ်ပြန်မယ်လို့ ခန့်မှန်းရပါတယ်။ ဒီအချိန်မှာ အိန္ဒိယရဲ့ ရွှေဝယ်လိုအားက ပထမသုံးလပတ်နဲ့ နှိုင်းယှဉ်ရင် ပိုမိုတိုးတက်လာမယ်လို့ ခန့်မှန်းထားပါတယ်။ ပထမသုံးလပတ်က ရွှေသုံးစွဲရာမှာ တရုတ်နိုင်ငံက အိန္ဒိယနိုင်ငံထက် တန် ၁၀၀ ပိုမိုပြီး ထိပ်တန်းသုံးစွဲသူဖြစ်လာပါတယ်။

"ဂျီဒီပီဖွံ့ဖြိုးမှုက မျှော်မှန်းထားတာထက် ပိုမိုမြင့်တက်ခြင်းနဲ့ ရွှေဈေးနှုန်းကလည်း ကျဆင်းထားပြီးသားဖြစ်ခြင်းတို့ကြောင့် ယခုနှစ်မှာ သုံးလပတ်တိုင်း၊ သုံးလပတ်တိုင်းမှာ ယခင်သုံးလပတ်ထက်ရွှေသုံးစွဲမှုက ပိုမိုမြင့်တက်လာပါမယ်"လို့ ကမ္ဘာ့ရွှေကောင်စီရဲ့ အိန္ဒိယလုပ်ငန်း အကောင်အထည်ဖော်ရေး အုပ်ချုပ်မှုဒါရိုက်တာ ဆိုမာဆန်ဒါရမ်ပီအာက ပြောပါတယ်။

အိန္ဒိယနိုင်ငံမှာ Akshaya Trifiya ပွဲတော်ကာလက ရွှေဝယ်ယူဖို့အတွက် ရက်မြတ်ရက်ကောင်းဖြစ်တယ်လို့ ယူဆကြတဲ့အတွက် ဒုတိယသုံးလပတ်မှာ ရွှေဝယ်ယူမှု မြင့်မားလိမ့်မယ်လို့ ယူဆကြပါတယ်။ ပွဲတော်ရက် တစ်ရက်ထဲမှာပင် ရွှေရောင်းချမှုက ၁၅ ရာခိုင်နှုန်း မြင့်တက်လိမ့်မယ်လို့ လုပ်ငန်းပိုင်းမှာ ပါဝင်နေသူတွေက ရိုက်တာသတင်းဌာနကို ပြောပါတယ်။

**E.U**

## ဧပြီလမှာ ဂရိဘဏ်တွေက အရေးပေါ်ငွေကြေး ထောက်ပံ့မှုကို ပိုမိုရယူ

ဂရိဘဏ်တွေမှာ အပ်ငွေတွေကို ပြန်လည်ထုတ်ယူတာတွေ ဆက်လက်ဖြစ်ပွားနေတဲ့အတွက် အရေးပေါ်ငွေဖြစ်လွယ်မှုအကူအညီ (Emergency Liquidity Assistance-ELA) ကိုအသုံးပြုမှုက ယခင်လနဲ့နှိုင်းယှဉ်ရင် ဧပြီလမှာ ၈ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း မေ ၁၃ ရက်က ထုတ်ပြန်တဲ့ ဂရိဗဟိုဘဏ်ရဲ့ ကိန်းဂဏန်းအချက်အလက်တွေကိုကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဂရိဗဟိုဘဏ်မှ အရေးပေါ်ထောက်ပံ့မှုက ဥရောပဗဟိုဘဏ်က ချေးယူတာထက်ပိုပြီး ကုန်ကျစရိတ်များပါတယ်။ ဒါပေမယ့် ဒီရန်ပုံငွေဆီက ချေးယူခဲ့တဲ့ ပမာဏက မတ်လမှာ ယူရို ၆၈ ဒသမ ၅၁ ဘီလီယံရှိခဲ့ရာမှ ဧပြီလမှာ ယူရို၇၄ဒသမ ၃၇ဘီလီယံ(ဒေါ်လာ ၈၃ ဒသမ ၆ ဘီလီယံ)ထိ မြင့်တက်ခဲ့ကြောင်း ထုတ်ပြန်ထားတဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

ဂရိနိုင်ငံက ချေးငွေများရယူနိုင်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို ဂရိအစိုးရက ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ယူရိုဇုန်မိတ်ဖက်နိုင်ငံတွေနဲ့ ညှိနှိုင်းရာမှ ဂရိအစိုးရက တုံ့ဆိုင်းလျက်ရှိတဲ့အတွက် ဂရိပြည်တွင်းမှ အပ်ငွေတွေကို ထုတ်ယူပြီး ပြည်ပမှာ ပြောင်းရွှေ့အပ်နှံဖို့ ရင်းနှီးမြှုပ်နှံသူတွေက ဆောင်ရွက်လာပါတယ်။ ဒါကြောင့် ဒီဇင်ဘာမှ မတ်လအထိ ဂရိဘဏ်တွေမှာရှိတဲ့ အပ်ငွေတွေ စီးထွက်မှုက ယူရို ၂၄ ဒသမ ၂ ဘီလီယံရှိခဲ့ပါ တယ်။ ဒါပေမယ့် ဧပြီလမှာဖြစ်ပေါ်ခဲ့ တဲ့အပ်နှံငွေစီးထွက်မှုပမာဏကို ယခုလနောက်ပိုင်းမှ ထုတ်ပြန်မှာဖြစ်ပါတယ်။

ဂရိဗဟိုဘဏ်မှ ဂရိဘဏ်တွေက အာမခံထားပြီး အရေးပေါ်ချေးငွေ ထုတ်ယူနိုင်တဲ့ ပမာဏကို မူလယူရို ၁ ဒသမ ၁ ဘီလီယံကနေ ယူရိုဘီလီယံ ၈၀ အထိ ဥရောပဗဟိုဘဏ်(အီးစီဘီ)က မေ ၁၂ ရက်က တိုးမြှင့်ပေးခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်စီးပွားရေးကိန်းဂဏန်းများကျဆင်းလာပြီးနောက် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ရေးကိစ္စကို ဆိုင်းငံ့ထားလိမ့်ဦးမယ်ဆိုတဲ့ ခန့်မှန်းချက်များ တစ်စတစ်စခိုင်မာလာတဲ့အတွက် ထွန်းသစ်စအာရှဒေသရှိငွေကြေးများရဲ့တန်ဖိုးက မေလ ၁၅ ရက်မှာ မြင့်တက်ခဲ့တာကိုတွေ့ရပါတယ်။

အမေရိကန်ပြည်ထောင်စု ထုတ်လုပ်သူတွေရဲ့ ဈေးနှုန်းများ တစ်ဟုန်ထိုးကျဆင်းမှုကြောင့် ကမ္ဘာ့နံပတ်တစ်နေရာမှာရှိတဲ့ အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးကျဆင်းမှာကို စိုးရိမ်တဲ့စိတ်တွေ မြင့်တက်လာခဲ့ပါတယ်။ ဒါကြောင့် အဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာရဲ့တန်ဖိုးက လေးလအတွင်းရှိတဲ့ဈေးနှုန်းတွေအနက် အနိမ့်ဆုံးကိုရောက်ရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ဧပြီလလက်လီရောင်းချမှုအခြေအနေတွေက စိတ်ပျက်စရာအခြေအနေမျိုး ရောက်ရှိနေပါတယ်။

ဒေသတွင်း ဘွန်းစာချုပ်များရဲ့ ဝယ်လိုအား ကျဆင်းမှုကြောင့်လည်းကောင်း၊ တရုတ်စီးပွားရေးကျဆင်းမှုကြောင့်လည်းကောင်းဖြစ်ပေါ်လာရတဲ့ စိုးရိမ်မှုကြောင့် ထွန်းသစ်စအာရှငွေကြေးအများစုက ယခုနှစ်အတွင်း ကျဆင်းခဲ့တာကိုတွေ့ရပါတယ်။

ယူရိုဇုန်စီးပွားရေးကလည်း မျှော်မှန်းထားတဲ့အတိုင်း မြင့်တက်လာတဲ့သတင်းတွေကြောင့် ယူရိုငွေကြေးတန်ဖိုးကလည်း ယခုရက်သတ္တပတ်အတွင်းမှာ မြင့်တက်လာတာကို တွေ့ရပါတယ်။

**တရုတ်ယွမ်**

တရုတ်မူဝါဒ ရေးဆွဲသူတွေက ယွမ်ငွေကြေးကို ကမ္ဘာသုံးငွေကြေးဖြစ်ဖို့ရည်ရွယ်ပြီး ငွေကြေးတည်ငြိမ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်လာတဲ့အတွက် ပင်လယ်ရပ်ခြားမှ ရင်းနှီးမြှုပ်နှံမှုတွေကလည်း တရုတ်နိုင်ငံအတွင်းကို အံ့ဩစရာကောင်းအောင် ဝင်ရောက်လာပါတယ်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက ဧပြီလမှာ ၁၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ပြီး ယွမ် ၅၉ ဒသမ ၀၄ ဘီလီယံ(ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံ) ရှိခဲ့ပါတယ်။ ရှန်ဟဲမှာယွမ်ငွေတန်ဖိုးက မေ ၈ ရက်နောက်ပိုင်း သုည ဒသမ ၀၅ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၂၀၆၁ ယွမ်နှုန်း ရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ဘဏ်တွေနဲ့ ပို့ကုန်လုပ်ငန်းရှင်တွေက ဒေါ်လာတွေကို ဆက်တိုက်ရောင်းချလာတဲ့အတွက် ရူပီးတန်ဖိုးက မေလ ၁၅ ရက်နေ့မှာ သုည ဒသမ ၁၈ ရူပီးနှုန်းမြင့်တက်ပြီး တစ်ဒေါ်လာ ကို ၆၃ ဒသမ ၄၇ ရူပီးနှုန်းသို့ရောက်ရှိကာ တတိယမြောက်နေ့အဖြစ် ဆက်တိုက်မြင့်တက်ခဲ့ပါတယ်။ ပင်လယ်ရပ်ခြားမှာ ဒေါ်လာဈေးကျဆင်းမှု၊ ပြည်တွင်းရှယ်ယာဈေးကွက်မှာ အိန္ဒိယရှယ်ယာဈေးတွေ မြင့်တက်မှုတို့ကလည်း ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ ရူပီးတန်ဖိုးမြင့်တက်ဖို့ အထောက်အကူပေးခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

အမေရိကန်စီးပွားရေးကိန်းဂဏန်းတွေကျဆင်းမှုကို အကြောင်းပြုပြီး အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မှုကို ဆောင်ရွက်မှာမဟုတ်သေးဘူးဆိုတဲ့ ခန့်မှန်းချက်ကြောင့် အမေရိကန် ဒေါ်လာဈေးက ယူရို၊ ယန်းတို့နဲ့ ဖလှယ်ရာမှာ ရက်ပေါင်းများစွာကျဆင်းနေရာမှ ပြန်လည်မြင့်တက်လာပါတယ်။ ဒေါ်လာတန်ဖိုးက ယန်းငွေနဲ့ဖလှယ်ရာမှာ နယူးယောက်မှာ တစ်ဒေါ်လာ ၁၁၉ ဒသမ ၁၉ ယန်းနှုန်းရှိရာမှ တိုကျိုမှာ ၁၁၉ ဒသမ ၄၀ ယန်းနှုန်းသို့မြင့်တက်ပြီး ယူရိုနဲ့ ဖလှယ်ရာမှာ ၁ ဒသမ ၁၄၁၄ ဒေါ်လာနှုန်းမှ ၁ ဒသမ ၁၄၀၉ ဒေါ်လာနှုန်းထိ ရောက်ရှိပြီး ဒေါ်လာ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

ယူရိုတန်ဖိုးက ယန်းနဲ့ ဖလှယ်ရာမှာ ယူရိုဇုန်စီးပွားရေးဖွံ့ဖြိုးမှုကြောင့် တစ်ယူရိုကို ၁၃၆ ဒသမ ၀၄ ယန်းမှ ၁၃၆ ဒသမ ၁၄ ယန်း မြင့်တက်ခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

စွန့်စားရမှုများတဲ့အက်ဆက်တွေကို ရင်းနှီးမြှုပ်နှံသူတွေက နှစ်သက်မှုနဲ့ ဒေါ်လာဈေး ကျဆင်းမှုတို့ကြောင့် အမေရိကန်ဒေါ်လာနဲ့ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက ဆက်လက်မြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

ရင်းဂစ်ငွေကြေးတန်ဖိုးက မေလ ၁၄ ရက်ကတစ်ဒေါ်လာကို ၃ ဒသမ ၅၈၀၀ ရင်းဂစ်နှုန်းရှိရာမှ မေ ၁၅ ရက်မှာ ၃ ဒသမ ၅၇၆၀ ရင်းဂစ်နှုန်းနဲ့ စတင်ခဲ့ပါတယ်။ မေ ၁၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်မှာ အခြားငွေကြေးများနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယား ဗဟိုဘဏ်က အတိုးနှုန်းကို ဒုတိယလအဖြစ် ယခင်အတိုင်းဆက်လက်ထိန်းထားပြီးနောက် စီးပွားရေး လှုံ့ဆော်အားပေးမှု အစီအစဉ်ကို ထပ်မံလုပ်မယ့်လက္ခဏာ လျော့ပါးသွားတဲ့အတွက် တောင်ကိုရီးယားဘွန်းစာချုပ်တွေရဲ့တန်ဖိုး ကျဆင်းခဲ့ပါတယ်။

ဒါပေမယ့် တောင်ကိုရီးယားစီးပွားရေးနာလန်ထူမှု အားနည်းနေသေးကြောင်း အစိုးရက စီးပွားရေးကို မြှင့်တင်ပေးနိုင်မယ့် အစီအမံတွေကို စဉ်းစားနေကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးက မေ ၁၅ ရက်က ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။ဘလွမ်းဘတ်ကပြုစုထားတဲ့ စာရင်းတွေအရ ဝမ်ငွေကြေးက မေ ၁၅ ရက်မှာ နေ့အလိုက်တိုးတက်နှုန်း သုည ဒသမ ၄ ရာခိုင်နှုန်းရှိကာ တစ်ဒေါ်လာ ကို ၁၀၈၅ ဒသမ ၆၅၀မ်နှုန်း ရှိခဲ့ပါ တယ်။

**ထိုင်းဘတ်**

ဘတ်ငွေတန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ ယခုရက်သတ္တပတ်အတွင်း ၀၄ ရာခိုင်နှုန်း ကျဆင်းပါတယ်။ မူဝါဒရေးဆွဲသူတွေက ဘတ်ငွေတန်ဖိုးကျဆင်းတာကို ပိုမိုသဘောကျကြောင်း ပြောကြားပြီးနောက်ပိုင်း ရင်းနှီးမြှုပ်နှံသူတွေက ပြည်တွင်းဘွန်းစာချုပ်တွေကို ဆက်လက်ရောင်းချလာပါတယ်။ အလားတူ ရင်းနှီးမြှုပ်နှံသူတွေက အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးကိန်းဂဏန်းတွေကို စောင့်ကြည့်လျက်ရှိပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

## စီးပွားရေးအားနည်းနေတဲ့အတွက် တရုတ်နိုင်ငံက အတိုးနှုန်းကို ခြောက်လအတွင်း တတိယအကြိမ်မြောက် လျှော့ချ

ကုမ္ပဏီတွေငွေချေးယူရာမှာ ကုန် ကျစရိတ်သက်သာဖို့နဲ့ စီးပွားရေးကျဆင်းမှုက ၂၅ နှစ်အတွင်း အဆိုးဝါးဆုံးအခြေအနေကို ဦးတည်နေတာကို ထိန်းချုပ်ဖို့အတွက် တရုတ်နိုင်ငံက ဘဏ်အတိုးနှုန်းကို ခြောက်လအတွင်း တတိယအကြိမ်အဖြစ် လျှော့ချပေးခဲ့ကြောင်း စီအင်အေသတင်းမှာဖော်ပြ ပါတယ်။

ဒီဆောင်ရွက်မှုမှာ အများက မျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာခဲ့တဲ့အတွက် လေ့လာဆန်းစစ်သူတို့ကလည်း ကြိုဆိုခဲ့ကြပါတယ်။ ဒါပေမယ့် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးက ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို တန်ပြန်နိုင် ဖို့အတွက် မူဝါဒရေးဆွဲသူတို့ကအရန်ငွေကြေးလိုအပ်ချက်အချို့ကို လျှော့ချပေးပြီး လာမယ့်လတွေမှာ အတိုးနှုန်းကို ထပ်မံလျှော့ချပေးဖို့လိုလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

မေ ၁၁ ရက်နေ့မှစပြီး တစ်နှစ်အတွက် ချေးငွေအတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်းလျှော့ချပြီး ၅ ဒသမ ၁ ရာခိုင်နှုန်းအဖြစ် အခြေခံစံထားဈေးနှုန်းကိုသတ်မှတ်ခဲ့ကြောင်း တရုတ်နိုင်ငံဗဟိုဘဏ် (Pepple’s Bank of China-PBOC) ရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ အခြေခံ အပ်နှံငွေနှုန်းထားကိုလည်း အလားတူလျှော့ချပြီး ၂ ဒသမ ၂၅ ရာခိုင်နှုန်း သတ်မှတ်ခဲ့ပါတယ်။

“တရုတ်နိုင်ငံ စီးပွားရေးက အကျဘက်ကိုဦးတည်နေဆဲဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ အားလုံးခြုံကြည့်ရင် ပြည်တွင်းဈေးနှုန်းတွေက နိမ့်ကျနေဆဲဖြစ်ပြီး အတိုးနှုန်းတွေကလည်း ပျမ်းမျှ အတိုးနှုန်းထက်မြင့်မားနေဆဲဖြစ်ပါတယ်”လို့ PBOC က ပြောပါတယ်။ မေ ၁၀ ရက်နေ့က အတိုးနှုန်းလျှော့ချပေးတာက ဧပြီကုန်သွယ်မှုနဲ့ ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းနေချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံအနေနဲ့ ပြည်တွင်းပြည်ပဝယ်လိုအားကျဆင်းတာနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို ပြသနေပါတယ်။

## ထိုင်းဗဟိုဘဏ်ရဲ့ အစီအမံတွေကနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အားဆေးသဖွယ်ဖြစ်




မူဝါဒအတိုးနှုန်းတွေ လျှော့ချဖို့နဲ့ နိုင်ငံခြားငွေကြေး ဖလှယ်ရေးထိန်းချုပ်မှုတွေ လျှော့ချဖို့အတွက် ထိုင်းဗဟိုဘဏ်ရဲ့ဆောင်ရွက်မှုကြောင့် ဘတ်ငွေတန်ဖိုးကို ကျဆင်းစေပြီး ထိုင်းစီးပွားရေးလုပ်ငန်းတွေက ပြည်ပမှာရင်းနှီးမြှုပ်နှံဖို့အတွက် လွယ်ကူမှုရှိစေကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။ ဘတ်ငွေတန်ဖိုးက ဇန်နဝါရီ ၁ ရက်နေ့မှာ တစ်ဒေါ်လာကို ၃၂ ဒသမ ၉၅ ဘတ်နှုန်းရှိပြီး မူဝါဒအတိုးနှုန်းကို ၁ ဒသမ ၇၅ ရာခိုင်နှုန်းကနေ ၁ ဒသမ ၅၀ရာခိုင်နှုန်းအထိ လျှော့ချဖို့ ဗဟိုဘဏ်က မဆုံးဖြတ်မီ တစ်ရက်အလိုဧပြီ ၂၈ ရက်မှာ တစ်ဒေါ်လာကို ၃၂ ဒသမ ၆၃ ဘတ်နှုန်း ရှိခဲ့ပါတယ်။ နောက်တစ်ခါ အတိုးနှုန်းလျှော့ချပြီး တစ်ပတ်အကြာမှာ ဘတ်ငွေတန်ဖိုးက တစ် ဒေါ်လာကို ၃၃ ဒသမ ၄၈ ဘတ်နှုန်းထိ ကျဆင်းခဲ့ပါတယ်။

ဘတ်ငွေတန်ဖိုး မြင့်တက်တာက နိုင်ငံရပ်ခြားမှာ ရင်းနှီးမြှုပ်နှံသူတွေအတွက်ကောင်းတယ်ဆိုပေမယ့် ပို့ကုန်ကဏ္ဍအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်တဲ့အတွက် ချိန်သားကိုက်ညီမှုရှိဖို့တော့ လိုအပ်မှာဖြစ်ကြောင်း Amata VN ရဲ့အမှုဆောင်အရာရှိချုပ်နဲ့ Amata (Vietnam) ဖက်စပ်ကုမ္ပဏီဥက္ကဋ္ဌ ဆွမ်ဟာထိုင်းပါနီချိဝကပြောပါ တယ်။

“ဘတ်ငွေတန်ဖိုး မြင့်တက်တာက နိုင်ငံခြားမှာ ဆောက်လုပ်ရေးနဲ့ ထုတ်လုပ်မှုအတွက် ကုန်ကြမ်းပစ္စည်းနဲ့ ပစ္စည်းကိရိယာတွေ ဝယ်ယူတဲ့အခါ ငွေကြေးသုံးစွဲရတာ နည်းတဲ့အတွက် ကောင်းပါတယ်။ ဒါပေမယ့် ပို့ကုန်လုပ်ငန်းရှင်တွေကတော့ ဝမ်းသာနိုင်မှာ မဟုတ်ပါဘူး။ ဘတ်ငွေတန်ဖိုးမြင့်တက်လေကောင်းလေပါပဲ။ ဒါကြောင့် ချိန်သားကိုက်ညီမှုတော့ရှိဖို့လိုပါတယ်” လို့ ဥက္ကဋ္ဌက ပြောပါတယ်။

International Entertainment
Vol: 15, No.18 Monday May 18 2015



## Tom Ford ရဲ့ ဇာတ်လမ်းသစ်ကနေ နုတ်ထွက်လိုက်တဲ့ ဂျော့ကလူနေး

ဟောလိဝုဒ်ရဲ့ ကမ္ဘာကျော်မင်းသားကြီးတစ်ဦးဖြစ်တဲ့ ဂျော့ကလူနေးဟာ တွန်ဖို့ဒ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးမယ့် Nocturnal Animals' ဇာတ်လမ်းကနေ နုတ်ထွက်လိုက်ပြီဖြစ်တယ်လို့ Contactmusic မှာ ဖော်ပြထားပါတယ်။

အသက် ၅၄ နှစ်ရှိပြီဖြစ်တဲ့မင်းသားကြီး ဂျော့ကလူနေးဟာ အဲဒီဇာတ်ကားမှာ ဂျက်ဂယ်လင်ဟေး၊ မင်းသမီး အေမီအဒမ်တို့နဲ့ အတူ တွဲဖက်သရုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

အဲဒီဇာတ်လမ်းကနေ နုတ်ထွက်ရတဲ့အကြောင်းက သူ့အနေနဲ့ ဇာတ်လမ်းရဲ့သဘောတရားအရ ပြုလုပ်ဝတ်ဆင်ရမယ့် အဝတ်အစားဒီဇိုင်းတွေနဲ့ပတ်သက်ပြီး ဇာတ်လမ်းရဲ့ဒါရိုက်တာနဲ့ စိတ်သဘောထားချင်းမတိုက်ဆိုင်ခဲ့တဲ့အတွက် ဖြစ်တယ်လို့ ဆိုပါတယ်။

ပြင်သစ်နိုင်ငံမှာကျင်းပနေတဲ့ ကိန်းအပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်မှာ ဂျော့ကလူနေးဟာ အဲဒီရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးမယ့် ဒါရိုက်တာနဲ့ ဖက်ရှင်ဒီဇိုင်နာတို့နဲ့ တွေ့ဆုံခဲ့ရာမှာ ခုလိုစိတ်သဘောထားချင်း မတိုက်ဆိုင်မှု တွေဖြစ်ခဲ့ရတာပါလို့ ဆိုပါတယ်။

ဒါပေမယ့်လည်း ဂျော့ကလူနေးက သူနဲ့ ဒါရိုက်တာဖို့ဒ်တို့ရဲ့ကြားက မကျေမလည်ဖြစ်နေတာကို ထုတ်ဖော်ပြောကြားဖို့ ငြင်းဆန်လိုက်ပါတယ်။

ဒီကားကို ရိုက်ကူးမယ့်ဖို့ဒ်က ကိန်းရုပ်ရှင်ပွဲတော်ကို ရောက်ရှိနေပြီး ကလူနေးကတော့ ဂရန့်နဲ့အတူ သူ့ရဲ့Smokehouse Picture မှာ ဒီကားကိုရိုက်ကူးထုတ်လုပ်ဖို့ ပြင်ဆင်နေတဲ့အတွက်ခုလိုလမ်းခွဲကြတာဖြစ်တယ်လို့ နယူးယောက်ပို့စ်သတင်းစာက ထုတ်ဖော်ရေးသားခဲ့ပါတယ်။

## Met Gala မှာ ရီဟားနားဝတ်ဆင်ခဲ့တဲ့ ၂၅ ကီလိုဂရမ်လေးတဲ့ဝတ်စုံ ပြခန်းမှာ ထားခဲ့ရ



ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက နယူးယောက်မှာ ကျင်းပခဲ့တဲ့ဖက်ရှင်ပြပွဲမှာ ဘာဘေးဒီးယန်းအဆိုတော် ရီဟားနား ဝတ်ဆင်ခဲ့တဲ့ဝတ်စုံကို မက်ထရိုပိုလီယန်ပြတိုက်မှာ ထားခဲ့ရတယ်လို့ ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

အဲဒီဖက်ရှင်ပြပွဲဟာ Met Gala လို့ခေါ်ဆိုပြီး မက်ထရိုပိုလီယန်အနုပညာပြတိုက်ရဲ့ အပတ်စဉ်ပြုလုပ်နေကြ ဖက်ရှင်ပြပွဲပဲဖြစ်ပါတယ်။ အဲဒီပြပွဲမှာ နိုင်ငံအရပ်ရပ်က ဖက်ရှင်ဒီဇိုင်နာတွေဟာ သူတို့တီထွင်ထားတဲ့ ဖက်ရှင်တွေကို နာမည်ကြီးအဆိုတော်တွေ၊ ဖက်ရှင်မယ်တွေ၊ မော်ဒယ်တွေကို ဝတ်ဆင်စေပြီး ပြသခဲ့တာဖြစ်ပါတယ်။အဲဒီဖက်ရှင်ပြပွဲမှာ ရီဟားနားဝတ်ဆင်ခဲ့တဲ့အဲဒီဝတ်စုံကို တရုတ်လူမျိုးဒီဇိုင်နာ Guo Pei က အထူးတီထွင်ထားတာဖြစ်ပါတယ်။ ဝတ်ရုံရဲ့အလေးချိန်ဟာ ၂၅ကီလိုဂရမ်(၅၅ပေါင်)လေးပြီး ဝတ်ဆင်ဖို့အတွက် တော်တော်လေးကို ခက်ခဲခဲ့တယ်လို့ ဆိုပါတယ်။

Guo ဟာ တရုတ်နိုင်ငံတစ်ဝန်းမှာ မသိသူမရှိတဲ့ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်ပြီး အဲဒီဝတ်စုံကို ဒီ Met Gala မှာ ပြသဖို့ ၂၀၀၈ ခုနှစ်ကတည်းက စိတ်ကူးခဲ့ပြီး နှစ်နှစ်ကြာပြုလုပ်ခဲ့ရတယ်လို့ ဆိုပါတယ်။

ဝတ်စုံမှာ တန်ဖိုးကြီးတဲ့ ကျောက်မျက်ရတနာတွေနဲ့ စီခြယ်ထားသလို ဝတ်စုံရဲ့ နေရာတိုင်းကို အလှအပတွေနဲ့မွမ်းမံထားတာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီဝတ်စုံကို ပြိုင်ပွဲဝင်အပြီးမှာ အများပြည်သူကို ပြသနိုင်ဖို့အတွက်ဆိုပြီး မက်ထရိုပိုလီယန်ပြတိုက်မှာ ထားခဲ့ရတယ်လို့ ဆိုပါတယ်။

## ဗုံးနဲ့တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်ခံရတဲ့အတွက် ပြိုင်ပွဲကနေ အပြေးအလွှား ထွက်ခဲ့ရတဲ့ ဟေဒီကူလန်



ဂျာမန်မော်ဒယ်တစ်ဦးဖြစ်တဲ့ ဟေဒီကူလန်ဟာ ဗုံးနဲ့တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်ခံရပြီးတဲ့နောက် ပြိုင်ပွဲကျင်းပရာနေရာကနေ အပြေးအလွှားထွက်ခဲ့ရတယ်လို့ ၎င်းက ပြောကြားခဲ့ပါတယ်။

ဂျာမနီနိုင်ငံရဲ့ တီဗွီအစီအစဉ်မှာ နှစ်စဉ်ပြုလုပ်နေကြဖြစ်တဲ့ Reality TV Show အစီအစဉ်အဖြစ် Germany's Next Top Model ပြိုင်ပွဲရဲ့ နောက်ဆုံးဖိုင်နယ်ပွဲစဉ်မှာ ဗုံးနဲ့တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်ခံခဲ့ရတာဖြစ်ပါတယ်။

မေ ၁၄ ရက်ညက အဲဒီပြိုင်ပွဲရဲ့ နောက်ဆုံးဖိုင်နယ်ပွဲ မစတင်မီအချိန်လေးမှာတယ်လီဖုန်းဆက်ပြီး တစ်စုံတစ်ဦးက ပြောကြားခဲ့တဲ့အတွက် ဟေဒီကူလန်တို့မိသားစုဟာ ပြိုင်ပွဲကျင်းပရာနေရာကနေ အပြေးအလွှား ထွက်ခဲ့ရတာဖြစ်ပါတယ်။

ဗုံးဖောက်ခွဲမယ်လို့ ခြိမ်းခြောက်တဲ့အတွက် ပြိုင်ပွဲကျင်းပရာနေရာကို ဂျာမနီရဲတပ်ဖွဲ့ဝင်တွေလာရောက်ပြီး ရှာဖွေခဲ့ကြပေမယ့် အန္တရာယ်ဖြစ်စေနိုင်တဲ့အရာကို မတွေ့ခဲ့ရဘူးလို့ ဆိုပါတယ်။

အဲဒီလို ခြိမ်းခြောက်ခံရတဲ့အတွက်လည်း ပြိုင်ပွဲကို ဆက်လက်ကျင်းပခြင်းမပြုတော့ဘဲ ဖျက်သိမ်းခဲ့ရပါတယ်။ အဲဒီ Germany's Next Top Model အစီအစဉ်မှာ ဂျာမနီနိုင်ငံရဲ့ မော်ဒယ်တစ်ဦးဖြစ်တဲ့ ဟေဒီကူလန်က ဂျူရီလူကြီးအဖြစ်တာဝန်ယူဆောင်ရွက်နေသလို ထုတ်လုပ်သူအဖြစ်လည်း ဆောင်ရွက်နေတာဖြစ်ပါတယ်။

အဲဒီပြိုင်ပွဲကို ၂၀၀၆ခုနှစ်ကတည်း က စတင်ကျင်းပခဲ့တာဖြစ်ပြီး ဟေဒီဟာ စတင်ကျင်းပတဲ့နှစ်မှာပဲ ပထမသရဖူကိုရရှိခဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။

## ဒီနှစ်ကုန်မှာ လက်ထပ်တော့မယ်လို့ ကြေညာလိုက်တဲ့ ဘေယောင်ဂျွင်း



မြန်မာနိုင်ငံရဲ့ တီဗွီအစီအစဉ်တွေမှာ ထုတ်လွှင့်ပြသနေတဲ့ ကိုရီးယားဒရာမာဇာတ်လမ်းတွဲတွေမှာ ရှင်ဒေါင်ဟန့်လို့ လူသိများခဲ့တဲ့ ကိုရီးယားမင်းသားချော ဘေယောင်ဂျွင်းဟာ ဒီနှစ်ကုန်မှာ သူ့ထက် အသက် ၁၀နှစ်ကျော်လောက် ငယ်တဲ့ ကိုရီးယားအဆိုတော်မင်းသမီးလေးတစ်ဦးနဲ့လက်ထပ် တော့မှာဖြစ်ပါတယ်။

လူပျိုကြီးဘဝနဲ့ အရိုးထုတ်တော့မယ်လို့ ဆုံးဖြတ်ထားတဲ့ ဘေယောင်ဂျွင်းဟာ မကြာသေးမီကမှ ပတ်ဆိုဂျင်းလို့ခေါ်တဲ့ အဆိုတော်မင်းသမီးလေးနဲ့ တွေ့ဆုံချစ်ကြိုက်ခဲ့ကြတာဖြစ်ပါတယ်။ ဘေယောင်ဂျွင်းဟာ အသက် ၄၂နှစ် အရွယ်ရှိနေပြီး ပတ်ဆိုဂျင်းကတော့ အသက် ၂၉နှစ်အရွယ်ပဲရှိသေးတယ်လို့ ဆိုပါတယ်။

ပတ်ဆိုဂျင်းဟာ ၂၀၀၁ခုနှစ်ကနေ ၂၀၀၆ခုနှစ်အထိ ကေပေါ့ဂီတလောကမှာ နာမည်သိပ်မကြီးလှတဲ့ Sugar အဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သလို နာမည်မထင်ရှားလှတဲ့မင်းသမီးတစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။

သူတို့နှစ်ဦးပတ်သက်နေတယ်ဆိုတဲ့အကြောင်းနဲ့ လက်ထပ်တော့မယ်ဆိုတဲ့အကြောင်းကို သူတို့နှစ်ဦးရဲ့အေဂျင်စီဖြစ်တဲ့ KeyEast Entertainment က ထုတ်ဖော်ကြေညာခဲ့တာဖြစ်ပါတယ်။

နှစ်ဘက်မိသားစုတွေကလည်း သူတို့နှစ်ဦး လက်ထပ်မယ့်ကိစ္စကို သဘောတူထားကြတယ်လို့ ဆိုပါတယ်။ ဘေယောင်ဂျွင်းနဲ့လက်ထပ်တော့မယ်လို့ ကြေညာပြီးတဲ့နောက် ပတ်ဆိုဂျင်းရဲ့ Istragramမှာ Follower ပေါင်း တစ်သန်းကျော်ရှိသွားခဲ့တယ်လို့ ဆိုပါတယ်။

## မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်

BGK 6012421

# မော်တော်ယာဉ်တင်သွင်းသူတို့အတွက် သတင်းကောင်း

မြန်မာကုန်ပစ္စည်း စစ်ဆေးရေး နှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (**MITS**) သည် မြန်မာနိုင်ငံသို့ တင်သွင်းလာသည့်မည်သည့် မော်တော်ယာဉ်အမျိုးအစားကိုမဆို စနစ်တကျ စစ်ဆေးပေးလျက်ရှိပါကြောင်း သတင်းကောင်းပေးလိုက်ပါတယ်။

ပြည်ပနိုင်ငံများမှတင်ပို့သော မော်တော်ယာဉ်များကိုသင်္ဘောမတင်မီ စစ်ဆေးခြင်း (Pre shipment Inspection - PSI) နှင့် မြန်မာနိုင်ငံဆိပ်ကမ်းသို့ဆိုက်ရောက်ချိန်တွင်ဆိပ်ကမ်းရောက်စစ်ဆေးခြင်း (DestinationSurvey) လုပ်ငန်းများကို MITS စစ်ဆေးရေးမှူးများမှ တိကျစွာ စစ်ဆေးပေးလျက်ရှိပါတယ်။

**MITS** ရုံးခွဲများကို စိတ်ချယုံကြည်ရသည့် စစ်ဆေးရေးအဖွဲ့များဖြင့် ကိုရီးယားနိုင်ငံ နှင့် ဂျပန်နိုင်ငံတွင် တည်ထောင်ဖွင့်လှစ်ထားပြီး သင်္ဘောမတင်မီစစ်ဆေးခြင်း (**PSI**) လုပ်ငန်းကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် Pre shipment Inspection – PSI နှင့် Destination Survey များကိုစနစ်တကျ စစ်ဆေးခြင်းဖြင့် -

- နိုင်ငံတော်မှ သတ်မှတ်ထားသည့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ မူဝါဒနှင့် ကိုက်ညီသည့် မော်တော်ယာဉ်များကို တင်သွင်းနိုင်ခြင်း။
- တိုက်ကြေကားများ၊ တင်ပို့နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဒဏ်ခံထားရသော ကားများ၊ ရေ (ပင်လယ်ရေ)နစ်မြုပ်ထားသောကားများ၊ ခိုးရာပါကားများ တင်သွင်းလာခြင်းများ တွေ့ရှိပါက တင်ပို့သူအား အသိပေးခြင်းဖြင့် ကြိုတင်ဖြေရှင်းနိုင်ခြင်း။
- မှန်ကန်သော စာရွက်စာတမ်း စစ်ဆေးချက်များဖြင့် ဆိပ်ကမ်းရှင်းလင်းရေး (**Custom Clearance**) လုပ်ငန်းစဉ်များကို အချိန်နှင့် တစ်ပြေးညီ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း။
- စစ်ဆေးရရှိထားတဲ့ မော်တော်ယာဉ်ဆိုင်ရာအချက်အလက်အပြည့်အစုံကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ **Data Processing** အမှားအယွင်းမရှိ ထည့်သွင်းနိုင်ခြင်း။
- မိမိပေးချေရတဲ့ တန်ဖိုးငွေကြေးနဲ့ ထိုက်တန်သည့် အရည်အသွေးမှန်ကန်သော၊ လုံခြုံစိတ်ချရသော၊ ပတ်ဝန်းကျင်ထိခိုက်မှုကင်းရှင်းသော ကိုက်ညီမှန်ကန်ခြင်းများအား သင်္ဘောမတင်မီ စစ်ဆေးသိရှိနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။





ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံမှ မော်တော်ယာဉ်တင်သွင်းလိုတဲ့လူကြီး မင်းများအားလုံး **MITS** မှာ လုပ်ငန်း အပ်နှံပါက သင့်တင့်မျှတတဲ့ ဝန်ဆောင်ခနှုန်းထားဖြင့် လူကြီးမင်းတို့ စိတ်ကျေနပ်မှုအပြည့်အဝရရှိစေမှာဖြစ်ကြောင်း သတင်းပေးအပ်ပါတယ်။

မော်တော်ကားအရောင်းပြခန်းများ၊ မော်တော်ယာဉ်တင်သွင်းသူများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများအား လေးစားစွာကြိုဆိုလျက်

**MYANMAR INSPECTION & TESTING SERVICES LTD. (MITS)**
No. 124/128 Bo Aung Kyaw Street,Bohtataung Township, Yangon, Union of Myanmar
**Tel** - 95 1 380201, 95 1 380202, 95 1 380203, **Fax** - 95 1 380206



- ရောင်းမှား/ဝယ်မှားဖြစ်လို့ ဈေးနှုန်းတန်ဖိုးနှင့် ထိုက်တန်တဲ့ မော်တော်ယာဉ်ကိုမရရှိခြင်း။
- စာရွက်စာတမ်းများ အလွဲအမှားကြောင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းများ ကြန့်ကြာခြင်း။
- Mileage မှန်ကန်မှုမရှိသည့် မော်တော်ကားများကို တင်သွင်းမိ၍ ကား Accident ဖြစ်ခြင်း။
- မလိုအပ်ပဲကုန်ကျစရိတ်ပိုမိုကုန် ကျခြင်း။
- ဒဏ်တပ်ခံရခြင်း၊ အသိမ်းခံရခြင်း။

စသည့်ဆိုးကျိုးများ ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချမှုရရှိစေဖို့ **MITS** မှာ လုပ်ငန်းအပ်နှံကြပါစို့။

# COMMERCE INTERNATIONAL

## အချိုရည်များကို အခွန်ကောက်ခံရာမှာ အခက်အခဲရှိကြောင်း ဖိလစ်ပိုင်ကိုယ်စားလှယ်ကပြော

ဖိလစ်ပိုင်လူမျိုးတွေ အဝလွန်ရောဂါနဲ့ ဆီးချိုရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ဖို့အတွက် အချိုရည်များကိုအခွန် ကောက်ခံဖို့ ဥပဒေကြမ်းတင်သွင်းရာမှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Heath Organization-WHO) အစည်းအဝေးမှာ ဖိလစ်ပိုင် ဥပဒေပြုကိုယ်စားလှယ်တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြပါတယ်။ ဖိလစ်ပိုင်လူမျိုးတွေရဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဥပဒေကြမ်းကို ဖိလစ်ပိုင်ကိုယ်စားလှယ်တစ်ဦးက ဓာတ်စာနဲ့ သက်ဆိုင်တဲ့ဘဏ္ဍာရေးမူဝါဒဆိုင်ရာ WHO ရဲ့အစည်းအဝေးမှာ ရှင်းလင်းတင်ပြခဲ့ကြောင်း ဂျီနီဗာရှိ ကုလသမဂ္ဂအဖွဲ့နဲ့ တခြားအဖွဲ့အစည်းများဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ်ဖြစ်သူ ဖိလစ်ပိုင်သံအမတ် စီလီယာရီဘွန်းကပြောပါတယ်။

ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်က ဖိလစ်ပိုင်လူမျိုးတွေမှာဖြစ်ပွားနေတဲ့ အဝလွန်ရောဂါအပြင် ဒီရောဂါနဲ့ ဆက်နွယ်နေတဲ့ နာမကျန်းဖြစ်တာတွေရဲ့ အန္တရာယ်တွေကိုလျှော့ချပြီး အများပြည်သူရဲ့ ကျန်းမာရေး အထူးသဖြင့် လူငယ်လူရွယ်များရဲ့ ကျန်းမာရေးတိုး တက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ သကြားဓာတ်ကိုအသုံးပြုတဲ့ အဖျော်ယမကာတွေအပေါ် မှာ ယစ်မျိုးခွန် ကောက်ခံသွားဖို့ဖြစ်ပါတယ်။

ကောက်ခံရရှိတဲ့အခွန်ကို ကျန်းမာရေးနဲ့ ဆက်နွယ်နေတဲ့အစီ အစဉ်တွေကိုဆောင်ရွက်နေတဲ့ အေဂျင်စီတွေအတွက် ခွဲဝေလျာထား ပေးသွားမှာဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ အများက အချိုရည် (Soft Drink) လို့ သတ်မှတ်ထားတဲ့ဆိုဒါမှာ သကြားဓာတ်ပါဝင်မှုမြင့်မားတယ်လို့ ပြောပါတယ်။

ပြည်သူအာဟာရပြည့်ဝရေးကို ဂယက်ရိုက်ခတ်နေတဲ့ မူဝါဒတွေကို အကောင်အထည်ဖော်ရာမှာတွေ့ရတဲ့ ပြဿနာတွေနဲ့ပတ်သက်ပြီး တက်ရောက်လာကြတဲ့နိုင်ငံတွေက အတွေ့အကြုံဖလှယ်ကြဖို့ ဒီအစည်းအဝေးက အခွင့်အလမ်းတွေပေးသွားမှာဖြစ်တယ်။ အတွေ့အကြုံတွေဖလှယ်ရာမှာလည်း အောင်မြင်မှုတွေနဲ့ စိန်ခေါ်မှုတွေပါ ပါဝင်မှာဖြစ်ပါတယ်လို့ သံအမတ်က ပြောပါတယ်။

## အစားအစာအရည်အသွေး ကောင်းမွန်ရေးဦးစားပေးဖို့ ဗီယက်နမ်ကုမ္ပဏီများကို တိုက်တွန်း



အရည်အသွေးမြင့် ထုတ်ကုန်တွေကိုပိုမိုဖြန့်ဖြူးဖို့နဲ့ လယ်ယာထုတ်ကုန် တွေတင်ပို့မှုကိုတိုးမြှင့်ပေးနိုင်ဖို့အတွက် အစားအစာတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု အဆင့်ဆင့် (Value Chain) မှာ ဗီယက်နမ် စီးပွားရေးလုပ်ငန်းတွေက မိမိတို့ရဲ့ အခန်းကဏ္ဍကို မြှင့်တင်ဖို့လိုကြောင်း စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီရဲ့ ဝက်ဘ်ဆိုက်မှာဖော်ပြပါတယ်။

လယ်ယာစိုက်ပျိုးရေး ကဏ္ဍက အရည်အသွေးပြည့် ထုတ်ကုန်အမျိုးမျိုးကိုထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက ကမ္ဘာတစ်ဝန်းရှိနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း မေလ ၁၄ ရက်နေ့က ဟိုချီမင်းစီးတီးမှာပြုလုပ်တဲ့ ကွန်ဖရင့်မှာ စက်မှုနဲ့ကုန်သွယ်ရေးဒုတိယဝန်ကြီး ဒိုသန်းဟိုင်က ပြောပါတယ်။

မကြာသေးမီ နှစ်များအတွင်း လယ်ယာစိုက်ပျိုးရေးပို့ကုန်တွေအများအပြား တင်ပို့ခဲ့ရာ ၂၀၁၄ ခုနှစ်မှာ ဒေါ်လာ ဘီလီယံ ၃၀ ကျော်ဖိုး တင်ပို့နိုင်တဲ့အတွက် ဗီယက်နမ်နိုင်ငံက သီဟိုဠ်စေ့၊ ငရုတ်ကောင်း၊ ဆန်နဲ့ ကော်ဖီတို့အပါအဝင် ပို့ကုန်အမယ်အတော်များများမှာ ကမ္ဘာမှာ အများဆုံးတင်ပို့တဲ့နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့် ဆင့်တက်ပြုပြင်မှုစွမ်းဆောင်ရည် အကန့်အသတ်ရှိမှု၊ ကုန်အမှတ်တံဆိပ်မရှိမှုနဲ့ ကြားပွဲစားများမှတစ်ဆင့် တင်ပို့ရမှုတို့ကြောင့် ပို့ကုန်ဝင်ငွေနိမ့်ကျခဲ့တာကိုတွေ့ရကြောင်း သူက ပြောပါတယ်။

ပထမအကြိမ်အဖြစ် ကျင်းပတဲ့ ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ အစားအစာလုပ်ငန်းပြပွဲဘေးပန်းဆွေးနွေးပွဲအဖြစ် ဗီယက်နမ်ကုန်သွယ်မှုမြှင့်တင်ရေးအေဂျင်စီက ကျင်းပတဲ့အစည်းအဝေးမှာ ဗီယက်နမ်အစားအစာထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ရေး၊ ယှဉ်ပြိုင်မှုစွမ်းရည် မြှင့်တင်ရေးနဲ့ ကမ္ဘာနဲ့ချီပြီး တိုးမြှင့်တင်ပို့ရေးတို့အတွက် အစီအမံများကို ဆွေးနွေးခဲ့ကြပါတယ်။

အစိတ်စိတ်အမွှာမွှာ ဖြစ်နေတဲ့ မြေကွက်ပိုင်ဆိုင်မှု ပြဿနာ၊ အရည်အသွေးထိန်းချုပ်မှု ပြဿနာများ၊ မျိုးစေ့နဲ့ တခြားသွင်းအားစုများရဲ့ အရည်အသွေးနိမ့်ကျမှု၊ ရေနဲ့ ပိုးသတ်ဆေးတို့လို သွင်းအားစုများကိုသုံးစွဲရာမှာ နည်းပညာညံ့ဖျင်းမှုနဲ့ တလွဲအသုံးပြုမှု အချက်တွေက လယ်ယာကဏ္ဍမှာရင်ဆိုင်တွေ့ကြုံနေရတဲ့ပြဿနာများအဖြစ် ပါဝင်နေကြောင်း ဗီယက်နမ်ရှိ ကမ္ဘာ့ဘဏ်ရုံးမှ အကြီးတန်းစီးပွားရေးပညာရှင်ဗန်မင်းအပ်က ပြောပါတယ်။

ဈေးကွက်ဖြေလျှော့မှုများနဲ့ ဈေးကွက်ချိတ်ဆက်မှုများ တစ်စထက်တစ်စမြင့်မားလာမှုကြောင့် ဆန်နဲ့ ပတ်သက်ရင် မြန်မာ၊ ကော်ဖီနဲ့ ပတ်သက်ရင် ကင်ညာတို့လို ထုတ်လုပ်မှုကုန်ကျစရိတ်နိမ့်ကျတဲ့နိုင်ငံတွေနဲ့ ယှဉ်ပြိုင်မှုတွေရှိလာကြောင်း သူက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO Service for Myanmar

DATE : 18th May 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.12 | 1.55 | 1.90 | 2.20 | 3.50 | | | | | 22.4.2015 | 24.4.2015 | 21.4.2015 | | | 6.5.2015 | |
| | S/O CUT | | | | | | | | 18.4.2015 | 20.4.2015 | 17.4.2015 | | | | |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 21.5.2015 | | 3.6.2015 | 7.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 24.5.2015 | 17.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | 8.6.2015 | 11.6.2015 | 9.6.2015 | 10.6.2015 | | | | 22.6.2015 | 30.6.2015 |
| | S/O CUT | | | | | | | 4.6.2015 | 5.6.2015 | 6.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 24.6.2015 | 26.6.2015 | 22.6.2015 | | | 9.7.2015 | |
| | S/O CUT | | | | | | | | 20.6.2015 | 22.6.2015 | 18.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | S/O CUT | | | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။